www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အသည်းကြီးဝတ်ရည်

BURMESE CLASSIC .com



Design : Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အသည်းကြီးဝတ်ရည်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၅၀၄၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၅၁၁၁၀၀၈

၂၀၀၉ ခုနှစ်၊ မတ်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်စွာနဲ့ စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေ အရမ်းဖတ်လို့ကောင်းပါတယ်။ ထွက်ပြီးသမျှ စာအုပ်တွေထဲက အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာနဲ့ ကြယ်ကလေးရဲ့နှင်တံ စာအုပ်ကို အကြိုက်ဆုံးပဲ။ လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှုအထိ ဖတ်ပြီးပြီ။ နောက်ထွက်မဲ့စာအုပ်တိုင်းဆက်လက်အားပေးနေမဲ့ ပရိသတ်တစ်ဦးပါ။

မဆုမြတ်ရဲ့ ထာဝရပရိသတ်
တင်တင်နွယ်(ခေါ်)မီးမီး
မိုးနဲ၊ ရဲစခန်း။ ရှမ်းပြည်တောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com





# ဆုမြတ်ပွန်ပွန်

## အသည်းကြီး ဝတ်ရည်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







"မချစ်ရင် မလိမ်ဘူး ..."

Emerald ဝတ်ရည် (ခ) မြဝတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



## ၁

BURMESE CLASSIC .com

"လောလောဆယ်တော့ လွတ်နေတာ ..ာစ်ခန်းပဲ ရှိတယ် သမီးရဲ့။ ကျန်တဲ့အခန်းတွေက သုံးယောက်ခန်းတွေချည်းပဲ။ တစ်ယောက်ခန်းတွေကလည်း အပြည့်ပဲ၊ ရေရှည်နေတဲ့လူတွေဆိုတော့ တစ်ယောက်ခန်းတွေက လွတ်ဖို့မလွယ်ဘူးလေ"

"ဟုတ် ... ဟုတ်ကဲ့ အန်တီ"

ဝတ်ရည်သည် အဆောင်ပိုင်ရှင် အန်တီကြီး ပြော သမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေမိသော်လည်း စိတ်ထဲမှာတော့ တစ်ယောက်ခန်းတွေ၊ နှစ်ယောက်ခန်းတွေ သိ တွေးမနေပါ။ ရန်ကုန်မြို့ကြီးပေါ်မှာ ကျောတစ်နေရာစာ နေ လေးရဖို့ဆိုတာ လွယ်တာမှတ်လို့။ အဲဒီအထဲမှာမှ သိက္ခာရှိရှိ အေးအေးချမ်းချမ်း ရပ်တည်လို့ရမယ့် နေရာမျိုးက ပိုတောင်ရှာ သေးသည်။

ဝတ်ရည်ရဲ့အခေါ်က ရန်ကုန်မှာ အဆောင်သွား မည်ဆိုလျှင် သူ့သူငယ်ချင်း အပျိုကြီးရဲ့အဆောင်ဟာ အကောင်



မှန်ဆုံးနှင့် အသင့်တော်ဆုံးဟုဆိုကာ စာလည်းရေးပေးလိုက်သဖြင့် "ဂုဏ်မြင့်သူ"ဟူသော အဆောင်သို့ ရောက်လာခဲ့ရခြင်းဖြစ်သည်။ အဆောင်ပိုင်ရှင် အန်တီနှင့် ဝတ်ရည်ရဲ့ ဒေါ်လေးတို့ဟာ ခင်ခင် မင်မင် အဆက်အသွယ်ရှိကြသူတွေမို့ ဘယ်လိုပဲဖြစ်ဖြစ် ဒီအဆောင် မှာ နေရာတစ်နေရာရဖို့ သေချာပေမယ့် အခုလို အဆောင်သူ ပြည့်နေသည့် နေရတော့မှာကို ပို၍သဘောကျလေသည်။

ဝတ်ရည်ဟာ ဒီအဆောင်လေးကိုရော ဒီရပ်ကွက် လေးကိုရော မြင်တာနဲ့ သဘောကျသွားသည်။ အေးချမ်းတိတ် ဆိတ်သော လမ်းသွယ်လေးထဲမှာ ဖြစ်ပေမယ့် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊ မိတ္တူဆိုင်၊ စာအုပ်ဆိုင် စသဖြင့် အားလုံး အဆင်တပြေပြေ ရှိကာ လက်လှမ်းသင့်လှသည်။ "ဂုဏ်မြင့်သူ"ဟူသော အဆောင်ဟာလည်း ခြံဝင်းလေးထဲမှာရှိ သော နှစ်ထပ်တိုက်လေးတစ်လုံးဖြစ်လျက် သစ်ပင်ပန်းမာန်တွေ ဖြင့် စိမ်းလန်းစိုပြည်ကာ နေချင့်စဖွယ်ကောင်းသည်။ စည်းကမ်း ကြီးလှသော အဆောင်ဟု နာမည်ကြီးသလို အဆင့်အတန်းမြင့် မှာ နေရသောကြောင့် နေချင်သူတွေ တန်းစီနေသော်လည်း ဒီ အန်တီက လူရွေးလက်ခံသည်ဟုလည်း ကြားဖူးထားသည်။

ဒါကြောင့် အဆောင်မှာ လူတွေကျပ်ညပ်နေတာမျိုး လည်း မဖြစ်ဘဲ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ရှိတာ ဆိုလည်း ဝတ်ရည်က နှစ်ခြိုက်ပါသည်။

"ဒီမှာတော့ အားလုံးက ညီအစ်မတွေလိုပဲ ချစ်ချစ်ခင်ခင် နေကြတယ် သမီး။ နေတာလည်း ကြာပြီဆိုတော့လေ။ ပြဿနာဖြစ်တယ်ဆိုတာ မရှိသလောက်ပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



အခု သမီးနဲ့ အတူတူနေရမယ့် အခန်းဖော်က သူ
ပေါ့၊ သမီးနေရာမှာ အရင်နေခဲ့တဲ့ ကလေးမလေးကတော့
အိမ်ထောင်ကျတာနဲ့ ပြောင်းသွားတာ”

ဝတ်ရည်က အန်တီကြီး ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီးနောက် အန်တီ့နောက်ကနေ၍ အခန်းထဲသို့ လိုက်ဝင်ပြီးလာသည်။ တစ်ဖက်က ခုတင်ခေါင်းရင်းမှာ ချိတ်ထားသော 5" x 7 အရွယ် ဓာတ်ပုံတစ်ပုံကို ကိုယ့်အခန်းဖော်ပါလားဟူသော ရင်းနှီးစိတ်ခံဖြင့် လှမ်းကြည့်လိုက်မိသည်။ ဓာတ်ပုံထဲမှ မိန်းကလေးသည် ဝတ်ရည်နှင့် ရွယ်တူလောက်ပင်ဖြစ်ကာ ရုပ်ရည်က ချောမောလှပပါသည်။ ဓာတ်ပုံမှာ စတူဒီယိုထဲမှာ အကျအန ရိုက်ကူးထားသော ဓာတ်ပုံမျိုးဖြစ်ကာ မျက်နှာရှေ့ တည့်တည့် ကိုယ်တစောင်းပုံ ဖြစ်သည်။ နှုတ်ခမ်းတွေက အနည်းငယ်ပြုံးကာ ကင်မရာကို တည့်တည့်စိုက်ကြည့်နေပုံသည် သူ့ကိုယ်သူ အတော်ယုံကြည်မှုရှိသော ဒီဇိုင်းမျိုးဖြစ်သည်။

“အင်း ... သမီးတို့နှစ်ယောက်ကတော့ နာမည်ချင်းကတော့ အတူတူပါပဲ၊ ပန်းလေးတွေပေါ့။ သမီးက အမ်မရယ်
ဝတ်ရည်၊ သူက နှင်းဆီသူ တဲ့ ...

အားလုံးကတော့ ရှိ့စ် လို့ ခေါ်တာများတယ်”

“ရှိ့စ်”

ဝတ်ရည်က အဲဒီနာမည်ကို နှုတ်ဖျားမှ တိုးတိုးလေး ရွတ်ကြည့်မိသည်။ သူ့နာမည်နဲ့ သူ့ပုံစံနဲ့က လိုက်သားပဲ။

“ရှိ့စ်က ခင်ဖို့ကောင်းပါတယ်။ သူက open type ကွယ့်
သမီးနဲ့ အဆင်ပြေမှာပါ။ သူက အိမ်သုံးလျှပ်စစ်ပစ္စည်း



ကုမ္ပဏီတစ်ခုမှာ Accounting လုပ်တယ်။ ဇာတိက
ရန်ကုန်ကပဲ။ ဒါပေမဲ့ သူက ဒီမှာ ပိုပျော်တာတဲ့။ သူ့အိမ်
နဲ့ ကျောင်းနဲ့က ဝေးတော့ ဒီမှာ အဆောင်လာနေရင်းနဲ့
ဒီကိုပဲ ကြိုက်သွားတာတဲ့လေ”

“ဪ ... ဪ”

ဝတ်ရည်က နှင်းဆီသူရဲ့ဓာတ်ပုံကို တစ်ချက်လှမ်းကြည့်မိပြန်သည်။ open typc နေတတ်သည်ဆိုသော နှင်းဆီသူသည် အနေအထိုင်ကတော့ ကြားဖူးနေကြ တချို့အဆောင်သူတွေလို ဖြုတ်စဖျင်းတောင်း ဖြစ်မနေပါ။ ခုတင်ပေါ်က မွေ့ရာသည်လည်း ဆန့်ဆန့်ရန့်ရန့်၊ ဘေးက စားပွဲ၊ ခုတင်ခြေရင်းက မှန်တင်ခုံ၊ အဝတ်စင် စသည်တို့ဟာ အားလုံး သပ်သပ်ရပ်ရပ်ပဲ ဖြစ်သည်။

“မှန်တင်ခုံကတော့ အဆောင်သူတွေက ကိုယ့်ဟာကိုယ်
ဝယ်ထည့်ထားတာ သမီး။ သမီး မြင်တဲ့အတိုင်းပဲ အခန်း
က နှစ်ယောက်နေတာတောင် တော်တော်ကျယ်တယ်၊
သုံးယောက်တောင် နေလို့ရတယ်လေ ...

ဒါပေမဲ့ အန်တီကလည်း ကိုယ်တိုင် လွတ်လွတ်
လပ်လပ် နေတတ်တဲ့သူ ဆိုတော့ ကျယ်ကျယ်လွင့်လွင့်
နေရပါစေတော့ဆိုပြီး ထားပေးထားတာ။ အဆောင်သူတွေ
ကို တစ်ခုပဲ request လုပ်ထားတယ်။ အခန်းထဲမှာ သန့်
သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေကြဖို့ပါ ...

ဒီမှာ ရေချိုးခန်း၊ အိမ်သာလည်း တစ်ခါတည်း
ပါပြီးသား”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တာနော်"

ဝတ်ရည်သည် ပါးစပ်ကတောင့် ထုတ်ဖော်ချီးကျူးမိသွားသည်။ ဒါကြောင့်လည်း ဒေါ်လေးက ဝတ်ရည်ကို ဒီအဆောင်မှာ မရမက နေစေတာပေါ့။ ဝတ်ရည်ရဲ့စကားကို အန်တီက ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဟုတ်တယ် သမီး၊ အန်တီက အန်တီ့အဆောင်သူတွေကို အဆင့်အတန်းမြင့်မြင့် နေပါစေတော့ဆိုတဲ့ စေတနာကို ထားတယ်လေ၊ သူတို့ဆီကလည်း ဘာမှ သိပ်များများစားစား ပြန်မမျှော်လင့်ပါဘူး။ အဲဒါကတော့ ... အန်တီ့အဆောင်ရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာကို ထိန်းပေးဖို့ပါပဲ"

"ဟုတ်ကဲ့ပါ အန်တီ။ အဲဒီတစ်ခုကတော့ စိတ်ချပါ။ သမီးကိုလည်း အမြင်မတော်တာရှိရင် ဆုံးမနိုင်ပါတယ်။ ဒီမှာနေသရွေ့ကတော့ အန်တီက သမီးရဲ့မိဘပါပဲ"

ဝတ်ရည်ရဲ့အပြောကို အန်တီကြီးက သဘောခွေ့သွားဟန်ရှိသည်။

တပြုံးပြုံးဖြင့် ခေါင်းတွေညိတ်ကာ ...

"အေး ... အေး၊ သမီးက ထားအေး တူမဆိုတော့ လိမ္မာပြီးသား ဖြစ်မှာပါ၊ လိမ္မာမယ်လို့လည်း ယုံကြည်ပါတယ် ...

ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစားနေပေါ့ သမီးရယ်၊ မိဝေးဖဝေး နေရပ်မှာ ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လာအလုပ် လုပ်ရတယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ် အသိတရားလေးနဲ့ ထိမ်းသိမ်းမှ ရမှာပေါ့ ...



ရန်ကုန်မှာက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတတ်ဖို့ အရေးကြီးတယ် သမီး"

"ဟုတ်ကဲ့ပါ အန်တီ။ စိတ်ချပါ"

"အေး ... အေး၊ အဲဒါဆိုရင် သမီး နားချင်လည်းနားတော့၊ ပစ္စည်းတွေ နေရာချမှာဆိုရင်းလည်းချ၊ လိုအပ်တာမှန်သမျှ အန်တီ့ကိုပြော ဘာမှအားမနာနဲ့၊ ဒီမှာက အားလုံး မိသားစုလိုပဲ နေကြတာ"

"ဟုတ် ... အန်တီ။ ဟုတ် ... ဟုတ်"

ဝတ်ရည်က အန်တီကြီး ထွက်သွားလျှင် ကိုယ့်ရဲ့ ပစ္စည်းပစ္စယတွေကို နေရာချဖို့ ပြင်သည်။ ပြင်ရင်းမှနေ၍ တစ်ဖက်ခုတင်ကိုလည်း အကြည့်ရောက်သွားမိပြန်သည်။ နှင်းဆီသူဆိုသော မိန်းကလေးသည် အဆောင်ကို အိမ်လိုသဘောထားကာ ပြင်ဆင်နေထိုင်သူ ဖြစ်သည်။ အိပ်ရာအခင်းအနွားကလည်း မိမ်ကျလိုက်မည့်ဖြစ်ခြင်း။ မြင်တာနဲ့ကို တက်ခုန်လှိမ့်ပစ်ချင်စရာကောင်းနေသည်။

တခြားအသုံးအဆောင် ပစ္စည်းပစ္စယတွေကလည်း သစ်သစ်လွင်လွင် တောက်တောက်ပပ ဆန်းဆန်းပြားပြားတွေချည်းပဲဖြစ်သည်။ အင်း ... သူ့ကြည့်ရတာ ခေတ်ဆန်ဆန်နေတတ်မယ့်ပုံ ထင်ပါရဲ့။ ဝတ်ရည်က ပခုံးကို တစ်ချက်တွန့်ကာ ပစ္စည်းပစ္စယတွေကို နေရာချဖို့ ပြင်ဆင်သည်။ ဝတ်ရည်ကတော့ နယ်ကလာတာဖြစ်၍ ပစ္စည်းတွေ များများစားစား သယ်မလာနိုင်ချေ။ အဝတ်အစားလောက်သာ သယ်လာ၍ လိုအပ်တာမှန်သမျှ ဒီရောက်မှ ဝယ်ရတော့မှာဖြစ်သည်။

www.burmeseclassic.com



ဝတ်ရည်သည် ယိုးဒယားဖျာကို ခုတင်ပေါ်ခင်းကာ အဆါကစောင်တစ်ထည်ကို ဖြန့်ခင်းလိုက်ပြီးနောက် ခရီးပန်းလာသဖြင့် ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ အားပါး ... အညောင်းကို ပြေသွားတာပဲ။ ခေါင်းရင်းက ပြတင်းပေါက်မှ လေတဖြူးဖြူးက တိုးဝင်လို့လာလျှင် ဝတ်ရည်ရဲ့ မျက်တောင်လေးတွေက တဖြည်းဖြည်း စင်းလို့လာလေသည်။ ပင်ပန်းမှုမှန်သမျှသည် တစ်ရေးလောက် အိပ်လိုက်ရလျှင်တော့ အလုံးစုံ ပြေပျောက်သွားမည်ဟု ထင်သည်။

ဝတ်ရည်သည် မျက်ဝန်းတွေကို မေးမှိတ်ကာ တစ်ကိုယ်လုံးရှိ အကြောတွေကို ဖြေလျှော့ပစ်လိုက်လေသည်။ ဘယ်အရပ်ဒေသက ဖွင့်နေမှန်းမသိသော နေရာမှ L ဆိုင်းဒီ၏ မလွှမ်းရဲ့သေးဘူးမောင်ရယ် သီချင်းသံက ခပ်သဲ့သဲ့ လွင့်ပျံ့လာကာ ဝတ်ရည်ကို ချော့သိပ်နေသလိုရှိသည်။ လေတဖြူးဖြူးနှင့် သီချင်းတအေးအေးကြောင့် ဝတ်ရည်ရဲ့မျက်လုံးတွေမှာ စင်းသထက်စင်းပြီးလာသည်။

ဝတ်ရည်ရဲ့ မျက်လုံးတွေထဲမှာ သူ့ကို တွေ့လာရသလိုပဲ။ ဝတ်ရည်သည် သူ့မျက်နှာလေးကိုမြင်လျှင် ကြည်ကြည်နူးနူး ပြုံးမိသွားသည်။ သူတစ်ယောက် ဝတ်ရည်ကို ရုတ်တရက်တွေ့လျှင် ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်။ သူရှိရာအရပ်သို့ ဝတ်ရည် ရောက်ခဲ့ပြီဟူသော အသိသည် ဝတ်ရည်ရဲ့ရင်ကို အတိုင်းမသိ ချမ်းမြေ့စေသည်။ မိဘနှင့် ဇာတိရပ်ရွာကို ခွဲခွာလာရပေမယ့် ရင်ထဲမှာ ဝမ်းနည်းစိတ် ကြီးကြီးမားမား မရှိတာဟာ ရန်ကုန်မှာ ချစ်သူရှိနေတယ်ဆိုသော အသိကြောင့်ပဲ ဖြစ်ပါမည်။



မလွှမ်းရသေးဘူး မောင်။ ဝတ်ရည်သည် တိုးတိုးလေး ရေရွတ်ပြီးနောက် တဖြည်းဖြည်းချင်း အိပ်ပျော်လို့ သွားလေသည်။

❤ ❤

www.burmeseclassic.com



ဝတ်ရည် နိုးလာသောအခါ ညနေတောင် စောင်းတော့မည် ဖြစ်သည်။ နာရီကို ကြည့်မိလျှင် မျက်လုံးပြူးသွားကာ ခုတင်ပေါ်မှ အမြန်ဆင်းပြီးနောက် ရေချိုးဖို့ ပြင်ဆင်ရသည်။ ညနေစာအတွက်လည်း ဘာမှမပြင်ဆင်ရသေး။ ခေါက်ဆွဲပဲပြုတ် စားတော့မည်ဟု စိတ်ကူးပြီး ရေကို စိမ်ပြေနပြေပဲ ချိုးနေလိုက်သည်။ အင်း ... ကြားဖူးတဲ့ ချိုးဖြူရေဆိုတာ ဒီရေကို ပြောတာလားမသိ။ ရေကတော့ အေးစိမ့်နေကာ ပင်ပန်းလာသမျှကို ပြေပျောက်သွားစေသည်။ တစ်ရေးလည်း အိပ်ပြီးပြီ။ ရေလည်းချိုးနေရပြီမို့ ဝတ်ရည်ရဲ့စိတ်တွေ တော်တော်လေး လန်းဆန်းလာပြီဖြစ်သည်။

ဝတ်ရည်သည် ရေကို တစ်ဝကြီးချိုးပြီး အပြင်သို့ ထွက်လာသောအခါတွင် တစ်ဖက်ခုတင်ပေါ်၌ ဆန့်ဆန့်ကြီးလှဲနေသော နှင်းဆီသူကို ရုတ်တရက် မြင်လိုက်ရသောအခါ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ နှင်းဆီသူကတော့ နဖူးပေါ်ကို လက်တင်ထားရင်းမှ လက်တစ်ဖက်ကိုမြှောက်ကာ "ဟိုင်း"ဟု နှုတ်ဆက်သည်။ ဝတ်ရည်သည် Hi-Tea ကြော်ငြာထဲမှ စုမေလို "ဟိုင်း ဟိုင်း"ဟု ပြန်လုပ်မိတော့မလို ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်



ကိုယ် မနည်းဘရိတ်အုပ်လိုက်ရသည်။ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်သွားသော အရယ်သည် နှင်းဆီသူကို ရယ်ပြပြီး နှုတ်ဆက်သလို ဖြစ်သွားသည်။

နှင်းဆီသူက ခုတင်ပေါ်မှ လူးလဲထထိုင်သည်။ အပြင်မှာ မြင်တော့မှ သူမဟာ ဓာတ်ပုံထဲကထက် ပိုချောသည်ဟု သတ်မှတ်ရသည်။ ကျောလယ်မရောက်တရောက် ဆံပင်တွေက ပိုင်းတွန့်တွေလို ခွေနွဲ့ကျနေကာ တော်တော်လှသည်။ ဆံပင်အရောင်ကလည်း အနက်ရောင်မဟုတ်ဘဲ အညိုရောင်လိုလို သံချေးရောင်လိုလိုဖြစ်ကာ သူမမျက်နှာလေးနှင့် အတော်လိုက်ဖက်ပါသည်။

"တို့ရဲ့ အခန်းဖော် အသစ်လေးက ချောသားပဲ၊ နာမည်ဘယ်လိုခေါ်လဲ"

သူမက ရင်းရင်းနှီးနှီး စ,နှုတ်ဆက်သဖြင့် ဝတ်ရည် ကျေနပ်သွားသည်။ အန်တီကြီး ပြောထားသလို သူမဟာ င်ဖို့ကောင်းတယ် ဆိုတာ လက်ခံသွားပြီဖြစ်သည်။

"အမ်မရယ်လ်ဝတ်ရည် တဲ့"

"အမ်ရမယ်လ် ! ... မြဝတ်ရည်လား"

"အင်း ... အားလုံးကတော့ ဝတ်ရည်လို့ပဲ ခေါ်ကြတာပါ"

"ဝတ်ရည် ! ...။ ဝတ်ရည် ဆိုတော့ ပန်းရဲ့အနှစ်ပေါ့။ ပန်းအနွယ်ဝင် ပန်းပဲပေါ့။ တို့နာမည်က နှင်းဆီသူ တဲ့။ ပန်းပဲလေ ...

အဲဒါဆို မင်းနဲ့ တို့နဲ့က တရုတ်ကားထဲကလိုဆို ျင် မျိုးနွယ်တူတွေပေါ့ ... ဟား ဟား။ လီမျိုးနွယ်တို့ ဝမ်မျိုးနွယ်တို့ မဟုတ်ဘဲ ပန်းမျိုးနွယ်ပေါ့"

www.burmeseclassic.com



"အဟင်း … ဟုတ်တယ်"

ဝတ်ရည်က သွက်သွက်လက်လက်ရှိသော နှင်းဆီသူကို သဘောကျသွားသည်။ တဘက်ကို လှမ်းယူကာ ရေသုတ်နေသော ဝတ်ရည်ကို နှင်းဆီသူက တစ်ချက်ပြုံးပြကာ …

"တို့က ခင်တတ်ပါတယ် ဝတ်ရည်။ ပြီးတော့ ပွင့်လင်းတယ်၊ အဲဒါ ကြိုပြောထားတာ။ ပွင့်ပွင့်လင်းလင်း ဆက်ဆံတာကို ကြိုက်လား"

"ကြိုက်တာပေါ့"

"အိုခေ … တို့လည်း ပွင့်လင်းတာကို ကြိုက်တယ်။ တို့ကိုလည်း ပွင့်ပွင့်လင်းလင်း ဆက်ဆံနိုင်ပါတယ်။ အဆင်တွေဘာတွေ မလိုပါဘူး …

တစ်ခန်းတည်း အတူတူနေကြမယ့်သူတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေမှ ကောင်းမှာလေ၊ နို့မို့ဆို နှစ်ယောက်လုံး စိတ်ဆင်းရဲနေရရင်လည်း မကောင်းဘူး"

"အင်း … ဟုတ်တာပေါ့"

"အိုခေ … မင်းနဲ့ တို့ အဆင်ပြေမယ်လို့ ထင်ပါတယ်။ ညနေစာ စားပြီးပြီလား ဝတ်ရည်"

"ဟင့်အင်း … နေ့လယ်ခင်းကမှ ရောက်တာဆိုတော့ ပစ္စည်းတွေ ချပြီးတာနဲ့ ခဏနားပြီး အိပ်ပျော်သွားတာ၊ ဘာမှလဲ မစီစဉ်ရသေးဘူးဆိုတော့ ဒီနေ့တော့ ညစာကို ခေါက်ဆွဲပြုတ်နဲ့ပဲ ပြီးမလားလို့လေ"



ဝတ်ရည်ရဲ့စကားကို နှင်းဆီက နှာခေါင်းရှုံ့ကာ ခေါင်းယမ်းပြသည်။

"ကျွတ် … နှင်းဆီသူနဲ့ တစ်ခန်းတည်းနေပြီး ရောက်ရောက်ချင်းနေ့မှာ ခေါက်ဆွဲပြုတ်နဲ့ နှစ်ပါးသွားရမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့ …

ကဲ … ပြင်ဆင်ရင်း ခဏစောင့်၊ တို့ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် ကြေးအိုးသွားသောက်ကြမယ်၊ ကြိုက်လား ကြေးအိုး"

"ကြိုက်တာပေါ့"

"အိုခေ … အိုခေ … Please wait a minute ! "

နှင်းဆီက ခုတင်ပေါ်ကနေ၍ ဖျတ်ခနဲ ခုန်ဆင်းသွား[illegible] ရေချိုးခန်းထဲသို့ ဝင်ရောက်သွားလေသည်။ ဝတ်ရည်သည် [illegible]လက်ချက်ချာသော နှင်းဆီရဲ့ပုံစံကို ငေးကာ တစ်ချက်ပြုံး[illegible]ောက် စိတ်ထဲမှာ အလိုလို မြူးလာသည်။ ဘာပဲပြောပြော [illegible]ရဲ့ အခန်းဖော်တစ်ယောက်က ပျော်ပျော်ရွှင်ရွှင်နဲ့ နွေးနွေးထွေး[illegible] ဆီးကြိုတာကို ရင်ထဲမှာ ကြည်နူးလေသည်။

ဝတ်ရည်သည် အပြင်သွားမှာ ဖြစ်သော်လည်း သိပ်[illegible]ခြားခြားကြီး မပြင်ဆင်တော့ပဲ ပြင်ရိုးပြင်စဉ်အတိုင်း [illegible]လိမ်းကာ two-way cake ကို ခပ်ပါးပါး ရိုက်လိုက်သည်။ [illegible] ကော်ဖီဖျော့ရောင် နှုတ်ခမ်းနီဆိုး။ အဝတ်အစားကတော့ [illegible]အညိုရောင်နှင့် သရီးကွာတားဂျင်း(န်)ကိုသာ ပေါ့ပေါ့ပါးပါး [illegible]ဝတ်လိုက်သည်။ ဝတ်ရည် ဘောင်းဘီဝတ်အပြီးမှာပဲ နှင်းဆီ[illegible]ချိုးခန်းထဲမှ ထွက်လို့လာလေသည်။ နှင်းဆီက ဝတ်ရည်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် လှမ်းကြည့်ကာ ပြုံးပြပြီးနောက် သူမကလည်း သွက်သွက်လက်လက်ပဲ ပြင်ဆင်သည်။

သူမလည်း ဝတ်ရည်လိုပဲ အလှပြင်တာ သိပ်မကြာချေ။ ချက်ချင်းလိုပဲ ပြီးစီးသွားသည်။ နှင်းဆီသည် ရေချိုးခန်းဝင်သဖြင့် စည်းထုံးထားသော ဆံပင်တွေကို မဖြေဘဲထားကာ နီညိုရောင် Giordano တီရှပ်ပွပွတစ်ထည်ကို ခေါင်းကနေ အမြန်စွပ်ချလိုက်သည်။ ပြီးတော့ ဝတ်ရည်လိုပဲ ဂျင်း(န်)ကွာတားကို ဝတ်လေသည်။ အဲဒီနောက် သူမရဲ့ဟန်းဒ်ဖုန်းလေးနှင့် ပိုက်ဆံအိတ်ကို ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်ပြီးနောက် ...

"ကဲ ... လစ်စို့ ဝတ်ရည်"

အဲဒီအပြောလေးဟာ ဘာမှ မထူးခြားသော်လည်း လူငယ်ဆန်ကာ လွတ်လပ်မှုရှိပြီး ဖော်ရွေသဖြင့် ဝတ်ရည်ဟာ နှင်းဆီကို မြင်မြင်ချင်းပင် ခင်သွားခဲ့ရပြီဖြစ်သည်။ ဝတ်ရည်နဲ့ နှင်းဆီသည် အောက်ထပ်သို့ အတူဆင်းလာကြသည်။ နှစ်ယောက်အတူ တွဲဆင်းလာတာကိုမြင်သော အန်တီကြီးက ကျေနပ်သော မျက်နှာဖြင့် ပြုံးကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

"ဘယ်သွားကြမလို့လဲဟေ့"

ဝတ်ရည်က မဖြေခင် နှင်းဆီက ဖြေသည်။

"ကြေးအိုး သွားသောက်မလို့ အန်တီခိုင်။ ဝယ်ခဲ့ရဦးမလား ဘာမှာဦးမလဲ"

"မမှာတော့ပါဘူးကွယ်၊ သွားကြ ... သွားကြ ... ဝတ်ရည်တော့ နှင်းဆီနဲ့တွေ့ရင် မပျင်းရတော့ပါဘူး"

"ဟုတ် ... သွားလိုက်ဦးမယ် အန်တီခိုင်"



ဝတ်ရည်နှင့် နှင်းဆီသည် အန်တီခိုင်ကို နှုတ်ဆက်ပြီးနောက် အဆောင်ထဲမှ လမ်းလျှောက်ထွက်လာကြသည်။ ညနေခင်းစအချိန်မို့ အိမ်ပြန်သူများ၊ အပြင်ထွက်သူများနှင့် စည်ကားသော သာယာသည့် ညနေခင်းလေးကို ဝတ်ရည်က နှစ်ခြိုက်စွာ ခံစားရင်းမှ နှင်းဆီကို လှည့်မေးမိသည်။

"ကြေးအိုးဆိုင်က ဝေးလားဟင်"

"သိပ်တော့ မဝေးဘူး၊ လမ်းမလျှောက်နိုင်ဘူးလား"

"လျှောက်နိုင်ပါတယ်"

"အင်း ... အေးဆေးပေါ့။ ညနေခင်းဘက်က လမ်းလျှောက်ရတာ ကောင်းပါတယ်၊ ဒါနဲ့ ဝတ်ရည်က နယ်ကလား"

"ဟုတ်တယ် ... တောင်ကြီးကပါ"

"ဩော် ... ထင်တော့ ထင်သား။ ကုန်းမြင့်တစ်နေရာက လာတဲ့သူ ဖြစ်ရမယ်လို့"

"ဘာဖြစ်လို့ ထင်တာလဲ"

"မင်းပါးတွေက ရဲနေလို့လေ၊ ဟား ဟား ... ဆွဲလိမ်ပစ်ချင်စရာ ကောင်းတယ်၊ မင်း ချစ်သူသာဆို တော်တော်နမ်းမယ့် ပါးမျိုးပဲနော်"

"အာ ... နှင်းဆီကလည်း"

နှင်းဆီရဲ့အပြောကြောင့် ဝတ်ရည်က တကယ်ပင် ...ကာ ရှက်သွေးဖြာသွားရလေသည်။ ချက်ချင်းပင် မောင့်ကို ...ရသွားသည်။ မောင်သည်လည်း ဝတ်ရည်ကို အဲဒီလိုပဲ ...ပြောနေကြဖြစ်သည်။ ဝတ်ရည်ရဲ့ပါးလေးများမှာ ခပ်ဖောင်း

www.burmeseclassic.com



ကောင်းလေးဖြစ်လျက် ရဲမို့နေတတ်၍ အင်မတန် အသည်းယားလှသည်တဲ့။ ပြီးတော့ အသည်းယားတယ်ဆိုပြီး ...

"ဟော ... ကြည့်၊ ရှက်သွားတဲ့ပုံက ပိုတောင်အသည်းယားဖို့ကောင်းတယ်၊ မင်း ရှက်သွားတော့ ပါးတွေကပိုရဲလာတယ်။ တိုက်ဆိုင်မှု တစ်ခုတော့ ရှိရမယ်၊ ဟုတ်တယ်ဟုတ်"

ဝတ်ရည်သည် သိနိုင်လွန်းသော နှင်းဆီကို နည်းနည်းတော့ ဖြုံသွားသည်။ ဒါပေမဲ့ တွေ့တွေ့ချင်းမှာ ပြောဖို့တော့ စောသေးသည်ဟု ယူဆသဖြင့် မဟုတ်ပါဘူးနော် ဟုသာ ညာလိုက်ရသည်။ နှင်းဆီက ဆက်မမေးတော့ဘဲ တခြားခေါင်းစဉ်ပြောင်းသွားသည်။

"စပ်စုတယ်တော့ မထင်နဲ့နော်၊ ဝတ်ရည်က ရန်ကုန်မှာ ကျောင်းလာတက်တာလား၊ သင်တန်းတို့ ဘာတို့ပေါ့"

"ဟင့်အင်း ... အလုပ်လာလုပ်တာပါ။ အဖေ့မိတ်ဆွေရဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ရမှာ၊ တနင်္လာနေ့မှာ ရုံးစတက်ရမယ်"

"သြော် ... ဒါဆို နှစ်ရက်နားလို့ ရသေးတာပေါ့။ ရုံးက ဘယ်မှာလဲ။ အကူအညီလိုရင် ပြောနော်။ ဘတ်စ်ကားတွေ ဘာတွေရော စီးတတ်ရဲ့လား၊ တို့ကတော့ ဖယ်ရီရှိတယ်၊ ဒါပေမဲ့ ဝတ်ရည် ရုံးစတက်တဲ့နေ့မှာ သွားဖို့ လာဖို့ အခက်အခဲရှိရင် တို့ကိုပြော၊ ဘာမှ အားမနာနဲ့ ...

တို့ ရုံးထိ သေချာလိုက်ပို့ပေးမယ်၊ စီးရမယ့်ကားတွေ ပြပေးမယ်"



ဝတ်ရည်သည် နှင်းဆီရဲ့ ဂရုစိုက်မှုနှင့် စေတနာစကားကို လေးစားသွားသော်လည်း ကိုယ်က အဲဒီလောက်ထိ မစဉ်းစားထားသဖြင့် အပြုံးလေးနှင့် ခေါင်းယမ်းပြကာ ...

"ကျေးဇူးတင်ပါတယ် နှင်းဆီ၊ ဝတ်ရည် သွားတတ်ပါတယ်၊ ရုံးကတော့ ပန်းဆိုးတန်းမှာပါ၊ ရောက်လည်း ရောက်ဖူးပါတယ်၊ ဝတ်ရည် အလုပ်ဝင် လုပ်မှာ မုဒြာဘဏ်ရဲ့ ရုံးချုပ်မှာပါ။ ဝတ်ရည်အဖေရဲ့ သူငယ်ချင်းက အဲဒီဘဏ်ရဲ့ M.D ပေါ့၊ ဝတ်ရည်က သူ့ရဲ့စက္ကရီတေရီ လုပ်ရမှာ"

"သြော် ... ဒါဆို ဝတ်ရည်က အဲဒီသင်တန်းတွေ ဘာတွေ တက်ပြီးသားပေါ့"

"ဟင့်အင်း ... အဲဒီသင်တန်းတော့ မတက်ဖူးဘူး၊ ဝတ်ရည် ကွန်ပျူတာနဲ့ Accounting ပဲ ပြီးထားတာ၊ အန်ကယ်က လည်း နောက်မှ အေးအေးဆေးဆေး တက်ချင်တက်၊ ရတယ်ဆိုတာနဲ့"

"အင်း ... အင်း ... ဟုတ်ပါတယ်လေ၊ တချို့သူဌေးတွေကျတော့လည်း သူတို့မှုနဲ့ သူတို့ဆိုတော့ သိပ်တော့မလိုပါဘူး ...

ဝတ်ရည်ကို ကြည့်ရတာလည်း အလုပ် လုပ်ချင်လို့၊ အမြင်ကျယ်ချင်လို့ ရန်ကုန် ရောက်လာတဲ့ပုံပါ။ စားဝတ်နေရေးအတွက်တော့ လာတယ် မထင်ပါဘူး"

အင်း ... အလုပ် လုပ်ချင်လို့ကို မဟုတ်ပါဘူး။ လုပ်ချင်တာလည်း ပါတာပေါ့လေ၊ အဓိက,ကတော့ ဝတ်ရည်သည် နှလုံးသားရှိတဲ့အရပ်သို့ ရောက်အောင်လာခဲ့ခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com



ဝတ်ရည်ဟာ လူကဲခတ် အင်မတန်တော်ကာ အကင်းပါးလွန်းသော နှင်းဆီကို ဖြူသထက် ဖြူ၍လာလေသည်။

"ဟုတ်တယ် … စားဝတ်နေရေး သက်သက်အတွက်တော့ အလုပ်လာလုပ်တာ မဟုတ်ပါဘူး နှင်းဆီ။ ကိုယ့်ရပ်ကိုယ့်ရွာမှာလည်း တစ်သက်လုံး နေလာခဲ့ပြီးပြီလေ။ လောကကြီးကို တစ်ယောက်တည်း ရင်ဆိုင်ကြည့်ချင်တဲ့ သဘောပေါ့"

ဝတ်ရည်ရဲ့အပြောကို နှင်းဆီက ခေါင်းမော့ကာ တဟားဟားနှင့် ရယ်လေသည်။ သူ ရယ်တာက သဘောကျ၍ ရယ်ပုံမျိုးမို့ ဝတ်ရည်က အသာပြုံးနေမိသည်။

"အင်း … ရင်ဆိုင်ကြည့်ပါ၊ ရင်ဆိုင်ကြည့်ပါ၊ ဒါပေမဲ့ တွေ့လာရမယ့် အခက်အခဲတွေဟာ သိပ်တော့ အနှစ်ရှိမှာ မဟုတ်ဘူး ဝတ်ရည်ရဲ့"

"ဟင် … ဘာဖြစ်လို့လဲ၊ အခက်အခဲ ဒုက္ခဆိုတာ အနှစ်တွေ အစစ်တွေ အတုတွေရယ်လို့ ရှိသေးလို့လား"

"အတုလို့တော့ မပြောချင်ပါဘူး။ အစစ်နဲ့တော့ တွေ့ချင်မှ တွေ့မှာပါ။ အနှစ်နဲ့သာ မတွေ့မှာ။ စဉ်းစားကြည့်လေ ဝတ်ရည်ရာ၊ မင်းရော ကိုယ်ရောဟာ စားဝတ်နေရေး အတွက် အလုပ် လုပ်နေကြတဲ့သူတွေ မဟုတ်ကြဘူး၊ တန်ဖိုးတစ်ခုအတွက် အလုပ် လုပ်နေတာ၊ ဟုတ်တယ် မှုလား …

မင်းဆို ဒီအလုပ်ကို ခက်ခက်ခဲခဲ ရှာဖွေထားရတာ မဟုတ်ဘူး။ မင်းအဖေကြောင့် ဒီလိုနေရာမျိုးကို အလွယ်တကူ ရခဲ့တာ။ တကယ့်ဘဝအစစ်တွေမှာ ဒီလိုဘယ်လွယ်



မလဲ ဝတ်ရည်ရဲ့။ ရန်ကုန်မြို့ကြီးပေါ်မှာ ကျောတစ်နေ့ရာစာ ချရဖို့၊ အလုပ်တစ်ခုရဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ရိုးရိုး စတက်ဖ်တို့၊ sales girl တို့၊ sale promotoer တို့ ရဖို့တောင် ထီးဖြူ ဖိနပ်ပါး၊ ချွေးတပြိုက်ပြိုက်ကျအောင် ရှာရဖွေရတယ် မဟုတ်လား …

စားဝတ်နေရေးအတွက်လေ … အဲဒါကမှ အနှစ်တွေပေါ့"

ဝတ်ရည်သည် ဒီလိုကျတော့လည်း ဒဿနစကားတွေ ထွက်တတ်သည့် နှင်းဆီကိုကြည့်ကာ မဆိုးဘူးဟု တွေးမိသွားပြန်သည်။ နှင်းဆီဟာ ဝတ်ရည်အတွက်တော့ အားကိုးရသည့် အဖော်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ယုံကြည်မိသည်။ ဝတ်ရည်ကို လမ်းလျှောက်လာရင်းမှ နှင်းဆီက သိသင့်သော ဆိုင်လေးတွေကို ပြသလာသည်။ ဘယ်စတိုးဆိုင်တော့ ဝယ်လို့ကောင်းတယ်၊ ဘယ်စတိုးက ဖုန်းကတော့ဖြင့် ကြီးတယ် စသဖြင့် …။

"အဆောင်မှာလည်း ဖုန်းရှိတယ်လေ ဝတ်ရည်။ အဆောင်ရှေ့မှာလည်း P.C.O ရှိတယ်။ ဒါပေမဲ့ အီစီကလီပြောတာတော့ ဘယ်ကောင်းမလဲ …

အဲဒါမျိုးက အိပ်ရာပေါ်မှာ ငြိမ့်ပြီးပြောမှ"

ဝတ်ရည်က နှင်းဆီကို လှည့်ကြည့်မိသည်။ နှင်းဆီ ရည်းစားရှိသလား မသိ။ အင်း … ဒီလောက်ခေတ်မီသွက်လက်နေတာ ရည်းစားတစ်ယောက်လောက်တော့ ရှိမှာပဲ။ ရည်က တွေးနေတုန်းမှာပင် ခိုးခိုးခစ်ခစ် ရယ်သံလေးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသည်။ နှင်းဆီက သူ့အောင်းဘီအိတ်ကပ်ထဲ ဖုန်းလေးကို ထုတ်လိုက်တော့မှ ဖုန်းလာနေတယ်ဆိုတာ သဘော ပေါက်ရသည်။

"အင်း ... ပြော၊ အပြင်မှာ xxx မဟုတ်ဘူး ကျောင်း သွားသောက်မလို့၊ မလာနဲ့ အခုမှ room mate အသစ် သွားတာ၊ အင်း ... အင်း ... ညမှပြန်ဆက်လိုက်၊ အိုကေ အိုကေ ... ဆီးယူ"

နှင်းဆီက ဖုန်းကို ထောက်ခနဲ ပြန်ပိတ်လိုက်ပြီး နောက် ဝတ်ရည်ကို တစ်ချက်လှည့်ပြုံးပြသည်။

"အဆောင်မှာ နေရေးကတော့ အဆင်ပြေပါပြီ၊ စား အတွက် ဘယ်လိုစီစဉ်ထားလဲ ဝတ်ရည်"

"အင်း ... ဘာမှတော့ မစီစဉ်ရသေးပါဘူး၊ နှင်းဆီရောဟ

"တို့ကတော့ ဝယ်စားတယ်လေ၊ မနက် Break fast တော့ အဆောင်မှာပဲ ကိုယ့်ဟာကိုယ် အဆင်ပြေသ စားသွားတာပေါ့၊ ကော်ဖီတို့ မုန့်တို့ ခေါက်ဆွဲထုပ် ဝယ်ထားတယ်၊ နေ့ခင်းစာတော့ ရုံးက ကန်တင်းမှာ စားတယ်၊ ညနေစာကိုလည်း ရုံးကအပြန် လမ်းထဲ ထွေးထွေးလေးမှာ ဝင်ဝယ်လိုက်တယ် ...

ဝတ်ရည်လည်း အဲဒီကပဲစား၊ အပြန်ကျရင် မီ ဆက်ပေးထားမယ်၊ အဲဒီဆိုင်က သန့်လည်းသန့်တ စေတနာလည်း ပါတယ်ဆိုတော့ ခြောက်နာရီခွဲလော ဆိုရင် ကုန်ပြီ။ ဒီနားတစ်ဝိုက်က အဆောင်တွေကအေ ထွေးထွေးလေးမှ ထွေးထွေးလေးပဲ"



ဝတ်ရည်သည် နှင်းဆီ ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လို့လာသည်။ စကားတပြောပြောနှင့် လျှောက်လာကြပြီးနောက် ကြေးအိုးဆိုင်သို့ ရောက်သွားကြသည်။ ကြေးအိုးသောက်ရင်းနဲ့ ဒီတစ်ခါတော့ ဝတ်ရည်က နှင်းဆီရဲ့အကြောင်းကို ပြန်၍စပ်စုဖြစ်လေသည်။

"နှင်းဆီက ရန်ကုန်ကပဲလား"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒီအဆောင်မှာနေတာ သုံးနှစ်ရှိပြီ။ ဒီအရှေ့မှာ အဆောင်သုံးဆောင် ပြောင်းခဲ့သေးတယ်"

ဝတ်ရည်က ကြေးအိုးအရည်တစ်ဇွန်းကို ခပ်သောက်ရင်းမှ နှင်းဆီကို အံ့သြသလို ကြည့်မိသည်။ တစ်ခုခု မေးလိုက်ချင်သော်လည်း ရုတ်တရက် မေးမထွက်ချေ။ သို့သော် နှင်းဆီက ဝတ်ရည် ဘာမေးချင်တယ်ဆိုတာကို သိသည်။

"ရန်ကုန်သူလည်း ဖြစ်တယ်၊ ရန်ကုန်မှာလည်း အိမ်ရှိရဲ့သားနဲ့ အိမ်မှာ ဘာဖြစ်လို့ မနေတာလဲလို့ မင်း တွေးမိမှာပဲ ...

အိမ်မှာ မနေချင်လို့ပေါ့ ဝတ်ရည်ရယ်။ ဘာဖြစ်လို့ မနေချင်တာလဲလို့ ထပ်မေးစရာ အကြောင်းရှိမယ်။ လောကမှာ အကြောင်းတရားတွေကြောင့် အကျိုးတရားတွေ ဖြစ်လာတာပါ။ ဟုတ်တယ် မဟုတ်လား။ အိမ်မှာ မနေချင်တဲ့ အကြောင်းတရားတွေ ရှိလို့ပေါ့"

နှင်းဆီက စကားပြောတာကို ခဏနားကာ အနားရောက်လာသော ဝိတ်တာကို သခွားမွှေးဖျော်ရည်တစ်ခွက် မှာသည်။ ပြီးတော့ ဝတ်ရည်ကိုပါ ...

www.burmeseclassic.com

www.burmeseclassic.com



"ဖျော်ရည်တစ်ခုခု သောက်ပါလား၊ ဒီဆိုင်က သစ်သီးတွေ ဖျော်တာ ကောင်းတယ်"

"ဟင့်အင်း ... ကြေးအိုးနဲ့တင် ဝပါပြီ"

"တို့ကတော့ မဝဘူး၊ မိန်းကလေးဆိုတာ အစားများများ စားရတယ်၊ ဒါမှ အားရှိပြီး မတော်တဆ အသည်းကွဲ တဲ့အခါ ဒဏ်ခံနိုင်မှာ၊ ခံနိုင်ရည်ရှိမှာလေ"

ဝတ်ရည်သည် နှင်းဆီရဲ့ စကားအဆန်းကြောင့် ကြေးအိုး ငုံ့သောက်နေရင်းမှ ခေါင်းထောင်သွားသည်။ လူဆိုတာ အချစ်တွေ၊ အသည်းကွဲတာတွေ ပါလာရင် အဖော်ညှိစရာမလိုပဲ အလိုလို စိတ်ဝင်စားသွားကြသည် ဖြစ်လေရာ ဝတ်ရည်ကလည်း သူ ဘာများဆက်ပြောလိမ့်မလဲဟူ၍ စိတ်ဝင်စားသွားသည်။ သို့သော် နှင်းဆီက အဲဒီအကြောင်းကို မဆက်ချေ။ ခရီးသွားဟန်လွှဲပြော ဟန်ဖြင့် အခုနက စကားကိုပဲ ပြန်ဆက်သွားသည်။

"တို့က အိမ်မှာနေရတာ စိတ်မချမ်းသာဘူး ဝတ်ရည်ရယ်။ ဖေဖေက တို့ ကိုးနှစ်မှာ ဆုံးသွားတယ်။ အမေက တို့ ဆယ်တန်းအောင်ပြီးတော့ နောက်ယောကျ်ား ထပ်ယူတယ်။ ကလေးလည်း မွေးတယ်။ အဲဒီကလေးကိုပဲ ချစ်တယ်၊ တို့ ဒဏ်ရာတွေကိုတော့ သူ ထည့်စဉ်းစားမပေးဘူး။ ထားပါလေ အတိုချုံးပြောရရင်တော့ တို့က အိမ်မှာနေဖို့ ဘယ်လိုမှ အဆင်မပြေဘူးပေါ့။ အိမ်မှာ နေချင်စိတ်မရှိ တာလည်း ကြာပါပြီ။ တို့ အလုပ်ထဲမှာ stable ဖြစ်တဲ့ အချိန် အိမ်ကနေ ဒီကို ... အဲလေ အဆောင်မှာ ပြောင်း



နေခဲ့တယ်။ နောက်ဆုံး အစစအရာရာ အဆင်ပြေတဲ့ အန်တီနိုင့် အဆောင်မှာ အဆင်ပြေနေတယ်ပေါ့ကွယ်"

"မထင်ရဘူးနော်"

ဝတ်ရည်ရဲ့ အဆက်စပ်မရှိသော စကားကို နှင်းဆီက နားလည်ဟန်ဖြင့် တစ်ချက်ပြုံးကာ အခုမှလာချပေးသော ဖျော်ရည်ကို သောက်လိုက်သေးသည်။ ဝတ်ရည်သည် ကြေးအိုး ပွဲကြီးတစ်ပွဲသာမက ဖျော်ရည်တစ်ခွက် (အီအီချိုချို)ကိုပါ ကုန် အောင်သောက်နိုင်သော နှင်းဆီကို အံ့ဩနေမိသည်။ စားလည်း စားနိုင်တဲ့ နှင်းဆီပါလား။ ဒါလောက်စားတာတောင် လှပတဲ့ ခန္ဓာကိုယ်လေး ဖြစ်နေသေးသည်။

"ဘာလဲ ... တို့ကို ဒီလို စိတ်ညစ်စရာတွေ မရှိဘဲ ပျော် ပျော်နေတတ်တဲ့သူမို့ မထင်ရဘူးနော်လို့ ပြောတာလား။ တချို့လူတွေရဲ့ဘဝက ကုန်းကောက်စရာမရှိအောင် မွဲမနေ ပေမယ့် စိတ်ဆင်းရဲစရာတွေက ငမွဲတွေ၊ သူတောင်းစား တွေထက်တောင် ပိုသေးတယ် ဝတ်ရည်ရဲ့။ သောကကို လူ့အဆင့်အတန်းနဲ့ ဆုံးဖြတ်လို့ မရဘူး ...

တို့က ဝမ်းမနည်းချင်တဲ့လူလေ၊ ဒီတော့ ပျော်ပျော်ပဲ နေရတော့တာပေါ့။ မင်း ကြားဖူးလား မသိဘူး။ စာရေး ဆရာကြီး သော်တာဆွေဟာ သူ့ရဲ့ Masterpiece ဟာသ ဝတ္ထုတွေကို အရမ်းစိတ်ညစ်နေတဲ့အချိန်မှာ ရေးခဲ့တာတဲ့။ တချို့လူတွေအတွက် စိတ်ပြေရာ ထွက်ပေါက်ဆိုတာ ခံစားမှုနဲ့ ဆန့်ကျင်တဲ့ ထွက်ပေါက်တွေ ဖြစ်တတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရဲ့စကားတွေကို ဝတ်ရည်က ဘာမှပြန်မပြော နိုင်ဘဲ ငေးပြီးနားထောင်နေလျှင် နှင်းဆီက ဆတ်ခနဲ ခေါင်းညိတ် ကာ ...

"ဆောရီးကွာ ... တို့စကားတွေ နားထောင်ပြီး ဝတ်ရည် ခေါင်းစားသွားပြီနဲ့ တူတယ်၊ တို့ ဒိုင်တွေ နည်းနည်းပြင်း သွားလား၊ ဟား ဟား ... ဆောရီး ... ဆောရီး၊ စားရတာ နင်သွားပြီနဲ့ တူတယ်"

"အို ... မနင်ပါဘူး၊ နားထောင်လို့ ကောင်းပါတယ်"

"ဟား ... တကယ်လား။ ဒါဆို ဆက်ရွတ်ဦးမှပဲ။ နောက် တာပါကွာ၊ တချို့ ရှိတယ်ကွ အပေါ်ယံမှာ ပျော်ပျော်နေ တတ်ပေမယ့် ရင်ထဲမှာ တကယ့်ဖိုးလ်တွေလည်း ရှိတတ် တယ်၊ တို့က အဲဒီလို လူစားမျိုးပဲ ...

မင်းရော ဝတ်ရည်"

"ဝတ်ရည်ကလား ... အင်း ... ဝတ်ရည်က ..."

အဲဒီအချိန်မှာ ဝတ်ရည်သည် မောင့်ကို ဘာကြောင့် ဖျတ်ခနဲ သတိရသွားလည်းတော့ မသိချေ။ ဝတ်ရည်သည် ကိုယ့် ကိုယ်ကိုယ် ဘယ်လိုလူစားမျိုးလဲ ဆိုတာ တစ်ခါမှ မတွေးခဲ့ဖူးပေ။ သာမန်ထဲက သာမန်မိန်းကလေးတစ်ယောက်ဟုသာ ထင်သည်။ ချောမောလှပသော ရုပ်ရည်ကြောင့် ချစ်ခင်နှစ်သက်သူတွေ ရှိပေ မယ့် အဲဒါဟာလည်း ဘာမှ ထူးခြားသောကိစ္စ မဟုတ်ဟုထင် သည်။ လောလောဆယ် ထူးခြားတာတော့ ဝတ်ရည် ရန်ကုန်သို့ ရောက်လာခြင်းပဲ ဖြစ်ပါတော့သည်။



ရန်ကုန်သို့ ရောက်လာတာသည် ဝတ်ရည်ရဲ့ရင်ထဲ က ကြီးမားသော အချစ်စိတ်ကြောင့် ဖြစ်သည်။ ချစ်သူနှင့် ခွဲခွာ နေရသော အလွမ်းဒဏ်ကို မခံစားနိုင်တာ တစ်ခုတည်းနှင့် ဝတ်ရည်သည် ရန်ကုန်မြေသို့ ခြေချဖို့ ကြိုးစားခဲ့သူဖြစ်သည်။ ပြောရလျှင်တော့ ဝတ်ရည်သည် ချစ်သူကို အင်မတန် မြတ်နိုး ချစ်ခင်သော မိန်းကလေးတစ်ယောက်လို့ ပြောရပါမည်။ ဝတ်ရည် ဟာ အလွန်ချစ်တတ်သော မိန်းကလေးတစ်ယောက်ဟု ကိုယ့် ကိုယ်ကိုယ် ထင်ပါသည်။

"ဝတ်ရည်က သိပ်ချစ်တတ်တဲ့သူ တစ်ယောက်လို့ ထင် တယ်"

"ဟား ... ကြိုက်ပြီကွာ"

ဝတ်ရည်ရဲ့စကားကို နှင်းဆီက အားရပါးရ ထောက် ခံလျှင် ဝတ်ရည် တော်တော်ကျေနပ်သွားရသည်။ ဝတ်ရည်ဟာ ဆယ်ကျော်သက်အရွယ် မနုမနပ်လေး မဟုတ်တော့ပေမယ့် ချစ်တတ်မှုစွမ်းအား အကောင်းဆုံးအရွယ် ဖြစ်ပါသည်။

သို့သော် နှင်းဆီ ဆက်ပြောလိုက်သော စကားကြောင့် အလက်စ ကြေးအိုးတောင် သီးထွက်တော့မလို ဖြစ်သွားလေသည်။

"သိပ်ချစ်တတ်တဲ့ သူတွေဆိုတော့ တော်တော်အသည်းကွဲ ရမှာပေါ့"

"ဟင် ... နှင်းဆီကလည်း ဘယ်လိုကြီးလဲ"

ဝတ်ရည်ရဲ့ သဘောမတူသလို အပြောကို နှင်းဆီက နှင်းလွတ်နားလည်သော အပြုံးမျိုးဖြင့် ခေါင်းတဆတ်ဆတ်ညိတ် ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည် ကြည့်ရတာ သိပ်ချစ်တတ်မယ့်ပုံပါ။ ချစ်တတ်တာ ကောင်းပါတယ်၊ သူများအတွက် ကောင်းတာပေါ့။ ကိုယ့်အတွက်တော့ မကောင်းဘူး ...

ဝတ်ရည်ကို စတွေ့ချင်းနေ့မှာပဲ စကားလေးတစ်ခွန်း လက်ဆောင်ပေးလိုက်မယ်၊ အချစ်ဆိုတာ လိမ္မာရင် ကိုယ့်ဖို့၊ မလိမ္မာရင် သူများဖို့၊ ဟုတ်ပြီလား ... သေချာမှတ်ထားနော် ...

ကဲ ... စားပြီးရင် ရှင်းလိုက်တော့မယ်နော်"

သူမက ပြောပြောဆိုဆို ပိုက်ဆံအိတ်ကို ဖွင့်လိုက်တော့မှ ဝတ်ရည်သည် ကပျာကယာတားဖို့ သတိရလေသည်။ သို့သော် နှင်းဆီက ခေါင်းကိုယမ်းကာ လက်ကာပြလျက် ...

"လုမရှင်းပါနဲ့ ဝတ်ရည်၊ အဲဒီလိုမျိုးကြီး ဆို တို့ ရှက်တယ် သိလား၊ မပူနဲ့ နောက်တစ်ခေါက်စားရင် မင်း သေချာပေါက် ရှင်းရမှာ"

အဲဒီအပြောကြောင့် ဝတ်ရည်က ဖွတ်မရှင်းဖြစ်တော့ချေ။ ကြေးအိုးဆိုင်က အပြန်လမ်းတွင် နှင်းဆီက စာအုပ်ဆိုင်သို့ ဝင်ကာ စာအုပ်ဝင်ငှားသည်။ ဝတ်ရည် ကိုယ်တိုင်ကလည်း စာဖတ်ဝါသနာပါသူမို့ စာအုပ်ဝင်ငှားဖြစ်သည်။ အဲဒီနောက် နှစ်ယောက်သားဟာ ဗိုက်လည်းလေးနေကြသဖြင့် စကားသိပ်မပြောဖြစ်ကြတော့ချေ။ အဆောင်နား ရောက်ခါနီးမှ နှင်းဆီက ဝတ်ရည်ကို ကောက်ကာငင်ကာ ထမေးသည်။

"အခုချစ်သူက ဝတ်ရည်ရဲ့ first love လား"



သူ့မေးခွန်းက ရည်းစားရှိလားတွေ ဘာတွေ မဟုတ်ဘဲ အပိုကြီး အပိုင်ကြီးဖြင့် ရုတ်တရက် ဖြတ်မေးခြင်း ခံလိုက်ရသောအခါ ဝတ်ရည်သည် အငိုက်မိပြီးနောက် "အင်း ... ဟုတ်တယ်"ဟု ယောင်ယမ်းပြီး ဖြေမိသွားသည်။ ပြီးတော့မှ ကိုယ့်ကိုယ်ကိုယ် မကျေနပ်စွာဖြင့် "ဘာဖြစ်လို့လဲ"ဟု ပြန်မေးမိလျှင် နှင်းဆီက ခေါင်းကို အသာယမ်းပြရင်းမှ ...

"ဪ ... first love ဆိုတော့ အရမ်းချစ်တတ်တာ သဘာဝကျပါတယ်လို့"

ဝတ်ရည်သည် အဲဒီစကားကို ဘာမှပြန်မချေပမိသော်လည်း ရင်ထဲမှာတော့ တိတ်တခိုး ကျိတ်ထောက်ခံလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဝတ်ရည် ပျော်သည်။ အချစ်ရဲ့မျက်နှာကို ပြန်လည်တွေ့ဆုံရတော့မှာမို့ ဝတ်ရည်ရဲ့ နှလုံးသားတွေမှာ တဒိတ်ဒိတ်ခုန်လို့ နေခဲ့လေသည်။

❤ ❧ ❤

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ...

လိမ္မာရင် ကိုယ့်အတွက် ...

မလိမ္မာရင်

သူများအတွက် ...

နှင်းဆီသူ



## ၂

တကယ်တမ်း လာခဲ့ရသောအခါ ဝတ်ရည် ထံတွင် ...င်သလောက် သတ္တိမရှိတော့ဘဲ ရှက်သလိုလို ကြောက်သလိုလို ...်လို့နေလေသည်။ ဝတ်ရည် နေသော အဆောင်နှင့် မောင်ရှိ ...သည့် တိုက်ခန်းတို့မှာ သိပ်မဝေးလှချေ။ မောင်သည် သူ့သူငယ် ...င်တစ်ယောက်နဲ့အတူ တိုက်ခန်းငှားနေတာဖြစ်သည်။ မောင်က ...ဦးလေးတစ်ယောက်ရဲ့ စက်ရုံမှာ အလုပ်သင်အဖြစ် ဝင်လုပ် ...သူ ဖြစ်သည်။ ရန်ကုန်ကို ရောက်နေတာ နှစ်နှစ်ကျော်လောက် ...စ်ပြီး တိုက်ခန်းငှားနေတာ သိပ်မကြာသေးဘူးဟု ဆိုသည်။ ...ဲပြောပြော ဝတ်ရည်သည် ကိုယ်ရောက်နေတာကို ကြိုမပြော ...ည်မှာ မောင့်ကို ဆပ်ပရိုက်စ် လုပ်ချင်၍ပင်တည်း။

ဝတ်ရည်နှင့် မောင်သည် စာနဲ့သော်လည်းကောင်း၊ ...နဲ့သော်လည်းကောင်း အဆက်အသွယ် ရှိခဲ့ကြသော်လည်း ...ရည်သည် ရန်ကုန်မှာ အလုပ်လာလုပ်တော့မည့်အကြောင်းကို ...င်အား ရိပ်ဖမ်းသံဖမ်းလေးတောင် အသိမပေးခဲ့ချေ။ စာထဲ ...န်းထဲမှာ ဝတ်ရည်ကို ဘယ်လိုလွမ်းကြောင်း၊ ဘယ်လိုချစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ချွဲနွဲ့ထားသည့် မောင့်ကို ထင်မှတ်မထားသည့် အံ့သြ ဖွယ်ရာ ခမ်းသာမှုကြီးကို ပေးချင်သောကြောင့် ဖြစ်သည်။

အခုလည်း လိပ်စာသာသိ၍ တစ်ခါမှ မရောက်ဖူး သော မောင့်တိုက်ခန်းသို့ တက်သွားဖို့ရာ လက်တွန့်ပြီးနေသည်။ အင်း ... ဘယ်လိုလုပ်ရပါ့။ ဝတ်ရည်သည် မောင် နေသောလမ်း ထဲသို့ Taxi ငှားပြီး လာခဲ့တာဖြစ်ရာ ကားကို လမ်းထိပ်မှာပဲ ရပ်ခိုင်းလိုက်ပြီးနောက် လမ်းထဲသို့ အေးအေးဆေးဆေး လျှောက် ဝင်၍လာခဲ့သည်။ ဝတ်ရည်ကတော့ ကိုယ့်အတွေးနှင့်ကိုယ် စီစဉ် လာခဲ့တာဖြစ်သည်။ အခုမှ ရှစ်နာရီတောင် မထိုးသေးသဖြင့် မောင်ဟာ သူ့အခန်းမှာပဲ ရှိဖို့သေချာသည်။ စက်ရုံသို့ သူက ရှစ် နာရီခွဲလောက်မှ သွားတတ်သည်ဟု ဝတ်ရည်က သိထားသည်။ ဝတ်ရည်သည် တိုက်ခန်းအပေါ်သို့လည်း တက်မသွားချင်လေရာ မောင်နေသော တိုက်ရှေ့သို့ ရောက်သွားလျှင် အကြံကောင်းတစ်ခု ကို ရသွားသည်။

ကန်ထရိုက်တိုက်ကြီးရဲ့ လှေကားကို အတိအကျ လှမ်းမြင်နိုင်သော တစ်ဖက်လမ်းမှာ ရှမ်းခေါက်ဆွဲဆိုင်တစ်ဆိုင် ရှိလျှင် ဝတ်ရည်သည် အဲဒီကပဲ ရှမ်းခေါက်ဆွဲစားရင်း စောင့်ဖို့ စိတ်ကူးရသွားသည်။ မောင် ဆင်းလာလျှင် ဝတ်ရည် လှမ်းခေါ် လိုက်ရုံပဲပေါ့။ အဲဒီအတွေးနှင့် ဝတ်ရည်သည် မောင် နေသော တိုက်နှင့် မျက်စောင်းထိုး မကျတကျမှာရှိသည့် ရှမ်းခေါက်ဆွဲ ဆိုင်လေးသို့ ဝင်လိုက်သည်။

ရှမ်းခေါက်ဆွဲ မှာထားရင်းမှ ဝတ်ရည်သည် လှေ ကားလေးကို စိုက်ကြည့်ကာ ရင်တွေ တထိတ်ထိတ် ခုန်လာသည်။



မောင့်ကို မတွေ့ရတာ တစ်နှစ်လောက် ရှိတော့မည်ဖြစ်သည်။ အရင်က လေးငါးခေါက်လမှာ တစ်ခါလောက် ပြန်လာတတ်ပေ ယ့် နောက်ပိုင်း အလုပ်တွေများလို့ပါဟုဆိုကာ ပြန်ရောက်မလာ သော့။ ဒါပေမဲ့ မောင့်ကို ဝတ်ရည် ယုံသည်။ စက်ရုံကြီးတစ်ခု ာ မန်နေဂျာတစ်ယောက် ဖြစ်လာမည့် မောင်ဟာ တစ်နယ်တစ် ကျေးမှာ ကြိုးစားလှုပ်ရှားနေရတယ် ဆိုတာကို နားလည်သည်။

ပြီးတော့ မောင်က ဝတ်ရည်ကို ဂရုတစိုက် ရှိလှသည်။ ...း ကို ပုံမှန်ဆက်ကာ လူကြုံရှိရင် ရှိသလို လက်ဆောင်ပစ္စည်း ...လည်း ထည့်ပေးတတ်သည်။ လူချင်းဝေးနေပေမယ့် ဝတ်ရည် ...ရဲ့ ဆက်ဆံရေးဟာ ကျဲတောက်မသွား၊ ဝေးကွာမသွား၊ အလွမ်း ...က တရစ်ရစ်တိုးလျက် အချစ်တွေကိုသာ ဖြစ်စေလေသည်။ ...င်က ဝတ်ရည်နဲ့ နီးစပ်ခွင့်ရအောင် ဘဝရှေ့ရေးအတွက် ...စားနေတာတဲ့။ အခုတော့ တစ်ဘဝတည်း ပေါင်းစပ်ခွင့်မရ ...င် နီးစပ်နီးနားတဲ့ နေရာလေးတစ်ခုကို ဝတ်ရည် ရောက်လာ ... မောင်။

ဝတ်ရည်သည် အဲဒီအတွေးကို ကြည်နူးစွာခံစား ...း လက်မှနာရီကို တစ်ချက်ကြည့်မိသည်။ ရှစ်နာရီထိုးပြီး ...ငါးမိနစ်။

အင်း ... သိပ်မစောင့်ရတော့ပါဘူး။ ဝတ်ရည်က ...ခေါက်ဆွဲနှင့် ကော်ဖီကို အေးအေးဆေးဆေး စားသောက်ရင်း ...းထဲမှာ အစီအစဉ်တွေကို ချနေမိသည်။ မောင်နဲ့အတူ ...လျှင် မောင့်ကို ရုံးလိုက်ပို့ခိုင်းမည်။ ညနေမှာ အတူတူပြန် ...း တစ်နေ့က နှင်းဆီနဲ့ အတူတူစားခဲ့သော ကြေးအိုးဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လေးသို့ သွားစားကြမည်။ အပြန်ကျရင် နှင်းဆီဖို့ပါ ပါဆယ်ဆွဲသွားမည်ဟူသော အတွေးဖြင့် အစီအစဉ်တွေ ဆွဲနေသော ဝတ်ရည်သည် ကြည့်နေကြအတိုင်း နှစ်မိနစ်ကို တစ်ခါလောက် မျက်လုံးက လှေကားဆီသို့ ရောက်ရောက်သွားတတ်လေရာ လှေကားရင်းက သံပန်းတံခါးကိုဖွင့်ပြီး ထွက်လာသော စုံတွဲတစ်တွဲကို မြင်သည်။

ဟင် ... ဒီစုံတွဲက ...။

ဝတ်ရည်သည် အဲဒီအတွဲမှ ယောကျ်ားလေးတစ်ယောက်ကို မြင်လျှင် ကိုင်လက်စ တူနှစ်ချောင်းသည် အောက်သို့ ဒေါက်ခနဲ ပြုတ်ကျလို့ သွားလေသည်။

ဘုရားရေ ...၊ အဲဒါ မောင်ပါလား။ ဝတ်ရည်ရဲ့ ချစ်သောမောင်သည် ကောင်မလေးတစ်ယောက်ရဲ့ပခုံးကို ဖက်ကာ ပြုံးရွှင်စွာ လျှောက်လို့လာသည်။ ပထမတော့ ဝတ်ရည်သည် အဲဒီမြင်ကွင်းကို ကြက်သေ,သေကာ ကြောင်ပြီးကြည့်နေမိသည် နောက်တော့ မောင်တို့စုံတွဲက ရှမ်းဆိုင်ရှိရာဆီသို့ ဦးတည်လာသဖြင့် ဒီတော့မှပဲ ဝတ်ရည်ဟာ ကပျာကယာဖြင့် ထိုင်ခုံမှထရပ်မိကာ ...

“အစ်မ ... အစ်မ ... လက်ထရိန်သွားချင်လို့ပါ”

ဆိုင်ရှင် အစ်မကြီးက ဝတ်ရည်ရဲ့ အတုန်တု အလှုပ်လှုပ် ပုံစံကို အန္တရာယ်အတော်ကြီးကြောင်း သတ်မှတ်လို ပုံရကာ ...

“သြော် ... နောက်ထဲ ဝင်သွားလိုက် ညီမလေး၊ ရတ သွား ... သွား၊ မောင်ရင် မီးခလုတ်ဖွင့်လို့ ရတယ်နော်



ဝတ်ရည်သည် ဘာမှတောင် ပြန်မပြောနိုင်တော့ဘဲ နောက်ထဲသို့ ခြေကုန်သုတ်တင်ကာ ပြေးခဲ့သည်။ နောက်ထဲမှာ အိမ်သာထဲသို့လည်း မဝင်နိုင်သေးဘဲ အပြင်ဘက်မှာတင် ရင်ကို ဖိကာ အမောဆို့နေလေသည်။ မြင်ခဲ့ရသော မြင်ကွင်းကို မယုံနိုင်လွန်းသဖြင့် ဝတ်ရည်သည် ဒါဟာ မောင် မဖြစ်နိုင်ပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ညာနေမိသည်။ ဒါပေမဲ့ ရင်ထဲက နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့ရသော ချစ်သူကို မှားစရာအကြောင်းမရှိဘူး ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ်သိသည်။

ဘယ်လိုဖြစ်တာလဲ မောင်ရယ်။

ဝတ်ရည်သည် အဲဒီမေးခွန်းကို ရင်ထဲမှသာ ထပ်ကာလဲလဲ မေးနေမိလျက် အခြေအနေတွေကို နားလည်စွာဖြင့် ခေါင်းလုံးသားမှ နာကျင်အောင့်မျက်လို့ လာသည်။ ဝတ်ရည်ရဲ့အလစ်မှာ မျက်နှာကို ဒူးရင်းသီးဖြင့် ဖြတ်ရိုက်ခြင်း ခံလိုက်ရသလိုပင် နာလည်းနာကာ စူးရှအောင့်မျက်လှသည်။ သူများကို ဆပ်ပရိုက်လုပ်ချင်သော ဝတ်ရည်မှာ ကိုယ်တိုင် ဆပ်ပရိုက်စ်ပြန်ဖြစ် ကာ ရှုနိုင် မကယ်နိုင် ဖြစ်လို့နေရလေသည်။ ဒီမိန်းကလေး ဟာ မောင်နဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်။ မောင်က ပခုံး ကို သွားဖက်ထားသော မိန်းကလေးဟာ သူငယ်ချင်းတော့ မဖြစ်နိုင်ပါ။ ဒါဆို ညီမလား။

ညီမဆိုလျှင်လည်း ဘင်္ဂလားညီမသာ ဖြစ်ဖို့များတော့သည်။ တစ်ရပ်တည်း တစ်မြို့တည်းမှာ ကြီးပြင်းလာသော ဝတ်ရည်သည် မောင့်ရဲ့ဆွေမျိုးသားချင်းများကအစ အားလုံးကို သိသည်။ ဒီမိန်းကလေးဟာ မောင့်ရဲ့ညီမလည်း မဟုတ်။ သူမကို

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည် တစ်ခါမှ သိလည်းမသိ။ ဒါပေမဲ့ သူတို့ရဲ့ပုံစံဟာ အောင်နမပုံစံလည်း မဟုတ်တာကိုတော့ ဘယ်သူ့ကိုမေးမေး သိနိုင်သည်။

နေပါဦး … ဒီအချိန်ဟာ မနက်စောစောလို့ ပြောရင်လည်း ရတဲ့အချိန်ပါ။ ဝတ်ရည်တောင် တက်သွားဖို့ မဝံ့ရဲတဲ့ တိုက်နန်းပေါ်ကို ဒီမိန်းကလေးက ဘယ်အချိန်တည်းက ရောက်နေခဲ့ပြီး အခုမှ ဆင်းလာရတာတဲ့လဲ။

ဝတ်ရည်သည် အတွေးတွေ မေးခွန်းတွေများစွာဖြင့် မျက်ရည်တွေ ရစ်ဝဲလာကာ ဆို့နင့်ကြေကွဲလာသည်။ စိတ်ရှိလက်ရှိ အော်ဟစ်ပစ်ချင်စိတ်တို့ကို အထူးပဲ ထိန်းချုပ်ထားရကာ သေချာချင်သော နှလုံးသားဖြင့် နောက်ဖေးကနေ၍ မီးဖိုချောင်ချက်ပြုတ်ပြင်ဆင်သော နေရာသို့ တရွေ့ရွေ့ တိုးကပ်သွားမိသည်။ မီးဖိုထဲတွင် မုန့်ပွဲတွေပြင်နေသော မိန်းမကြီးက ဝတ်ရည်ကို နားမလည်သလိုပုံစံဖြင့် ငဲ့ကြည့်သည်။ ဝတ်ရည်သည် ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ တရုတ်ကပ်မှန်ကြားကနေ၍ မောင်တို့စုံတွဲကို ချောင်းကြည့်နေမိသည်။

မောင့်ကို ဘေးတစောင်းအနေအထားနှင့် တွေ့ရကာ ကောင်မလေးကိုတော့ တည့်တည့်လှမ်းမြင်လို့ နေရလေသည်။ ကောင်မလေးက ဝတ်ရည်ထက် ငယ်ပုံရကာ ခပ်သွက်သွက်ပုံစံလေး ဖြစ်သည်။ ရွှေရောင်ဆံပင်တွေဖြင့် မောင့်ကို ရယ်ကာမောကာ မူနွဲ့စကားပြောနေသည်။ မောင်က ကောင်မလေးသောက်ဖို့ ကော်ဖီကို အကျအန ဖျော်ပေးကာ ကောင်မလေးကတော့ မောင့်ရဲ့လက်မောင်းကိုကိုင်လိုက်၊ ဆံပင်သပ်တင်ပေးလိုက်ဖြင့် ဗျာများ



ကာ အလုပ်ရှုပ်နေသည်။ မောင့်ကို ပြောဆိုဆက်ဆံနေပုံမှာ ဝတ်ရည်ထက်တောင် ပိုင်နိုင်သည့်သဘော ရှိလေသည်။

ဝတ်ရည်တောင် မောင့်ကို သေလုအောင်ချစ်သော်လည်း လူရှေ့သူရှေ့မှာ အဲဒီလောက်ကြီး တရင်းတနှီးမနေချေ။ မောင်ကသာ လူရှေ့သူရှေ့လည်း ယုယုယယနေပြသဖြင့် ဝတ်ရည်တောင် ရှက်စွံ့စွာ တားခဲ့ရသေးတာဖြစ်သည်။ ဝတ်ရည်သည် မောင်နဲ့ ကောင်မလေးတို့ နံနက်စာ အတူယှဉ်တွဲစားနေသော မြင်ကွင်းကိုကြည့်ကာ မျက်ရည်တွေ ရစ်သိုင်းလာသည်။ အဲဒီအနားသို့သွားကာ မောင့်ကို ခေါ်လိုက်ရမည်လား၊ မသိချင်ဟန်ဆောင်လိုက်ရတော့မှာလား စသဖြင့် ဘာကိုမှ သေသေချာချာ မဆုံးဖြတ်နိုင်ပဲ ဝေဝါးထွေပြားပြီးနေသည်။

“သမီး ဘာဖြစ်လို့လဲ။ အခက်အခဲ တစ်ခုခုရှိရင် ပြောနော်”

မုန့်ပွဲတွေ ပြင်နေသော အန်တီကြီးက ဝတ်ရည်ကို အားတက်ရင်း လှမ်းပြောသည်။ ဝတ်ရည်သည် ရစ်သိုင်းနေသော မျက်ရည်စများကို အသာပုတ်ထုတ်ကာ လည်ချောင်းထဲတွင် ဆို့နင့်နေသဖြင့် ဘာစကားမှ ပြန်မပြောနိုင်ချေ။ ရှေ့နဲ့ နောက် ကွဲ့ထိုးနေသော အမျိုးသမီးက စားလက်စပန်းကန်တွေကို ဒီဆိုင်းထားခဲ့သော ဝတ်ရည်ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။

အခြေအနေကို နားလည်သဘောပေါက်ဟန်ဖြင့် …

“ညီမ ပန်းကန်ကို နောက်ထဲ ယူလာပေးရမလား”

“ရ … ရပါတယ် အစ်မ၊ ကျေးဇူးပါပဲ၊ ကျွန်မ ဒီနားမှာ ခဏလောက် နေပါရစေနော်”

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးက ဝတ်ရည်ကို သနားသွားသောပုံ
ဖြင့် ခေါင်းတစ်ချက်ညိတ်ပြသည်။ သူမရဲ့မျက်ဝန်းတွေက ဝတ်ရည်
ရဲ့ အခြေအနေကို နားလည်ရိပ်မိနေသော ပုံစံမျိုးဖြစ်သည်။
ဝတ်ရည်သည် ဆက်စားချင်စိတ်လည်း မရှိတော့သဖြင့် အနားမှာ
ရှိသော အန်တီကြီးကို ပိုက်ဆံထုတ်ကာ ရှင်းလိုက်သည်။ အန်တီကြီး
က ဝတ်ရည်ကို ကရုဏာသက်သလို တစ်ချက်ကြည့်ကာ ...

"အင်း ... အဲဒီအတွဲကတော့ ခဏ ခဏ လာစားတတ်
တယ်"

ဝတ်ရည်သည် မျှော်လင့်ချက်တောက်ပသော မျက်
လုံးများဖြင့် အန်တီကြီးကို ဖျတ်ခနဲ မော့ကြည့်မိကာ ...

"ဟို ... သူတို့က ဘာတော်တာလဲဟင်"

တကယ်တော့ အဲဒီမေးခွန်းက ဝတ်ရည်ရဲ့ပါးစပ်က
နေ တုန်လှုပ်ချောက်ချားစွာ ထွက်မိထွက်ရာ ထွက်သွားတာဖြစ်
သည်။ အမှန်ဆိုရင် မေးစရာက တခြားမေးခွန်းတွေ အများကြီး
ရှိသည်။ တွဲတာကြာပြီလား၊ ကောင်မလေးက ဘယ်သူလဲ၊ အဲ
ကောင်မလေးကိုရော သိလား စသဖြင့် အဲဒီလိုမေးရမှာဖြစ်သည်။

သို့သော် ကမောက်ကမနိုင်သော ဝတ်ရည်ရဲ့မေး
ခွန်းအတွက် အဖြေက အဆင်သင့်ရှိနေခဲ့သည်။

"အင်း ... ယူပြီးသား လင်မယားတော့ မဟုတ်ဘူး
ဒါပေမဲ့ ရနေပါပြီ"

အဲဒီစကားသည် ဝတ်ရည်ရဲ့နားထဲတွင် ဗုံးပေါက်
သလို ပေါက်ကွဲသွားသည်။ ထိုအန်တီကြီး၏ အဖြေစကားသည်
ဝတ်ရည်ရဲ့ရင်ကို အသွားထက်သော ဓားသွားနှင့် လှစ်ခနဲ ခွဲ



လိုက်သလို ရှိလေသည်။ ပြောလိုက်တာက ဘာမှမဖြစ်သလို
ပေါ့ပေါ့ပါးပါးလေး ဖြစ်သော်လည်း ဝတ်ရည်ရဲ့ ရင်ခွင်ကတော့
လှစ်ခနဲ ကွဲသွားကာ ငုံ့ကြည့်လိုက်တော့ နှလုံးသားတစ်ခုလုံး
မြေကြီးပေါ်သို့ ပြုတ်ကျသွားခဲ့ပြီဖြစ်သည်။

ဝတ်ရည်သည်-ခွေယိုင်ချင်သလို ဖြစ်လာသော ဒူး
များကို မနည်းထိန်းထားကာ မောင်တို့အတွဲကို အားယူပြီး လှမ်း
ကြည့်လိုက်သည်။ မောင့်ရဲ့မျက်နှာသည် ချိုမြပြုံးရွှင်နေကာ ကောင်
မလေးကို ကြင်ကြင်နာနာ ရှိလှသည်။ ဆံပင်လေးတွေ သပ်တင်
ပေးလိုက်၊ ရေနွေးကြမ်း ငှဲ့ပေးလိုက်၊ တစ်သျှူးထုတ်ပေးလိုက်ဖြင့်
ဘစ်လောကလုံးမှာ နှစ်ယောက်တည်း ရှိနေသည့်ပုံစံမျိုးဖြစ်သည်။

"သမီးက ဘာသိချင်လို့လဲ။ အဲဒီကောင်လေးက ဒီရှေ့က
တိုက်၊ (၆)လွှာမှာ ငှားနေတာကွယ့်။ သမီးနဲ့ ..."

"အဲ ... ဟို ... ရည်း ... ရည်းစားပါ အန်တီ၊ ကျွန်မက
နယ်ကလာတာပါ"

ဝတ်ရည်သည် ကိုယ့်ကိုပါ တစ်မျိုးထင်သွားမှာ
စိုးသဖြင့် အမြန်ဖြေရှင်းလိုက်ရသည်။ အန်တီကြီးက ခေါင်းတညိတ်
ညိတ်ဖြင့် ...

"အင်းပေါ့ ... ဒါဆိုလည်း စုံစမ်းလေ့လာပေါ့ သမီးရယ်။
သူတို့နှစ်ယောက်ကတော့ သမီးရည်းစား မကတော့တာ
သေချာတယ်။ သူများသားသမီးကို ပြောရတာလည်း
မကောင်းပါဘူး။ အဲဒီကောင်မလေးက ကောင်လေးတို့
ခန်းကို ခဏ ခဏ လာတယ်ကွယ့်။ ညဘက်တွေလည်း
တွေ့ရတော့ အဲဒီမှာပဲ အိပ်သလိုပဲ ...

www.burmeseclassic.com

www.burmeseclassic.com



မနက်ကျမှ အတူဆင်းလာကြတာလေကွယ်"

ဝတ်ရည်သည် တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းများဖြင့် ...

"သူ ... သူတို့က ကြာပြီလားဟင်"

"အင်း ... ကောင်မလေးကို စမြင်ဖူးတာတော့ ခြောက်လ လောက်ရှိပြီနဲ့ တူတယ်၊ သိတင်းကျွတ်လောက်ကဆိုတော့။ ဒီကိုရောက်ရောက်လာတာတော့ သုံးလေးလလောက်ရှိပြီ"

"ဟို ... ကောင်လေးရဲ့တိုက်ခန်းမှာက သူ့သူငယ်ချင်းရှိ တယ် မဟုတ်လား"

"အို ... ရှိလည်း ဒီလိုပဲ လာနေတာပါပဲကွယ်။ အဲဒီသူငယ် ချင်းကလည်း တစ်ခါတလေ ပျောက်ပျောက်သွားတတ် တာပါပဲ"

ဝတ်ရည်သည် သြော် ... ဆိုသော စကားကို ရင်ထဲမှာသာ မြည်တမ်းနိုင်လေသည်။ အမှတ်မရှိသော မျက်လုံးတွေက သူတို့စုံတွဲထံသို့ တစ်ခေါက်ထပ်ရောက်သွားသေးသည်။ စားသောက်ပြီးကြသော သူတို့စုံတွဲသည် ပိုက်ဆံရှင်းနေပြီဖြစ်သည်။ ပြီးတော့ နှစ်ယောက်သားသည် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ ဆိုင်ထဲမှ ပြုံးရွှင်စွာပြန်ထွက်သွားကြသည်။ ဝတ်ရည်သည် ထုံနေသော ခြေထောက်များကို ဒရွတ်ဆွဲသယ်ကာ ဆိုင်အပြင်ဘက်သို့ အသက်မရှိသူလို လွင့်မြောထွက်လာခဲ့မိသည်။ မောင်တို့ကို ကိုယ်တိုင်လည်း မြင်တွေ့ခဲ့ရသည်။ သူတို့အခြေအနေကိုလည်း ပတ်ဝန်းကျင်ထံမှ နားနဲ့ဆတ်ဆတ် ကြားခဲ့ရပြီးနောက်တွင် ဝတ်ရည် ဘာလုပ်ရတော့ပါမည်နည်း။



အခုချိန်မှာ ဝတ်ရည် အလုပ်ချင်ဆုံး အလုပ်တစ်ခုကတော့ အဆောင်က ခုတင်ပေါ်သို့ ဒိုင်ဗင်ပစ်ပြီး ခေါင်းအုံးနဲ့ မျက်နှာအပ်ကာ အားရပါးရ ငိုပစ်ချင်တာပဲ ဖြစ်တော့သည်။ ဒီပုံစံနဲ့ ရုံးသွားဖို့ ဆိုတာလည်း မဖြစ်နိုင်ဟု ကိုယ့်ကိုယ်ကိုယ်သိလေသည်။ ဝတ်ရည်သည် တွေ့သော Taxi တစ်စီးကို အမြန်တားကာ အဆောင်သို့ ပြန်လာခဲ့သည်။ အဆောင်ရောက်လျှင် နှင်းဆီမှာ မရှိတော့။ မရှိတာပဲ ကောင်းပါသည်။ ဝတ်ရည်သည် အိတ်ကိုပစ်ချလျက် ခုတင်ပေါ်သို့ ပစ်လှဲကာ အားရပါးရ ငိုကြွေးမိလေသည်။ ရင်ထဲမှာ ခံစားနေရသော ခံစားချက်သည် ဘာနဲ့မှ မတူပဲ အင်မတန်ပဲ ဆိုးရွားပြင်းထန်လွန်းပါသည်။

ဝတ်ရည် ချစ်ခဲ့သော မောင်သည် ဝတ်ရည်ကို တစ်ချိန်လုံး ပိပိရိရိကြီး လိမ်ညာလှည့်ဖြားနေခဲ့တာဖြစ်သည်။ လုံးဝဟာကွက်မရှိ။ ဒီဘက်မှာကျတော့လည်း သာမန်ထက်မကသော ပတ်သက်ဆက်ဆံမှုမျိုးဖြင့် မိန်းကလေးတစ်ယောက်ကို [illegible]နေခဲ့သည်။ မောင် ဘယ်လိုများ စဉ်းစားဆုံးဖြတ်ထားပါလိမ့်။

မျှော်လင့်ခြင်းများစွာကို ရင်ဘတ်နှင့်အပြည့် သယ်ဆောင်လာခဲ့သော ဝတ်ရည်ရဲ့နှလုံးသားသည် ဒီနေ့မနက်ခင်းမှာ [illegible] လှလှပပကြီး ကျကွဲခဲ့ပြီဖြစ်သည်။ ဝတ်ရည်သည် ထိုနေ့တစ်နေ့လုံး အသည်းကွဲသည်မှာ ထမင်းတောင် မစားနိုင်ချေ။ ခေါက်ဆွဲပြုတ်တစ်ပန်းကန်သာ သောက်လိုက်သည်။ ရင်ထဲမှာ ခံစားရတာတွေက အပြည့်အသိပ် ဖြစ်နေသဖြင့် မွန်းကျပ်ပိတ်လှောင်ပြီးနေသည်။ ဒီအချိန်မှာ တစ်ယောက်ယောက်ကို ရင်ဖွင့်ပြောပြချင်[illegible] လာလေသည်။ အသည်းနှလုံး နာကျင်ကာ ငိုရသဖြင့် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ကိုက်လို့လာသည်။ တစ်နေ့လုံး အိပ်လိုက် ငိုလိုက်ဖြင့် ညနေစောင်းမှာတော့ ခုတင်ပေါ်တွင် ငူငူကြီး ထိုင်နေသော ဝတ်ရည်ကို ရုံးကပြန်လာသော နှင်းဆီက မြင်တွေ့သွားသည်။

မြင်လိုက်တာနှင့်ကို အပူသည်ရုပ် ပေါက်နေသော ဝတ်ရည်ကို နှင်းဆီက အံ့ဩသလိုကြည့်လျက် အနားသို့ တိုးကပ်လာသည်။

"ဝတ်ရည် ဘာဖြစ်လို့လဲ၊ ဘာဖြစ်ထားတာလဲ"

အဲဒီလိုမေးတော့လည်း ဝတ်ရည်သည် ရုတ်တရက် မဖြေနိုင်ချေ။ သို့သော် ဝမ်းနည်းစိတ်က လှိုက်တက်လာကာ မျက်ရည်က အလိုလို ရစ်ဝဲပြီးလာသည်။ မိဘတွေ၊ မွေးရပ်ဇာတိမြေကို စွန့်ခွာပြီး မောင့်မျက်နှာ တစ်ခုထဲပြီး လိုက်လာခဲ့သော ဝတ်ရည်ကို ဒီလိုပုံစံမျိုးနှင့် ဆီးကြိုခံရလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ချေ။

ရန်ကုန်မှာ အသိအကျွမ်းလည်းမရှိ၊ တိုင်ပင်ဖော်တိုင်ပင်ဖက် သူငယ်ချင်းရယ်လို့လည်း မရှိဘဲ တစ်ယောက်တည်း အသည်းကွဲရသော ဝတ်ရည်ရဲ့ နှလုံးသားမှာ ပင်ပန်းနွမ်းနယ်ရလေသည်။

"ဝတ်ရည် ... မင်း ဘာဖြစ်လာတာလဲ။ တစ်ခုခု ဖြစ်နေတယ် မဟုတ်လား။ တို့ကို ပြောနိုင်ရင် ပြောပါ၊ တို့ ဘာကူညီရမလဲ"

"ဘာမှမဖြစ်ပါဘူး"

မေးတော့မှပင် ငိုချင်ရက်လက်တို့ ဖြစ်နေသော ဝတ်ရည်သည် မျက်ရည်တစ်ပေါက်က တစ်ဖက်တည်း လိမ့်ဆင်းပြီးလာသည်။ ဝတ်ရည်ရဲ့ပုံစံကို နှင်းဆီက တစ်ချက်စိုက်ကြည့်ကာ ...



"မင်း ရည်းစားနဲ့ ပြဿနာတစ်ခုခု တက်လာလို့လား ဝတ်ရည်။ ဒါမှမဟုတ် သူ မင်းကို သစ္စာဖောက်နေတာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရလို့လား"

ဝတ်ရည်သည် နှင်းဆီရဲ့ ပိုင်နိုင်တိကျသော စကားသံကို ကြားလျှင် ခံစားနေရသည့် ဝေဒနာကိုတောင် တဒင်္ဂမေ့လျော့သွားလေသည်။ မျက်ရည်စီးကြောင်းကိုတောင် မသုတ်နိုင်ဘဲ နှင်းဆီကို အလန့်တကြား မော့ကြည့်မိသည်။ နှင်းဆီသည်လက်ကိုင်ဖက်ကို ပိုက်ထားရင်းမှ ဝတ်ရည်ရဲ့ မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ...

"ဟုတ်သလား ဝတ်ရည်"

ဝတ်ရည်သည် ခံစားနာကျင်နေသော နှလုံးသားဖြင့် ခေါင်းကိုငုံ့ချလိုက်သည်။ ဝတ်ရည်ရဲ့စကတ်ပေါ်သို့ မျက်ရည်တွေက တပေါက်ပေါက်ဖြင့် ကျဆင်းလို့ သွားလေသည်။ အံကိုအင်းတင်းကြိတ်ထားသော်လည်း မျက်ရည်တွေက ကျဆင်းဆဲ။ ဘုရား ... ဘုရား ... ဘယ်လောက်တောင် ဆိုးရွားလိုက်တဲ့ ဝေဒနာကြီးပါလိမ့်။

နှိုင်းပြစရာ စကားလုံးမရှိ။ အသည်းကွဲတယ်ဆိုတာ ဒါမျိုးကို ပြောပဲ့ထင်သည်။ ခေတ်မီသူတိုင်း အသည်းကွဲကြသည်ဆိုလျှင် ဝတ်ရည်လည်း ခေတ်မီသွားပြီထင်သည်။

နှင်းဆီသည် ဝတ်ရည်ရဲ့ဘေးတွင် ဝင်ထိုင်လိုက်ပြီးနောက် "ဒီမှာ ဝတ်ရည်"ဟု ခေါ်လိုက်သော်လည်း ဝတ်ရည်က

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်မိချေ။ နှင်းဆီက ဝတ်ရည်ရဲ့မေးဖျားကို ဆွဲမပြီး ပင့်တင်ကာ သူ့မျက်နှာကို တည့်တည့်ကြည့်စေသည်။

"တို့ကို သေချာကြည့်မမ်းပါ ဝတ်ရည်။ မင်း အခုခံစားခဲ့ရသလို တို့လည်း တစ်ချိန်တုန်းက ခံစားဖူးခဲ့ရတာပဲ။ တို့တုန်းက မင်းထက် ဆိုးပါတယ် ဝတ်ရည် ...

မင်းလို အခန်းထဲမှာ ကျိတ်ငိုတဲ့အဆင့်မျိုးတောင် မဟုတ်ပါဘူး ...

ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးတဲ့အထိ မိုက်မဲခဲ့တာပါ။ ဘဝတစ်ခုလုံး ရေစုန်မျောမတတ် အသည်းကွဲခဲ့ရတာပါ ...

မင်းလိုပဲ တို့ ရည်းစားကလည်း ရက်ရက်စက်စက် သစ္စာဖောက်သွားတာပါ"

ဝတ်ရည်သည် ဘဝတူဖြစ်သော နှင်းဆီကို တစ်ချက် မော့ကြည့်မိသည်။

နှင်းဆီရဲ့မျက်လုံးတွေထဲမှာ ဝမ်းနည်းကြေကွဲရိပ်တွေကို ရှာမတွေ့ရတော့သော်လည်း နာကြည်းရိပ်တွေကတော့ လတ်ဆတ်သစ်လွင်ကာ တဖျပ်ဖျပ် လက်နေဆဲဟု ထင်သည်။

"မင်း ခံစားနေရတာထက် တို့က အဆပေါင်းများစွာ ပိုခဲ့တယ် ဝတ်ရည်၊ ဒါပေမဲ့ အခု တို့ပုံစံကို မင်း မြင်တယ် မဟုတ်လား။ don't care ပဲ၊ နောက်ဆုံးတော့ အချိန်တစ်ခုပါပဲ ဝတ်ရည်၊ အချိန်ရဲ့ အဆုံးအဖြတ်အောက်မှာ အားလုံးပြီးစီးကြရတယ်၊ အားလုံး စတင်ကြရတယ်၊ ဘာမှမမြဲဘူး ...



ကဲ ... အဲဒါတွေ ခဏထားလိုက်ပါမယ်၊ ဒီမှာ ဝတ်ရည်၊ မင်းက မနေ့တစ်နေ့ကမှ နယ်က ရောက်လာတဲ့ သူပါ။ ရောက်ခါစက မင်းမျက်နှာလေးကို တို့ သတိထားမိတာ ရွှင်လန်းတက်ကြွနေတယ်၊ အိမ်ကို ခွဲခွာလာရလို့ ဝမ်းနည်းလွမ်းဆွတ်တဲ့ပုံစံမျိုး မင်းမှာ လုံးဝမတွေ့ရဘူး။ မျှော်လင့်ချက်တစ်ခုနဲ့ တောက်ပနေတယ် ...

မျှော်လင့်ချက်တွေ ဆုံးရှုံးပျက်စီးရရင် သူများထက် ပိုပြီး နာကျင်ခံစားရတယ် ဝတ်ရည်။ အခု မင်းမှာ ရင်ဖွင့်တိုင်ပင် ပြောပြစရာ ဘယ်သူမှ မရှိဘူး မဟုတ်လား၊ မင်း ကိုယ့်ကို ယုံကြည်ရင် ရင်ဖွင့်နိုင်ပါတယ်"

ဝတ်ရည်သည် နှင်းဆီကို မော့ကြည့်လိုက်လျှင် ကိုယ့်ကို နားလည်စာနာသော မျက်ဝန်းများဖြင့် နူးညံ့စွာ ငေးကြည့်နေသော နှင်းဆီကို ယုံကြည်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။ တော့ မျက်လုံးထဲမှာလည်း ကြည်နူးရွှင်ပျော်နေသော မောင်တို့တွဲကို ချက်ချင်းပြေးမြင်ယောင်၍လာလျှင် ရင်ထဲမှာ တဆစ်ဆစ် ကျင်ပြီးလာသည်။

"ဝတ်ရည် ဘာလုပ်ရမယ်ဆိုတာ မသိတော့ပါဘူး နှင်းဆီရယ်။ အခုလောလောဆယ်မှာတော့ ရင်ထဲက နှလုံးသားတစ်မှုလုံး ဆွဲထုတ်ခံထားရသလိုပဲ။ ရင်ထဲမှာ ဘာမှမရှိတော့ဘဲ ဟာနေတယ် ... နာနေတယ် ...

သိပ်ခံစားနေရတာပဲ သိတယ်"

နှင်းဆီက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ...

www.burmeseclassic.com



"မင်း ရည်းစားက မင်းကို အဆက်ဖြတ်လိုက်လို့လား ဝတ်ရည်"

ဝတ်ရည်သည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိ ငေး သေနေသော ကိုယ့်နှလုံးသားသချိုင်းကို ကိုယ့်ဘာသာပြန် တူးဖော်ရလေသည်။ အစအဆုံး ပြောပြမှ သင့်တော်မှာမို့ ဝတ်ရည် က မောင်နဲ့ ဇာတ်လမ်းအကျဉ်းချုပ်ကို ပြောပြလိုက်သည်။ မနက်ခင်းက တွေ့ခဲ့ရသော မြင်ကွင်းနှင့် ကြားရသော သတင်းတို့ ကိုတော့ မချွင်းမချန်ပဲ အားလုံး ရင်ဖွင့်လိုက်လေသည်။ ထူးတော့ ထူးဆန်းလေသည်။ နှင်းဆီကို ပြောပြနေတဲ့အခိုက်မှာ ဝတ်ရည်ရဲ့ ရင်ထဲက လေးလံသည့် အရာတွေသည် အောက်သို့ တစ်ခုချင်း ပြုတ်ကျသွားသလိုပဲ ဖြစ်သည်။

အားလုံး ပြီးဆုံးသွားလျှင်တော့ ဝတ်ရည်ရဲ့နှလုံးသား မှ သွေးတွေပြန်စီမ့်ထွက်လာခဲ့ပါသည်။

"ဝတ်ရည် ဘာလုပ်ရမယ်ဆိုတာ မသိတော့ဘူး နှင်းဆီ ရယ်။ သူတို့အခြေအနေက ရိုးရိုးသမီးရည်းစားတောင် မကဘူးနဲ့ တူပါတယ်၊ သူ ဒီလိုလုပ်ရက်မယ်လို့ တကယ်ကို ထင်မထားခဲ့တာ"

"မင်း သူ့ကို ခွင့်လွှတ်နိုင်လား ဝတ်ရည်"

အဲဒီမေးခွန်းကို ရုတ်တရက် ဝတ်ရည် မဖြေနိုင်ချေ။ မောင့်ကို ဝတ်ရည် ခွင့်လွှတ်နိုင်သလား၊ ခွင့်မလွှတ်နိုင်ဘူးလား ဆိုတာ ဝတ်ရည် မစဉ်းစားရသေး။ လောလောဆယ်မှာတော့ ဝတ်ရည် ခံစားနေရတာသည် မောင် ဝတ်ရည်ကို သစ္စာဖောက် သည့်အတွက် လူးလိမ့်နာကျင်နေရတာပဲ ဖြစ်သည်။



"မင်း သူ့ကို ခွင့်လွှတ်နိုင်တယ် ဆိုရင်တော့ ဒီကိစ္စကို မသိချင်ဟန်ဆောင်ပြီး သူ့ဆီကို သွားတွေ့လိုက်ပေါ့။ သူ့ပုံစံကို အကဲခတ်ပြီး သူနဲ့ စကားပြောကြည့်ပေါ့။ ဒါဆို အဖြေတစ်ခုခုတော့ ထွက်လာမှာပဲ ...

ဒီကိစ္စမှာ ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းနှစ်ခု ရှိတယ် ဝတ်ရည်၊ တစ်ခုကတော့ ဒီကိစ္စကို သူ့ကို အမှန် အတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်မေးပြီး ဆုံးဖြတ်ဖို့ပဲ။ အဲဒါ က မင်း ပြတ်သားမယ် ဆိုရင်ပေါ့ ...

နောက်တစ်ခုကတော့ မသိချင်ဟန်ဆောင်ပြီး မျော လိုက်ဖို့ပဲ"

"တို့ ဘာလုပ်ရမှာလဲဟင်"

ဝတ်ရည်ရဲ့ ညှောင်နာနာအသံကို နှင်းဆီက တစ်ချက်ငဲ့ကြည့်ကာ ...

"မင်း ဘာလုပ်ရမယ် ဆိုတာကို တို့ ဆုံးဖြတ်မပေးလိုပါ ဘူး ဝတ်ရည်၊ ဒါပေမဲ့ တို့သာ မင်းနေရာမှာဆိုရင် ဘာ လုပ်မလဲဆိုတော့ သူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်မေးလိုက် မှာပဲ။ တို့ကို သစ္စာဖောက်နေမှန်း သိသိကြီးနဲ့တော့ ငြိမ် ခံမနေနိုင်ဘူး ဝတ်ရည် ...

နောက်ပြီး ကိုယ်က သူ့ကို ချစ်တဲ့စိတ်နဲ့ မျက်စိနဲ့ နားကို တစ်ဖက်စီ ပိတ်ပေးထားတယ်ပဲ ထားဦး၊ သူက ဘယ်အချိန်ထိ ကိုယ့်ကို ချစ်နေမှာမို့လဲ။ တစ်သက်လုံး ချစ်နေမှာ သေချာလို့လား။ ခဏမှေးထားပြီးမှ သူကပြီး လမ်းခွဲစို့လို့ပြောရင် ကိုယ် အောက်တာပေါ့။ သူ ပြောဖို့

www.burmeseclassic.com



အချိန်ကိုပဲ ကိုယ်က ဒုက္ခခံ ရင်ကွဲခံပြီး စောင့်နေတာမျိုး ဖြစ်နေတာပေါ့ ...

တို့ကတော့ ဘာမဆို ပြတ်ပြတ်သားသားပဲ ကြိုက်တယ်၊ အသည်းတွေ ကွဲချင်ကွဲသွားပါစေ။ နောက်လည်း ကွဲမယ့်အတူတူတော့ မထူးဘူးလေ ...

ဟုတ်တယ် မှလား၊ ဒီတော့ မင်း ဆုံးဖြတ်ပေါ့"

ဝတ်ရည်သည် ဆုံးဖြတ်ချက်ကို ချက်ချင်းမချနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေ မေးနေမိသည်။ မောင့်ကို ဝတ်ရည် စွန့်လွှတ်နိုင်မှာလား။ တကယ်တော့ ဒီမေးခွန်းက ကိုယ့်ကိုယ်ကိုယ် မေးဖို့တောင် သိပ်မသေချာသလို ဖြစ်နေသည်။ ဝတ်ရည်က မစွန့်လွှတ်နိုင်စေဦးတော့ မောင်က စွန့်လွှတ်လိုက်လျှင်လည်း ဘာမှမတတ်နိုင်။ ဒီတော့ စွန့်လွှတ်ခြင်းမှာတောင် အပေါ်စီးက စွန့်လွှတ်မလား၊ အောက်စည်းက စွန့်လွှတ်မလား ခွဲခြားနေရသလို ဖြစ်နေလေသည်။

"တို့ သူ့ကို ဘယ်လိုမေးရမလဲ။ မေးစရာစကားလုံးလည်း ရှာမတွေ့ဘူး၊ မောင် အသစ်တစ်ယောက် ရနေပြီလား ဒါမှမဟုတ် ဝတ်ရည်ကို ချစ်သေးရဲ့လား၊ အဲဒီလို မေးရမှာလား ...

ဒါပေမဲ့ တို့က ဟန်မဆောင်တတ်ဘူး နှင်းဆီ သူ့ရှေ့မှာ တို့ ဘယ်လိုမှ ဟန်ဆောင်လို့ရမှာ မဟုတ်ဘူး ဆိုတာ တို့ကိုယ်တို့ သိနေတယ် ...

သူက တို့ထက် ပိုပါးနပ်တော့ တို့ဟန်ဆောင်ရင်လည်း သူ သိမှာပဲ"



ဝတ်ရည်ရဲ့စကားကို နှင်းဆီက တစ်ချက်တွေးဆသလို ငြိမ်သွားသည်။ ပြီးတော့မှ နှုတ်ခမ်းကိုကိုက်ကာ ခေါင်းတစ်ချက်ဆတ်ရင်း ...

"အင်း ... မင်း,လူက မျက်စိနဲ့ တပ်အပ်မြင်တာကို မပြနိုင်သရွေ့ လိမ်နေမယ့်၊ နှုးနေမယ့် သူမျိုးလား၊ ဒါဆိုရင်တော့ သူတို့တွဲတာကို မင်း မျက်စိနဲ့ တပ်အပ်မြင်ကြောင်း ပြရလိမ့်မယ်။ ဒါဆို သူနဲ့ မင်းနဲ့ ရှင်းလို့ရသွားပြီ ...

နောက်တစ်ခါ ထပ်ချောင်းလိုက်ဦးပေါ့ ဝတ်ရည်"

ဝတ်ရည်က နှင်းဆီ နောက်သည်ထင်၍ မော့ကြည့်လိုက်လျှင် နှင်းဆီ မျက်နှာက နောက်နေတာ မဟုတ်ဘဲ အတည်ပုံစံမျိုး ဖြစ်သည်။ ဝတ်ရည်ကိုတောင် ပခုံးတစ်ဖက်တွန့်ပြီးလိုက်သေးကာ ...

"နောက်နေတာ မဟုတ်ဘူး။ ဒါ နောက်ရမယ့်အချိန်လည်း မဟုတ်ဘူး။ တကယ်ပြောနေတာ နှလုံးသားမှာ များများနာကျင်ပါစေ ဝတ်ရည် ...

ဒါမှ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို မင်း ချနိုင်မှာ"

ဝတ်ရည်သည် တိကျပြတ်သားနေသော နှင်းဆီရဲ့ မျက်နှာကို ငေးကာနေမိသည်။ နှင်းဆီရဲ့မျက်နှာသည် နှင်းဆီ နာမည်လိုပဲ ပြတ်သားစိတ်ဖြင့် ရဲရင့်နေသည်။ ဝတ်ရည်လည်း အဲဒီလိုပဲ ရဲရင့်ချင်လိုက်တာ။ အခုလောလောဆယ်မှာတော့ သေချာတာက ခုသည် နှလုံးသားက သွေးတွေရဲနေတာပဲ ဖြစ်တော့သည်။

❤ ၄ ❤

www.burmeseclassic.com

www.burmeseclassic.com



မင်း မနေ့က ခံစားတာက အသည်းကွဲတာ အစစ်ပဲ ဝတ်ရည်။ မျက်ရည်တွေက မငိုဘဲကျလာပြီး ရင်ခွင်တစ်ခုလုံး နင့်နေတာ၊ နာကြည်းမှုတွေ မပါတာ မုန်းလို့မရသေးတာဟာ အသည်းကွဲတာ ...

နှင်းဆီသူ



၃

နာပြီးသား နှလုံးသားတစ်ခုကို တကယ်နာနေတာ ... ဟုတ်ရဲ့လားဟု ပြန်လည်စမ်းသပ်ရသော အဖြစ်မှာ တကယ် ... ရင်နာဖို့ ကောင်းလွန်းလှပါသည်။ ဝတ်ရည်သည် ရင်ကွဲ ... သက် နှလုံးသားနဲ့ပင် မောင့်ရဲ့အလုပ်ပြန်ချိန်မှာ တစ်ခါ ... ကြည့်သည်။ မောင်သည် အလုပ်ကပြန်လာပြီး သူ့တိုက်ခန်း ... သို့ တက်သွားသည်။ နာရီဝက်လောက် ကြာသောအခါ ရေ ... ပြီး အကြော့သားဝတ်စားပြီး ပြန်ဆင်းလို့လာသည်။ နောက် ... ဘစ်စီးကိုငှားလျှင် ဝတ်ရည်သည် သူ့နောက်ကနေ၍ ကား ... ာ လိုက်လာခဲ့သည်။

ကော်ဖီဆိုင်တစ်ဆိုင်သို့ ရောက်လျှင် ကောင်မလေး ... အရင်ကြိုရောက်နေတာနှင့် ကြုံသည်။ မောင်က ဝတ်ရည်ကို ... ပါ။ ရယ်ကာမောကာနှင့် စကားပြောပြီး ကောင်မလေးရဲ့ ... ကို ကြင်ကြင်နာနာနဲ့တောင် ကိုင်ထားလိုက်သေးလေသည်။ ... ည်သည် အဲဒီမြင်ကွင်းကို မျက်လုံးများမေးစင်းကာ ကြည့်

www.burmeseclassic.com



ပြီး နာကျင်စွာ ပြုံးမိသည်။ ဒီပုံစံဟာ သူငယ်ချင်းပါလို့ ဘယ်လို ငြင်းမရသောပုံစံ ဖြစ်သည်။

အခုချိန်မှာ ဝတ်ရည်ကို မြင်လိုက်လျှင် မော ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်။

ဝတ်ရည်သည် အတွေးနဲ့အတူ ဆိုင်ထဲသို့ လှမ်း လာခဲ့ကာ သူတို့စားပွဲဝိုင်းဆီမှ ဖြတ်လျှောက်လာခဲ့သည်။ ပြီးတော့ မောင့်ကို တန်းတန်းမြင်ရသောနေရာမှာ ခပ်တည်တည်ပဲ ဝင်ထိုင် လိုက်ကာ ကော်ဖီတစ်ခွက် မှာထားလိုက်သည်။ ဝတ်ရည်သည် လက်ပိုက်ထားရင်းမှ မောင့်ကို ရှုတည်တည် တစ်ချက်လှမ်းကြည့် မိသည်။ မောင်က ဝတ်ရည်ကို မမြင်သေးချေ။ အခုမှ နှု ကောင်းတုန်း၊ နှစ်ယောက်တည်းကမ္ဘာ တည်ဆောက်လို့ကော တုန်းဖြစ်သည်။

သို့သော် ဝတ်ရည်က သိပ်စိတ်မပူချေ။ အနား ရှိသော ဂျာနယ်တစ်စောင်ကို ကောက်ဖတ်ရင်းမှ မသိမသာ အကဲခတ်နေလိုက်သည်။ တစ်ချိန်ချိန်မှာတော့ သူ ဝတ်ရည် မြင်သွားမှာ အသေအချာပဲ ဖြစ်သည်။ မြင်သွားရင်သာ ဘယ်လို မလဲ၊ လူတူတာလား။ တကယ်ပဲ ဝတ်ရည် အစစ်လား စသ ဗျာများသွားပေလိမ့်မည်။ ဝတ်ရည်သည် အဲဒီအတွေးဖြင့် ဂျာန ကို စိတ်ပါလက်ပါ ဖတ်နေသည့်ဟန် ဆောင်နေရသော်လည်း မျက်လုံးရဲ့အာရုံတွေကတော့ သူတို့အတွဲထံသို့သာ ရောက် သည်။

တစ်ချိန်မှာတော့ မောင်ဟာ ဝတ်ရည်ကို လှမ်း လို့သွားလေသည်။ မြင်လိုက်တာနှင့် သူ့အာရုံတွေဟာ ဝတ်



ထံမှာ လုံးဝကပ်ငြိသွားပြီဆိုတာကို ဝတ်ရည် သိလိုက်ရသည်။ ကပ်ငြိတာဟာ ချစ်တဲ့စိတ်နဲ့ ကပ်ငြိတာမဟုတ်ဘူးဟု သိလိုက်ရလျှင် ဝတ်ရည်ရဲ့ရင်ထဲမှာ နာကျင်စွာ ဆွေးလျှသွားပါသည်။ ဝတ်ရည်သည် ကော်ဖီကိုငုံလိုက်၊ ဂျာနယ်ကို လှန်လှောလိုက်ဖြင့် ဟန် အလုပ်ရှုပ်ပြထားလိုက်သည်။ မောင်ကတော့ ဝတ်ရည်ကို ကွက်ကြည့် ကွက်ကြည့်ဖြင့် ကော်တော် စိတ်ဝင်စားနေလောက်ပြီ။

တစ်ယောက်တည်း ထိုင်နေသော မိန်းကလေးဟာ ဘောင်ကြီးက သူ့ရည်းစား ဝတ်ရည်လား၊ လူတူသော ဝတ်ရည်လားဆိုတာ အသည်းအသန် စဉ်းစားနေလောက်ပြီ။

ရန်ကုန်ရောက်တာ သုံးရက်သာ ရှိသေးသဖြင့် အာဒိဇိုင်းမှ မပြောင်းရသေးသော ဝတ်ရည်သည် အရင်လိုပဲ ကျောလယ်ခန့်ရှိသည့် ဆံပင်စင်းဖြောင့်ဖြောင့်များကို ခပ်မြင့်မြင့် စည်းထားကာ ကော်လာပါသော မိန်းမဝတ်ရုပ်အင်္ကျီအဖြူလေးကို ခပ်ရိုးရိုးဝတ်ဆင်ထားသဖြင့် သူ လူမှားနိုင်စရာတော့ အကြောင်းမရှိချေ။ ဝတ်ရည်သည် သူ့ကို ထပ်၍မနှိပ်စက်ချင်တော့သဖြင့် ဂျာနယ်ကို အသာချကာ တစ်ချက်လှမ်းကြည့်လိုက်သည်။

ဝတ်ရည်ရဲ့အကြည့်တွေထဲ၌ သူ့ကို အသိအမှတ်ပြုနေသော အရိပ်အယောင်တွေ ပါနေသဖြင့် သူ့စိတ်ထဲတွင် ဒါ ဝတ်ရည်ပဲဆိုတာ သေချာသွားပြီဖြစ်ကြောင်း သိလိုက်ရသည်။ ရုတ်ချင်းလိုပင် သူက ကောင်မလေးရဲ့လက်တွေကို လွှတ်ပေးလိုက်တာကိုလည်း လှောင်ရယ်ချင်စရာ တွေ့မြင်လိုက်ရသည်။ ဝတ်ရည်သည် နှုတ်ခမ်းလေးတွန့်ရုံ ပြုံးမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုမှတော့ မထူးပါဘူး မောင်။ ကိုင်လက်စနဲ့ ဆက်ကိုင်ထားလိုက်ပါတော့။ ဝတ်ရည်သည် သူတို့နှစ်ယောက်ရဲ့ ခြင်ကွင်းကို ဘာကြောင့်များ အေးအေးလူလူ ထိုင်ကြည့်နေနိုင်မိပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိသည်။ အထုအထောင်းခံရကာ မွမွကြေနေသော နှလုံးသားသည် အကောင်းအတိုင်း မဟုတ်တော့သဖြင့် ထူးပြီးမနာတော့တာလည်း ဖြစ်နိုင်သည်။

အဲဒီအချိန်မှာပဲ သူတို့စုံတွဲက ပိုက်ဆံရှင်းဖို့ ပြင်ဆင်သည်။ အဲဒါကလည်း မောင်က အကြောင်းတစ်ခုခုပြကာ လောဆော်ပုံရ၍ ဖြစ်သည်။ ဝတ်ရည်ကတော့ အေးအေးဆေးဆေးပဲဖြစ်ကာ သူတို့နောက်သို့ လိုက်သွားဖို့လည်း စိတ်ကူးမရှိတော့ပါ။ ဝတ်ရည်သည် ဆက်မသောက်ဖြစ်တော့သော ကော်ဖီခွက်ကို တွေတွေစိုက်ကြည့်ကာ ငြိမ်သက်နေမိသည်။ ရင်ထဲမှာ နာနေသည်။ အသက်တမျှ ချစ်ခဲ့ရသော ချစ်သူရည်းစားသည် ကိုယ့်ရှေ့မှာ တခြားတစ်ယောက်နှင့် ပြောင်ပြောင်တင်းတင်း တွဲပြကာ ထွက်သွားသောပုံစံသည် ဝတ်ရည်ကို သူ့ခြေဖဝါးအောက်သို့ နင်းချေလိုက်သလိုပဲ ဖြစ်သည်။

နှုတ်ခမ်းကိုကိုက်၍ ငြိမ်သက်စွာ ထိုင်နေသော ဝတ်ရည်ရဲ့ရှေ့တွင် ဘယ်လောက်ကြာသော အချိန်မှာမှန်း မသိအောင် အရိပ်တစ်ခုက ထင်ဟပ်လို့လာသည်။ ဝတ်ရည် မော့ကြည့်လိုက်လျှင် ဝတ်ရည်ကို တောင်းပန်တိုးလျှိုးသည့် မျက်လုံးများဖြင့် ကြည့်နေသော မောင့်ကို တွေ့လိုက်ရသည်။ မျှော်လင့်မထားသောကိစ္စ ဖြစ်သဖြင့် ဝတ်ရည်သည် မောင့်ကို ကြောင်ငေးကာ ကြည့်နေမိသည်။



"ဝတ်ရည် ... ဝတ်ရည် ရန်ကုန်ကို ဘယ်တုန်းက ရောက်နေတာလဲ"

မောင့်ပုံစံက ဝတ်ရည် ရန်ကုန်ရောက်နေတာကို ကယ်ပဲ အံ့သြနေသောပုံစံမျိုး ဖြစ်သည်။ ဝတ်ရည်သည် မဖြေ င်သေးဘဲ မောင့်ကို လွမ်းမောနာကျင်နေသော မျက်ဝန်းများဖြင့် ေးကြည့်နေမိလေသည်။ မောင်က ဝတ်ရည်နှင့် မျက်နှာချင်းဆိုင် ှင် ဝင်ထိုင်သည်။ သူသည်လည်း ဝတ်ရည်ကို မထင်မှတ်ဘဲ ေ့.လိုက်ရ၍ တော်တော်အံ့သြနေပုံရသည်။

"အဲဒါက အရေးမကြီးပါဘူး မောင်၊ အခုနက မိန်းကလေးက ဘယ်သူလဲ"

မောင့်မျက်နှာ ရုတ်တရက် ပျက်သွားသည်။ ပြီးတော့ က်ပြင်းတစ်ခုကို မရေမရာချကာ ...

"ဝတ်ရည်ကို မောင် အေးအေးဆေးဆေး ရှင်းပြချင်တယ်"

"ဘာတွေမှ ရှင်းပြစရာ အကြောင်းမရှိဘူး မောင်။ အမှန်အတိုင်းပဲ သိချင်တာ။ အဲဒီကောင်မလေးက မောင့်ရည်းစား မဟုတ်လား"

"ဝတ်ရည် ! ဒါတွေဟာ တကယ်တော့ ..."

"တော်တော့ မောင်၊ သူနဲ့မောင် ရည်းစား ဟုတ်လား မဟုတ်ဘူးလား ဆိုတာကိုပဲ ဖြေပါ"

မောင်က စိတ်မရှည်တော့ဟန်ဖြင့် ကျွတ် ကျက်တွေ ်သပ်သည်။ ဝတ်ရည်သည် အဲဒီပုံစံကို အသည်းနာစွာဖြင့် ်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြောလေ"

"ဟုတ်တယ်ကွာ၊ သူနဲ့ မောင်က ရည်းစား၊ ဝတ်ရည် သိပြီးသားပဲ မဟုတ်လား။ ဘာလို့ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ မေးခွန်းတွေကို မေးနေရတာလဲ"

ဝတ်ရည်သည် အဲဒီအပြောကြောင့် အသည်းထဲမှာ ဆတ်ဆတ်ခါအောင် နာသွားသည်။ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်တဲ့။ ဒီစကားဟာ ဝတ်ရည်ကို သိပ်ချစ်ပါတယ်ဟု တဖွဖွပြောခဲ့သော လူတစ်ယောက်ရဲ့ ပါးစပ်ဖျားမှ ထွက်ကျလာသော စကားများ ဟုတ်ပါလေစ။

ဝတ်ရည်ရဲ့ နှလုံးသားဒဏ်ရာမှ နာကြည်းမှုတွေက စိမ့်ထွက်ပြီးလာသည်။

"ဒါဆို ဝတ်ရည်က ရှင့်ရဲ့ဘာလဲ။ ရှင် တစ်ချိန်လုံး ဝတ်ရည်ကို လှည့်စားနေခဲ့တာပေါ့၊ ဟုတ်လား။ တစ်ချိန်လုံး ညာနေခဲ့တာပေါ့၊ အဲဒီလိုလား"

"အဲဒါတွေ လျှောက်မပြောပါနဲ့ ဝတ်ရည်ရာ။ မောင့်ကို နားလည်မပေးနိုင်တော့ဘူးလား၊ မောင် ..."

"တော်ပြီ၊ ရှင် ဘာမှဆက်မပြောနဲ့။ ရှင်နဲ့ အဲဒီမိန်းကလေး ဘယ်အဆင့်ထိ ရောက်နေတယ်ဆိုတာကအစ ကျွန်မသိတယ်၊ ဒါနဲ့များ ရှင်က ကျွန်မကို အယုံသွင်းပြီး လှည့်စားဦးမယ်ပေါ့လေ"

ဝတ်ရည်ရဲ့အတွင်းကျသော စကားကြောင့် သူ့မျက်နှာတွင် အံ့ဩစိတ်က ဖုံးမရအောင် ပေါ်၍သွားလေသည်။ ပြီးတော့ ရက်ဒေါသလည်း ထွက်လာသောပုံစံမျိုးဖြင့် ...



"ဝတ်ရည် ... ဒါတွေကို မင်းက လျှောက်စုံစမ်းနေတာပေါ့၊ ဟုတ်လား၊ ဘာရည်ရွယ်ချက်နဲ့ အဲဒီလို လုပ်ရတာလဲ၊ အဲဒီလို လုပ်တော့ရော မင်းမှာ ဘာအကျိုးကျေးဇူးရသွားလို့လဲ"

"ဘာအကျိုးကျေးဇူးရလဲ ဟုတ်လား၊ ရှင် သစ္စာမရှိတာကို သိသွားတဲ့ အကျိုးကျေးဇူး ရတာပေါ့။ ရှင် တော်တော်အစာအနာကင်းမဲ့တဲ့ သူပါလား တော့ရဲ့ ...

ရှင့်ကို ဒီလောက် ရက်စက်တတ်လိမ့်မယ်သူလို့ မထင်ထားဘူး။ ကျွန်မသာ မသိခဲ့ရင် ရှင် ကျွန်မကို ဘယ်အချိန်အထိ ဆက်ညာနေဦးမှာလဲ ...

အဲဒီမိန်းကလေးကိုရော ရှင် ဘယ်လိုရည်ရွယ်ထားလို့လဲ"

သူက ဝတ်ရည်ရဲ့ တုန်ယင်ဒေါသထွက်နေသော စကားသံတွေကို မျက်လုံးတွေ မှေးစင်းကာ ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ပြီးလျှင် ...

"မင်းကို ရှင်းရှင်းပဲ ပြောတော့မယ် ဝတ်ရည်။ မင်းလည်း သိပြီးသားဆိုတော့ ခံစားရ သက်သာတာပေါ့။ သူက ကိုယ် မကြာခင် လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးပါ။ မကြာခင်မှာ ယူကြတော့မှာ ...

ကိုယ့်ဦးလေး သူငယ်ချင်းရဲ့သမီးပေါ့။ ကိုယ့်အပေါ် အစစအရာရာ နားလည်ဖြည့်ဆည်းပေးနိုင်တဲ့သူ၊ ကိုယ့်ဘဝအတွက် ပြောစရာမရှိအောင် သင့်တော်ကောင်းမွန်တဲ့သူမို့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ

www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် ဝတ်ရည်မှာ ထိခိုက်နစ်နာသွားတာမျိုးတော့ မရှိခဲ့ဘူး မဟုတ်လား။ ကိုယ် မင်းကို ထိခိုက်နစ်နာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူးနော်"

ဝတ်ရည်သည် သူ့မျက်နှာကို ရှေ့မှကော်ဖီခွက်နှင့် မပက်မိစေရန် အထူးသတိထားပြီး အံကိုတင်းတင်းကြိတ်ကာ ဆိုင်ထဲမှ ချာခနဲ ထွက်လာခဲ့လေသည်။ တွေ့ရာမြင်ရာ ကားတစ်စီးကိုငှားပြီး အဆောင်လိပ်စာတောင် ဘယ်လိုပြောမိလိုက်လဲ မသိပါ။ ရင်ထဲက အချစ်တစ်ခုကို ထိခိုက်စော်ကားခံလိုက်ရသော ဝတ်ရည်သည် နာကျင်မှု ဝမ်းနည်းမှုတွေပေါင်းကာ ရင်ခွင်တစ်ခုလုံး နိမ့်ချီမြင့်ချီဖြင့် တုန်ဟိုက်ပြီးနေသည်။

ဝတ်ရည်မှာတော့ သူ မရှိသည့် ကာလတစ်ခုလုံး မှုပိုင်ရှင်မကြီး မဝတ်ရည် လုပ်လျက် သစ္စာတွေ မေတ္တာတွေ တောင်လိုပုံကာ သူ့ကို စောင့်ဆိုင်းခဲ့ရသည်။ မစောင့်ဆိုင်းနိုင်သည့်အဆုံး၊ သူ ရှိသည့်နေရာသို့တောင် ရောက်ဖို့ ကြိုးစားခဲ့ရသည်။ ချစ်သူကို ချစ်သည့် ဝတ်ရည်၏ အချစ်များသည် ခိုင်မာမြဲမြံခဲ့ပါလျက်နှင့် ဘာကြောင့်များ အပေါ်စားအချစ်တွေနဲ့ ကြုံတွေ့ခဲ့ရသလဲတော့ မပြောတတ်ပါ။ မငိုမိအောင် အံကိုတင်းတင်းကြိတ်လျက် ဝတ်ရည်သည် အဆောင်သို့ ပြန်ရောက်လာသည်။ နှင်းဆီသည် ခုတင်ဘေးက ကြိမ်ဆက်တီဝိုင်းကြီးပေါ်မှာ မဂ္ဂဇင်းတစ်အုပ် ဖတ်နေရာမှ ဝတ်ရည်ကို တစ်ချက်လှမ်းကြည့်သည်။ ဝတ်ရည် ဘယ်ကိုသွားတယ် ဆိုတာကိုသိသော နှင်းဆီမှာ ဘာဖြစ်လာတယ် ဆိုတာကိုလည်း ရိပ်မိပုံရသည်။ ဒါပေမဲ့ နှင်းဆီက စကားကို ထိန်းပြောတတ်သူ ဖြစ်သည်။



"အဆင်ပြေခဲ့လား ဝတ်ရည်"

"ပြီးခဲ့ပါပြီ"

ဝတ်ရည်ရဲ့ ခြောက်ကပ်ကပ်စကားကို နှင်းဆီက မျှော်လင့်ထားပြီးသား ဖြစ်ပုံရသော်လည်း ပြောဖို့စကားလုံးရွေးနေဟန်ရှိသည်။ ဝတ်ရည်သည် အဝတ်ထုပ်ကြီးတစ်ခုလို ပျော့ဖတ်ခွေရှိစွာဖြင့် ခုတင်ပေါ်သို့ ပစ်လှဲချလိုက်သည်။ နှင်းဆီက စာအုပ်ကိုပိတ်ကာ ...

"ဘယ်လိုပြီးခဲ့တာလဲ ဝတ်ရည်။ တို့ကို ပြောပြလို့ ဖြစ်မလား။ မင်းကို သူက အကြောင်းပြချက် တစ်ခုခုနဲ့ ရှင်းမပြဘူးလား"

ဝတ်ရည်သည် မျက်နှာကြက်ကို မော့ကြည့်ရင်းမှ ဆို့ခနဲ တံတွေးထွေးပစ်ချင်စိတ်ကို ထိန်းထားရသည်။ မျက်လုံးထဲတွင် မုန်းမျက်နှာကြည်းဖွယ်ကောင်းသော သူ့စကားသံတွေကို ဘာကူးတက မှတ်မထားပါဘဲနဲ့ ကျယ်လောင်စွာ ပြန်လည်ကြားယောင်လို့လာသည်။ အခါများစွာက ကြည့်မဝနိုင် ရှုမဝနိုင်ဖြစ်ခဲ့သော သူ့မျက်နှာသည် အခုတော့ ဘီလူးသဘက်လိုပဲ စက်ဆုပ်အော့နှလုံးနာဖို့ ကောင်းနေလေသည်။

"ယောက်ျားတွေဟာ တော်တော်ကို မကောင်းတဲ့ကောင်တွေပဲ"

ဝတ်ရည်ရဲ့ ပျစ်ပျစ်နှစ်နှစ်နှင့် ပါးစပ်ကြီးအပြည့်ထွက်လာသော စကားကို နှင်းဆီက ပါးစပ်ဟသွားပြီးမှ အားရပါးရကြီး ရယ်ချလိုက်လေသည်။ ဝတ်ရည်သည် နှင်းဆီရဲ့ရယ်သံတွေ ကြားသော်လည်း ဂရုမစိုက်နိုင်။ ရင်ဘတ်ထဲတွင် နာကျင်

www.burmeseclassic.com



တာရော ဒေါသထွက်တာရောတွေကိုပေါင်းကာ ဆောင်ဘင်ရိုက်ခတ်နေသည်။

"ဒီလိုပါပဲ ဝတ်ရည်၊ ဖြစ်တတ်ပါတယ်။ လူဆိုတာ ခံစားမှုအား ကြီးလွန်းလာရင် အားလုံးကို ဝါးလုံးရှည်နဲ့ သိမ်းကျုံးရိုက်ချင်ကြတာပဲလေ ...

တို့လည်း တစ်ချိန်တုန်းက အဲဒီလိုပဲ ထင်ခဲ့ဖူးတာပါပဲ၊ အခုထိလည်း ထင်တုန်းပဲ၊ ယောကျ်ားဆိုတာ သိပ်ကောင်းတဲ့ အမျိုးအစားထဲမှာ မပါ,ပါဘူး ...

အခု မင်း ဘယ်လိုနေလဲ၊ သက်သာလား၊ အင်း ... မေးသာ မေးရတာပါ ဘယ်လိုလုပ် သက်သာမှာလဲနော်"

"သက်သာတာ မသက်သာတာထက် ရင်ထဲမှာ ခံပြင်းတာတွေရော၊ နာကျင်တာတွေရော ပေါင်းပြီး ရင်ခွင်တစ်ခုလုံး မွန်းကျပ်နေတယ် နှင်းဆီရယ်။ ဘယ်လိုမျိုးကြီးမှန်းကို မသိဘူး၊ ကိုယ့်ဝေဒနာကိုယ်တောင် ဘာသာမပြန်တတ်ဘူး"

"မင်း မနေ့က ခံစားတာက အသည်းကွဲတာ အစစ်ပဲ ဝတ်ရည်၊ မျက်ရည်တွေကျပြီး ရင်ခွင်တစ်ခုလုံး နင့်နေတာ၊ နာကြည်းမှုတွေ မပါတာ၊ မုန်းလို့မရသေးတာဟာ အသည်းကွဲတာပဲ ...

အခုဖြစ်နေတာတော့ အသည်းကွဲတာတင် မဟုတ်တော့ဘူး၊ ဒီပရက်ရှင်ပါ ဝင်လာတာ၊ စိတ်ဓာတ်တွေပါ ပါလာတဲ့အခါ လူက နေရထိုင်ရတာ ပိုဆိုးသွားတယ် ဝတ်ရည်။ အဲဒီဝေဒနာဟာ အဆိုးဆုံးပဲ၊ ကိုယ့်ချစ်သူက ကိုယ့်ကို အသည်းခွဲရုံတင် ခွဲသွားတာ မဟုတ်ဘဲ စိတ်ဓာတ်



တွေကိုပါ ရိုက်ချိုးသွားတာ၊ မာနကို ထိပါးသွားတာ၊ အဲဒီအတွက်ကြောင့် နာကြည်းတာတွေရော ခံပြင်းတာတွေရော အသည်းကွဲတာတွေရောက မစ်စ်ရိုတ်ဖြစ်ပြီး လူက ရူးချင်လောက်အောင် ဖြစ်သွားတတ်တယ် ...

အဲဒါကို အသည်းကွဲ ရူးသွပ်မှုလို့ပဲ ခေါင်းစဉ်တပ်ပါစို့"

"တို့ကျမှပဲ ဘာဖြစ်လို့ ဒီအဖြစ်မျိုးနဲ့ ကြုံရသလဲ မသိပါဘူးနော်"

"အသည်းကွဲဖို့ဆိုတာ လွယ်ပါတယ် ဝတ်ရည်"

"ဒါပေမဲ့ ကွဲပုံကွဲနည်း အဖြစ်အပျက်တွေချင်းက ကွာသေးတယ် နှင်းဆီရဲ့၊ အခုဟာက မင်း ပြောသလို မာနကိုပါ ထိပါးစော်ကားခံလိုက်ရတာ ...

ဝတ်ရည် သူ့ကို အရမ်းချစ်ခဲ့တာ၊ ချစ်လွန်းလို့လည်း ရန်ကုန်အထိ ရောက်လာခဲ့တာပဲ။ ဒါပေမဲ့ ဝတ်ရည်က အချစ်ကို ကိုးကွယ်တဲ့ မိန်းကလေး မဟုတ်ပါဘူး၊ သူရှိတဲ့ နေရာမှာ အလုပ် လုပ်နိုင်ဖို့ ကြိုးစားခဲ့တယ် ...

ဘဝထဲမှာ အချစ်ကို အဓိပ္ပာယ်ရှိစေချင်ခဲ့တဲ့သူပါ။ အခုဆိုရင် သူက အဲဒီမိန်းကလေးနဲ့ ယူတော့မယ်တဲ့ နှင်းဆီ၊ သူနဲ့ တို့အကြောင်းကို တောင်ကြီးက သူငယ်ချင်းတွေ အားလုံးသိတယ်။ သူ အဲဒီကောင်မလေးနဲ့ ယူသွားရင် တို့ ဟိုမှာ ဘယ်လိုမျက်နှာပြရတော့မှာလဲ၊ သိပ်ရှက်ဖို့ကောင်းတာပဲ၊ အဲဒါတွေကိုပါ တွေးမိရင် တကယ်ကို ရူးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီသည် ဝတ်ရည်ကို ကရုဏာသက်စွာဖြင့် တစ်ချက်ကြည့်သည်။

"မရှုးချင်ပါနဲ့ ဝတ်ရည်၊ အသည်းကို ရိုးရိုးပဲ ကွဲပါ"

ဝတ်ရည်သည် နှင်းဆီရဲ့စကားကြောင့် ဒီလောက် ခံစားနေရသည့်ကြားမှပင် ရယ်ချင်သွားသည်။ သို့သော် မချိသွားဖြဲ ဖြစ်နေမှာစိုးသဖြင့် မရယ်တော့ပါ။ ဒါပေမဲ့ နှင်းဆီကို လှမ်းကြည့်လိုက်သော အကြည့်တွေရဲ့ အဓိပ္ပာယ်ကို နှင်းဆီက ရိပ်မိသည်ထင်၏။ သူမကပဲ စကားထပ်ဆက်လာသည်။

"အသည်းကို ရိုးရိုးပဲကွဲ ဆိုတာက ချစ်သူကို ဆုံးရှုံးလိုက်ရလို့ ရလာတဲ့ ကြေကွဲနာကျင်မှုတွေကိုပဲ ခံစားပါလို့ ပြောချင်တာပါ။ တခြားအကြောင်းအရာတွေကို သိပ်ထည့် မစဉ်းစားနဲ့ ဝတ်ရည် ...

မင်းကို သူများတွေက ဘယ်လိုထင်မြင် ယူဆကြမှာတွေ၊ ဘယ်လိုသတ်မှတ်ကြမှာတွေ ငါ့မာနကို ဘယ်လိုထိပါးသွားတာတွေ ဒါတွေကို မစဉ်းစားနဲ့၊ အဲဒါတွေ စဉ်းစားရင် မင်း လုံးဝမျောသွားမယ် ...

အဲဒါတွေက မင်း အခု မစဉ်းစားလည်းပဲ နောင်တစ်ချိန်ကျရင် သူ့အလိုလို ဦးနှောက်ထဲ ဝင်ရောက်လာမယ့် ကိစ္စတွေပါ ဝတ်ရည်၊ လွမ်းစရာရှိရင် နာတာနဲ့ပြေ အဲဒီစကား ကြားဖူးတယ် မဟုတ်လား ...

အခုလောလောဆယ်မှာတော့ အသည်းပဲ သီးသန့်ကွဲပါ၊ ကျန်တာတွေနဲ့ မရောထွေးပစ်ပါနဲ့"



သူ ပြောတာ ဟုတ်၊မဟုတ်တော့ မသိချေ။ ဝတ်ရည် ...ည် မာနကို အစော်ကားခံရတာတွေ၊ သူများတွေ ဘယ်လိုထင် ...ယူဆတော့မှာတွေ စသဖြင့် Tansion တွေအားလုံးကို လျှော့ ...စ်လိုက်ပြီး နှလုံးသားမှ အချစ်တစ်ခုကို ဆုံးရှုံးရခြင်းအတွက် ...ရည်မှန်းခံစားလိုက်လျှင် ရင်ထဲမှာ ပေါ့ပျောင်းနေ့သည့်ပြီးလာ ...သည်။ ပြီးတော့ ဝမ်းနည်းစိတ်တွေ လှိုက်လှိုက်တက်လာကာ ...ျက်ရည်တွေက ချက်ချင်းစိမ့်အိုင်ဖွဲ့လို့ လာလေသည်။

မျက်ဝန်းထဲတွင် မောင်နှင့် ချစ်ခဲ့စဉ်က အကြောင်း ...ရာများ၊ မောင့်ရဲ့အပြုံးများ စတာတွေကို တရေးရေးပြန်မြင် ...ောင်ပြီးလာလျှင် ဆုံးရှုံးပြီဟူသော အသိသည် ဝတ်ရည်ကို ...နှိပ်စက်လေသည်။ နှလုံးသားထဲမှ တမြည့်မြည့်နာကျင်ကာ ... လှုပ်ချင်စိတ်တောင် မရှိတော့ပေ။ ဒါ အသည်းကွဲတဲ့ ...ကြီးတဲ့လား၊ ဘယ်ဆရာဝန်ကို သွားပြရမှာတဲ့လဲ။ အသည်း ...ကုဆရာဝန်သာရှိလျှင် ဝတ်ရည် သွားပြချင်ပါသည်။

ခုဟင်ပေါ်မှာ မှောက်ကာ ခေါင်းအုံးပေါ် မျက်နှာ ...လျက် မျက်ရည်တွေ တွေတွေစီးကျနေသော ဝတ်ရည်ရဲ့အနား ...နှင်းဆီက ထလျှောက်လာသည်။ ပြီးတော့ ဝတ်ရည်ရဲ့ပုံစံကို ...ကြည့်ကာ နဖူးကဆံစလေးတွေကို သပ်ဖွပေးပုံမှာ အသည်းကွဲ ...ကို ငုံ့ကြည့်နေသော ဆရာဝန်နဲ့ တကယ်တူသည်။ နှင်းဆီ ...ပသော နှင်းဆီရောင် နှုတ်ခမ်းလေးဖြင့် ပြည့်ဝစွာပြုံးပြ ...။ ပြီးတော့ ဝတ်ရည်ရဲ့နားအနားသို့ အသာလေးတိုးကပ် ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပတ်လောက် စပါယ်ရှယ် အသည်းကွဲလိုက်ဦးပေ
ဝတ်ရည်။ တစ်ပတ်ပြည့်သွားရင် မင်းကို ကိုယ် လိုအပ်တဲ့
treatment တွေ ပေးပါ့မယ်"

ဝတ်ရည်က နှင်းဆီရဲ့စကားကို နားမလည်သလိုပြ
ကြောင်ကြည့်နေမိသည်။ နှင်းဆီက ထပ်ပြီးပြုံးပြလာလျှင် ဝတ်ရည်
တော်တော်စိတ်ညစ်သွားသည်။ မျက်လုံးတွေကို မှိတ်ချလိုက်လျှ
မျက်ရည်ပေါက်တွေက အလိမ့်လိမ့် ကျဆင်းလို့သွားသည်။ ဝတ်ရည်
ရဲ့ခေါင်းအုံးပေါ်တွင် မျက်ရည်တွေက စိုရွှဲနစ်လို့ သွားလေသည်။

ဒီအဖြစ်အပျက်ကို ဒီတစ်သက်တော့ ဝတ်ရည် မေ
နိုင်မည် မထင်တော့ပါ။ ရင်ဘတ်ကြီးနှင့်အပြည့် သယ်ဆောင်လာ
ခဲ့ရသော မွှော်လင့်ချက်များ၊ ချစ်ခြင်းများ အားလုံးတို့သည်
တစ်နေ့ရာတည်းမှာ မီးပုံရှို့သလို ပြာကျလောင်ကျွမ်းသွားခဲ့ရ
ဖြစ်သည်။ ဒီဝေဒနာဆိုးကြီးကို ဘယ်နှရက်တိုင်တိုင် ဝတ်ရည်
ခံစားရမှာပါလိမ့်။

❤ ❧ ❤



"တကယ်တမ်းကျတော့ ရည်းစားနဲ့ ကွဲတဲ့လူ
တွေ အသည်းကွဲတဲ့ လူတွေက မသိကြလို့ပါ။
အချစ်ဆိုတာ တစ်ခါတည်းနဲ့ သေဆုံးသွားတာ
မှ မဟုတ်တာ။
အချစ်ဆိုတာ အမြဲတမ်း အသစ် အသစ်တွေ
မွေးဖွားနေတာပဲလေ ဝတ်ရည်။

ကိုယ့်ကို စိတ်ချမ်းသာမှုပေးတဲ့ အချစ်ကို
တွေ့အောင်ရှာရမှာ ကိုယ့်အလုပ်ပဲ ..."

နှင်းဆီသူ

www.burmeseclassic.com

www.burmeseclassic.com



## ၄

နှင်းဆီ ပြောသလိုပင် ဝတ်ရည်သည် တစ်ပတ်
လောက် အလူးအလိမ့် အသည်းကွဲခဲ့သည်။ လူက ဘာကိုမှစိတ်
မဝင်စားနိုင်ပဲ စိတ်တွေလေကာ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိ
ချေ။ ရုံးလည်း မတက်ဖြစ်ပါ။ သို့သော် လူကြီးကို မလေးစားရာ
ကျမည်စိုးသဖြင့် နေမကောင်းသဖြင့် ရုံးမတက်နိုင်ပါသေးကြောင်း
အကျိုးအကြောင်း ခွင့်တော့သွားတိုင်လိုက်သေးသည်။ အသည်း
ကိုက်နေသည့် ဝေဒနာဖြင့် တကယ့်လူမမာရုပ် ပေါက်နေသော
ဝတ်ရည်ကို လူကြီးကလည်း နေကောင်းမှ ရုံးတက်ပါဟု
ကြည်ကြည်ဖြူဖြူပဲ ခွင့်ပေးလိုက်သည်။

ဤသို့ဖြင့် ဝတ်ရည်သည် ငါးရက်လောက်
အသည်းထိုင်ကွဲခဲ့သည်။ ဘာအလုပ်မှမလုပ်၊ တစ်နေ့ တစ်နေ့
စားလိုက် အိပ်လိုက်ဖြင့် အသည်းကွဲသည့် အလုပ်ကိုသာ လုပ်
လေသည်။ ဒါကို နှင်းဆီကလည်း အသည်းပဲကွဲနေနော်၊ ဘာ
မလုပ်နဲ့ စသဖြင့် အားပေးစကားတွေ ပြောကြားသွားသေးသည်။
သူကတော့ ခပ်ကြော့ကြော့မော့မော့ပင် မနက်လင်းလာလျှင်
လှလှပပ ပြင်ဆင်ခြယ်သသွားလိုက်၊ ရုံးက ပြန်လာလျှင် ရေမိုး



ကာ စာအုပ်နှင့် နှပ်လိုက်၊ ညဘက်တွေမှာ ဖုန်းတွေတမေ့
မောကြီး ပြောလိုက်နှင့် ဘဝက စိုစိုပြည်ပြည် ရှိလှသည်။

တစ်ခါ တစ်ခါများ ဖုန်းပြောလျှင် ညတစ်နာရီ
နာရီထိ ပြောနေတာကိုလည်း ကြုံရလေသည်။ ဘာတွေများ
ပြောကြပါလိမ့်ဟု ဝတ်ရည်က ထူးထူးဆန်းဆန်းဖြစ်ကာ မေးမိ
လျှင် နှင်းဆီက အပြုံးလွန့်လွန့်လေးဖြင့် “အီစီကလီပေါ့”ဟု
ဖြေသည်။ ဝတ်ရည်က မျက်လုံးပြူးကာ “ရည်းစားလား”ဟု
လျှင် နှင်းဆီက ပခုံးတွန့်ပြသည်။ ပြီးလျှင် “အီစီကလီပါဆို”
ဆပ်ဖြေသေးသည်။ ဝတ်ရည်သည် အံ့သြစိတ်ဖြင့် ခုတင်ပေါ်
ောင် လူးလဲထိမိကာ ...

“ဟင် ... ရည်းစားလည်း မဟုတ်ဘဲနဲ့ အဲဒီလောက်အကြာ
ကြီး ဖုန်းပြောတယ်၊ ဘာတွေ ပြောကြတာလဲဟင်၊ ပြော
စရာအကြောင်းတွေက ရှိလို့လား”

“အကြောင်းမရှိလို့လို ပြောနေကြတာ”

“ဟင် ... နားမလည်ပါဘူး”

“နောက်တော့ နားလည်လာမှာပေါ့ ဝတ်ရည်၊ ဘဝဆိုတာ
နေတတ်ရင်တော့ ကျေနပ်စရာတွေချည်းပါပဲ။ ဘယ်လိုလဲ
အသည်းကွဲရတာ အဆင်ပြေလား”

“နှင်းဆီကလည်းကွာ ဘာတွေ လျှောက်မေးနေတာလဲ၊
စိတ်ညစ်နေပါတယ်ဆိုမှ”

“သြော် ... စိတ်ညစ်တယ်တဲ့လား ...၊ အင်း ... ညစ် ...
ညစ် ...၊ အသည်းကွဲနေတာ ဆိုလည်း ဆက်ကွဲ ...
ဆက်ကွဲ”

www.burmeseclassic.com



ဝတ်ရည်က နှင်းဆီကို အူကြောင်ကြောင်ဖြင့် ကြ
မိသည်။ နှင်းဆီကတော့ အေးဆေးပဲဖြစ်သည်။ သူ့ဘဝကို
ပေါ့ပါးပါးပဲ ဖြတ်သန်းကာ ပျော်ပျော်ရွှင်ရွှင် နေသဖြင့် သူ့
မှာ အသည်းထိုင်ကွဲနေရသော ဝတ်ရည်သည် ကိုယ့်အဖြစ်ကို
ပုံမှန်မှ ဟုတ်ရဲ့လားဟုတောင် သံသယဝင်လာသည်။ ပြီးတော
ဒီအတိုင်းကြီး နေရတာကိုလည်း အဓိပ္ပာယ်မရှိသလို ခံစားရ
ရုံးတက်တော့မည်ဟူသော စိတ်ကူးက ဝင်ရောက်လာသည်
နောက်တစ်နေ့မှာ ရုံးတက်ဖို့ ပြင်ဆင်နေသော ဝတ်ရည်ရဲ့အ
သို့ နှင်းဆီက ခပ်ပြုံးပြုံးဖြင့် ရောက်လာပြန်သည်။

"ဘယ်လိုလဲ၊ မနက်ဖြန် ရုံးတက်မှာလား"

"အင်း ... မနက်ဖြန် ရုံးသွားမယ်၊ ရုံးတက်တော့မယ်လေ"

"အသည်းဆက်မကွဲတော့ဘူးလား"

ဝတ်ရည်သည် မနက်ဖြန် ရုံးတက်လျှင် ဝတ်
အဝတ်အစားတို့ကို မီးပူထိုးရင်းမှ နှင်းဆီကို မျက်စောင်းတစ်
ရှယ်ကြည့်လျှင် နှင်းဆီက အားရပါးရ ရယ်မောသည်။ လှိုင်း
ဆံနွယ်တွေကို လွတ်လပ်စွာချထားလျက် တီရှပ်တစ်ထည်
ဂျင်း(န်)ဘောင်းဘီ ပေါင်လယ်ခန့်အတိုကို ဝတ်ဆင်ထား
နှင်းဆီသည် ဘာပူပင်သောကမှ မရှိဘဲ အမြဲပျော်နေတတ်သူ
ထင်သည်။ သူ့လိုပဲ ဝတ်ရည်လည်း ပျော်ချင်လိုက်တာ။

"အသည်းကတော့ ကွဲပြီးသွားပါပြီ။ ဒါပေမဲ့ ဒီအ
ကြီး နေလို့မှ မဖြစ်တာ နှင်းဆီရယ်။ အသည်းချ
ထိုင်ကွဲနေတော့လည်း ဘာကြီးမှန်းမသိ ဖြစ်လာတ
ဒီလိုပါပဲဟာ"



ဝတ်ရည်ရဲ့စကားကို နှင်းဆီက လိုအပ်နေတာ
ပဲဟူသော ပုံစံဖြင့် လက်ဖျောက်တစ်ချက်တီးသည်။

"အဲဒါပဲလေ ဝတ်ရည်ရဲ့၊ အသည်းဆိုတာ ဘယ်သူမှ
အမြဲမကွဲနိုင်ဘူး၊ အသည်းချည်းပဲ ထိုင်ကွဲနေ၊ ဘာမှမလုပ်
နဲ့ဆိုရင် တစ်ပတ် ဆယ်ရက်ပဲ ရမယ်။ အဲဒီအလုပ်ကို
ဘယ်သူမှ အကြာကြီး မလုပ်နိုင်ဘူး ...

နေ့စဉ်ဘဝတွေထဲမှာ ကိုယ့်အလုပ်နဲ့ကိုယ် ရှင်သန်
နေကြတဲ့ သူတွေမှ အသည်းကွဲတာကို ကြာကြာမျှဉ်းထား
နိုင်တာ၊ ပြီးတော့ လူတွေက ဘယ်သူမဆို စိတ်ချမ်းသာ
တာကိုပဲ လိုချင်ကြတဲ့ သူတွေချည်းပဲ ဝတ်ရည် ...

စိတ်ဆင်းရဲတာတွေကို ဘယ်သူမှ ကြာကြာလက်ခံ
မထားချင်ကြပါဘူး"

"ရှင်လည်း တစ်ချိန်တုန်းက အဲဒီလိုမျိုးပဲလား နှင်းဆီ"

"ဒါပေါ့ ... အသည်းကွဲတဲ့ အလုပ်ကို တကယ်တမ်းကျ
တော့ ဘယ်သူမှ ကြာကြာမလုပ်နိုင်ပါဘူး။ အသည်းကွဲ
တယ်ဆိုတာ မှတ်ထားဦး ပထမတစ်ခါ ကွဲတုန်းမှာပဲနာ
တာ၊ နောက်တစ်ခါတွေကျတော့ အဲဒီလောက် မနာတော့
ဘူး ...

ကဲ ... ဒေါ်ဝတ်ရည်၊ ရုံးတက်မှာမဟုတ်လား၊ နောက်
နေ့တွေကျရင် ဒေါ်ဝတ်ရည်ကို လိုအပ်တဲ့ treatment
တွေ စပေးတော့မယ် ...

ဒီတစ်ပတ်စနေမှာ လုပ်ငန်းစ,မယ်"

"ဘာစမှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရဲ့ မသိနားမလည်သလိုမေးသော အမေ
ကို နှင်းဆီက ပြောင်စပ်စပ်ဖြင့် မျက်စိတစ်ဖက် မှိတ်ပြလေသည်
ပြီးတော့ "နောက်ကျတော့ သိရမှာပေါ့"ဟူသော အပြောဖြ
ခါးလေးလှုပ်ကာ ထွက်ခွာသွားသည်။ ဝတ်ရည်သည်လည်း အရ
တစ်ပတ်ကလောက် မဆိုးတော့သော ဝေဒနာဖြင့် ရုံးသို့ထွက်လာ
ခဲ့ရသည်။ စိတ်နှလုံးတွေက နွမ်းချိမနေပေမယ့်လည်း တောင်ကြ
က လာခါစကလို လန်းဆန်းတက်ကြွပြီးတော့ မနေပါ။ အဲဒီတုန်
ကတော့ မျှော်လင့်ချက်တွေအပြည့်ဖြင့် အရာရာဟာ ခမ်းနာ
တောက်ပခဲ့ရဖူးသည်။ ကဲ ... တော်ပါလေ၊ ဒါတွေ တွေးနေလ
ဘာမှအကျိုးမရှိ။

ဝတ်ရည်သည် နွမ်းနွေ နွမ်းနွေဖြင့် ရုံးသို့ရောက်
လာခဲ့သည်။ ရုံးချုပ်ရှိရာ Tower ကြီး၏ ဆယ်ထပ်မြောက်သို
ဓာတ်လှေကားနှင့် တက်ဖို့ရာအတွက် ဓာတ်လှေကားမအားသဖြ
ဓာတ်လှေကားရှေ့မှာ ခဏရပ်စောင့်နေရသေးသည်။ ဝတ်ရည်သ
ဓာတ်လှေကားတံခါးပေါ်မှ ကိုယ့်ရုပ်သွင် ဝါးတားတားကို တ
ချက်ကြည့်ကာ အဆင်ပြေသောပုံစံ ဖြစ်ရဲ့လားဟု တွေးနေမိသည်

ကြက်ဥနှစ်ရောင် ကုတ်လက်တိုကို ခဲရောင်ခြေသလ
တစ်ဝက်စကတ်ဖြင့် တွဲဖက်ဝတ်ဆင်ထားလျက် ဆံပင်တွေကိုတော
နောက်မှာ ဆံထုံးခပ်ပုံ့ပုံ့ ထုံးလာမိသည်။ ဝတ်ရည်က အဲဒီလ
ကပိုကရို ဆံထုံး,ထုံးတာလေးတွေကို ဝါသနာပါသည်။ ပြီးလျှ
ချစ်စဖွယ်ဆံထိုးလေးများကို ဆံထုံးမှာထိုးစိုက်တတ်သည်။ ဝတ်ရ
သည် အရိပ်ထင်နေသော ကိုယ့်ပုံကိုယ် မဆိုးပါဘူးဟု ကြည့်နေ
တုန်းမှာပဲ ဓာတ်လှေကားတံခါးက ဖျတ်ခနဲ ပွင့်လာသည်။ အဲ



နောက် လူတစ်ယောက်က ကမူးရှူးထိုး ထွက်လာကာ ဝတ်ရည်ရဲ့
ားမှအဖြတ် သူ့နာရီကို သူက တစ်ချက်ကြည့်သည်။

ဝတ်ရည်ကလည်း ဓာတ်လှေကားထဲသို့အဝင် သူက
သည်း ကပျာကယာနဲ့ အပြင်ကိုအထွက် ရှည်လှသော သူ့အရပ်
ကြောင့် သူ့တံတောင်ဆစ်က ဝတ်ရည်ရဲ့ခေါင်းကို လာတိုက်မိ
သွားသည်။

"အာ ... ဆောရီး"

သူက ဝတ်ရည်ကို သေချာမကြည့်ဘဲ တောင်းပန်
သည်။ ဝတ်ရည်သည် ကိုယ့်ခေါင်းကို လာတိုက်သွားသောသူကို
ျက်စောင်းတစ်ချက် ထိုးပြီးမှ ဓာတ်လှေကားထဲ ဝင်ခဲ့သည်။
ဓာတ်လှေကားတံခါးက ပိတ်ခါနီးမှာ သူက ဝတ်ရည်ကို လှမ်း
ခေါ်လျက် ...

"ဟော့ ... ဒီ ... ဒီမှာ၊ ခင်ဗျားရဲ့ဆံထိုး၊ ဆံထိုးကျခဲ့တယ်"

သူ့လက်ထဲတွင် ဝတ်ရည်ရဲ့ဆံထိုးလေးကို ကိုင်
ားသည်။ ဝတ်ရည်သည် ဒီတော့မှ ကိုယ့်ခေါင်းကို တစ်ချက်ကိုင်
ကြည့်မိကာ ဆံထိုးမရှိတော့ဘူး ဆိုတာကို သိသွားရသည်။
သူက လှမ်းပြန်ပေးဖို့ ကြိုးစားသော်လည်း မမီတော့ချေ။ ဓာတ်
လှေကားတံခါးက ပိတ်သွားပြီ ဖြစ်လေရာ ဝတ်ရည်သည် နှုတ်
ခမ်းကိုကိုက်လျက် ခြေဆောင့်ကာ မချင့်မရဲ ဖြစ်ရင်း ဓာတ်လှေ
ကားနှင့် ပါသွားရတော့သည်။

ဆံထိုးလေးကို နှမြောပေမယ့် အောက်ထပ်သို့လည်း
ပြန်မဆင်းချင်တော့သဖြင့် ဝတ်ရည်သည် စိတ်ပျက်လက်ပျက်
ဖြင့် ခေါင်းကိုခါယမ်းမိကာ ဆယ်ထပ်သို့ ရောက်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်း ... ဒီနေ့ပဲ ရုံးစတက်တယ် စတက်တက်ချင်းကို အလွဲနဲ့ တွေ့တော့တာပဲ ဖြစ်သည်။

ဝတ်ရည်ရဲ့လူကြီးနဲ့ တွေ့တဲ့အခါမှာတော့ ပြဿနာက သိပ်မရှိလှပါ။ ဝတ်ရည်သည် နွမ်းနယ်နေသောစိတ်တွေကို အလုပ်ထဲမှာပဲ အာရုံဖွတ်နှစ်ထားလိုက်ကာ ကြိုးစားမေ့ဖျောက်ထားလိုက်သည်။ ကိုယ့်အတွက်ကြောင့်နှင့် မိဘတွေကိုပါ မထိခိုက်စေချင်သဖြင့် ဝတ်ရည်က အလုပ်ကို ကြိုးစားပမ်းစားနှင့် ဂရုတစိုက် သင်ယူသဖြင့် အန်ကယ်ကလည်း သဘောကျသည်။ ဒီလိုဖြင့် တစ်နေ့က ဘယ်လိုကုန်သွားမှန်းတောင် မသိခဲ့ပါ။ အန်ကယ်က ဝတ်ရည်ရဲ့ ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်လျက် ...

"ဝတ်ရည်က ကြိုးစားချင်တဲ့စိတ် ရှိပါတယ်၊ ဆက်ကြိုးစား သမီး၊ အန်ကယ်က ရိုးသားကြိုးစားတဲ့ လူငယ်တွေဆို သဘောကျတယ် ...

လိုအပ်တဲ့ အကူအညီရှိရင်လည်းပြော၊ သမီးရဲ့ဖေဖေနဲ့ အန်ကယ်နဲ့က တူတူလည်ပင်းဖက် ပေါင်းလာကြတာ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဝတ်ရည် ကြိုးစားပါ့မယ်ရှင်"

"အေး ... မနက်ဖြန်ကျရင် ကိုးနာရီမှာ သမီးကို ဖယ်ရီလာကြိုပေးလိမ့်မယ် သိလား"

"ဟုတ် အန်ကယ်၊ ဟုတ်ကဲ့ပါ"

"အိုကေ ... အိုကေ၊ အောက်မှာ သမီးအတွက် ကားစောင့်နေတယ်၊ သမီး အဆောင်လိပ်စာ သိရအောင်လို့၊ သမီးကို အဲဒါ နေ့တိုင်း အကြိုအပို့ လုပ်မယ့်ကားပဲ၊ မှတ်ထား"



"ဟုတ်ကဲ့ အန်ကယ်၊ ခွင့်ပြုပါဦးရှင်"

"အေး ... အေး၊ ဘိုင့်ဘိုင် ဝတ်ရည်၊ ဟုတ်ပြီ"

ဝတ်ရည်သည် အန်ကယ့်ကို နှုတ်ဆက်ပြီးနောက် ပုံမှန်ခြေလှမ်းများဖြင့် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ ဓာတ်လှေကားထဲသို့ရောက်လျှင် နံနက်ခင်းတုန်းက ဆံထိုးပြုတ်ကျခဲ့တာကို သွားသတိရမိသည်။ နမော်နမဲ့နိုင်သော ဟိုလူကိုလည်း စိတ်တိုမိလေသည်။ လူကိုတော့ သေချာမကြည့်မိသဖြင့် ဝတ်ရည် မမှတ်မိတော့ပါ။ ဝတ်ရည်ရဲ့ဆံထိုးလေးကိုသာ သွား၍သတိရမိသည်။ ဒီနေ့ တစ်နေကုန် ဆံထိုးမရှိသောအခါ စိတ်ထဲမှာ 'တစ်ခုခု လိုနေသလိုလည်း ခံစားရသေးသည်။

ဝတ်ရည်ဖြင့် ဆံထုံး,ထုံးကာ ဆံထိုးလေးစိုက်ထားပြီဆိုလျှင် လှုပ်ရှားလိုက်တိုင်း ဆံထိုးလေးက လှုပ်ယမ်းသွားတတ်ဘာကို သူများတွေက သဘောကျကြသည်။ အဲဒီဆံထိုးလေး လှုပ်ရှားသွားလျှင် သူ့အသည်းနှလုံးကို လာပြီးလှုပ်ယမ်းနေသလိုပဲဟု တစ်စုံတစ်ယောက်က ပြောခဲ့သော စကားသံတွေကို ကြားယောင်လို့လာလျှင် ဝတ်ရည်ရဲ့ နှလုံးသားတစ်ခုလုံး မှုန်မှိုင်းလို့သွားပြန်သည်။ ဟင်း ... ခေါင်းထဲကကို ထုတ်လို့မရသေးတာပါလား။

ဝတ်ရည်သည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ဘစ်ချက်ယမ်းမိကာ လှေကားထစ်တစ်ထစ်ကို ဆင်းချလိုက်သည်။ သို့သော် မိုးဖွဲဖွဲလေးတွေကျကာ ချော်နေဟန်ရှိသော လှေကားထစ်များသည် ဝတ်ရည်ကို ဒီအတိုင်း ကြည့်နေချင်ဟန် မတူပါ။ ဝတ်ရည် စီးလာသော နှစ်လက်မခွဲဒေါက်နှင့် ရှူးဖိနပ်ကျောက်ပြား

www.burmeseclassic.com



များမှာ ဒွာန်ကရိုဏ်းမကျဘဲ ဖြစ်သွားသည်။ ရုတ်တရက် ချော်ကျသွားသော ဝတ်ရည်ရဲ့စိတ်တွင် သွားပြီဟု မှတ်ယူလိုက်စဉ် ယေ် ထင်သလို ဖြစ်မလာဘဲ လက်မောင်းတစ်ဖက်ကို ဆွဲဖမ်းထားခြင်းအား ခံလိုက်ရသည်။

ဒါတောင် လှေကားတစ်ထစ်ကနေ၍ အောက်တစ်ထစ်ကို ပြုတ်ကျကာ ခြေခေါက်သွားသေးလေသည်။ အဲဒီအချိန်ထိ ဝတ်ရည်ကို ဆွဲဖမ်းထားသော လက်များမှာ မဖြုတ်ရသေးချေ။ ဝတ်ရည်သည် ကိုယ့်ကို ဆွဲဖမ်းထားသော လက်ပိုင်ရှင်ကို လှည့်ကြည့်လိုက်လျှင် နူးညံ့သော မျက်ဝန်းများဖြင့် ကြည့်နေသော လူတစ်ယောက်ကို မြင်မိသည်။ သူ့မျက်ဝန်းမှာ နူးညံ့လွန်းအားကြီးသဖြင့် သူ့အကူအညီဟာ ရိုးသားပါသည် ဆိုတာကို ပြောမပြရဘဲ သိသာစေသောပုံစံပဲ ဖြစ်သည်။

"ဆောရီး ... ကျွန်တော်မှ မဖမ်းရင် ခင်ဗျား ဒီထက်ပိုဆိုးသွားမှာစိုးလို့ပါ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့"

သူက ထိန်းရင်းမှ ဝတ်ရည်ရဲ့လက်မောင်းကို အသာလွှတ်ပေးလိုက်သည်။ ဝတ်ရည်သည် အနည်းငယ်နာသွားသော ခြေကျင်းဝတ်ကို ဒူးထောက်ထိုင်ချလိုက်ရင်းမှ စမ်းကြည့်မိသည်။

သူကပါ ထွက်ခွာမသွားသေးပဲ ဝတ်ရည်ကို ငုံ့ကြည့်ကာ ...

"သိပ်နာသွားလား၊ ကျွန်တော် ဘာကူညီပေးရမလဲ"

ဝတ်ရည်သည် သူ့ကိုထပ်ပြီး မော့ကြည့်မိပြန်သည်။ သူ့ပုံစံက မိန်းကလေးမြင်တိုင်း အရောဝင်ကာ ဇာတ်လမ်းလုပ်



ချင်သည့်ပုံစံမျိုး မဟုတ်တာတော့ သိသာပါသည်။ အသားရောင်ဘီရှပ်အကျပ်ကို ဂျင်း(န်)ပန်အပြာဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံသည် ခေတ်မီသော သိမ်မွေ့အေးချမ်းသည့် ယောကျ်ားတစ်ယောက်ပုံစံမျိုး ရှိသည်။ အသားအရေက တောင်ကြီးသူဖြစ်သော ဝတ်ရည်တို့ထက်တောင် နည်းနည်းသာချင်သေးသည်။

ဝတ်ရည်သည် သူ့အလှမှာ ခေတ္တငေးစိုက်သွားရသဖြင့် သူက ထပ်ပြီးမေးသည်။

"မထနိုင်တော့ဘူးလားဟင်"

"ဩော် ... ထနိုင်ပါတယ်၊ ရပါတယ်၊ ဘာမှမဖြစ်ပါဘူး"

ပြောရင်းနဲ့မှ သူ ယုံအောင် ဝတ်ရည်က ထရပ်ပြလိုက်ရသည်။ သူက ဝတ်ရည်ရဲ့ပုံစံကို သဘောကျသလိုဖြင့် ပြုံးကြည့်လေသည်။ အနီးကပ်ကြည့်တော့မှ သူဟာ တော်တော်ချောသော ယောကျ်ားတစ်ယောက်ဆိုတာပါ သတိပြုမိသည်။ ပြုံးလိုက်လျှင် သူ့ပါးပြင်လေးတွေက မို့တက်သွားသဖြင့် အပြစ်ကင်းသားသော မျက်နှာပိုင်ရှင်မျိုး ဖြစ်သွားစေသည်။

"သတိထား၊ မိုးဖွဲခတွေ ပက်ထားတဲ့ ဒီကျောက်ပြားတွေက အရမ်းချော်တယ်။ သွားနေကျလူတွေကတော့ သိတယ်။ တစ်ခါတလေ လာတဲ့သူတွေက မသိကြဘူး"

"ဟုတ် ... ကျေးဇူးပါပဲ"

သူက ပြုံးကာ ခေါင်းညိတ်ပြသည်။ သူက ထွက်သည်း ထွက်မသွားသေးချေ။ ဘာကိုစောင့်နေမှန်းလဲမသိ။ သူ့မှာ ဝတ်ရည်ထံတွင် သူ့ပစ္စည်းတစ်ခုခု ကျန်နေသလို၊ ယူစရာသေးသလို၊ ပြောစရာရှိသေးသလို ပုံစံမျိုးဖြစ်သည်။ နှုတ်ဦးသား

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ သံလိုက်ဓာတ်ဆွဲထားသို တော်တော်နှင့် ဖယ်မထွက်နိုင်ကြ။ နောက်တော့မှပဲ ဝတ်ရည်က ခေါင်းလေးညွတ်ကာ ...

"ခွင့်ပြုပါဦးရှင်"

တကယ်ဆို သူနဲ့ ကိုယ်နဲ့က သိလည်းမသိ။ ဒီလို နှုတ်ဆက်စရာလည်း ဘာအကြောင်းမှ မရှိပေမယ့် ဒီလိုကြီး လှည့်ထွက်သွားဖို့ရာကျတော့လည်း ဝတ်ရည်က အားနာလေသည်။ သူက နီရဲစိုစွတ်နေသော နှုတ်ခမ်းများဖြင့် နှုးညံ့စွာ ပြုံးပြကာ ...

"အိုကေ ... ကောင်းကောင်းသွားနော်"

ကြည့်စမ်း ... နူးညံ့လိုက်တာ။ ဝတ်ရည်သည် သူ့စကားကို ရယ်ချင်သလို ဖြစ်သွားပြီးမှ မရယ်ဖြစ်တော့ပဲ အသာပြုံးပြရင်း ထွက်လာခဲ့သည်။ နောက်သို့ လှည့်မကြည့်ဖြစ်ပေမယ့် သူဟာ ထွက်မသွားသေးဘဲ ဝတ်ရည်ကို ရပ်ကြည့်နေဆဲ ဆိုတာကို ဝတ်ရည် သိလေသည်။ ဝတ်ရည်သည် ရုံးကလိုက်ပို့မည့် တောင်းအော့ချ်၏ နောက်ခန်းထဲတွင် ဝင်ထိုင်လိုက်သည်။ ဝတ်ရည်ကို လှမ်းကြည့်နေဆဲဖြစ်သည့် သူ့ကို တွေ့လိုက်ရသည်။ ဝတ်ရည် လှမ်းကြည့်တာကိုမြင်လျှင် သူက အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းတစ်ချက် ညွတ်ပြသည်။

ဝတ်ရည်သည် အသာပြုံးမိသွားသလို ကားကလည်း မောင်းထွက်သွားပြီဖြစ်သည်။ ကားရဲ့အရှိန်ကြောင့် မိုးရနံ့ခပ်သဲ့သဲ့ ပါသော လေပြည်အေးများက ကားထဲသို့ ပြေးဝင်လာသည်။ သဘာဝလေနုအေးများသည် ဝတ်ရည်ရဲ့စိတ်ကို တစ်မှုဟုတ်ချင်း လန်းဆန်းအေးမြသွားစေခဲ့သည်။ ဝတ်ရည်သည် ကားဒရိုင်ဘာထံ



အဆောင်လိပ်စာ ပြောပြပြီးသည့်နောက်တွင် ရန်ကုန်မြို့လယ်ကောင်၏ ရှုခင်းများကို အသာငေးမောလာခဲ့သည်။

ညနေခင်း ရုံးဆင်းချိန် ဖြစ်သဖြင့် ပြည့်ကျပ်နေသော ဘတ်စ်ကားများ၊ လမ်းပေါ်မှာ အပြည့်သွားလာနေကြသော သူရောင်စုံများ၊ ခိုများ စသဖြင့် ဗျားပန်းခတ် သွားလာလှုပ်ရှားနေကြသော လူတွေကို ကြည့်ရင်းမှ အေးချမ်းသာယာသော ဝတ်ရည်တို့ မြို့လေးကို ပြန်လွမ်းလာလေသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း တရားကျသေးသည်။ မရှက်တမ်း ဝန်ခံရလျှင် ဝတ်ရည် ရန်ကုန်သို့ ရောက်လာခဲ့ခြင်းမှာ မောင်နဲ့မခွဲနိုင်သောကြောင့်၊ မောင်နှင့် နီးနီးရှိသည့်နေရာမှာ အလုပ်လာလုပ်ခြင်းဖြစ်သည်။

မြို့ကြီးပြကြီးမှာ အမြင်ကျယ်ချင်တာရယ် မောင်နဲ့တွေ့ချင်တာရယ် ရောစပ်ပြီး အချစ်နဲ့ဘဝကို အချိုးတညီတည်ဆောက်လိုခဲ့သော ဝတ်ရည်သည် အခုတော့ ဘဝထဲမှာ ရင်ဆိုင်ဖို့ဝင်နေရပြီဖြစ်သည်။

အင်းလေ ... ဘာထူးလဲ။ အသည်းကွဲတယ်ဆိုတာသည်း ယူတတ်ရင် သင်ခန်းစာချည်းပဲ မဟုတ်လား။ ဆက်စပ်တော်ရင် ဘဝအတွက် အသုံးချလို့ ရသေးသည်။ ဝတ်ရည်ရဲ့ရှေ့ချင်း ပိုင်အိုးနီးယားနှင်းဆီ တစ်ယောက်လုံး ရှိသေးသဖြင့် ဝတ်ရည်မှာ နည်းနည်းခံသာနေခြင်းဖြစ်သည်။ သူသာမရှိခဲ့ရင် ဝတ်ရည် ဒီလောက်တောင် နေနိုင်မှာ မဟုတ်ချေ။ ဝတ်ရည် အသည်းကွဲရသောကိစ္စနှင့် ပတ်သက်ပြီး နှင်းဆီနှင့် ဝတ်ရည်မှာ ဒီနီးကပ်သွားကြသည်ဟု ပြောနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်သို့ ပြန်ရောက်လျှင် ဝတ်ရည်ထက်စော စွာ နှင်းဆီက ပြန်ရောက်လို့နေတာကို တွေ့ရသည်။ ရေမိုးချိုး ပြီး လန်းဆန်းလတ်ဆတ်နေသော နှင်းဆီသည် ဝတ်ရည်ကို "ဟိုင်း"ဟု ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"ဘယ်လိုလဲ၊ ပထမဆုံး ရုံးစတက်ရတဲ့ အတွေ့အကြုံက အဆင်ပြေရဲ့လား"

ဝတ်ရည်က ဆံထုံးကို ဖြေလျှော့နေရင်းမှ ဆံထိုး ကို တိုက်ချသွားသည့် လူတစ်ယောက်ကို ဖျတ်ခနဲ သတိရသွား သည်။ ပြီးတော့ တစ်လက်စတည်းဆိုသလို ညနေရုံးအဆင်းအပြန် မှာ ချော်လဲပြီး ဖရိုဖရဲ ကျမသွားအောင် ထိန်းပေးလိုက်သည့် ခပ်ချောချော လူတစ်ယောက်ကိုပါ ထပ်ပြီး သတိရသွားပြန် သည်။ ဒီနေ့ ဝတ်ရည် ယောကျ်ားနှစ်ယောက်နဲ့ တွေ့ကြုံခဲ့ရတာ ပါလား။

"အင်း ... ရုံးမှာကတော့ အဆင်ပြေပါတယ်"

"ရုံးမှာက အဆင်ပြေပါတယ်ဆိုတော့ ဘယ်မှာက အဆင် မပြေလို့လဲ၊ ဟိုတစ်ယောက်နဲ့ တွေ့ခဲ့သေးလို့လား"

"မတွေ့ပါဘူး နှင်းဆီရယ်၊ တွေ့စရာလား"

"ဒါဖြင့်ရင် မထူးခြားတဲ့ ရုံးတက်ရက်ကြီးပေါ့"

"အင်း"

ဝတ်ရည်သည် အင်း ... ဆွဲရင်းမှ ဆံထိုးကို တိုက် ချသွားသောလူနှင့် လက်မောင်းကို ဖမ်းပေးထားသော လူတစ် ယောက်ကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။ ဆံထိုးကိုတိုက် ချသောလူကတော့ အရပ်ရှည်တာကိုပဲ မှတ်မိသည်။ ချော်မလဲ



အောင် ဖမ်းပေးထားသော လူကတော့ စကားတွေလည်း ပြောခဲ့ သလို၊ သံယောဇဉ်မကုန်တဲ့ စကားတွေ၊ အကြည့်တွေကြောင့် မှတ်မိခြင်း ဖြစ်လေသည်။

"မနက်ခင်း ရုံးစတက်ဖို့ ဓာတ်လှေကားထဲ ဝင်ခါနီးမှာ လူတစ်ယောက်ပေါ့။ ဝတ်ရည်ရဲ့ ဆံထိုးကို သူ့လက်နဲ့ တိုက်ချသွားတယ်။ ဆံထိုးကတော့ သူ့ဆီပါသွားလား မပြောတတ်ပါဘူး၊ သူက လှမ်းပေးပေမယ့် မမီတော့ဘူး၊ အဲဒါက မနက်ပိုင်းမှာ တွေ့ရတဲ့ တစ်ယောက် ...

ညနေပိုင်း ရုံးဆင်းချိန်မှာကျတော့ မိုးရွာလို့ ကျောက် ပြားတွေက ချော်နေတာနဲ့ မှောက်ထိုးလဲကျတော့မလို ဖြစ်သွားတော့ လူတစ်ယောက်က ဖမ်းထားပေးလို့ တော် သေးတာပေါ့၊ မဟုတ်ရင် ဝတ်ရည်တော့ ဦးဆက်ကွဲပြီး သားပဲ"

"အင်း ... ဆက်ပါဦး၊ အဲဒီလို ဆွဲဖမ်းပေးထားတော့ ဓာတ်လမ်းလေးပေါ့"

"မဓာတ်လမ်းပါဘူး။ ဝတ်ရည်ကလည်း ကိုယ့်ကားပေါ် ကိုယ်တက်လာတာပါနော်။ ဒါပေမဲ့ အဲဒီတစ်ယောက်က တကယ်ချောတယ်"

ဝတ်ရည်ရဲ့အပြောကို နှင်းဆီက တဟားဟားနှင့် ရယ်လေသည်။ သူရယ်ပုံကိုကြည့်ကာ ဝတ်ရည်ထံသို့ အဲဒီ ရယ်သံတွေပင် ကူးစက်လာသလို ခံစားရသဖြင့် ဝတ်ရည်က အသာလေး ပြုံးမိသွားသည်။ ပြီးတော့ နှင်းဆီကိုလည်း စကား ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာရယ်တာလဲ နှင်းဆီ"

"ဩော် ... ရှင့်စကားကို သဘောကျလို့ပါ။ တကယ်
တယ်ဆိုလို့ ဒီလောက်ဆို မဆိုးပါဘူး။ ရှေ့တစ်
week end မှာ ရှင် ဒီထက် ပျော်စရာကောင်းသွားမှာ

အသည်းကွဲတယ်ဆိုတာ တကယ်တော့ ဝမ်းန
စရာ မဟုတ်ပါဘူး ဝတ်ရည်ရဲ့"

ဝတ်ရည်က ပြောပြန်ပြီဟူသော ပုံစံဖြင့် မျက်
စွယ်ကြည့်လိုက်လျှင် နှင်းဆီက မျက်ခုံးတစ်ချက်ပင့်ပြကာ

"ဟုတ်တယ်၊ တကယ်ပြောနေတာ။ အနုပညာသမား
ဆိုရင် အသည်းကွဲရင် အရမ်းပျော်ကြတာ။ ဝမ်းနည်း
လည်း ရှိရင်ရှိမှာပေါ့။ ဒါပေမဲ့ သူတို့အတွက်က
ကုန်ကြမ်းတွေ ကောင်းကောင်းရသွားကြလို့ ကျေနပ်ကြ
များတယ် ...

တကယ်တမ်းကျတော့ ရည်းစားနဲ့ ကွဲတဲ့လူ
အသည်းကွဲတဲ့ လူတွေက မသိကြလို့ပါ။ အချစ်ဆို
တစ်ခါတည်းနဲ့ သေဆုံးသွားတာမှ မဟုတ်တာ။ အ
ဆိုတာ အမြဲတမ်း အသစ် အသစ်တွေ မွေးဖွားနေ
လေ ဝတ်ရည်။ ကိုယ့်ကို စိတ်ချမ်းသာမှုပေးတဲ့ အ
တွေ့အောင် ရှာရမှာ ကိုယ့်အလုပ်ပဲ"

"ဟင် ... အဲဒီလိုရှာလို့ ရလို့လား"

ဝတ်ရည့်ရဲ့အပြောကို နှင်းဆီက မင်း ငယ်ပ
တယ်ဟူသော အပြုံးမျိုးဖြင့် ခေါင်းတစ်ချက် ဆတ်ပြကာ



"ရ,မရ တစ်နေ့ကျ မင်း ကြုံလာမှာပါ ဝတ်ရည်။ မင်းရဲ့ room mate က နှင်းဆီသူပါ။ အဲဒါဆို မင်း ယုံထားလိုက်တော့"

ဘာကို ယုံထားရမလဲ ဆိုတာတော့ ဝတ်ရည် မသိချေ။ ပြန်လည်းမမေးချင်တော့သဖြင့် ဝတ်ရည်သည် ပခုံးတစ်ဖက်တွန့်ပြကာ ရေချိုးဖို့ ပြင်ဆင်လိုက်သည်။ တစ်ချိန်ချိန်မှာတော့ အရာရာဟာ အသားကျပြီး အဆင်ပြေသွားလိမ့်မည်ဟု မျှော်လင့်ပါသည်။

❤ ❧ ❤

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဝတ်ရည်ရဲ့ မသိရင် မှတ်ထား။
အသည်းဆိုတာ ပထမဆုံးတစ်ခါ ကွဲတုန်း
မှာပဲ နာတာ။
နောက်တစ်ခါ ထပ်ကွဲရင် အသည်းက ထုံသွား
ပြီ မနာတော့ဘူး။

နှင်းဆီသူ



## ၅

တစ်ခါသေဖူး ပျဉ်ဖိုးကို နားလည်သွားသာ ဝတ်ရည်
ည် နောက်ရက်တွေ ရုံးတက်သည့်အခါမှာတော့ ဆံထုံးမြင့်မြင့်
တွေထုံးကာ ဆံထိုး,ထိုးစိုက်သော်လည်း ကိုယ့်ဆံထိုးကိုယ်
ွယ်ရကောင်းမှန်း သိလာလေသည်။ အင်္ဂါနေ့ကနေ သောကြာ
က်အထိ ဝတ်ရည်ရဲ့ ရုံးတက်ရုံးဆင်းရက်များဟာ ပုံမှန်
သော်လည်း သောကြာနေ့ ရုံးဆင်းချိန်မှာတော့ ဝတ်ရည်က
းတွေထက် နောက်ကျသည်။ အလုပ်ကြွေးတချို့ကို အဆောင်
 သယ်မသွားချင်သဖြင့် တစ်ခါတည်း အပြီးဖြတ်ခဲ့လေရာ
ုံးပြီးစီးသွားလျှင် ခြောက်နာရီတောင် ထိုးတော့မည်ဖြစ်သည်။

ဝတ်ရည်သည် ရုံးဆင်းခါနီး မိန်းကလေးတို့ ထုံးစံ
င်း သန့်စင်ခန်းသို့ဝင်ကာ ကိုယ့်အလှပကိုယ် စစ်ဆေးလိုက်
သည်။ မှန်ထဲမှ ဝတ်ရည်သည် တစ်နေကုန် အလုပ် လုပ်
သော်လည်း နွမ်းနယ်ဟန်မရှိဘဲ လန်းဆန်းစွာ ရှိနေသေးသည်။
ည်သည် မှန်ထဲမှ ကိုယ့်ကိုယ်ကိုယ် တစ်ချက်စိုက်ကြည့်ကာ
သားပဲ”ဟု ရေရွတ်မိသည်။ Fancy ဆံထုံး ခပ်ပုံ့ပုံ့လေးထုံး

www.burmeseclassic.com

www.burmeseclassic.com



ဘာကော ဘောဘီပင့်ခ်ရုပ်အင်္ကျီကို Sknny ဘောင်းဘီရှည်အနက်
ဖြင့် တွဲဖက်ဝင်ဆင်ထားသော ဝတ်ရည်ကို တစ်ရုံးလုံးက လု
သည်ဟု သတ်မှတ်ပေးထားကြသည်။ ဒါနဲ့များ သူဟာ ဝတ်ရည်
ကို ဘာကြောက် ရက်ရက်စက်စက် စွန့်ပစ်သွားရတာပါလိမ့်။

အင်း ... တွေးမိပြန်ပြီ။ မတွေးပါဘူးဆိုမှ ဝတ်ရည်
က ခေါင်းကို တစ်ချက်ခါယမ်းလျက် မျက်နှာကို puff ရိုက်က
နှုတ်ခမ်းနီ ထပ်ဖြည့်လိုက်သည်။ ပြီးလျှင် လွတ်လပ်ပေါ့ပါးသော
ခြေလှမ်းများဖြင့် ဓာတ်လှေကားရှိရာသို့ လျှောက်လာခဲ့ပြီးလျှ
အောက်မှာရောက်နေသော lift ကို ခလုပ်နှိပ်ကာ လှမ်းခေါ်လိုက်
သည်။ အဲဒီအချိန်မှာပဲ ဝတ်ရည်ရဲ့နောက်သို့ လူတစ်ယောက်
လာရပ်သည်ကို အာရုံထဲမှာ ခံစားရပါသည်။ သူ့ကိုကြည့်ရ
လျှင် lift ရဲ့တံခါးကို ကြည့်ခြင်းအားဖြင့် မြင်နိုင်သော်လည်း
ဝတ်ရည်က မကြည့်မိချေ။ မျက်လွှာကိုသာ အသာချထားမိသည်

အဲဒီအခိုက်မှာ ဓာတ်လှေကားတံခါးက ပွင့်လာသဖြ
ဝတ်ရည်က lift ထဲသို့ လှမ်းဝင်လိုက်သည်။ နောက်ကလူကလည်း
အထဲသို့ လိုက်ဝင်ပြီးလာသည်။ ဝတ်ရည်သည် ယောကျ်ား
မိန်းမ နှစ်ယောက်တည်းဟူသော အသိဖြင့် အဲဒီလူကို တမင်
ကြည့်မိအောင်နေကာ G ခလုတ်ကို လှမ်းနှိပ်လိုက်သည်။ သူ
လည်း ဘာမှမပြောပုံထောက် သူသည်လည်း အောက်ဆုံးထပ်
ဆင်းမည့်သူ ထင်သည်။ ဝတ်ရည်သည် နာရီကို တစ်ချက်ငုံ့ကြ
မိသည်။ ဖယ်ရီကိုတော့ တမင်မစောင့်ခိုင်းထား၍ ရှိမှာမဟု
တော့။ ရုံးပိတ်ရက်ကလေးမှာ စာအုပ်လေး ဘာလေး ဖတ်
Today စာအုပ်ဆိုင်မှာ စာအုပ်ဝင်ဝယ်ဦးမှပါ။ ပြီးတော့မှပဲ



"ဒီမှာ တစ်ဆိတ်လောက် ..."

ကိုယ့်အတွေးနဲ့ကိုယ် အစီအစဉ်ဆွဲနေသော ဝတ်ရည်
နောက်မှခေါ်လိုက်သော အသံကြောင့် ဆတ်ခနဲ ဖြစ်သွားရ
lift ထဲမှာက အဲဒီလူနဲ့ ဝတ်ရည် နှစ်ယောက်တည်းမို့ သူ
ဘာသည် ဝတ်ရည်မှလွဲ၍ တခြားသူ မဖြစ်နိုင်။ ဝတ်ရည်
ခေါင်းကို အသာငဲ့၍ ကြည့်လိုက်လျှင် ဝတ်ရည်ထက်
တစ်လုံးပိုမြင့်သော ယောကျ်ားတစ်ယောက်က ဝတ်ရည်ကို
းရိပ်ဖြင့် ကြည့်နေတာကို တွေ့ရသည်။

"ကျွန်မကို ခေါ်တာလား"

သူက ခေါင်းကို တစ်ချက်ဆတ်ရင်းမှ ...

"အင်း ... ဟုတ်တယ်။ မင်းနဲ့ ကိုယ်နဲ့ ဆုံဖူးကြသလား
လို့"

သူ့အပြောကြောင့် ဝတ်ရည်မှာ မျက်လုံးပြူးပြမိ
မလို ဖြစ်သွားသည်။ သူနဲ့ဝတ်ရည်ဟာ ဘယ်တုန်းကမှ
ကြုံဖူးတာ သေချာသည်။ ဘုရား ... ဘုရား ... ဒီလူ ဘာ
ယ်ချက်ဖြင့် ဝတ်ရည်ကို လာရောရတာပါလိမ့်။

သူက ဝတ်ရည်ရဲ့နံဘေးသို့ ခြေနှစ်လှမ်းခန့် တိုး
လာကာ ...

"ကိုယ့်ကို မှတ်မိတယ် မဟုတ်လား"

ဟင်း ... ဘလိုင်းကြီး။ အလွတ်ကြီးပဲ။ ဝတ်ရည်
နွတ်ကြီးလာရောနေသည့်လူကို မာန်နည်းနည်းထည့်ကာ
ပစ်လိုက်သည်။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုပေမယ့် သူ့ပုံစံ
ဝတ်ရည် စိတ်မချရလောက်အောင်အထိ အခြေအနေထိမျိုး

www.burmeseclassic.com

www.burmeseclassic.com



မှ လူပုံစံမျိုး မပေါက်ပါ။ သားသားနားနားနှင့် သပ်သပ်ရပ်ရ[ပ်]
ဖြစ်သည်။ သို့သော် သားနားသပ်ရပ်တိုင်း စိတ်ချရတာမှတ်လို့

ဝတ်ရည်သည် ပါးစပ်က မပြောဘဲ နှုတ်ခမ်း
တင်းတင်းစေ့ကာ ခေါင်းယမ်းပြလိုက်သည်။ သူက မျက်ခုံးတ
ချက် ကျုံ့သွားရင်းမှ ...

“မင်း ... ဒီတစ်ပတ် မန်းဒေးတုန်းက ဆံထိုးတစ်ခု ပြု[တ်]
မကျကျန်ရစ်ခဲ့ဘူးလား”

ဒီတော့မှ ဝတ်ရည်ရဲ့ ဦးနှောက်ထဲတွင် လက်ခ
ဖြစ်သွားလေသည်။ ပြတ်တောက်နေသော မှတ်ဉာဏ်အပိုင်းအ
များသည် အခုမှ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိသွားကြကာ အ
ထဲတွင် ပြန်ပေါ်လာသည်။ ဟုတ်သားပဲ ဒီလူပေါ့။ သူ့အရပ်ရှ[ည်]
ကြီးနဲ့ လက်ကိုမြှောက်လိုက်လို့ ဝတ်ရည်ရဲ့ ဆံထိုးကို သူ
တံတောင်ဆစ်ကြီးနဲ့ တိုက်ချသွားတာ။ သူက တိုက်သွားပြီးတော့
မှများ ပြုတ်မကျကျန်ခဲ့ဘူးလား မေးသောသူကို ဝတ်ရည်က
တင်းသွားသည်။

“အိုး ... ကျွန်မ ပြုတ်ကျကျန်ခဲ့တာ မဟုတ်ပါဘူး။ ရှ[င်]
တိုက်တာပါ”

ဝတ်ရည်ရဲ့ ရန်တွေ့သလိုအပြောကို သူက မျက်လုံ
များ မှေးစင်းကာ တမင်ကြည့်သည်။ အဲဒီအချိန်မှာပဲ lift က
အောက်ဆုံးထပ်သို့ ရောက်သွားကာ တံခါးပွင့်သွားလျှင် သူ
ဝတ်ရည်ရဲ့အနောက်မှ လိုက်ထွက်သည်။ ပြီးလျှင် ဘေးကနေက
လျှောက်ကာ ...

“မင်းကို လှမ်းခေါ်ပေးတယ်နော်၊ မင်းကမှ မယူဘဲ”



ဝတ်ရည်သည် သူ့ကြောင့် တိုက်မိတာ သိသိကြီး
နှင့် အခုချိန်ထိ ပြေရာပြေကြောင်း တောင်းပန်စကားမဆိုဘဲ
ကိုယ့်ကိုသာ အပြစ်တင်ချင်သလိုလို ပြောနေသည့်လူကို မှုန်တေ
ဆာဖြင့် ပြန်ကြည့်မိသည်။ သူကလည်း ဝတ်ရည်ကို သေချာစိုက်
ကြည့်လို့နေသည်။ စူးရှတောက်ပသော မျက်လုံးများဖြင့် ထိုသူရဲ့
ပုံစံဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းသော၊ တစ်နည်းအားဖြင့်
ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်လွန်းသော ပုံစံဖြစ်သည်။

“ကျွန်မက ဘယ်လိုလုပ် ယူရမှာလဲ၊ lift က တံခါးပိတ်
သွားပြီလေ”

သူက ဘာပြောရမှန်းမသိပုံဖြင့် ဝတ်ရည်ကို တစ်ချက်
ကြည့်သည်။ ဝတ်ရည်သည် သူ့ထံက ကိုယ့်ဆံထိုးလေးများ ပြန်
ရလိမ့်မလားဟူသော မျှော်လင့်ချက်လေး ရှိသော်လည်း ဘာ
အကြောင်းမှ မဆက်သော ထိုသူကြောင့် ကိုယ့်လမ်းကိုယ် ဆက်
လျှောက်ဖို့ပြင်သည်။ သူကလည်း ဘေးကနေ ပါလာရင်းမှ ...

“မင်းက ဘယ်ရုံးကလဲ”

ဝတ်ရည်သည် အတည်ပေါက်နှင့် လာမေးနေသော
အဲဒီလူကို ခပ်တင်းတင်း လှည့်ကြည့်လိုက်သည်။ သူ့ပုံစံက မိန်း
ကလေးတစ်ယောက်ကို ကြောင်ချင်သောပုံစံနှင့် ဝင်ရောနေတဲ့ပုံ
မျိုးတော့ မဟုတ်ပါ။ အထက်စီး အမြင့်စီး လွှာကနေ သူသိ
ချင်သော အရာကို လှမ်းမေးသောပုံမျိုးဖြစ်သည်။ ဝတ်ရည်က
အဲဒါကို ဂရုမစိုက်ဟန်ဖြင့် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ကာ ...

“အဲဒါ ရှင်နဲ့ ဘာဆိုင်လို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရဲ့အဖြေကို ကြားသောအခါ သူက အဲဒီအဖြေမျိုးကို မျှော်လင့်မထားဟန်ဖြင့် မျက်ခုံးတပင့် ဖြစ်သွားသည်။ ဝတ်ရည်သည် အဲဒီပုံစံကို ဂရုမစိုက်ဟန်ဖြင့် ပခုံးတစ်ချက်တွန့်ကာ ခြေလှမ်းတွေကို တမင်လှပအောင် လျှောက်လျက် ထွက်လာခဲ့သည်။ ကျောက်သားလှေကားထစ်များကို နင်းဖြတ်ချိန်မှာတော့ လဲကျတော့မလို ဖြစ်ခဲ့သည့်ကိစ္စကို သတိရကာ အထူးဆင်ခြင် လျှောက်မိသည်။

(ဝတ်ရည်သည် ဒီလှေကားထစ်များကို နင်းဖြတ်လျှောက်လေတိုင်း ချော်ကျတော့မည့် ကိုယ့်ကို တစ်စုံတစ်ယောက်က ဖမ်းပေးခဲ့ဖူးတာအား အမြဲသတိရလေ့ရှိသည်။)

ဝတ်ရည်ရဲ့ ဒေါက်ဖိနပ်သံ တဂွပ်ဂွပ်နောက်သို့ ခြေသံတစ်သံက အပြေးကပ်ပါလာပြီးလျှင် ...

"ဒီမှာ ... မင်းကို ကိုယ်က သက်သက်လိုက်ကြောင်တယ်များ ထင်နေလို့လား၊ အကြောင်းရှိလို့ မေးနေတာ"

ဝတ်ရည်သည် လျှောက်နေသော ခြေလှမ်းများကို ခြေစုံရပ်ပစ်ကာ ဟိုသူ့ဘက်သို့ တည့်တည့်လှည့်ကြည့်လိုက်သည်။ သူက ဝတ်ရည်ကို စူးရှနက်မှောင်သော မျက်လုံးများဖြင့် ခပ်သည်းသည်း စိုက်ကြည့်လို့ နေလေသည်။ လူကို ရောလည်းရောချင်၊ ခပ်မြင့်မြင့်နေရာကလည်းလိုချင် စသဖြင့် ဆန္ဒနှစ်မျိုး ရောယှက်နေသော သူ့ပုံစံကို အတတ်သိစွာဖြင့် ဝတ်ရည်က မျက်ဝန်းများကို မေးစင်းကြည့်ကာ ...

"ကျွန်မကတော့ အဲဒီလို တကယ်မထင်တာပါ။ ပြီးခဲ့တာတွေက ပြီးသွားပြီ။ ဟုတ်ပြီနော်"



ပြောပြီးတာနှင့် လှည့်ထွက်ဖို့ပြင်သော ဝတ်ရည်ရဲ့နောက်တွင် သူက ပိတ်ရပ်လိုက်ကာ မျက်မှောင်တစ်ချက်ကြုတ်လျက် ...

"နေပါဦး၊ ပြီးခဲ့တာတွေ ပြီးသွားပြီ ဆိုရအောင် မင်းနဲ့ကိုယ်နဲ့က ဘာတွေဖြစ်ခဲ့ကြလို့လဲ၊ ဟား ... ဟင်း ဟင်း ဟင်း"

သူ့ရဲ့အဆုံးသတ်ထည့်လိုက်သော ဟင်း ဟင်း ဟင်း ဆိုသည့် အသံဟာ တကယ်ရယ်သောအသံ မဟုတ်ဘဲ တမင်လုပ်ထည့်ထားသော လှောင်ရယ်သံကြီးဖြစ်သည်။ ဝတ်ရည်သည် ပုံစံက သားနားအဆင့်မြင့်ပါလျက်နှင့် ဂျစ်တိုက်တိုက် လှောင်သလို ပြောင်သလို စကားတွေဆိုနေသော အဲဒီလူကို အံ့ဩသလို မျက်နှာပေးဖြင့် ကြည့်မိပြီးနောက် ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

ဝတ်ရည်သည် နောက်လှည့်မကြည့်စတမ်း ပန်းဆိုးတန်းလမ်းမကြီး၏ ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။ Today စာအုပ်ဆိုင်မှာ စာအုပ်ဝင်ဝယ်မှာမို့ ပလက်ဖောင်းအတိုင်း အေးအေးဆေးဆေး လျှောက်လာခဲ့သော ဝတ်ရည်သည် မြို့ပြ၏ လူရောင်စုံများကိုငေးကာ စိတ်ထဲမှာ လွတ်လပ်သလို ခံစားရသည်။ ဒါပေမဲ့ အဲဒီလွတ်လပ်မှုဟာ ကြာကြာမခံပါ။ Today ထဲက စာအုပ်စင်တွေမှာ စာအုပ်တွေကို လှည့်ပတ်ကြည့်ရှုရွေးချယ်နေသော ဝတ်ရည်သည် ထောင့်ချိုးတစ်ခုမှာ အခုနကလူကို ဘွားခနဲတွေ့ဆုံလျှင် လန့်ပင်လန့်သွားရသည်။

www.burmeseclassic.com



ဝတ်ရည်ကသာ လန့်သွားသော်လည်း သူကတော့ အဆောကြီးတည်းက ကြိုသိထားပုံဖြင့် ပြုံးတွေ့တွေ့သာ ရှိလေသည်။ ဝတ်ရည်သည် ဒီလူတော့ဖြင့် မရိုးတော့ဘူး၊ ကိုယ့်နောက်သို့ လိုက်လာတာ သေချာပြီဟူသော အတွေးဖြင့် အောက်နှုတ်ခမ်းကို ကိုက်ကာ သူ့ကို မကြည်ကြည့်, ကြည့်မိလျှင် သူက ဝတ်ရည်ရဲ့ ဘေးမှနေ၍ စာအုပ်တွေကိုတော့ လှန်လှောကြည့်ရှုကာ... (ဝတ်ရည်ကိုတော့ ကြည့်မနေဘဲ)

"မင်းနောက် လိုက်လာတယ်များ ထင်မနေနဲ့နော်၊ ဒီဆိုင်က ကိုယ်လာနေကျဆိုင်"

ဝတ်ရည်သည် လူကို အလွတ်ကြီးလာငြိနေသော ထိုသူကို တည့်တည့်ပင် လှည့်ကြည့်ကာ ...

"ဒီမှာ ... ရှင့်ကို ဘယ်သူက ဘာပြောနေလို့ စကားတွေ လာပြောနေရတာလဲ၊ ရှင် ကိုယ့်ဘာသာကိုယ်နေရင် ကောင်းလိမ့်မယ်"

"ကိုယ့်ဘာသာကိုယ် နေနေတာပဲလေ၊ ဒါပေမဲ့ မင်းစိတ်ထဲက အတွေးတွေကို လှမ်းမြင်နေရတော့ မနေနိုင်လို့ ပြောမိတာပါ"

ဝတ်ရည်သည် တစ်စုံတစ်ရာကို စိတ်ပျက်လျှင် လုပ်နေကြပုံစံအတိုင်း နှာခေါင်းမှ လေထွက်ရုံ ဒေါသကို ဟင်းခနဲ ဆောင့်မှုတ်ထုတ်ကာ မဲ့ပြုံးတစ်ချက်ဖြင့် ...

"အဲဒီအတိုင်း တကယ်ဟုတ်ရင်ကော ကောင်းတာပေါ့လေ"

ဝတ်ရည်သည် အဲဒီလူကို ချဉ်လာသဖြင့် သူ့အနားမှ မြန်မြန်ခွာကာ ဝေးဝေးသို့ လျှောက်လာခဲ့သည်။ သူ့ပုံစံနှင့်



အချိုးအချိတ်ကို စိတ်တိုမိသဖြင့် စာအုပ်ရွေးဖို့တောင် စိတ်မပါ ဆာ့ဘဲ ရွေးပြီးသား စာအုပ်တစ်အုပ်ကိုပဲ ယူကာ ကောင်တာမှာ ရှင်းလိုက်သည်။ ဒါကို သူကလည်း နောက်မှကပ်ပါလာလျက် ကြားတကြား လိုက်ပြောပြန်သည်။

"လူတွေက သူများတွေကို တော်တော်ဂရုစိုက်တယ်နဲ့ တူတယ်။ ဒါမှမဟုတ် ဟိုသီချင်းထဲကလို ရင်ဆိုင်စရာ စွမ်းအားမရှိတော့လို့ပါ ဆိုတာမျိုးများ ဖြစ်နေပြီလား မသိပါဘူး"

ဝတ်ရည်သည် စိတ်ပျက်လက်ပျက်ဖြင့် ကောင်တာ ာမ်းပေးသော စာအုပ်ကိုယူကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဒီလူကလည်း ဝတ်ရည်ရဲ့နောက်ကပဲ ပါလာပြန်သည်။ ဝတ်ရည် လာနေသော Taxi တစ်စီးကို လှမ်းတားတုန်းမှာပဲ သူ့ထံက ါသံတစ်ခုက ထွက်ပေါ်လို လာပြန်လေသည်။

"ဟေ့ ... မင်း ဆံထိုးလေးကို ပြန်မလိုချင်တော့ဘူးလား"

ဝတ်ရည်သည် Taxi သမားပြောသော စကားကို သဘောတူစွာဖြင့် ခေါင်းညိတ်ပြီးမှ သူ့ကို တစ်ချက်လှည့်ပြော က်သည်။

"ရှင့်မိန်းမအတွက် လက်ဆောင်ပေးတယ်လို့ပဲ သဘောထားလိုက်ပါ"

ဝတ်ရည်ရဲ့ မထင်မှတ်သော အပြောကြောင့် သူက ပြန်ပြောရမှန်းမသိ ဖြစ်သွားချိန်မှာ ဝတ်ရည်သည် ပြောင်စပ် ြင့် ပခုံးတစ်ချက် တွန့်ပြလိုက်ရတာကို အရသာတွေ့သွား

www.burmeseclassic.com

www.burmeseclassic.com



ခေါသည်။ ပြီးလျှင် ကားနောက်ခန်းတံခါးကို ဖွင့်ကာ သူ့ကို
လှည့်မကြည့်တော့ချေ။ ကားပေါ်ရောက်မှသာ ဖြစ်ပျက်ပြောင်းလဲ
သွားသော သူ့မျက်နှာကို စားမြုံ့ပြန်တွေးရင်း ရယ်ချင်နေမိ
သည်။

ကောင်းတယ် … သူ့ကိုယ်သူ ဆောင့်ကြွားကြွား
ပုံစံ ဖမ်းထားပြီး မိန်းကလေးတစ်ယောက်ကို လာရိနေတဲ့
ဒီလို ပညာပေးလွှတ်မှ မှတ်မှာ။ ယောကျ်ားတွေဆိုလျှင်
ဝတ်ရည်က သိပ်ကြည့်မရချင်တော့ပေ။ ယောကျ်ားတွေ မြင်
နဲ့ အလိုလိုကို စိတ်ကချဉ်ကာ အကောင်းမမြင်ချင်တော့။ ပျော်
ကြည်နူးနေသော သမီးရည်းစားစုံတွဲတွေကိုမြင်လျှင် အကာ
အနှစ်မရှိဟု တွေးနေတတ်သည်။ ဝတ်ရည်နှင့် ထပ်တူ
သဘောတည်းရှိသူမှာ နှင်းဆီ ဖြစ်သည်။ သူကဆိုလျှင် ဝတ်
ထက်တောင် ဝါဒပြင်းထန်သူ ဖြစ်လေသည်။ အဲဒီဝါဒပြင်း
သူကြီးသည် အဆောင်ရောက်လျှင် ဝတ်ရည်ကို ခပ်ပြုံး
ဆီးကြိုနေကာ …

"နောက်ကျလှချည်လားကွ၊ လကုန်ရင် ဘော့စ်ဆီ
ဘိုးနပ်စ်များများ ရအောင်လို့နဲ့ တူတယ်"

"မမျှော်လင့်ပါဘူးဟာ။ နှင်းဆီရေ … ရှင် ညနေစာ
စားမလဲဟင်၊ ဗိုက်ဆာပြီလား၊ ဝတ်ရည် မြို့ထဲက တစ်
ဝယ်ခဲ့မလို့ပဲ၊ စိတ်တိုတာနဲ့ ဘာမှမဝယ်ဖြစ်တော့ပဲ
ငှားပြီး တန်းပြန်လာတာ"

"ဘာတွေများ စိတ်တိုစရာ ရှိလို့လဲ၊ စိတ်မတိုတတ်နဲ့
ဝတ်ရည်"



နှင်းဆီက ကြိမ်ဆက်တီမှာ ခြေချိတ်ထိုင်ပြီး လက်သည်းကို တံစဉ်းတိုက်ရင်းမှ လှမ်းပြောသည်။ နှင်းဆီ ဆိုသော မိန်းမချောသည် ပျော်ပျော်နေသေခဲ့ အေးအေးဆေးဆေးပေါ့ဟူသော စကားတို့ကို လက်သုံးတော်ထားသူ ဖြစ်သည်။ သူ့ရည်းစားတွေမှာ ဘယ်သူဘယ်ဝါဆိုတာကို ဝတ်ရည် သေချာမသိပေ။ ရည်းစားနဲ့ ပြတ်လည်း ဘယ်နဲ့မှမနေ၊ အချစ်တွေပေါ်များကာ အမြဲလန်းဆန်း နေတတ်သော သူ့ကို ဝတ်ရည်က သဘောကျကျလာသည်။

သူ့ရဲ့လက်သုံးစကားမှာ "အသက်ရှည်ဆေးလေးဆွ"ဟူ၍ပဲ ဖြစ်ပါသည်။

"မတိုချင်လို့ မရဘူးကွာ၊ ယောကျ်ားတွေများ တစ်ယောက်တစ်မျိုးနဲ့ကို အမြင်ကတ်ချင်စရာ ကောင်းနေတော့တာပဲ"

"အမြင်ကတ်ချင်စရာ ကောင်းတယ် ! ။ အိုကေ … အဲဒီမှတ်ချက်က အသည်းကွဲပြီးကာစ ပူပူနွေးနွေး လူတွေရဲ့မှတ်ချက်ပေါ့ …

ယောကျ်ားလေးဆိုရင် မိန်းကလေးတွေက အမြင်ကတ်ဖို့ ကောင်းတယ်၊ မုန်းဖို့ကောင်းတယ်။ မိန်းကလေးဆိုရင်လည်း ယောကျ်ားလေးတွေက ကြည့်ချင်စရာမကောင်းဘူး၊ ဒီပုတ်ထဲက ဒီပဲတွေ စသဖြင့်ပေါ့လေ"

ဝတ်ရည်က နှင်းဆီကို မျက်စောင်းတစ်ချက် လှမ်းထိုးမိကာ …

"ရှင်လည်း တစ်ချိန်က ဒီလိုပဲ ထင်ခဲ့တာ မဟုတ်ဘူးလား။ ယောကျ်ားတွေအားလုံးကို မုန်းခဲ့တာ မဟုတ်ဘူးလား"

—

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မဟုတ်ဘူးလို့လည်း မငြင်းရပါလား။ ဒါပေမဲ့ အဲဒါက အစတုန်းကလေ၊ မသိနားမလည်သေးတဲ့ အချိန်တုန်းကပေါ့ ...

နားလည်သွားတော့လည်း အသက်ရှည်ဆေးလေး တွေပေါ့ ဝတ်ရည်ရယ်"

"ဟင်း ... တော်ပါ၊ ဘာအသက်ရှည်ဆေးလဲ၊ အသက်တို ဆေးတွေပါ၊ ဝတ်ရည်ဖြင့် ရှင့်အစား မောလွန်းလို့ အသည်း ထပ်ကွဲမှာ မကြောက်ဖူးလား"

ဝတ်ရည်ရဲ့အမေးကို နှင်းဆီက ခေါင်းမော့ကာ တဟားဟားနှင့် အော်ရယ်သည်။

"ဒီမှာ ဝတ်ရည်ရဲ့၊ မသိရင် မှတ်ထား။ အသည်းဆိုတာ ပထမဆုံးတစ်ခါ ကွဲတုန်းမှာပဲ နာတာ။ နောက်ထပ် ထပ်ခါ ထပ်ခါ ကွဲရင် အသည်းက ထုံသွားပြီ။ မနာတော့ ဘူး ...

အသည်းကွဲတာ ကြောက်စရာ မဟုတ်တော့ဘူး။ ခံစားတတ်ရင် ခံစားလို့တောင် ကောင်းသေးတယ်။ အီစိ စိမ့်လေး ...၊ နှလုံးသားက ကျဉ်တင်တင်လေးနဲ့ ... အသည်းကွဲနေတယ်လို့ ပြောရတာကိုကမိုက်တာ။ နောက် ကျ မင်း သိလာပါလိမ့်မယ်"

ဝတ်ရည်သည် မျက်လုံးကိုပြူးကာ ရင်ဘတ်ကို ပြလျက် ...

"အာ ... တော်စမ်းပါဟာ၊ အသည်းကွဲဆိုတဲ့ စကားလုံး ပတ်သက်ပြီး ကြားတောင် မကြားချင်ပါဘူးဆိုမှ"



ဝတ်ရည်ရဲ့ ဆတ်ဆတ်ထိမခံ ပုံစံကို နှင်းဆီက ...စိစိဖြင့် ခေါင်းညိတ်ကာ ...

"အဲဒါဆို မင်း အသည်းက နာနေတုန်းမို့ပဲ။ ကဲ ... အဲဒါ တွေထားပါ၊ မနက်ဖြန် လျှောက်လိမ့်မယ့် အစီအစဉ်က အိုကေပါတယ်နော်"

"အင်း ... အိုကေပါတယ်၊ ဒါနဲ့ ဘယ်တွေကို သွားမှာလဲ"

နှင်းဆီက ဝတ်ရည်ရဲ့အမေးကို ပြန်မဖြေဘဲ မျက်လုံး ...စ်ဖက် မိတ်ပြကာ ...

"ဒါကတော့ မင်း စိတ်ကို အပြောင်းအလဲဖြစ်စေမယ့်နေ ရာတွေကိုပေါ့"

ဝတ်ရည်သည် ဘာမှပြန်မဖြေဖြစ်ပဲ ပခုံးတစ်ချက် ...သာ အသာတွန့်ပြလိုက်သည်။ ခေါင်းထဲမှာ ဘာမှသိပ်တွေး ...ချင်တော့ပေ။ ရင်ထဲက အရှုပ်အထွေးတွေကို တစ်ခုပြီး ...ခု ရှင်းထုတ်နေခြင်း ဖြစ်လေရာ အဲဒီလို ရှင်းပေးနိုင်မည့် ...ယ်သူ့ကိုမဆို ဝတ်ရည် မျှော်လင့်လျက်ရှိသည်။

❤ ❧ ❤

www.burmeseclassic.com



## ၆

စနေနေ့မှာပဲ ဝတ်ရည်နှင့် နှင်းဆီတို့ အပြင်ထွ
ကြလေသည်။ အပြင်ထွက်သည် ဆိုရာမှာလည်း နှင်းဆီ
ဆောင်ရာ နေရာတွေသို့ ဝတ်ရည်က လိုက်သွားရခြင်းဖြစ်သ
ပထမဦးစွာ နှင်းဆီသည် ဝတ်ရည်ကို Beauty Saloon တစ်
ခေါ်ဆောင်ကာသွားသည်။ သူ သွားနေကြဆိုင် ဖြစ်သည့်အ
ရင်းနှီးနေပုံရကာ ဝတ်ရည်ကို Hair Stylist လက်ထဲသို့
အပ်ချလိုက်လေသည်။

"အစ်မ သူ့ကို ဒီဇိုင်းလန်းသွားအောင် လုပ်ပေးလိုက်
ပါ။ ဘယ်လိုပုံစံနဲ့ဆို သူနဲ့လိုက်မလဲ"

ဆိုင်မှ အစ်မက ဝတ်ရည်ရဲ့မျက်နှာကို ရှေ့
တည့်မှတစ်မျိုး၊ ဘေးတိုက်တစ်မျိုး သေချာကြည့်ကာ ဝတ်ရ
ဆံပင်လေးတွေကို ကိုင်ကြည့်သည်။ ဝတ်ရည်ရဲ့ဆံပင်
ပိုးသားတွေလို နူးနူးညံ့ညံ့ဖြစ်ကာ ရှေ့နောက်တစ်ညီတည်
လျက် ကျောလယ်ခန့်လောက်ထိ ရှည်လျားသော ခပ်ရိုးရိုးပုံ
ဖြစ်သည်။



"ဆံပင်ပုံစံ ပြောင်းလိုက်ရင် သူ့ပုံက ဒီထက်ပို Active ဖြစ်ပြီး Attrection ရှိသွားမယ့်ပုံပဲ။ ပုံလှလှလေးညှပ်ပြီး အညိုရောင် ဆိုးလိုက်လေ၊ ပြီးတော့မှ ရွှေညိုရောင်ဟိုက်လိုက်လေးတွေ ခပ်စိပ်စိပ် လိုက်ဖောက်လိုက်မယ် ...

ဒါဆို တော်တော်မိုက်သွားမယ်၊ ငယ်လည်း ငယ်သွားမယ်၊ နုပျိုတာပေါ့"

"ဘယ်လိုလဲ ဝတ်ရည်"

နှင်းဆီက ဝတ်ရည်ဘက်သို့လှည့်ကာ မေးဆတ်ပြ
သည်။ ဝတ်ရည်သည် ခေါင်းကိုသာ ညိတ်ပြလိုက်လျှင် ဆံပင်
ပ်ဆိုင်က အမျိုးသမီးက စတင်လှုပ်ရှားတော့သည်။ ဒီလိုနှင့်
င်းလျှော်၊ ဆံပင်ညှပ်၊ ဆံပင်ဆေးဆိုး၊ ဟိုက်လိုက်ဖောက်၊
င်းပြန်လျှော် စသဖြင့် ပိုက်မျဉ်းလောက်အောင် အချိန်တွေကြာ
လျှင် တစ်မျိုးပြောင်းလဲ ဆန်းသစ်သွားသော ကိုယ့်ပုံကိုယ် မှန်
တွင် ပြန်၍မြင်ရလေသည်။

ကျောလယ်ခန့်ရှိသော ဆံနွယ်များမှာ ပခုံးသာသာ
ာက်ပဲ ရှိတော့လျက် ဆန်းသစ်လှပသော ခေတ်မီဆံပင်ပုံစံ
အဖြစ် ပြောင်းလဲသွားသည်။ တစ်ခေါင်းလုံးကို ကော်ဖီညို
ောင်တွေ ဆိုးထားပြီးမှ ရွှေညိုရောင်ဟိုက်လိုက်တွေ ဖောက်ထား
ဆံပင်ပုံစံကို ဝတ်ရည်သည် အတော်ကြီး သဘောတွေ့သွား
သည်။

မှန်တကြည့်ကြည့်ဖြင့် ကျေနပ်နေသော ဝတ်ရည်ကို
ဆီက လက်ပိုက်ပြီး ပြုံးကြည့်ကာ ...

www.burmeseclassic.com



"ဘယ်လိုလဲ ဝတ်ရည်"ဟု ထပ်မေးသည်။ အ... စကားသည် ဒီကရေ့လျှောက် ထပ်ခါ ထပ်ခါ ကြားရတော့... စကားဆိုတာ အဲဒီအချိန်တုန်းက တကယ်ပဲ ကြိုမသိခဲ့ပါ။ နော... အခါတွင် ဘယ်လိုလဲ ဝတ်ရည် ဟူသော စကားသည် နှင်းဆီ... လက်သုံးစကား ဖြစ်လို့လာမှာဖြစ်သည်။

"မိုက်တယ် ... တို့ အသစ်ဖြစ်သွားသလိုပဲ"

ဝတ်ရည်ရဲ့စကားကို နှင်းဆီက ဟက်ဟက်ပက်ပက်... ရယ်မောသည်။ ငွေရှင်းပြီးနောက် ဆိုင်ထဲက ထွက်ခွာလာကြ... နှင်းဆီက စကားစတင်ပြောသည်။

"မင်း တင်ဇာမော် ဆိုထားတဲ့ သီချင်းတစ်ပုဒ် မကြား... ဘူးလား။ အချစ်ကခါးတယ် ဆိုတဲ့ သီချင်းလေ၊ အဲဒီထဲ... စာသားတွေလိုပေါ့၊ ညှပ်လိုက် မင်းဆံပင်ကို အပြတ်... လိုက် ဆေးရောင်စုံ ဆိုတာရော၊ အသည်းကွဲရင် ဆံ... စတိုင်လ်လည်း ပြောင်းပေးရတယ်ကွ"

"ဟင် ... တကယ်လား"

"တကယ်လား ဆိုတော့ ကျမ်းဂန်ထဲမှာတော့ မပါဘူး... ကွာ၊ ဒါပေမဲ့ အခုန မင်းပြောသလို ကိုယ့်ကိုယ်ကို... အသစ်ဖြစ်အောင် လုပ်တဲ့နည်းပေါ့။ ဒီဇိုင်းပြောင်းပစ်လို... တာပေါ့။ လူသစ် စိတ်သစ် ဒီဇိုင်းသစ်နဲ့ အချစ်သစ်... ရှာမယ်ဆိုတဲ့ စိတ်နဲ့ပေါ့၊ ဟား ဟား"

အချစ်သစ်ဆိုသော စကားပါလာလျှင် ဝတ်ရည်... နှင်းဆီကို မျက်စောင်းကဲ ကြည့်မိသည်။ စဉ်းစားကြည့်လျှင်... အရင်ကထက်စာလျှင် ဝတ်ရည်ရဲ့ ရင်ထဲမှာ နည်းနည်း...



...သွားသည်ဟု ထင်မိသည်။ အသည်းကွဲထားတာ မှန်သော်... ...သည်း ကွဲတာကို ကွဲနေသည်ဟု အမှန်အတိုင်း လက်ခံနိုင်သော ...မျိုး ရှိနေသည်။

"အခု ဘယ်ကို ဆက်လိမ့်မှာလဲ"

နှင်းဆီက နာရီကို တစ်ချက်ငုံ့ကြည့်ရင်းမှ ...

"အချိန်တောင် မနည်းတော့ဘူးကွ၊ နေ့ခင်းစာစားချိန်တောင် ကျော်နေပြီ၊ ပလာဇာကို သွားမယ်လေ၊ ပလာဇာက ဖုတ်ဒ်ကောင့်ထ်မှာ တစ်ခုခုစားပြီးမှ ဆိုင်တွေပတ်ကြမယ်၊ မကောင်းဘူးလား"

"ဂွတ်ဒ်တယ်ထင်ရယ် ဒူးသာဒူး"

ဒီလိုနှင့် ဆံပင်ဒီဇိုင်းသစ်ကို ပိုင်ဆိုင်ထားသော ...ရည်နှင့် နှင်းဆီသည် ပလာဇာသို့ ဆက်လက်ချီတက်လာ...သည်။ ပလာဇာက ဖုတ်ဒ်ကောင့်ထ်မှာ ထမင်းပေါင်း ဝင်စား...တော့လည်း နှင်းဆီက အေးအေးဆေးဆေးမစား။ စားရင်း...က်ရင်းကနေ မျက်လုံးတွေက ဟိုဒီဝေ့ဝဲကာ လှပသောအဆင်... တွေကိုတွေ့လျှင် ဝတ်ရည်ကို လက်လှမ်းတို့သေးသည်။

"ဟာ ... ဝတ်ရည်။ မျက်စောင်းထိုးစားပွဲက အဆင်လေးတွေထဲမှာ ပန်းရောင်ပိုလိုရှပ်နဲ့ အဆင်က တော်တော်မိုက်ပါလား ...

ချောတယ်ကွာ၊ တစ်ချက်လောက် ရှိုးလိုက်စမ်းပါ"

သူပြောတာကို ကြည့်ဖို့အတွက် ဝတ်ရည်သည် ...ကို နည်းနည်းစောင်းလှည့်ပြီး ကြည့်ရမည်ဖြစ်လေရာ မကြည့် ...ဖြင့် မကြည့်ဖြစ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... တော်ပါပြီ။ နှင်းဆီကလည်း ကောင်လေး ချောချောတွေဆို အရမ်းရှိတ်တတ်တာပဲနော်"

"ဟား ... အဲဒါ မျက်စိကြည်လင်ဆေးတွေလေ၊ ကြည့်ဖေး ရတယ်"

"ဟင် ... အဲဒီလိုကြီး ပြောရလား၊ နှင်းဆီရည်းစားက သဝန်မတိုဘူးလား"

နှင်းဆီသည် ဘဲသားသုပ်ပန်းကန်ထဲမှ ဘဲသားတ ဖတ်ကို တူနှင့်ညှပ်ယူရင်းမှ ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"သြော် ... ဝတ်ရည်ဆိုတဲ့ ဖြူဖြူစင်စင် ကောင်မလေး ရယ်၊ ကိုယ့်ရည်းစား ရှေ့မှာတော့ အဲဒီလိုတွေ ပြော လား၊ မင်းရှေ့မှာမို့ ပြောတာပေါ့၊ ရည်းစားရှေ့မှာကျတော့ လည်း သူ့အပြင် ဖွံ့နဲ့ဆန်ကွဲ ဒိဗိုင်းမျိုး ဖမ်းထားရတာ ပေါ့ ...

ဒီလိုပါပဲ၊ အဲဒီပညာတွေ နောက်ကျတော့ ဝတ်ရည် တတ်လာမှာပါ။ နှလုံးသားကို သိပ်လေးတဲ့အရာမျိုးတွေ ထည့်မထားနဲ့ ဝတ်ရည်။ ပေ့ါပေ့ါပါးပါးပဲထား"

ဝတ်ရည်သည် စားရင်းသောက်ရင်းမှ နှင်းဆီ ပြေ သမျှကို ခေါင်းညိတ်လျက်သာရှိသည်။ နှင်းဆီရဲ့ တချို့ဒိုင်ယ ကို လက်မခံချင်သော်လည်း သူ နေထိုင်သော ပေ့ါပေ့ါပါး စတိုင်လ်မျိုး၊ မခံစားတတ်သော နှလုံးသားမျိုးကိုတော့ အဟု ကိုပဲ ဝတ်ရည် လိုချင်လှပါသည်။

"တကယ်တော့ အချစ်ဆိုတာလည်း ရာနှုန်းပြည့် ကိုယ့် စိတ်ချမ်းသာမှု ပေးနိုင်တဲ့အရာမျိုး မဟုတ်ဘူးလေ။ အချ



မှာ စိတ်ချမ်းသာရင် ချစ်တတ်ဖို့လိုတယ်၊ အဲဒါ အချစ်ရဲ့ main point ပဲ"

"နှင်းဆီက အချစ်အကြောင်းတွေ အရမ်းသိနေပါလား"

ဝတ်ရည်ရဲ့အပြောကို နှင်းဆီက ပခုံးတစ်ချက်တွန့် ...

"အဲဒီလို သိဖို့အတွက် မင်းလိုပဲ နှလုံးသားတစ်ခုလုံး မွမွ ကြေထားခဲ့ဖူးတယ်လေ"

နှင်းဆီက အဲဒီအပြောကို ခပ်တည်တည်ဖြင့် အတည် က်ပြောသဖြင့် ဝတ်ရည်မှာ ဟင့်ခနဲပင် ရှုံ့မဲ့သွားရသည်။ ဆီက မချိုပြုံးလေးတစ်ခုဖြင့် ...

"အဲဒီလိုလူတွေက အချစ်ကို နှစ်မျိုးနှစ်စား ခွဲမြင်သွားတတ် ကြတယ်ကွ၊ တချို့က ခံမှန်ဖူးတဲ့ စာသူငယ်လိုပဲ အချစ် ကို ကြောက်သွားတာ။ မထိရဲ မတို့ရဲတော့တာ။ နောက် တစ်မျိုးကကျတော့ အချစ်ကို ကလန်ကဆန် လုပ်ချင်လာ တာ၊ ပေါက်တဲ့နဖူး မထူးတော့ပါဘူး၊ ငရဲကလာသူ ပြာ ပူမကြောက်တော့ဘူး၊ ဘာဖြစ်ဖြစ် လာထားဆိုတာမျိုးဖြစ် သွားတာ ...

တို့က နောက်တစ်မျိုးပေါ့၊ ကဲ ... ဒီနေ့ အချစ် အကြောင်းကို မေ့ထားမယ်ဆိုမှ ပြောမိပြန်ပြီကွာ၊ စား ... စား ... ပြီးရင် ဆက်လိမ့်မယ်"

စားသောက်ပြီးကြသောအခါ ဝတ်ရည်နှင့် နှင်းဆီ ည် ပလာတာကြီးတစ်ခုလုံးကို ခြေတိုမတတ် တစ်ဆိုင်ဝင် ထ ွက် ပတ်ကြသည်။ ဝယ်တာလည်းရှိ၊ မဝယ်တာလည်းရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော စိတ်ပြေလက်ပျောက်ဖြစ်သည်။ အားလုံးပြီးစီး
ပြန်ခါနီးတွင် နှင်းဆီက တစ်စခန်း ထလာပြန်သည်။ ဒစ်ဂျစ်တ
ဓာတ်ပုံဆိုင်တစ်ဆိုင်ရှေ့မှ အဖြတ်တွင် ဝတ်ရည်ရဲ့လက်ကို ဖျ
ခနဲ လှမ်းဆွဲထားကာ ...

"နေဦး ဝတ်ရည်၊ ဓာတ်ပုံဝင်ရိုက်ကြရအောင်၊ မင်းရဲ့
အသစ်နဲ့ဆို အလန်းပဲ၊ တစ်ခါတည်း ကြုံတုန်း ရိုက်ထ
လိုက် ...

အခု ဝယ်လာတဲ့ အဝတ်အစား အသစ်တွေလည်
ပါနေတော့ အတော်ပဲ၊ အားလုံးလဲပြီးရိုက်လိုက်"

ဝတ်ရည်ကလည်း ဓာတ်ပုံရိုက်တာ ဝါသနာပါ
မို့ နှစ်ခါမဆွယ်ရချေ။ နှင်းဆီနှင့်အတူ ပျော်ပျော်ကြီးပဲ ဓာတ်
ဆိုင်ထဲသို့ ဝင်ခဲ့လေသည်။ စိတ်ကလည်း အမြူးဓာတ်ခံရှိနေသ
မို့ ဆံပင်ပုံစံသစ် လှလှပပနှင့် ဝတ်စုံတွေလဲကာ ဓာတ်ပုံ
တစ်ပုံပြီးတစ်ပုံ ရိုက်သည်။ နှင်းဆီက သိပ်မရိုက်ပါ။ ဝတ်ရ
နှင့်သာ အမှတ်တရ တွဲရိုက်ထားသည်။ ဓာတ်ပုံရိုက်၍ ပြီးစီးသွ
ပြီး ပိုက်ဆံရှင်းဖို့ ကောင်တာကို ရောက်လာလျှင် ကောင်တာ
လူက ဝတ်ရည်ကို တစ်ချက်မော့ကြည့်သည်။ ဝတ်ရည်သ
အဲဒီလူကိုမြင်လျှင် မျက်လုံးဝိုင်းကာ အံ့သြသွားလေသည်။ သူ
လည်း အံ့သြသွားတဲ့ပုံ၊ ပြီးတော့ အပြုံးရိပ်တချို့ ခိုတွဲလာ
ဝမ်းသာသွားသည့် ပုံစံမျိုး ဖြစ်သွားသည်။

ဝတ်ရည်သည် ကိုယ့်ကို ပြုံးပြလာသော လူတ
ယောက်ကို ပြန်ပြုံးပြရမလို မပြုံးပြရမလို ရှိတုန်းမှာပဲ သူ
စကားစတင် ပြောလာခဲ့သည်။



"ပြန်တွေ့ဖြစ်ပြီနော်၊ ကျွန်တော်တို့ ဆုံဖူးကြတယ်လေ၊
မှတ်မိလား မသိဘူး"

မမှတ်မိစရာ အကြောင်းမရှိပါ။ နှင်းဆီရဲ့စကားနှင့်
ပြောရလျှင် တော်တော်မိုက်တဲ့အဆင်ဟု နာမည်တပ်ရမည်ဖြစ်
သော ထိုတစ်ယောက်သည် ဝတ်ရည် ရုံးစတက်သောနေ့က ရုံး
ဆင်းချိန် အိမ်အပြန်၌ ချော်လဲတော့မလိုဖြစ်သော ဝတ်ရည်ကို
မ်းပေးထားခဲ့သောသူ ဖြစ်သည်။ ချောသည် ဆိုတာထက်
nnocent ဖြစ်လွန်းကာ အပြစ်ကင်းလွန်းသော သူ့မျက်နှာကြောင့်
သည် တစ်ခါတွေ့ပြီးလျှင် တော်တော်နှင့် မမေ့နိုင်စရာလူမျိုး
ဖြစ်သွားသည်။

"ဟုတ် ... ဟုတ်ကဲ့ မှတ်မိပါတယ်"

သူက အပြုံးတစ်ခုနှင့် ခေါင်းဆတ်ပြကာ စားပွဲပေါ်
အံတစ်ခုထဲမှ လိပ်စာကတ်တစ်ခုကို ထုတ်ပေးသဖြင့် ဝတ်ရည်
သည် ကြောင်အအဖြင့် လှမ်းယူလိုက်ရသည်။

"ကျွန်တော့်ကတ်ပါ၊ ကျွန်တော့်နာမည် နရီမင်းလို့ ခေါ်ပါ
တယ်။ ဒါ ကျွန်တော့်ဆိုင်ပေါ့"

"သြော် ... ဟုတ် ... ဟုတ်ကဲ့"

ဟုတ်ကဲ့ချည်း ထပ်နေသော ဝတ်ရည်ကို နှင်းဆီက
ကောင်နှင့် မသိမသာ တွက်သည်။ သူက ထိုင်ခုံတွေကို ညွှန်
ရင်းမှ ...

"ခဏထိုင်ကြပါဦး၊ ကျွန်တော် ပုံတွေ ခဏကြည့်ချင်လို့
ပါ၊ အခုနက ဓာတ်ပုံရိုက်တုန်းက ကျွန်တော်က မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ မသိလိုက်ဘူး။ အဆင်ပြေတဲ့ပုံ တစ်ပုံလောက် ပုံကြီးကူးပေးချင်လို့ပါ၊ အချိန်ရတယ် မဟုတ်လား"

ရပါတယ် နေပါစေဟု ပြန်ပြောဖို့ရာအတွက် ပြင်ဆင်အားယူနေသော ဝတ်ရည်ရဲ့ နှုတ်ခမ်းများ မပွင့်မီ နှင်းဆီရဲ့ စကားတွေက အရင်ထွက်သွားကြသည်။ နှင်းဆီက သွက်သွက်လက်လက်ပင် ဝင်ပြောသည်။

"ရပါတယ်၊ ခဏစောင့်ပေးပါ့မယ်"

သူက နူးညံ့စွာ တစ်ချက်ပြုံးရင်း အိုကေဟု တိုးတိုးရေရွတ်ကာ ကွန်ပျူတာကို သွားဖွင့်နေသည်။ ဝတ်ရည်နှင့် နှင်းဆီသည် နှစ်ယောက်တွဲဆိုဖာခုံများတွင် ဝင်ထိုင်ရင်းမှ ဝတ်ရည်က နှင်းဆီကို ခပ်တိုးတိုး ဆိုမိသည်။

"နှင်းဆီက ဘာလို့ သွားပြောရတာလဲ"

နှင်းဆီသည် ဝတ်ရည်ကို မျက်လုံးပြူးပြလျက် လည်ချောင်းထဲမှလာသော အသံမျိုးဖြင့် ပြောသည်။

"မပြောလို့ ဖြစ်မလား။ ဟိုတစ်ယောက်ရဲ့မျက်လုံးတွေက မင်းကို အရမ်းငြိနေတယ်လေ။ ပြီးတော့ ဒီလောက်မိုက်တဲ့ အဆင်ကို မင်းက လက်လွှတ်ခံမလို့လား ...

အခုန ဖုတ်ဒ်ကောင့်ထ်ထဲမှာ တို့စားနေတုန်းက မင်းကို ကြည့်နိုင်းတဲ့အဆင်ဟာ သူပဲပေါ့။ တိုက်ဆိုင်လိုက်တာလို့ တို့တောင် အံ့ဩနေတာ။ ဒါပေမဲ့ သူက တို့အတွက် မဖြစ်နိုင်တော့ပါဘူး၊ စိတ်မကောင်းလိုက်တာကွာ ဟင့် ... ရှုတ်"



နှင်းဆီက ပြောင်စပ်စပ် လုပ်ပြနေလျှင် ဝတ်ရည်သည် သဘောကျစွာဖြင့် ရယ်မောမိလေသည်။ ရယ်မောရင်းမှ ကွန်ပျူတာကို ကြည့်နေသော ထိုတစ်ယောက်ရဲ့ကျောပြင်ကို အကြည့်ရောက်သွားသည်။ အရင်ပထမတစ်ခါ တွေ့ကတည်းက ဆယာဇဉ်မကုန်သော သူ့မျက်ဝန်းတွေနှင့် အကြည့်တွေကို စွဲလည်ထားသော ဝတ်ရည်သည် အခြေအနေဟာ ဒီမှာပဲ ရပ်တန့်သွားမှာ မဟုတ်ဘူးဆိုတာ သိရှိနေလေသည်။

"တွေ့တယ် မဟုတ်လား ဝတ်ရည်၊ ဝမ်းဂိုး တူးကမ်း သရီးရယ်ဒီ ဆိုတာ ယုံပြီမဟုတ်လား"

ဝတ်ရည်သည် ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးမိနေသည်။

နှင်းဆီသည် ရသမျှအချိန်လေးတွင်းမှာ မမောနိုင်မန်းနိုင်ဘဲ အရေးပေါ်လက်ချာကို ရိုက်သေးလေသည်။

"အချစ်ဦးကို မေ့မရသေးဘူးတွေ ဘာတွေနဲ့ ရှုးကြောင်ကြောင် ဒိုင်တွေကို နှလုံးသားထဲမှာ ထားမနေနဲ့ဦးနော် ဝတ်ရည်၊ ဒါ အမှန်အကန်ပဲ သိလား ...

နေပါဦး ... မင်းတို့က ဘယ်လိုစတွေ့ကြတာလဲ၊ ဓာက်လမ်းလေးလား၊ မင်း ဆံထိုးကို တိုက်ချသွားတယ်ဆိုတာ သူလား"

"အို ... မဟုတ်ပါဘူး။ အဲဒီလူနဲ့ကဖြင့် မျက်နှာကြောကို မတည့်ဘူး၊ စကားပြောရင် တင်တင်စီးစီးနဲ့"

"အင်း ... ဒါကတော့ အမှန်အကန်ပဲကွာ၊ မျက်နှာက အရမ်း sweet ဖြစ်တာပဲ၊ ငါ ဒီလိုယောကျ်ားမျိုးတွေတောင်

www.burmeseclassic.com

www.burmeseclassic.com



ခဲဆွေ့ဖူးပါဘူး။ မင်း ကောင်းကောင်းမွန်မွန် ဆက်ဆံနော်၊ မင်း မလိုချင်ရင် ငါ့ကိုပေး”

“ဟား ဟား … နှင်းဆီရယ်”

ဝတ်ရည်သည် နှင်းဆီရဲ့အပြောကို သဘောတကျ နှင့် ဟက်ဟက်ပက်ပက်ကို ရယ်မိသည်။ ရယ်ရင်းမှလည်း တစ်မျိုးသော ခံစားချက်လေးက ဝတ်ရည်ရဲ့ရင်ထဲသို့ ပျံ့နှံ့တည်တံ့ ရောက်ရှိလို့လာသည်။

လူကိုကြည့်သော မျက်ဝန်းတွေထဲမှာ ကြင်နာရိပ်တွေ လွှမ်းနေတတ်သောယောကျ်ားမျိုးကို ဒီတစ်ခါပဲ ဝတ်ရည် ကြုံဖူး သေးသည်။ သူ့ပုံစံက နူးညံ့ကြည်သာတတ်သော ပုံစံမျိုး ဖြစ် သည်။

“နှင်းဆီရယ် လုပ်မနေနဲ့၊ ဒါ မင်းအတွက် အသက်ဆက် ဆေး၊ အသက်ရှည်ဆေးပဲ ဝတ်ရည်၊ မင်း ဒီဓာတ်လမ်းကို ဆက်ဖို့ စဉ်းစားထားနော်၊ ဟုတ်ပြီလား”

ဝတ်ရည်သည် နှင်းဆီရဲ့စကားကြောင့် ပါးနှစ်ဖက် ပင် နွေးလာကာ ရှက်လာသလိုရှိသည်။ သို့သော် ရင်ထဲမှာ ရည် စားဟောင်းကို ဖျတ်ခနဲ သတိရသွားသောအခါ အပျိုရွှယ်မား လေးက ဟုတ်ခနဲ ထလာသည်။ သူလိုလူတစ်ယောက်က သစ္စာ ဖောက်သွားပေမယ့် သူ့ထက်သာသော လူတစ်ယောက်က ကိုယ့် ကို မြင်မြင်ချင်း စိတ်ဝင်စားခြင်းခံရသည်ဟူသော အဖြစ်အပျက် သည် ဝတ်ရည်ရဲ့အသည်းကွဲဒဏ်ရာကို နည်းနည်းတော့ ပြေစေ ပြေကြောင်း ဖြစ်စေသည်။ ကိုယ်က ပြန်ကြည်တာ မကြည်တာ အပထား၊ ကိုယ့်ကို ဂရုစိုက်သောသူ၊ ချစ်မြတ်နိုးသောသူတွေ



(အနည်းဆုံး တစ်ယောက်လောက်တော့) ရှိနေခြင်းဟာ နှလုံးသား ကို တစ်မျိုးတစ်မည် ကြည်မွေ့စေပါသည်။

ဝတ်ရည်သည် မြင်လိုက်တာနှင့် သပ်ရပ်ရှင်းသန့် ကာ အရောင်အဝါတစ်မျိုး ထွက်နေသည့်ပုံစံရှိသော “နရီခင်း”ဆို သည့် လူတစ်ယောက်၏ နောက်ကျောပြင်ကို ငေးနေတုန်းမှာပင် သူက ထိုင်ရာမှ ဖျတ်ခနဲထကာ ဝတ်ရည်တို့ရှိရာဘက်သို့ လျှောက် လာသည်။ ပြီးတော့ ဝတ်ရည်တို့နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင် ထိုင်ရင်းမှ …

“အရမ်းအဆင်ပြေတဲ့ ပုံလေးတစ်ပုံကို ပုံကြီးချဲ့ပေးထား တယ်၊ ဪ … အဲဒါက present ပါနော်၊ လက်ခံပါ၊ ဒါနဲ့ တစ်ခုခုသောက်ကြပါလားဟင်၊ အပူဖြစ်ဖြစ် အအေး ပဲဖြစ်ဖြစ်”

“နေပါစေ … နေပါစေ … ရပါတယ်။ ဓာတ်ပုံတွေ ရပြီ လားဟင်”

“ခဏလေးပဲ စောင့်ပါ ရတော့မှာပါ၊ သိပ်မကြာပါဘူး။ ဒါကြောင့် တစ်ခုခုသောက်ပါလားလို့ ပြောတာပါ”

ဝတ်ရည်သည် မိန်းကလေးတစ်ယောက်ရဲ့ နှုတ်ခမ်း …တောင် ပန်းနုရောင်သမ်းကာ နီရဲစိုစွတ်နေသည့် အပြုံးလှလှ … ခိုသီရာ သူ့နှုတ်ခမ်းကို ငေးနေမိသည်။

ဝတ်ရည်က ဘာမှမပြောသောအခါ နှင်းဆီကပဲ …း ရပြန်လေသည်။

“ကျေးဇူးတင်ပါတယ်ရှင် မသောက်တော့ပါဘူး။ ရှင်နဲ့ညှိနှိမ် သူငယ်ချင်းက အရင်တည်းက သိထားကြသူတွေလား”

www.burmeseclassic.com

www.burmeseclassic.com



စပြီ ... နှင်းဆီတို့တော့ ဝတ်ရည်ကို စပို့ပြီဆိုတာ သိလိုက်ရသော်လည်း ဝတ်ရည်သည် ဘာမှပြန်မပြောမိဘဲ ငြိမ် သက်စွာ နားထောင်နေမိသည်။ သူ ဘာပြန်ဖြေမလဲ ဆိုတာကို လည်း ဝတ်ရည်က စိတ်ဝင်စားသေးသည်။

နှင်းဆီရဲ့အမေးကို သူက နှစ်လိုဖွယ်ကောင်းအောင် ပင် ပြုံးကာ ...

"အင်း ... သိတယ် ဆိုတာကလည်း မတော်တဆပါ။ သူ ချော်လဲမလိုဖြစ်လို့ လှမ်းထိန်းပေးလိုက်ရုံပေါ့။ အဲဒီနေ့က သူ ခြေထောက်နာသွားတယ်နဲ့တူတယ်။ သက်သာရဲ့လား"

နှင်းဆီကို ပြောရင်းမှ ဝတ်ရည်ကို သံယောဇဉ်မပြတ် သလို လှည့်မေးနေပြန်လျှင် ဝတ်ရည်သည် နည်းနည်းတောင်ရှက် ၍လာလေသည်။ ခေါင်းတစ်ချက် ညိတ်ပြလိုက်တော့မှ သူက စကားဆက်ပြောသည်။

"အဲဒီတာဝါကြီးက ရုံးတစ်ခုခုမှာ လုပ်တာနဲ့ တူတယ်နော်"

"သြော် ... ဟုတ်၊ ကုမ္ပဏီဘဏ်ရုံးချုပ်မှာပါ"

ဝတ်ရည်ရဲ့အဖြေကိုကြားလျှင် သူက ကျေနပ်သွား ဖြင့် အားပါးတရ ပြုံးပြသည်။ သူ့အတွက် မျှော်လင့်ချက်တစ် ကို ပိုင်ဆိုင်ခွင့်ရသွားသလို ကျေနပ်သွားသော အပြုံးမျိုးဖြစ်သည် သူ့ပုံစံသည် ဝတ်ရည်ကို မမျှော်လင့်ဘဲ ပြန်တွေ့ရသည့်အတွက် တော်တော် ဝမ်းသာနေတယ်ဟု ဖွင့်တောင် ပြောချင်နေသော မျိုးဖြစ်သည်။ မကောင်းတတ်၍ ထိန်းထားရသောပုံပင်။

"ကျွန်တော်က အဲဒီတာဝါက မဂ္ဂဇင်းတိုက်တစ်ခုကို ... တာပါ"



"သြော် ... ရှင်က ဓာတ်ပုံဆရာလား"

အဲဒါက နှင်းဆီက ဝင်မေးသော မေးခွန်းဖြစ်သည်။ သူက နှင်းဆီကို တစ်ချက်မျှ ပြုံးကြည့်ပြီးနောက် ဝတ်ရည်ဘက် သို့ပဲ ပြန်လှည့်ကာ ...

"အင်း ... ဓာတ်ပုံတော့ ဓာတ်ပုံဆရာပါပဲ၊ ဒါပေမဲ့ လူပုံ တွေရိုက်တဲ့ ဓာတ်ပုံဆရာ မဟုတ်ဘူး"

"ဟင် ... ဒါ လူတွေကို ရိုက်ပေးနေတာ မဟုတ်ဘူးလား"

ဝတ်ရည်ရဲ့မျက်လုံးပြူးနှင့် အလန့်တကြားအမေးကို သူက ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မောလေသည်။ သူတင်မက ... နှင်းဆီကပါ ဝတ်ရည်ရဲ့လက်ကို ဖတ်ခနဲ တစ်ချက်လာရိုက် ... ဝင်၍ရယ်လေသည်။ ဝတ်ရည်ကတော့ မရယ်မိ။ ကိုယ် ... အားတာ ဘာများမှားသွားလိမ့်ပါလဲ ဟူသော သဘောနှင့် သူတို့ ... ကိုတောင် ငေးကြည့်နေမိသည်။ သူကတော့ ဝတ်ရည်ကို အားနာ ... နဲ့ဖြင့် အရယ်ကို ချက်ချင်းသိမ်းကာ ရယ်လက်စ လက်ကျန် ... ချက်နှာနှင့်ပင် ...

"ဟုတ်ပါတယ်၊ ဒီဆိုင်ကတော့ လူတွေကို ရိုက်ပေးတာပါ။ ဒါပေမဲ့ ကျွန်တော်က ဝင်ရိုက်တာ နည်းပါတယ်။ အရမ်း အလုပ်ရှုပ်နေမှသာ ကူပေးဖြစ်တာပါ၊ ကျွန်တော်က view တွေ Realsilm တွေကို ရိုက်ရတာ ပိုဝါသနာပါလို့လေ ... အဲဒါတွေကိုပဲ ရိုက်တာပါ"

"သြော် ... သြော်"

နှင်းဆီရဲ့ သြော် ... သြော်သံ အဆုံးတွင် သူက ... ရည်ဘက်သို့ တစ်ချက်လှည့်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘောက်ချာမှာ နာမည် ဘယ်လိုရေးပေးရမလဲဟင်"

ဒါဟာ သွယ်ဝိုက်သောနည်းဖြင့် နာမည်မေးလိုက် ဘယ်ဆိုတာကို သိသော်လည်း ဝတ်ရည် မလှောင်ရက်အောင်ပင် သူ့မျက်နှာက တည်ကြည်လေးနက်ကာ နူးညံ့လို့နေသည်။

"ကျွန်မက မြဝတ်ရည်ပါ၊ သူကတော့ နှင်းဆီသူလို့ ခေါ် ပါတယ်"

သူက နာမည်တွေကို တလေးတနက် မှတ်ထားပုံ ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးလျှင် ဘောက်ချာစာအုပ် မှာ ရေးမှတ်လျက် စာရွက်ကိုဖြဲကာ ဝတ်ရည်ကို ကမ်းပေးသည်။ ဝတ်ရည်သည် ကျသင့်ငွေကို စားပွဲပေါ် တင်ပေးလိုက်လျှင် သူက ...

"ကျေးဇူးတင်ပါတယ်၊ မမြဝတ်ရည်က ခတ်ပုံရိုက်တာ ဝါသနာပါလားဟင်၊ တကယ်လို့ အောက်ဒိုးတွေ ဘာတွေ ထွက်ရိုက်ချင်တယ်ဆိုရင် ကျွန်တော့်ကို အကူအညီတောင်း ပါ၊ ကျွန်တော် ကူညီပါ့မယ်"

"ဟုတ် ... ဟုတ်ကဲ့"

သူက ဝတ်ရည်ရဲ့အပြောကို ပြုံးပြီး ကြည့်နေ မှာပဲ သူ့ဆိုင်က ဝန်ထမ်းတစ်ယောက်က ဓာတ်ပုံတွေ ထည့်ထား သောအိတ်ကို လာပေးသည်။

"ပုံတွေ သေချာပြန်ကြည့်ချင် ကြည့်သွားဦးနော်။ မ ဝတ်ရည် ကြိုက်တဲ့ပုံရှိရင်လည်း ပြောခဲ့လေ။ ကျွန်တော် ထပ်ကူးပေးထားမယ်၊ ပို့ပေးလိုက်မယ်"



ဒါဟာ လိပ်စာကိုပါ သွယ်ဝိုက်ပြီးမေးသော မေး ခွန်းမှန်း မသိရလောက်အောင် အထိတော့ ဝတ်ရည်လည်း မအ, သေးချေ။ ဝတ်ရည်သည် ဒီတစ်ခါတော့ အပြုံးလေးတစ်ခုနှင့် ငြင်းဆန်လိုက်သည်။

"ဟုတ် ... ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါ သေချာ ပြင်ဆင်ပြီး လာရိုက်တော့မှပဲ ကူးပါ့မယ်။ အခုဟာက သွားရင်း လာရင်း စိတ်ကူးပေါက်လို့ ဝင်ရိုက်တာပါ"

"ဩော် ... စိတ်ကူးပေါက်လို့ ဝင်ရိုက်တဲ့ပုံကလည်း လှပါတယ်"

"ဟုတ် ... ကျေးဇူးပါပဲ၊ ဝတ်ရည်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ခင်ဗျာ"

ဝတ်ရည်တို့က မတ်တတ်ထရပ်လျှင် သူကပါ တ်ဘတ်လိုက်ရပ်လျက် နှုတ်ဆက်သည်။ ဝတ်ရည်နှင့် နှင်းဆီ ည် သူ့ဓာတ်ပုံဆိုင်နှင့် ခပ်လှမ်းလှမ်းသို့ ရောက်လေမှပဲ တစ် ောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟက်ဟက်ပက်ပက်ပဲ ယ်မိကြလေသည်။ ထမင်းစားပြီးတည်းက ခြေတိုအောင် ဈေး ်ဝယ်ခဲ့သဖြင့် နှင်းဆီက အအေးသောက်ချင်သည်ဟု ဆိုသော ကြောင့် ပလာဇာထဲမှ ပြန်မထွက်ခင်မှာ J'Donuts ထဲ ဝင်ထိုင် ကြပြန်သည်။

နှင်းဆီသည် ကော်ဖီအေးကို အားရပါးရမော့ပြီးတော့ ဒိုးနတ်တစ်ကွင်းကို ကိုက်ဝါးလျက် ...

"ဒီလူ့ပုံစံက မင်းကို လုံးဝငြိနေတယ်ဆိုတာ သိသာတယ် နော် ဝတ်ရည်။ မျက်လုံးတွေက သိပ်ရွှေးတွေးနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တို့တော့ ထင်တယ်၊ သူ မင်းဆီကို ထပ်ရောက်လာလိမ့်ဦးမယ်"

ဝတ်ရည်သည် နှင်းဆီရဲ့စကားကို ဘာမှပြန်မပြော မိဘဲ လိမ္မော်ရည်ကိုသာ စုပ်သောက်နေမိသည်။ မျက်လုံးထဲမှာ တော့ သူနဲ့စတွေ့ပုံကို တရေးရေး ပြန်မြင်ယောင်လို့ လာလေ သည်။ တွေ့စတည်းက ကရုဏာတွေပို သံယောဇဉ်အရိပ်တွေ ပိုနေသော သူတစ်ယောက်နဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ပြန်လာဆုံ သော ကံကြမ္မာကိုလည်း အံ့သြနေမိသေးသည်။

"မင်း ဘာမှ စိတ်ကူးလွဲမနေနဲ့နော် ဝတ်ရည်၊ သူ ရှေ့ ဆက်တိုးလာရင် အလိုက်အထိုက် ဆက်ဆံဖို့ စဉ်းစားထား_

အေးဆေးသာနေလိုက်၊ အသက်ရှည်ဆေးလေးတွေပဲ ဟုတ်တယ် မှလား"

"နှင်းဆီနော် ... ဝတ်ရည်ကို ဘာတွေလာမြှောက်ပေးနေ တာလဲ"

"ဟာ ... မြှောက်ပေးနေတာ မဟုတ်ဘူးနော်၊ မင်းအတွက် ပြေရာပြေကြောင်းကို ပြောပြနေတာ။ ရေကြောင့်ဖြစ်တဲ့ နွံ့ကို ရေနဲ့ပဲ ပြန်ဆေးရတယ်။ ယောကျ်ားတွေကြောင့် ဖြစ်ထားတဲ့ စိတ်ဒဏ်ရာကို ယောကျ်ားတွေနဲ့ပဲ ပြန်ကုစား ရမှာပဲ ..."

ပြီးတော့ တစ်ခါ အသည်းကွဲဖူးတိုင်း နောက်တစ်ခါ အသည်းကွဲရလိမ့်မယ်လို့ မင်းကို ဘယ်သူက ဗေဒင်ဟော ထားလို့လဲ။ ယုံကြည်မနေစမ်းပါနဲ့ ဝတ်ရည်၊ ဘဝမှာ ပျော်သလိုသာ နေပစ်လိုက်စမ်းပါ။ ပျော်ပျော်ပဲနေ ပေါ့



ပေါ့ပါးပါးနဲ့ လွတ်လွတ်လပ်လပ်ပဲနေ၊ ဘာဖြစ်လဲကွာ၊ ကလေကချေ လူတစ်ယောက်မှ မဟုတ်တာ၊ အနည်းဆုံး တော့ မင်း အပျင်းပြေတာပေါ့"

ဝတ်ရည်က အဲဒီစကားကြောင့် ပြုံးဖြစ်သွားသည်။ ...တော့လည်း ဟုတ်သည်။ လောကမှာ ကိုယ်က မှန်ကန်စွာ ...တ်တိုင်းလည်း ပျော်ရွှင်ပြည့်စုံရတာ မဟုတ်။ ကိုယ့်မှာတော့ ...တွေ မေတ္တာတွေ မဏ္ဍိုင်တည်လျက် တစ်ယောက်ဆို တစ် ...က် ရှုမလောက် ချစ်ပြခဲ့သော်လည်း နောက်ဆုံးရလဒ်သည် ...ည်ရဲ့ နှလုံးသား တစ်ခုလုံး အစားခံလိုက်ရတာပဲ ဖြစ်

နှင်းဆီ ပြောသလိုပဲ ဝတ်ရည်သည်လည်း ဘာမှ ...သွားချင်တော့ပေ။ ဖြစ်လာသလိုသာ ပျော်ပျော်နေပစ်ချင် ...တ်များသည် ဝတ်ရည်ရဲ့ ရင်ထဲတွင် ကြီးစိုးနေသည့် ...ည်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းမှ ...

"သူ့နာမည် နရီမင်း တဲ့နော်"

"ဟုတ်တယ်၊ သူလိုလူတစ်ယောက်အကြောင်းကို စုံစမ်းဖို့ က သိပ်မခက်ပါဘူး၊ တို့ဦးလေးတစ်ယောက်ကလည်း အဲဒီလို view တွေရိုက်တဲ့ ဓာတ်ပုံဆရာပဲ၊ နည်းနည်းလှုပ် လိုက်ရင် ရပြီ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားစမ်းပါ ဝတ်ရည်ရဲ့။ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ခေါက် ပစ်လိုက်စမ်းပါ ...

မင်းက ကျက်သရေရှိရှိ ချောတဲ့သူဆိုတော့ မင်းကို ...ကယ်ချစ်တဲ့သူ၊ ကြင်နာနိုင်မယ့်သူဆိုတာ ရှိလာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်သည် အဲဒီအပြောကြောင့် ဟက်ဟက်ပက်ပက်ကြီး ရယ်မောကာ နှင်းဆီကို ချစ်စဖွယ်ကောင်းအောင် နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်လေသည်။



ဝတ်ရည်က ရင်ထဲမှာရှိသော ကြင်နာသည့် ချစ်ခြင်းကိုပဲ မက်မောသူဖြစ်သည်။
အချစ်အတွက် နောက်တစ်ခါ အသည်းထပ်ကွဲချင်လည်း ကွဲပါစေ။
အချစ်ကို ခံစားရရင်ပဲ ကျေနပ်ပြီဟု စိတ်လျှော့ထားလိုက်ပြီဖြစ်သော ...
အချစ်သမား သက်သက်သာ ဖြစ်တော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၇

တနင်္လာနေ့၌ ရုံးပြန်တက်သောအခါ ဝတ်ရည်သ ကေအသစ်ဖြင့် လှပ၍နေလေသည်။ တစ်ရုံးလုံးက ဝတ်ရည်ရဲ့ ကို ဝိုင်း၍ Appreciate လုပ်ကြသည်။ ဝတ်ရည်ရဲ့ ဘော တောင် မျက်ခုံးပင့်၍ ငုံကြည့်ကာ "ဝတ်ရည် ဒီဗိုင်းပြောင်း လား"ဟု မေးလျှင် ဝတ်ရည်သည် ရှက်စနိုးဖြင့် ပခုံးနှစ်ဖ ကျုံ့ကာ ...

"ဟုတ် အန်ကယ်၊ အဟောင်း ဟင်း"

"အေး ... ညည်း ငယ်သွားတယ်"

"အဟဲ ... သင့်ခ်ယူ အန်ကယ်"

"အေး ... ဝတ်ရည်ရေ၊ နေ့ခင်း တစ်နာရီကျရင် ဒီရုံး meeting တစ်ခုရှိတယ် သိလား၊ ဆယ့်နှစ်ထပ်ကို သွ မှာ"

"ဟုတ် ... ဘာတွေလုပ်ထားရမလဲ အန်ကယ်"

"ထွေထွေထူးထူးတော့ မရှိပါဘူး။ ဒီတာဝါကြီးရဲ့ပိုင် နဲ့ တွေ့မယ့်သဘောလောက်ပါ၊ ဝတ်ရည် နုတ်စ်ဘွ



တစ်အုပ်လောက်ပါရင် ရပါပြီ၊ ညည်းကိုလည်း မိတ်ဆက် ပေးပြီးသားရအောင် ခေါ်တာ။ ဒီ meeting က တစ်လ တစ်ခါလုပ်တယ်၊ အရေးကြီးမှသာ အန်ကယ် တက်တာ ပါ။ များသောအားဖြင့် မန်နေဂျာသွားတက်တယ်။ နောက် ဆို ဝတ်ရည်လည်း တက်ရလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့ အန်ကယ်"

ဝတ်ရည်သည် အန်ကယ့်ကို ခေါင်းညိတ်ပြလိုက်ပြီး ခောက် လုပ်စရာရှိတဲ့ အလုပ်တွေကို ဟာကွက်မရှိအောင် အား ကြိုးမာန်တက် ဆောင်ရွက်သည်။ ဒီရုံးကို နောက်ဆုံးမှ ရာထူး ကောင်းကောင်းဖြင့် ဝင်ရောက်လာခဲ့သော်လည်း မာန်မာန မရှိဘဲ အလုပ်ကို ကြိုးစားကာ မသိသေးတာ မတတ်သေးတာကို ဘယ်သူ့ ကိုမဆို သင်ဖို့ ဝန်မလေးသဖြင့် အားလုံးက ခင်မင်ကြသည်။

တောင်ပေါ်သူတစ်ယောက် ဖြစ်သည့်အတွက် စကား ကို ပွင့်ပွင့်လင်းလင်း ပြောတတ်ခြင်းနှင့် ဖော်ရွေခင်မင်တတ်ခြင်း သည် ဝတ်ရည့်ကို လူချစ်လူခင် များစေသော အချက်တစ်ချက် ဖြစ်သည်။ ဝဲသောစကားသံချိုချိုနှင့် တစ်ခုခုကို သဘောကျ လျှင် ဟက်ဟက်ပက်ပက် ရယ်မောတတ်သော ဝတ်ရည်သည် အားလုံးကို မေ့ဖျောက်ထားကာ အလုပ်ထဲမှာပဲ အောင်မြင်အောင် ကြိုးစားဖို့ ဆုံးဖြတ်ထားတော့လေသည်။

အလုပ်ထဲမှာ စိတ်ပါဝင်စားနေသော ဝတ်ရည်သည် နေ့လယ်စာစားဖို့တောင် သတိမရ။ အန်ကယ်က သတိပေးတော့ မှ ထမင်းစားဖို့ သတိရသည်။ အန်ကယ့်ထက် အရင်ပြီးအောင် ထမင်းစားပြီးတာနှင့် meeting ဝင်ဖို့အတွက် ပြင်ဆင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အသင့်ဖြစ်လျှင် ကိုယ့်ကိုယ်ကိုယ် ပြန် check ဖို့လည်း မမေ့ချေ။ ဝတ်ရည်သည် ကိုယ့်အတွက် သီးသန့်ပေးထားသော သန့်စင်ခန်းထဲမှ မှန်ရှေ့တွင်ရပ်လျက် ကိုယ့်ကိုယ်ကိုယ် တစ်ချက် ကြည့်လိုက်သည်။

မှန်ထဲမှာ ပြောင်စပ်စပ် ပြုံးပြနေသော ကောင်မလေးသည် အင်မတန် ဆန်းသစ်လှပသော ဆံပင်ပုံစံဖြင့် ဝတ်ရည်ကို စိုက်ကြည့်နေသည်။ ဒီပုံစံလေးဟာ ဒီအတိုင်းလေး ချထားလေမှ သူ့ပုံစံအတိုင်းဝင်ကာ လှပသည်မို့ရော ဟိုဟိုဒီဒီ ရှည်တစ်စစီ ဖြစ်တာကြောင့် ဆံထုံးလေးတွေကတော့ အရင်လို ထုံးလို့ မရတော့ပြီ။

ဒီနေ့ ဝတ်ရည် ဝတ်ဆင်လာသည်မှာ အနက်ရောင်ပေါ်တွင် အဖြူရောင် စပေါ့လုံးလေးများ ပါဝင်သော ပါးပါးလျားလျား ခပ်ပွပွ ခါးရှည်ဘလောက်စ်လေးဖြစ်ကာ ခါးတွင် အဖြူရောင် ခါးပတ်သေးသေးလေးတစ်ခုကို ခပ်လျော့လျော့ပတ်ထားသည်။ အောက်ကစကတ်ကတော့ ခြေသလုံးနှင့်အတိ အဖြူရောင်စကတ် ဖြစ်လေသည်။

ဝတ်ရည်က ကိုယ့်အလှကိုယ် ယုံကြည်စွာဖြင့် တစ်ပတ်လည်ကြည့်ပြီးသည့်နောက်တွင် အန်ကယ့်ရှေ့သို့ ရောက်သွားကာ ...

"အန်ကယ် ... ဝတ်ရည် ရယ်ဒီဖြစ်ပါပြီ၊ ဘာများလိုသေး မလဲဟင်"

"အေး ... ဘာမှတော့ မလိုဘူး။ ဒီဖိုင်ကိုသာ ယူခဲ့"

"ဟုတ်ကဲ့"



ဝတ်ရည်နှင့် အန်ကယ်သည် meeting ပြုလုပ်မည့် ဆယ့်နှစ်ထပ်သို့ lift ဖြင့် တက်လာခဲ့ကြသည်။ meeting ပြုလုပ်ရာ အခန်းကျယ်တစ်ခုရှေ့သို့ရောက်လျှင် အပေါက်ဝ၌ ရပ်နေသော လူနှစ်ယောက်က လာသမျှ ဧည့်သည်များကို ခရီးဦးကြိုပြုကာ နှုတ်ဆက်နေသည်။ ဝတ်ရည်သည် အန်ကယ်ရဲ့ နောက်ဘက်မကျဘကျမှာ နေရာယူရင်းမှ အပြုံးတစ်ခုကို အဆင်သင့် ဖန်တီးထားလိုက်သည်။

"ဟော ... အန်ကယ်၊ ကြွပါ ခင်ဗျာ၊ ကြွပါ"

"ဩော် ... မောင်ရောင်ဝါ၊ မင်း ဒယ်ဒီရော နေကောင်းသွားပြီလားကွ၊ ဘယ်လိုလဲ။ အန်ကယ်လည်း လာမယ် လာမယ်နဲ့ကွာ။ ဟိုတစ်နေ့ကလည်း ပရက်ရှာနည်းနည်း တက်နေတာနဲ့"

"ဟုတ် ... ရပါတယ် အန်ကယ်။ ဒယ်ဒီက နေကောင်းသွားပါပြီ။ အားပြည့်အောင် နည်းနည်းနားနေတဲ့သဘော ပါ။ အိမ်ကနေပြီးတော့ manage လုပ်နေပါတယ်၊ အိမ်ကနေ အလုပ်လုပ်နေတဲ့ သဘောပေါ့"

"ဩော် ... အဲဒီလိုလည်း မလုပ်နဲ့လေကွာ၊ အနားယူမှာဖြင့် ပြည့်ပြည့်ဝဝ အနားယူမှပေါ့။ အင်း ... မသွားဖြစ်ရင်တောင် ဖုန်းဆက်ပြောဦးမှပါ ...

ဘာပဲပြောပြော ရောင်ဝါ ရှိတော့ တော်တော်တော့ အားကိုးရမှာပေါ့"

ဝတ်ရည်သည် အန်ကယ်နှင့် နှုတ်ဆက်နေသောလူကို မျက်နှာကို အရင်မကြည့်မိသေးချေ။ လူကြီးတွေအားပြော

www.burmeseclassic.com

www.burmeseclassic.com



နေသွင် မျက်လွှာချထားသော ထုံးစံအတိုင်း မျက်လွှာချထား
မှ ဘာရယ်မဟုတ် ကြည့်မိကြည့်ရာ ခန္ဓာကိုယ်အောက်ပိုင်း
အရင်စကြည့်မိတာ ဖြစ်သည်။ အနက်ရောင်ဘောင်းဘီရှည်
စတိုင်လ်ပန်တွေလို ပွတာဟာ မဟုတ်ဘဲ အဆင်ပြေစွာ ချုပ်ရုပ်
သံဖြင့် ကိုရီးယားမင်းသားတွေ ဝတ်လေ့ရှိသော skinny ဘောင်း
မျိုးဆိုတာ နားလည်ရသည်။

အဲဒီကနေ အထက်သို့ နည်းနည်း ထပ်တက်လို
လျှင် တန်ဖိုးကြီးမှန်း သိသာစေသော ခါးပတ်၊ အဖြူခံပေါ်တွ
အနက်ရောင်ကွမ်းရိုးစင်းများ ပါဝင်သော ရှပ်အင်္ကျီ စသဖြ
အသံနားထောင်ကြည့်တာနှင့် အသက်သိပ်မကြီးသော လူ
ယောက်ဆိုတာ သဘောပေါက်မိလျှက် ဝတ်ရည်က ကိုယ်ကပါ နှ
ဆက်ပြီး ပြုံးပြဖို့ ခေါင်းမော့ကြည့်လိုက်သည်။

ဘယ်လိုအာရုံချင်းက ချိတ်ဆက်ထားသလဲတော
မသိပါ။ ထိုတစ်ယောက်ကလည်း ဝတ်ရည်ကိုပါ ငုံကြည့်လာတာ
နှင့်ကြုံလျှင် ဝတ်ရည်ရော သူရောရဲ့ မျက်လုံးတွေသည် ဆုံမှ
တစ်ခုမှာ တည့်တည့်ပေါင်းဆုံသွားကြသည်။ ဝတ်ရည်သ
ဒီလူတစ်ယောက်ကို မြင်လျှင် ပါးစပ်မှ အသံမထွက်သော်လည်
ရင်ထဲမှာတော့ ဟင်ခနဲ မြည်သွားသည်။ အံ့သြသွားတာ
ဘယ်လိုမှ ဖုံးမထားလိုက်နိုင်တာတော့ သေချာသည်။

ဒီလိုပဲ အဲဒီတစ်ယောက်ကလည်း ဝတ်ရည်ကို
သောအခါ အံ့သြသွားပုံပေါ်သည်။ သို့သော် ချက်ချင်းပဲ သူ
က မထီတရီပြုံးကာ ဝတ်ရည်ကို ခပ်ထေ့ထေ့ ကြည့်လာသည်
ဝတ်ရည်သည် သူ့ကို သူ့ပုံစံအတိုင်း ခပ်ထေ့ထေ့ ပြန်ကြည့်



ချင်သော်လည်း သူဟာ အန်ကယ်ရဲ့ မိတ်ဆွေ၊ အရေးပါသော လူ
တစ်ယောက်ဆိုတာ ရိပ်မိနေသည့်အတွက် အောင့်သက်သက်ဖြင့်
ဘာမှမစွမ်းသာချေ။ ဘယ်သူ့ကိုမဆို ဖော်ရွေစွာ ပြုံးပြတတ်သော
ဝတ်ရည်ရဲ့ နှုတ်ခမ်းတွင် အပြုံးတစ်ခုက တော်တော်နှင့် ဖန်တီး၍
မရဘဲ ပြဿနာတက်လျက်ရှိသည်။

အဲဒီအချိန်မှာပဲ အန်ကယ်က သူနဲ့ ဝတ်ရည်ကို
မိတ်ဆက်ပေးလေသည်။

"ဝတ်ရည်ရေ … ဒါ လင်းကွန်ထရပ်ရှင်က ဦးနေလင်းရဲ့
သားပေါ့၊ လင်းမြတ်ရောင်ဝါလို့ ခေါ်တယ်"

အန်ကယ်က စကားထပ်မဆက်သေးဘဲ ဝတ်ရည်
ပြန်နှုတ်ဆက်၍ရအောင် ခဏရပ်ထားလျှင် ဝတ်ရည်သည် ပါးစပ်
ကို ပိတ်ထား၍ မရတော့ဘဲ ခေါင်းတညိတ်ညိတ်ဖြင့် ပြန်နှုတ်
ဆက်တော့သည်။

"ဟုတ် … ဟုတ်ကဲ့ပါ။ တွေ့ရတာ ဝမ်းသာပါတယ်
ကိုလင်းမြတ်ရောင်ဝါ၊ ကျွန်မ အင်မရယ်ဝတ်ရည် ပါရှင့်"

ဟင်း … နာမည်ကလည်း စီစီးပိုးပိုး။ လင်းမြတ်
ရောင်ဝါတဲ့၊ ဘာအရောင်အဝါတွေကများ လင်းမြတ်နေလို့လဲ။
ဝတ်ရည်သည် မျက်နှာကသာ မပြုံးချင် ပြုံးချင် ပြုံးထားရသော်
လည်း စိတ်ထဲကတော့ဖြင့် ပယ်ပယ်နယ်နယ် ကဲ့ရဲ့လျက်ရှိသည်။
သူကလည်း မခေချေ။ နှုတ်ခမ်းဖျားမှာ မထီတရီ အပြုံးမျိုးကို
ခန့်ဆင်းထားလျက် … (သူနဲ့ ဝတ်ရည်သာ သိသော)

"အမ်မရယ်ဝတ်ရယ် … ဟုတ်လား၊ အင်း … အင်း …
ဘယ် position ကလည်းဆိုတာ ပြောပြဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရဲ့စိတ်ထဲတွင် ဆစ်ခနဲ ဖြစ်သွားကာ သူ့ကို ရှုခနဲ ကြည့်မိသည်။ မသိလျှင်တော့ သူ့မေးခွန်းနဲ့ သူ့ပုံစံဟာ ခပ်ရိုးရိုးပဲဟု ထင်ရသော်လည်း ငြိထားဖူးခဲ့သည့် ရာဇဝင်ရှိသော သူနဲ့ ဝတ်ရည်အတွက်တော့ သူ့ရဲ့ ဘယ်လိုစကားမျိုးမဆိုသည် ဘာအဓိပ္ပာယ်နဲ့ ပြောသလဲဆိုတာ ခွဲခြမ်းစိတ်ဖြာစရာ ကောင်းနေသည်။ ဝတ်ရည်ရဲ့စိတ်တွင် တင်းခနဲ ဖြစ်သွားသည့်နည်းတူ မေးကြောတွေပါ တင်းသွားသည်ဟု ထင်ရလေသည်။ အပြင်မှာသာ ဆိုရင်တော့ ဒီလူကို အဲသာလေး ကောပစ်လိုက်ပြီသာ ဖြစ်သည်။

ဝတ်ရည် နည်းနည်းတုံ့နေတုန်းမှာပဲ ဘာမှမသိရှာသော အန်ကယ်က ဝင်ရောက်ဖြေပေးသည်။

"သူက အန်ကယ့် စက္ကရီတေရီလေ ရောင်ဝါရဲ့။ အလုပ် ဝင်လာတာ တစ်လတောင် မပြည့်သေးဘူး။ ကဲ - အန်ကယ်တို့ ဝင်လိုက်တော့မယ် စတော့မှာ မဟုတ်လား"

ဝတ်ရည်သည် အန်ကယ့်ကို စိတ်ထဲမှကျိတ်၍ Bravo ပေးလိုက်မိသည်။ အန်ကယ့်နောက်မှ ခပ်ယို့ယို့ လိုက်ပါ မသွားဘဲ မျက်နှာကိုမော်ကာ မေးကြောကိုထောင်နေအောင်တင် ပြီး လိုက်ပါသွားလေသည်ကို သူကလည်း မျက်ဝန်းများကို တမင်မှေးစင်းကာ လိုက်ကြည့်လေသည်။ ဝတ်ရည်ကတော့ သူ ဟာသူ MD မကလို့ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ချေ။ ဝတ်ရည်ကို ဗရုတ်လုပ်ထားသောသူသည် ဗရုတ်လိုပဲ ဆက်ဆံခံရမည်သာဖြစ် သည်။

Metting Room ထဲမှာ လူစုံသွားလျှင် အစည်းအဝေး ကို စတင်လေသည်။ အစည်းအဝေးကို နားထောင်ကြည့်တော့



…င် ဒီတာဝါကြီးတစ်ခုလုံးကို ကုမ္ပဏီအသီးသီးသို့ အလွှာလိုက် ငှားရမ်းထားသော သူတို့ရဲ့ လုပ်ငန်းအဝဝအကြောင်းကို နားလည် …ော့သည်။ သူက လိုအပ်တာမှန်သမျှကို ရှင်းလင်းတင်ပြပြီး နောက် တခြားလုပ်ငန်းရှင်တွေနဲ့ စကားပြောဆို ဆွေးနွေးကြသည်။ …တ်ရည်သည် သူပြောသမျှ တချို့အချက်တွေကို မှတ်သင့်တာ မှတ်ရင်းမှ သူ့ကို မကြည့်ချင်လည်း ကြည့်နေရသည်။ လူပုံစံက တော့ နှာမည်နှင့် လိုက်ဖက်စွာဖြင့် ခပ်မြင့်မြင့်စတိုင်လ်ထဲက ဖြစ်မည်။ ဒါကြောင့်မို့ ဝတ်ရည်သည် သူ့ကို တွေ့စတည်းက …င် မဟုတ်တရုတ်ထဲကတော့ မဖြစ်နိုင်ဟု သတ်မှတ်ခဲ့တာဖြစ် သည်။

လူတစ်ယောက်ကို ကြည့်လျှင် ဆယ်ထပ်တိုက် အပေါ်လောက်ကနေ၍ လှမ်း၍ကြည့်တတ်သော၊ နှုတ်ခမ်းတစ် …က်တည်းကို မထိတရိ ပြုံးကြည့်တတ်သော ဒီလူသည် ကိုယ့် …ိုယ်ကိုယ်တော့ အတော်ပဲ အထင်ကြီးပုံ ပေါက်လေသည်။ မိန်း …ကလေးမှန်သမျှဟာ သူ့ကို မြင်တာနဲ့ပဲ အရေးလုပ် ဖူးဖူးမှုတ် …နေရမည်ဆိုသော ပုံစံမျိုး။ ဟင်း … ဝေးပါသေးတယ်။ ဝတ်ရည် သည် စိတ်ထဲမှကျိတ်၍ နှာခေါင်းရှုံ့လိုက်ပြီးနောက် သူ့ကို တစ် …ချက်ကြည့်မိလိုက်ရင်းမှ ဘာရယ်မဟုတ်ဘဲ ဖိုတိုဂရပ်ဖာ နရီမင်း …ကို ပြေး၍ သတိရသွားသည်။

ဝတ်ရည်သည် ကိုယ်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်း …သော ဆန့်ကျင်ဘက်လူနှစ်ယောက်ကို နှိုင်းယှဉ်ကြည့်နေမိသည်။ …တစ်ယောက်က မြင်လိုက်တာနှင့် ခင်မင်ဖွယ်ကောင်းသော နူးညံ့ …သာသည့် မျက်ဝန်းများနှင့် အပြုံးများကို ပိုင်ဆိုင်ထားသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့မျက်နှာသည် မြင်လိုက်ရသူရင်ကို အေးခနဲ ဖြစ်သွားအောင် ငြိမ်းဆောင်သွားစေနိုင်သည်။ ရိုးသားဖြူစင်ခြင်းကို အပြင်သို့ တမင်ထုတ်ပြစရာ မလိုဘဲ ဘယ်သူကပဲမြင်မြင် သူ့ပုံစံကတော့ဖြင့် ရိုးသားတယ်ဟု သတ်မှတ်၍ရသောပုံစံ ဖြစ်သည်။ မိန်းကလေးအများစုက နှစ်လိုဖွယ် နှစ်သက်တတ်ဖွယ်ရှိသော ပုံစံပဲ ဖြစ်တော့သည်။

ဒီတစ်ယောက်ကတော့ အလကားနေရင်း အခြောက်တိုက် ဘဝင်မြင့်နေတဲ့ပုံတော့ မဟုတ်သော်လည်း သူ့ကိုယ်သူတော့ အင်မတန် ယုံကြည်မှုရှိသော ဒီဇိုင်းကြီးဖြစ်သည်။ သူလုပ်လျှင် ဘာမဆို ဖြစ်ရမည်။ သူ့ကိုဆိုလျှင် ဘယ်သူကမှ မလွန်ဆန်နိုင် ...၊ သူက ခပ်မြင့်မြင့်ထဲကလူ ... စသဖြင့် အဲဒီအရိပ်အရောင်တွေ ထင်ဟပ်နေသော မျက်နှာမျိုးဖြစ်သည်။

"ဒေါ်အိမ်မရယ်ဝတ်ရည် ကျွန်တော် မေးနေတာ ကြားပါရဲ့လားခင်ဗျာ"

ဝတ်ရည်သည် အနည်းငယ် ဖောက်ထွက်လာသော အသံကိုကြားမှ ဆတ်ခနဲ ဖြစ်သွားကာ အသံလာရာကို ကြည့်လိုက်လျှင် ဝတ်ရည်ကို လှမ်းကြည့်နေသော သူ့မျက်လုံးစူးစူးရှရှများကို မြင်တွေ့လိုက်ရသည်။ ဘုရားရေ ... ငါတော့ သွားပါပြီ။ တဒင်္ဂအတွေးတွေ လွင့်မျောသွားတာနဲ့ သူ ဘာမေးလိုက်တယ်ဆိုတာလဲ မကြားလိုက်ချေ။ သို့သော် မကြားတာကို ဘာမေးတာပါလိမ့်ဟု စဉ်းစားနေဖို့မလို။ စဉ်းစားနေခြင်းက ပို၍သရုပ်ပျက်သည်ဟု နားလည်ထားသော ဝတ်ရည်သည် သူ့လို ခပ်တည်တည် မျက်နှာပေးနှင့်ပင် ...



"စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ သိပ်မရှင်းဘူး ဖြစ်နေလို့ နောက်တစ်ခေါက်လောက် ကျေးဇူးပြုပြီး ပြန်မေးပေးပါလား"

သူက ဝတ်ရည်ကို စူးခနဲကြည့်သည်။ ပြီးလျှင် ခမ်းတွေက မသိမသာပဲ သရော်မော်ကား ပြုံးသွားကြပြန်သည်။ အပြုံးရဲ့ အဓိပ္ပာယ်ကို ဝတ်ရည် ကောင်းကောင်းကြီး သိလေသည်။ မင်း နပ်ပါပေတယ်၊ တော်ပါပေတယ် ဟူသော အပြုံးမျိုးသည်။ ဝတ်ရည်ကလည်း ဘယ့်နှယ်ရှိစ ဟူသော အပြုံးမျိုးဖြင့် ထေ့ထေ့ ပြန်ပြုံးကြည့်လိုက်သည်။ ဝတ်ရည်တို့ နှစ်ယောက်သည် ချင်း ခြေမြင်စွာဖြင့် အထေ့အပြုံးတွေ ဖလှယ်နေတာဖြစ်လေသည်။

သူက လည်ချောင်းကို ဟမ်းခနဲ တစ်ချက်ရှင်း

"ပြီးခဲ့တဲ့ ခြောက်လစာ စာရင်းချုပ်ကို ပြန်ကြည့်ချင်တယ်၊ ရမလားလို့ မေးနေတာ။ ပြီးတော့ အန်ကယ်က သူ တောင်းဆိုချင်တာလေးတွေ ရှိသေးတယ်တဲ့၊ အဲဒါကို ဒေါ်အိမ်မရယ်ဝတ်ရည် plan ချထားတာတွေ ရှိလား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

"ကောင်းပြီ၊ metting ပြီးသွားရင် အဲဒါကို ကျွန်တော်ကြည့်ချင်တယ်"

"ဟုတ်ကဲ့ပါ၊ ရပါတယ်"

သူက ပြီးရောဟူသော သဘောဖြင့် ဘာမှဆက် တော့ချေ။ တခြားအကြောင်းအရာတွေကိုသာ ဆွေးနွေးနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝတ်ရည်သည် ဒီတစ်ခါတော့ ဘယ်ကိုမှ အာရုံမပျံ့ရဲတော
ချေ။ အခုနတုန်းကလည်း ဒီလူ ဝတ်ရည်ကို လှမ်းကြည့်ပြီး တ
ခုခုကို တွေးနေတယ်ဆိုတာ ရိပ်မိတာနှင့် ဆရာက ကျောင်းသာ
ကို အငိုက်ဖမ်းပြီး စာလှမ်းမေးသလို မေးခြင်းသာဖြစ်သည်။

အဲဒီလို ဝတ်ရည် ထင်တာကလည်း မမှားချေ
Metting ကြီးတစ်ခုလုံး ပြီးဆုံးသွား၍ Metting Room ထဲ၌ 
နဲ့ ဝတ်ရည်သာ နှစ်ယောက်တည်း ကျန်ခဲ့လျှင် အကြောင်းစုံ
သိရလေသည်။ အန်ကယ်ကတော့ ပြီးမှပဲ အေးဆေးလိုက်လာ
ဟုဆိုကာ ဝတ်ရည်ကို ဒီလူ့လက်ထဲ၌ ကျီးထိုးထိုး ခွေးစားထ
ထားပစ်ခဲ့ပြီဖြစ်သည်။ ဝတ်ရည်သည် နှုတ်ခမ်းကို ခပ်တင်းတင်
စေ့ကာ ခြောက်လစာ စာရင်းချုပ်ကို သူ့ကိုပြဖို့ ပြင်ဆင်သည်
အဲဒီအချိန်မှာပဲ သူ့ထံက စကားသံတစ်ခုက စတင်ထွက်ပေါ်
လာလေသည်။

"မင်းက စက္ကူတီတေရီကောင်း တစ်ယောက်ဖြစ်ဖို့ တော
တော်ကြိုးစားရဦးမယ်နဲ့ တူတယ်နော် အမ်မရယ်ဝတ်ရည်"

ဝတ်ရည်သည် ဆတ်ခနဲ ဖြစ်သွားသော်လည်
ဒီလူ ရန်စနေတယ်ဆိုတာသိ၍ ဘာမှပြန်မပြောမိချေ။ ကိုယ့်စာရ
ကိုသာ အာရုံစိုက်ထားမိသည်။

"တစ်ဖက်သားရဲ့စကားကို တုံ့ပြန်မှုမပေးတာ ရိုင်းတဲ့အ
အမူတစ်ခုဆိုတာကိုတော့ မင်း သိပါတယ်နော်"

ဒီတစ်ခါတော့ ဝတ်ရည်သည် မနေသာတော့
စာအုပ်မှ မျက်နှာကိုခွာကာ သူ့ကို တစ်ချက်မော့ကြည့်လိုက်သည်
သူက ဆုံလည်ခုံတွင် ခြေချိတ်ထိုင်ရင်းမှ လက်နှစ်ဖက်ကို ခုံလ



ခေါ်တွင် တင်ထားရင်း မေးစေ့ကို လှမ်းထောက်ထားကာ
ရည်ကို အတည်ပေါက်ကြီး စိုက်ကြည့်နေသည်။ အဲဒီလိုကြည့်
အားဖြင့် ဝတ်ရည်ကို ပြန်သွားမယ် ထင်ပါသလား။ ကြင်နာ
တ်သော၊ နူးညံ့သော နှလုံးသားရှိသော်လည်း စိန်ခေါ်တိုင်း
ကြောက်တတ်သော ဝတ်ရည်သည် အဲဒီ မျက်လုံးတွေကို ရဲရဲပဲ
စိုက်ကြည့်လိုက်သည်။

"ကျွန်မက ရှင့်ကို ဘာတုံ့ပြန်မှု ပေးနေရဦးမှာလဲ၊ ရှင်ထင်
တာ ဝေဖန်နေတဲ့ကိစ္စမှာ ကျွန်မအတွက် ထူးခြားတဲ့ခံစားမှု
မျိုး မရှိဘူး၊ အဲဒါကြောင့်ပါ"

သူက ဝတ်ရည်ရဲ့အပြောနှင့် အကြည့်ကို မျက်ခုံး
က် စုပင့်ပြသည်။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်တည်း တွန့်
ပြုံးလေသည်။ (ဒီလိုမုန်းစရာကောင်းလွန်းတဲ့ အပြုံးမျိုးကြီး
ဘယ်လိုများ ရှာဖွေတီထွင် ပြုံးတတ်ပါလိမ့်။ သူ့ကိုယ်သူ
အဟုတ်ကြီး ထင်လိမ့်မည်။)

"မင်းက တော်တော်တော့ သတ္တိကောင်းပုံ ရတယ်နော်။
ပြီးတော့ မင်း အသံ နားထောင်ရတာ ရန်ကုန်က မဟုတ်
ဘူးနဲ့ တူတယ်၊ နယ်ကလား ဘယ်မြို့ကလဲ"

"အဲဒါ အလုပ်ကိစ္စနဲ့ ပတ်သက်နေလို့လား"

ဝတ်ရည်ရဲ့ ခပ်ဆတ်ဆတ်အပြောကို သူက သဘော
သလိုဖြင့် ဟားခနဲ ရေရွတ်ကာ အသံမမြည်သော လက်ခုပ်တစ်
ချက်ကိုပင် တီးလိုက်သေးသည်။ ဝတ်ရည်သည် နှုတ်ခမ်းကို
င်းတင်းစေ့ကာ ခြောက်လပတ်ချုပ်စာရင်းဖိုင်ကို သူ့ရှေ့သို့
ညှတ်တည့်ချပေးလိုက်ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခြောက်လပတ်စာရင်း ရပါပြီ။ ဒါက အန်ကယ် ညှိချင်တဲ့ အချက်တွေပါ။ ကျွန်မ ထားခဲ့ပါ့မယ်။ စိတ်တိုင်းကျ ကြည့်ပါ။ ဆုံးဖြတ်ချက်ကို လှမ်းမေးပေးပါ့မယ် ကျွန်မကို ခွင့်ပြုပါ"

"နေပါဦး၊ မင်းကို ဘယ်သူက သွားခိုင်းသေးလို့လဲ ပြီးတော့ ဒီစာရင်းတွေကို မင်းကိုရော ကိုယ်က တောင်း နေလို့လား။ မင်းထက် ရာထူးကြီးတဲ့ လူတစ်ယောက်ကို ဒီလိုပုံစံမျိုး မင်း ဆက်ဆံရသလား"

ဝတ်ရည်သည် ထောင်းခနဲ ထွက်သွားသော ဒေါသတွေကို ခပ်တင်းတင်းပဲ ပြန်မျိုချထားလိုက်ကာ နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ...

"ကျွန်မ ဆက်ဆံတဲ့ စကားထဲမှာ ရှင့်ကို ရိုင်းပျစော်ကားတဲ့ စကားမျိုး တစ်ခွန်းမှ မပါသေးပါဘူး ဦးလင်းမြတ်ရောင်ဝါ။ ကျွန်မ အလုပ်ကိစ္စနဲ့ ပတ်သက်တာတွေကို ပြောနေတာပါ"

"မှန်တယ်၊ ရိုင်းတဲ့စကားတွေ မပါဘူး။ ဒါပေမဲ့ မင်း ကိုယ့်ကို ဆက်ဆံတဲ့ပုံစံမှာ respect မပါဘူး"

ဝတ်ရည်သည် အဲဒီစကားကိုကြားလျှင် နှင်း အော်ရယ်သလို အသံပြဲကြီးနှင့် တဟားဟား အော်ရယ်ချင်စိတ် ပေါက်သွားသည်။ ဒီလူ တော်တော်ကြောင်တာပဲ။ ဝတ်ရည်သည် ရယ်ချင်စိတ် ပေါက်သွားသဖြင့် မျက်နှာကြောက နည်းနည်းလျော့ သွားကာ အခုနကလောက်တော့ မတင်းတော့ချေ။



"အဲဒါကတော့ ကျွန်မတို့က စတွေ့တည်းက အဆင်မပြေကြလို့ ဖြစ်ပါလိမ့်မယ်"

ဝတ်ရည်ရဲ့ ပုံမှန်လေသံအေးကို သူက ခေတ္တမျှ းစိုက်သွားသည်။ ပြီးလျှင် ခေါင်းတစ်ချက်ညိတ်ကာ ...

"အိုကေ ... That's may be ။ ဒါပေမဲ့ မင်းက စုဋ္ဌသုဘဒ္ဒါ လို မိန်းကလေးမျိုးလား အမ်မရယ်ဝတ်ရည်"

"ဘာဆိုင်လို့တုန်း"

မျက်မှောင်ကြုတ်လျက် စူပုပ်ပုပ် ပြန်မေးသော တ်ရည်ရဲ့အမေးကို သူက တဟက်ဟက် ရယ်မောလေသည်။ တ်ရည်သည် ဒီလူ ရယ်မောနေတာကို ပေစောင်းစောင်းကြည့် မှ ကိုယ့်တစ်ယောက်တည်းကိုမှ ရွေးခေါ်ထားတာ ရိုးသားရဲ့ ဟု တွေးနေမိသည်။ ဒီလူရဲ့ပုံစံကို သိပ်အကဲမရချင်ပေ။ တ်ရည်ကို စကားပြောချင်၍ တမင်သက်သက် ခေါ်ထားသလား းမိသေးလေသည်။

"ဪ ... မင်းရဲ့ဆံထိုးလေးက ကိုယ့်ကြောင့်ဆုံးရှုံးသွားရတာ မဟုတ်လား။ အဲဒါကိုပဲ စိတ်နာနေတုန်းမို့ ကိုယ့်ကို မကြည်လင်နိုင်တာလားလို့ပါ"

"ဘာမှမဆိုင်တာတွေ လာပြောမနေနဲ့"

ဝတ်ရည်သည် ကိုယ့်ကို တစ်မျိုးသော မျက်ဝန်း ပြုံးယောင်တွေဖြင့် ခပ်ရွှန်းရွှန်း စိုက်ကြည့်ခြင်း ခံလိုက်ရသောအခါ ထဲမှာ နည်းနည်းယမ်းသွားသည်။ စိတ်ဆိုးလျှင် လုပ်နေကြပုံစံ တိုင်း မျက်လွှာချလျက် နှုတ်ခမ်းကိုဆူကာ ခပ်တိုးတိုးပြော ကိုလျှင် သူက ဝတ်ရည်ရဲ့ပုံစံကို အသေအချာ စိုက်ကြည့်လာ

www.burmeseclassic.com



သည်။ အဲဒီအကြည့်တွေကြောင့် ဝတ်ရည်ရဲ့ လက်ဖျားတွေတော
နည်းနည်းအေးချင်သလို ဖြစ်လာပါသည်။

"ကျွန်မ သွားတော့မယ်"

ဝတ်ရည်က ခပ်တိုးတိုးဆိုကာ လှည့်ထွက်ဖို့ပြ
လျှင် သူက လက်တစ်ဖက် လှမ်းလျက် ...

"ခဏနေဦး အမ်မရယ်ဝတ်ရည်"

သူ့အသံကြောင့် ဝတ်ရည်ရဲ့ ခြေလှမ်းတွေ တုံ့သွား
သည်။ သူ့အသံမှာ ခါတိုင်းလို အမိန့်ပေးတဲ့အသံ မဟုတ်ဘဲ
သူ့အနားက ထွက်မသွားစေချင်သေးသဖြင့် တားသော အသံမျိုး
ဖြစ်တာကြောင့် ဝတ်ရည်သည် သူ့ကို အသာငဲ့စောင်းကာ ကြည့်
ဖြစ်လေသည်။ သူ့မျက်ဝန်းတွေက ဝတ်ရည်ကို တည့်တည့်
စူးစူးစိုက်စိုက် ကြည့်၍နေလေသည်။ ဒီမျက်ဝန်းတွေကို သေချာ
ရင်ဆိုင်ကြည့်တော့မှပင် စူးရဲတောက်ပသလောက် ညှို့အားကြီး
သော မျက်ဝန်းတွေဆိုတာ ဝတ်ရည် သိရှိသွားသည်။

"မင်းနဲ့ ကိုယ် မိတ်ဆွေဖြစ်ချင်တယ်၊ အဲဒါ ဖြစ်နိုင်မလား"

တကယ်ဆိုရင် မင်းကို ကိုယ် ခင်ချင်တယ်၊ မိတ်
ဆွေအဖြစ် ခင်မင်ခွင့်ပြုပါ စသဖြင့် ဒီစကားမျိုးကို နူးနူးညံ့ညံ့
ချိုချိုသာသာ ပြောရမည့် စကားမျိုးဖြစ်သည်။ သို့သော် သူ့ပုံ
ကတော့ ခပ်ပြတ်ပြတ်ပင်။ ဒါပေမဲ့ တွေ့စကထက်စာလျှင်
အတော်ကြီး ပြောင်းလဲလာသည်ဟု ထင်ရသော စကားတို့က
ဝတ်ရည်က ပြိုင်မငြင်းချင်တော့စွာဖြင့် နားလည်ပေးလိုက်သည်။

ဝတ်ရည်သည် ခေါင်းညိတ်ခြင်းအစား မျက်လွှာတ
ချက် ချပြလိုက်ရင်းမှ ...



"ရပါတယ်"

"အိုကေ ... သင့်ခ်ယူ အမ်မရယ်ဝတ်ရည်။ ဒါဆို မင်းနဲ့ ကိုယ် တစ်နေ့လောက် အေးအေးဆေးဆေး ဆုံကြတာ ပေါ့"

ဝတ်ရည်သည် သူ့အပြောကို ဘာမှမတုံ့ပြန်တော့ဘဲ အသာလှည့်ထွက်လာခဲ့လေသည်။ စိတ်ထဲမှာတော့ ဒီလူဘယ်သူများ ဖြစ်ပါလိမ့်ဟု တွေးနေမိသည်။

ကိုယ့်ရုံးခန်းထဲသို့ ပြန်ရောက်လျှင် စာရင်းလာတင်သော စာရင်းစစ်က မခိုင်က ဝတ်ရည်ကို စောင့်ဆိုင်းနေလျက် ပြုံးပြနေကာ ...

"ဝတ်ရည်တော့ Prince နဲ့ တွေ့နေပြီ တူတယ်"

"ဘယ်က Prince လဲ"

"လင်းကွန်ထရပ်ရှင်က Prince လေ။ လင်းမြတ်ရောင်ဝါ ကို ပြောတာပေါ့"

ဝတ်ရည်သည် အောက်နှုတ်ခမ်းကို ရှေ့သို့တွန်းထုတ်လိုက်ရင်းမှ ပခုံးတစ်ချက်တွန့်ကာ ...

"သူက Prince တဲ့လား။ King မဟုတ်တာ တော်သေးတာ ပေါ့နော်"

"အင်း ... စီးပွားရေးလောကမှာတော့ King အဆင့်မရောက် သေးလို့ပေါ့ကွယ်။ ဒါပေမဲ့ ဒီအသက် ဒီအရွယ်နဲ့ Prince ဖြစ်နေတာလည်း တော်တော် တော်လို့ပေါ့၊ ဒါကြောင့် လင်းမြတ်ရောင်ဝါ ဆိုရင် မိန်းကလေးတွေက သည်းသည်းလှုပ် ဖြစ်နေတာပေါ့"

www.burmeseclassic.com



"ဟင်း ... ဒီဖနောင့်သံစူးဒီဖိုင်းကိုများ"

"ဘာ ... ဘာရယ် ဝတ်ရည်။ ဖနောင့်သံစူးဒီဖိုင်း ဟုတ်လား။ အဲဒါ ဘာပြောတာလဲ၊ ဒီတောင်ကြီးသူမဟာ စကားပြောရင် အသစ်တွေ့ သိပ်ပြောတာပဲကွာ၊ နားက လည်ဘူး"

ဝတ်ရည်က တောင်ကြီးသူ ဖြစ်တာကြောင့် ရုံး လူတွေက တစ်ခါတလေကျလျှင် ဘိုဖြူ သီချင်းထဲကလို တောင်ကြီးသူမဟု နောက်တတ်ကြပါသည်။ တခြား Bra က ယောက်ျားလေးတွေကဆိုလျှင် တောင်ကြီးသူမ ရအောင် ဟု သီချင်းတွေ ဘာတွေတောင် စောင်းဆိုတတ်ကြသည် သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ဝတ်ရည်သည် မွေးရပ်ဇာတိ တောင်ကြီးမြို့ကို ချစ်သောကြောင့် တောင်ကြီးသူမဟု ခေါ်လည်း ကျေနပ်သည်သာ ဖြစ်သည်။

"ဩော် ... မခိုင်ကလည်း၊ ဖနောင့်သံစူးတော့ လူက ကြီးနဲ့ ထိလွှောက်လို့ မရဘူးလေ။ ခြေဖျားထောက် မြောက်ကြွ မြောက်ကြွ ဖြစ်နေတာကို ပြောတာ၊ အ လင်းမြတ်ရောင်ဝါ ဆိုတဲ့ လူကလည်း အဲဒီလိုပဲ မြောက် မြောက်ကြွ ဖြစ်နေလို့ ပြောတာ ...

သူ့ကြည့်ရတာ သိပ်ကြီးကျယ်မယ့်ပုံနော်၊ ဝတ်ရည် နဲ့တော့ သိပ်အဆင်မပြေဘူး"

"ဟဲ့ ... ရှင်က သူနဲ့ အဆင်မပြေဘူး၊ အမယ်လေး တောင်ကြီးသူမရယ်၊ သူနဲ့ဆို စကားပြောချင်ကြလွန်း မိန်းကလေးတွေက သည်းသည်းလှုပ်နေကြတာ ရှင်



သူနဲ့စကားပြော အဆင်မပြေဘူးဆိုတော့ ဘယ်လိုလုပ်ကြမလဲ ...

သူ့စတိုင်လ်ကိုက အဲဒီလိုမျိုးပဲဟဲ့"

"ဟင့် ... ကြိုက်တတ်ပါဘူး"

ဝတ်ရည်ရဲ့ ပြောင်ချော်ချော် ဂရုမစိုက်သည့်ပုံစံကို ခိုင်က ပြုံးကြည့်ကာ ...

"အင်း ... သူကတော့ ဝတ်ရည်ကို ကြိုက်ချင် ကြိုက်နေလောက်ပြီ"

"အံမယ် ... ဘာဆိုင်လို့လဲ၊ မခိုင်ကြီးနော်"

"ဟုတ်တယ်လေ၊ ဝတ်ရည်က အရမ်း Attrection ရှိတဲ့ဟာကို။ ယောက်ျားလေး မပြောနဲ့ မိန်းကလေးချင်းတောင် ဝတ်ရည်ကို ငေးနေရတာ၊ ဝတ်ရည် သဘောကျလို့ ရယ်လိုက်ရင် ပါးမို့လေးနှစ်ဖက်က မြင့်တက်သွားပြီး အရမ်းချစ်ဖို့ကောင်းသွားတာ ...

ပြီးတော့ ဝတ်ရည် ပုံစံက ပဲများတာ လုံးဝမရှိဘူး၊ သဘာဝအတိုင်း ကိုယ်နေတတ်သလို ပွင့်ပွင့်လင်းလင်းနေတာကိုက စတိုင်လ်တစ်မျိုးဖြစ်ပြီး စိတ်ဝင်စားဖို့ ကောင်းနေတာ"

ဝတ်ရည်သည် မခိုင်၏စကားကို တဟားဟားနှင့် ရယ်မိလေသည်။ အဲဒီလို မိန်းကလေးတစ်ယောက်ကိုပေါ့။ ချစ်သူ ရည်းစားက ရက်ရက်စက်စက် သစ္စာဖောက်သွားခဲ့တာ။ ရည်သည် ရယ်ရင်းနဲ့မှ ခေါင်းကို ဖြည်းဖြည်း ယမ်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်၏ မွေးရာပါဗီဇ စိတ်
အားအရ ဝတ်ရည်ကို လင်းမြတ်ရောင်ဝါ ဆိုသည့် လူ
နရီမင်း ဆိုသည့် တစ်ယောက်ရောပါ စိတ်ဝင်စားနေကြသည်
တာ ဝတ်ရည် သိပြီးဖြစ်သည်။ ပြောရလျှင် အဲဒီနှစ်ယောက်
ဟာ ရုပ်ရည်အားဖြင့်ရော၊ အခြေအနေအားဖြင့်ရော၊ ဝတ်ရည်
ရည်းစားထက် အပြတ်အသတ်သာသူများ ဖြစ်ကြသည်။
မဟုတ်တဲ့ ကိုယ့်ရဲ့ငယ်ရည်းစားက ကိုယ့်ကို သစ္စာဖောက်ချိန်
ပတ်ဝန်းကျင်က မင်းသားတွေရဲ့ အရေးစိုက်မှုကို ခံရ
ဝတ်ရည်သည် ကိုယ့်အဖြစ်ကို တအံ့တဩနှင့် တရားကျ
သည်။ အင်း ... လောကမှာ ဒီလိုကိစ္စမျိုးတွေကရော ရှိလာ

"မထင်ပါဘူး မခိုင်ရယ်။ ဝတ်ရည့် ရည်းစားက ဝတ်
ကိုပစ်ပြီး တခြားကောင်မလေးတစ်ယောက် နောက်
ကောက်ကောက်ပါအောင် လိုက်သွားတာနော်"

"ဩော် ... အဲဒါကတော့ အဲဒီလူရဲ့စိတ်ဓာတ်နဲ့ အ
ပေါ့ ဝတ်ရည်ရယ်၊ တန်ဖိုးထားတတ်မှုကလည်း မတူ
ဘူးလေ ...

ယောက်ျားတိုင်းတော့ ဘယ်တူပါ့မလဲကွယ်၊
Prince ကတော့ တို့ တောင်ကြီးသူမကို ရအောင်ပိုး
မယ်နဲ့ တူတယ်"

"အားလား ... ရန်ကုန်သားတွေကို ဝတ်ရည် ကြော
တယ်"

"အံမယ် ... ရန်ကုန်သားတွေက ကြောက်စရာမရှိ
နော်၊ တကယ်ချစ်တတ်တဲ့ ရန်ကုန်သားတွေ အများကြီး



အဲဒီ Prince ကသာ လက်ကမ်းလို့ကတော့ ငြင်းဖို့စိတ် မကူးနဲ့ ဝတ်ရည်ရေ"

"ဟင် ... မခိုင်ကလည်း ..."

"ဟုတ်တယ်၊ သူ့ကို တို့ဘော်စ်ကတောင် အရမ်းသဘောကျရတာ။ အရမ်းတော်တယ်ကွ၊ သိပ် Sharp ဖြစ်တယ်လို့ပြောကြတယ်။ ရုပ်ကလည်း တွေ့တယ်မလား၊ ဘရက်ပစ် ဒီဇိုင်းနဲ့ လန်ထွက်နေတာပဲ ...

ပြီးတော့ ... အဲဒါ ဆရာဝန်နော်"

"ဟင် ... ဆရာဝန်။ ဆရာဝန်ဆိုတော့ ..."

"ဩော် ... M.B.,B.S ဘွဲ့ ရထားတာကို ပြောတာ။ ဒါပေမဲ့ ဆရာဝန် မလုပ်ပါဘူး။ စင်ကာပူက MBA ဘွဲ့ ရထားတယ်။ ဘယ်ဘက်ကမှ ပြောစရာမရှိတဲ့လူ ဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့ကွာ။ ဝတ်ရည် ပြောသလို ဖနောင့်သံစူးချင်လည်း စူးချင်စရာပဲပေါ့"

"ဟင်း ... တော်ပါ။ သူ့ဟာသူ ဘာကြီးပဲဖြစ်ဖြစ် ဝတ်ရည်တို့ကတော့ စိတ်မဝင်စားပါဘူး။ တကယ် ... တကယ်"

မခိုင်ကတော့ ဝတ်ရည်ကို အံ့ဩတယ် ဟူသော ပုံစံမျိုးဖြင့် လက်တခါခါဖြင့် ထွက်သွားလေသည်။ ဝတ်ရည်ကတော့ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို ပျော်ပျော်ပဲလုပ်ရင်း ကျန်ခဲ့သည်။ အခုခေတ်ကြီးထဲမှာ ယောက်ျားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးတွေပဲဖြစ်ဖြစ် နောက်ခံ Background ကိုကြည့်ပြီး ရွေးချယ်တတ်ကြတာ၊ ဒိုးပြားတွေကို မက်မောတတ်ကြတာတွေ ရှိပေမယ့် ဝတ်ရည်တို့ကတော့ အဲဒီလိုင်းထဲမှာ မပါဝင်သူ ဖြစ်သည်။

www.burmeseclassic.com



ဝတ်ရည်က ရင်ထဲမှာရှိသော ကြင်နာသည့် ချစ်ခြင်းကို မက်မောသူဖြစ်သည်။ အချစ်အတွက် နောက်တစ်ခါ အသည်းထပ်ကွဲချင်လည်း ကွဲပါစေ အချစ်ကို ခံစားရရင်ပဲ ကျေနပ်ပြီဟု စိတ်လျှော့ထားလိုက်ပြီဖြစ်သော အချစ်သမားသက်သက်သာ ဖြစ်တော့လေသည်။



တချို့ယောက်ျားတွေသည် မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားရဲ့သားနဲ့ လည်း ဂရုစိုက်လေဟန် အရိုးမျိုးဖမ်း ထားပြီးမှ စိတ်ဝင်စားမှုကို ပြန်ယူတတ် သော ဗျူဟာမျိုးလည်း သုံးတတ်ကြပါ သေးသည်။

Emerald ဝတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



၈

ဒီတစ်ခါ သူနဲ့ ထပ်ဆုံတာလည်း တိုက်တိုက်ဆိုင် ဆိုင် ဆုံရသည်ဟု ပြောရမည်ဖြစ်သည်။ ဝတ်ရည်တို့ ရုံးသည် နေ့ခင်း နှစ်နာရီခွဲကနေ သုံးနာရီအထိ Tea time အဖြစ် ကော်ဖီ လက်ဖက်ရည်နှင့် မုန့်တစ်မျိုးမျိုး အမြဲကျွေးသည်ဖြစ်လေရ အဲဒီအချိန်မှာ ကော်ဖီသောက်ရင်း ခေတ္တခဏ နားခွင့်ရှိသည် ဒီနေ့မှာတော့ ဝတ်ရည်သည် ထူးထူးခြားခြား ဘာကြောင့်မှန်း မသိ မုန့်အုပ်ကလေး ခေါ် မုန့်လင်မယားကို အရမ်းပဲ စားချင် နေသည်။ အဲဒါနဲ့ ကော်ဖီနဲ့ တွဲစားရရင် တော်တော်အရသာ မှာပဲဟု တွေးမိကာ အပေါ်မှာ မုန့်မစားပဲ အောက်သို့ Lift န ဆင်းလာခဲ့တာဖြစ်သည်။

ဓာတ်လှေကားက အောက်ဆုံးထပ်သို့ ရောက်သွာ တာနှင့် ပွင့်သွားလျှင် အထဲသို့ဝင်ဖို့ စောင့်နေသော လူတစ်ယော ကို အံ့သြစွာ မြင်တွေ့လိုက်ရသည်။ သူကလည်း ဝတ်ရည်ကိုမြ ၍ အံ့သြသွားတဲ့ပုံပင်။ အပြာရောင်လွင်လွင် ဖစ်တင်တီရှပ် အနက်မှိုတက်ဂျင်း(န်)တစ်ထည်ဖြင့် စတိုင်(လ်)ကျစွာ ဝတ်ဆင်



မြသော အပြုံးပိုင်ရှင်သည် ဖိုတိုဂရပ်ဖာလေး နရီမင်းပဲ ဖြစ်ပါ သည်။

"မမြဝတ်ရည်"

သူက အံ့သြသလိုပုံစံမျိုးဖြင့် ယောင်ယောင်ယမ်း ယမ်း ခေါ်လျှင် ဝတ်ရည်သည် ရယ်ချင်ပက်ကျိဖြင့် ပခုံးနှစ်ဖက် ကို့ကာ "ဟုတ်ကဲ့"ဟု ပြန်ပြောမိသည်။

"ဘယ်သွားမလို့လဲ၊ ရုံးဆင်းလာတာလား"

သူ့ပုံစံက တစ်နေရာသွားတော့မည့် ဝတ်ရည်ရဲ့ပုံစံ ကို အသည်းအသန် စိတ်ဝင်စားနေသည့် အရိပ်ယောင်ဖြစ်သည်။ ဆင်းလာသည်ဟု ပြောရအောင်လည်း ဝတ်ရည်ရဲ့လက်ထဲမှာ င်းသားဝေါလက်အိတ်လေး တစ်အိတ်မှလွဲ၍ ဘာမှမပါလာတာ လည်း သူက မြင်ပုံရသည်။

"သြော် ... ရုံးဆင်းတာမဟုတ်ဘူး။ ဟို ... ဒီနားမှာ မုန့် ... မုန့်သွားဝယ်မလို့"

"ဟုတ်လား ... တွေ့တုန်းဆုံခိုက် ကျွန်တော် မမြဝတ်ရည် ကို မုန့်ကျွေးချင်တယ်၊ ခွင့်ပြုပါနော်"

သူ့အမူအရာနှင့် သူ့လေသံသည် ခွင့်ပြုချင်စရာ ကောင်းလွန်းအောင်ကို နူးညံ့ပြီး ညွှတ်ကျနေသည်။ ဝတ်ရည် သည် ပထမတော့ ငြင်းမလို့ ကြံစည်ပြီးမှ တိုက်ရိုက်အငြင်းစကား သော စကားတို့ကို ဖွင့်ဟလိုက်သည်။

"အဟင်း ... ဝတ်ရည်ကလေ ဒီထိပ်နားက မုန့်အုပ်ကလေး သွားဝယ်စားမလို့ပါ၊ အဲဒါအရမ်းစားချင်နေလို့ Tea Time အချိန်မှာ ဆင်းဝယ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရဲ့စကားကို ကြားလျှင် သူက ထင်မထား ဟန်ဖြင့် မျက်ခုံးပင့်သွားသည်။ အနီရဲရဲ ကိုယ်ကပ်အသားအကျီ ပေါ်မှာ ပုလဲလုံးလေးတွေ ခပ်စိပ်စိပ်ပါဝင်သော ကြွကြွရွ ဘလောက်(စ်)တစ်ထည်ကို အနက်ရောင်မိန်းမဝတ် လောင်းပန် တစ်ထည်နှင့် တွဲဖက်လျက်၊ ဒေါက်မြင့်မြင့် စီးနင်းထားသော ဝတ်ရည်ရဲ့ပုံစံကို မုန့်အုပ်ကလေးသွားဝယ်မည် ဆိုသဖြင့် ရယ် ချင်အံ့ဩသွားသောပုံစံ ဖြစ်သည်။ မသိလျှင် မော်ဒယ်(လ်)တ ယောက်လိုလို၊ မင်းသမီးတစ်ယောက်လောက်နီးပါး လှပကြွရွ တတ်သော ဝတ်ရည်သည် စမတ်ကျတာက သပ်သပ်၊ free styl နေတတ်သည်က သပ်သပ်ဟု မှတ်ယူထားသူ ဖြစ်ပါသည်။

"မုန့်အုပ်ကလေး ဟုတ်လား။ အဲဒါ သွားဝယ်မလို့လား ကျွန်တော်လည်း စားချင်တယ်၊ လိုက်ခဲ့လို့ ရမလား"

ဝတ်ရည်သည် နှစ်လိုဖွယ် အပြုံးတစ်ခုဖြင့် သူ့ကို ခေါင်းညိတ်ပြလိုက်သည်။ ဒီလိုနှင့် ထင်မှတ်မထားပါဘဲနှ သူဟာ ဝတ်ရည်ရဲ့ဘေးမှာ ပါလာလေသည်။ ဝတ်ရည်တို့ နှ ယောက်သည် လူစည်ကားသော ပလက်ဖောင်းပေါ်တွင် အေးအေ လူလူ လျှောက်လာကြသည်။ သူဟာ ကိုယ့်နံဘေးမှာ ပါလာသော အခါ နူးညံ့သော ခံစားချက်တစ်မျိုးကို ပေးစွမ်းပါသည်။

"ဘယ်ကိုလာတာလဲဟင်"

အခုမှ ဝတ်ရည်က သူ့ကိုငဲ့ကာ မေးမိသည်။ သူ ပြုံးပြရင်းမှ (အင်း ... သူ့အပြုံးဟာ အဆိပ်အတောက်ကင်းမဲ့တာ တော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ စွဲလမ်းဖို့ ကောင်းလွန်းလှတယ် ခက်တော့မှာပဲ)။



"မဂ္ဂဇင်းတိုက်ကို လာတာ၊ အဲဒီက အယ်ဒီတာနဲ့က အရမ်းခင်တယ်လေ၊ အဲဒီကို ကျွန်တော် ခဏ ခဏ လာ ဖြစ်ပါတယ်။ မဂ္ဂဇင်းတိုက်က ကိုးလွှာမှာ"

"ဪ ... ဪ"

"ဟိုတစ်ခါဆုံတဲ့ ဝတ်ရည်ရဲ့သူငယ်ချင်းကရော တစ်ရုံး တည်းပဲလား"

"ဟင့်အင်း ... မဟုတ်ဘူး။ သူက တခြားရုံးတစ်ခုက"

"ဪ ... ကျွန်တော်က တစ်ရုံးတည်း ထင်နေတာ၊ မမြဝတ်ရည်ရဲ့ သူငယ်ချင်းကလည်း ခင်ဖို့ကောင်းတယ် နော်"

"ဟုတ်တယ်၊ နှင်းဆီက ပွင့်လင်းတယ်။ ခင်ဖို့ကောင်းပါ တယ်"

"မမြတ်ဝတ်ရည်လည်း ပွင့်လင်းတာပဲ၊ ခင်စရာ ကောင်း တယ်"

"ဟုတ်လား ... ဟင်း ဟင်း ဟင်း"

ဝတ်ရည်က သဘောကျသလို ညင်းညင်းသွဲ့သွဲ့ ရယ်လိုက်လျှင် သူက အသာပြုံးငဲ့ကာ ကြည့်လာသည်။ ကြည့်သော အကြည့်တွေသည် နက်ရှိုင်းနွေးထွေးကာ အချိန် လေးအတွင်းမှာကို နှလုံးသားသို့ ဖောက်ဝင်သွားမည့် အကြည့် ဖြစ်သည်။

နှစ်လက်မဒေါက်အမြင့် စီးထားသော ဝတ်ရည်ရဲ့ ထက် နည်းနည်းပိုမြင့်သော သူသည် ဘေးကနေ ခပ်ရွရွ ကြာက်သော်လည်း မြို့ပြပလက်ဖောင်းပေါ်မှ လျှောက်ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တစ်ခါ တစ်ခါတော့ နီးကပ်သွားသည်သာပင်။ တုတုယှဉ်လျှောက်သလိုဖြစ်ကာ စုံတွဲသဘောမျိုး ဖြစ်သွားသော ဝတ်ရည်တို့ကို လိုက်ဖက်လေသော အတွဲဟု ဘေးလူတွေကကြည့်သွားကြတာကို သူကလည်း သတိထားမိတဲ့ပုံပင်။ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသော သူ့ပုံစံကိုလည်း ဝတ်ရည်က ခိုးကြည့်ရင်း ငေးမဝ ဖြစ်နေသည်။

သူ့အသားအရေဟာ တောင်ကြီးသူ ဝတ်ရည်ရဲ့ နီးပါးလောက်ကိုဖြူကာ ကြည်လင်လတ်ဆတ်နေသည်။ ချောတာတော့ တော်တော်ကိုချောတဲ့ တစ်ယောက်ပါပဲ။ ဒါပေမဲ့ သူ့ ချော ပုံက စိတ်ချထားနိုင်တဲ့ ချောပုံမျိုးဖြစ်သည်။ ဥပမာ ဥရော ရုပ်ရှင်မင်းသား လီယိုနာဒို ချောပုံမျိုးဟာ စိတ်ချချင်စရာ ချော မျိုး မဟုတ်။ သူကတော့ ချောပင် ချောသော်ငြား ရိုးသားအဖြ ကင်းကာ အေးဆေးသော ပုံစံကလည်း အပြည့်အဝ ဝင်နေသေ သည်။

"မမြဝတ်ရည် ဝယ်မှာ ဒီဆိုင်လား"

ဝတ်ရည်သည် အတွေးလွန်နေသောကြောင့် မုန့်အုပ်ကလေးဆိုင်ကို ကျော်မိတော့မလို ဖြစ်သွားသည်။ သူသာ မ ရင် တကယ်ကျော်တော့မှာ ဖြစ်သည်။ အင်း ... ပုရိသရုပ်ပါ မျောသွားတဲ့သဘောပေါ့။ နှင်းဆီသာ သိလျှင်တော့ အော်ရယ် မည်ဟု ထင်သည်။

ဝတ်ရည် ဝယ်စားနေကြ မုန့်အုပ်ကလေးသည် သည် ဝတ်ရည်ကို မေးဆတ်ပြီး လှမ်းနှုတ်ဆက်သည်။ ပြီးတော့ တစ်လက်စတည်းမှာ သူ့ကိုပါ လှမ်းအကဲခတ်နေသည်။ အကဲခ



သော မျက်လုံးတွေမှာ တော်တော်နဲ့ ပြန်မွှေ့မလာချေ။ တ်ရည်သည် မုန့်သည် အမျိုးသမီးကို ရယ်ချင်သောစိတ်ဖြင့် ...

"အစ်မ မုန့်ပါဆယ် နှစ်ရာဖိုး အစ်မ"

"သြော် ... အင်း ... အင်း ... ငုံးဥနဲ့လား"

သွားပြီ၊ မင်းသားကို မြင်တာနဲ့ အယောင်ယောင် မှားမှားတွေတော့ ဖြစ်ကုန်ပြီ။ ဝတ်ရည်ဟာ ရိုးရိုးပဲ စားတတ် ည်။ ဘယ်တုန်းကမှ ငုံးဥတွေ ဘာတွေနဲ့ မစားခဲ့။ ရှိစေတော့။ တ်ရည် မဖြေခင် သူက ဝင်ပြီးဖြတ်သည်။

"ကျွန်တော့်အတွက်ပါ ဝယ်ပေးပါလားဟင်။ ဘယ်လို ရောင်းတာလဲ၊ ငုံးဥနဲ့က ပိုကောင်းတာလား"

ဝတ်ရည် မဖြေခင်မှာပဲ မုန့်သည်က အားတက် ရော ဝင်ဖြေပြန်သည်။

"သြော် ... တို့အစ်ကိုကလည်း ငုံးဥနဲ့က ရှယ်ပေါ့။ ပိုကောင်းတာပေါ့။ မုန့်တစ်ခုကို ငုံးဥတစ်လုံးလေ၊ တို့အစ်ကိုက ကျွန်မမုန့်ကို မစားဖူးသေးဘူးနဲ့ တူတယ်။ စားဖူးရင် စွဲသွားမှာ၊ ဒီက အစ်မတောင် စွဲနေတာ ... ဟင်း၊ ဟင်း"

ဟင်း ... တစ်ခါမှလည်း မပြောဖူးပါဘူး။ ဝတ်ရည် ည် အဲဒီစကားကို ပါးစပ်က ထွက်မိတော့မလို ဖြစ်ပြီးမှ အား သဖြင့် မပြောတော့တာ ဖြစ်သည်။ သူကတော့ မုန့်သည်ပြော ကို ချက်ချင်း လက်ခံချင်ပုံ မရသေးဘဲ ဝတ်ရည်ရဲ့ဆုံးဖြတ် က်ကိုပါ စောင့်နေဟန်တူသည်။ ဝတ်ရည်ဘက်သို့လှည့်ကာ...

"ဘယ်ဟာ ပိုကောင်းမလဲဟင်၊ ဘယ်ဟာကို စားရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက မိခင်၏ ခွင့်ပြုချက်ကို တောင်းနေသ
ကလေးတစ်ယောက်နှင့် ပိုပြီးတူနေသဖြင့် ဝတ်ရည်သည် သူ့
သဘောကျစွာနှင့် ရယ်ပြလိုက်သည်။ မုန့်စားတာကိုတော
ဝတ်ရည်ရဲ့ ခွင့်ပြုချက်ရမှပဲ ခပ်သည်းသည်းပုံစံ ပေါက်နေသေ
သူ့ကို မုန့်သည်က ကြားဖြတ်ပြီး ဝင်ပြောပြန်သည်။

"သြော် ... အစ်ကိုကလည်း၊ ဘယ်ဟာစားစားပါ။ ကျွ
မုန့်က အကုန်ကောင်းပါတယ်။ ဒီမှာ မြည်းကြည့်ပါလာ
မကောင်းရင် မဝယ်နဲ့ အစ်ကို"

သူက မုန့်သည်ရဲ့စကားကို အားနာသွားဟန်
ဘာမှမပြောဘဲ ဝတ်ရည်ကို ပြုံးကာလှည့်ကြည့်သည်။ ဝတ်ရ
သည် ကြာလျှင် မုန့်ဝယ်တာနှင့် အချိန်ကုန်သွားမှာ စိုးသ
မြန်မြန်စာရင်းဖြတ်ပေးလိုက်ရသည်။

"ကဲပါ ... နှစ်မျိုးထည့်ပေးလိုက်ပါ။ သုံးရာဖိုးပြည့်အော
ထည့်ပေးလိုက်၊ ကျွန်မက ရိုးရိုး နှစ်ရာဖိုးပဲ၊ ရော့ ... ဒီ
ငါးရာ"

ဝတ်ရည်က ငါးရာတန်တစ်ရွက် ချပေးလိုက်လျှ
သူက ပျာပျာသလဲ ဝင်ပြောသည်။

"အာ ... နေပါစေ။ ကျွန်တော် ပေးလိုက်ပါ့မယ်။ ရော့
ဒီ ... ဒီမှာ ..."

သူက ပိုက်ဆံအိတ်ကိုဖွင့်ကာ ပိုက်ဆံထုတ်ဖို့ ကြိုး
ချိန်၊ မုန့်သည်က သူ့ဆီကပိုက်ဆံကို ထပ်ပြီးမျှော်လင့်နေဟ
ဝတ်ရည် ပေးထားသော ပိုက်ဆံကို မသိမ်းသေး။ ဝတ်ရည်သ
မုန့်သည်ကို မျက်မှောင်တစ်ချက် ကုတ်ကြည့်ကာ ...



"အစ်မ အမြန်ထည့်ပေးပါ၊ အချိန်သိပ်မရလို့ပါ"

အဲဒီတော့မှ မုန့်သည်က မုန့်တွေကို မြန်မြန်ထည့်
တော့သည်။ ဝတ်ရည်သည် မုန့်အိတ်နှစ်အိတ်ကို ကမ်းယူရင်း
လာလမ်းအတိုင်း ပြန်လျှောက်လာရင်း သူ့ကိုငဲ့စောင်းကာ
မိသည်။

"ယူသွားမှာလား၊ ဘယ်လိုစားမှာလဲဟင်"

သူက သူ့ထုံးစံအတိုင်း နှောင်တွယ်ချင်စရာကောင်း
သာ အပြုံးမျိုးဖြင့် ပြန်ကြည့်လာကာ ...

"ကော်ဖီနဲ့ တွဲသောက်ရင် ကောင်းမလား မသိဘူးနော်"

ဝတ်ရည်သည် သူ့အပြောကို လှစ်ခနဲ ပြုံးမိလေသည်။
နောက်မှာတော့ မထူးပါဘူးဟူသော စိတ်ဖြင့် ရှေ့မှာရှိသော
Donuts ဆိုင်ထဲမှာ ဝင်ထိုင်ဖို့ရာ ဆုံးဖြတ်လိုက်တော့သည်။

"အင်း ... ဒီအထုပ်နဲ့ မဂ္ဂဇင်းတိုက်ထဲ ဝင်ရမှာ ခက်နေ
မှာပေါ့။ ဒီလိုလုပ်လေ J'Donuts ထဲမှာ ကော်ဖီသောက်
ရင်း စားလိုက်ပေါ့"

ဝတ်ရည်ရဲ့စကားကို သူက အပြည့်အဝ ကျေနပ်ပုံ
သေး။ ဝတ်ရည်ကိုပါ မေးလှမ်းထိုးလျက် မေးမလို့ ဟန်ပြင်
လျှင် ဝတ်ရည်သည် အသာအယာပြုံးကာ "ဝတ်ရည်လည်း
က်မှာပါ" ဟု ဖြည့်စွက်ပြောလိုက်တော့မှ ကိုယ်တော်ချောက
ကြီး ပြုံးတော်မူလေသည်။

J'Donuts ဆိုင်ထဲသို့ ရောက်လျှင် သူကပဲ ကော်ဖီ
ကို သွားဝယ်ကာလာသည်။ ဝတ်ရည်သည် သူ ကော်
ယ်စဉ်တည်းကပင် အိတ်ထဲမှ မုန့်လင်မယားကြွပ်ကြွပ်

www.burmeseclassic.com

www.burmeseclassic.com



သားတွေကို တဂွမ်းဂွမ်းမြည်အောင် ဝါးစားရင်း စောင့်နေသည်
သူက ကော်ဖီနှစ်ခွက်ကို လင်ပန်းနှင့် သယ်လာရင်းမှ ဝတ်ရည်
စားနေပုံကိုကြည့်ကာ ...

"မမြဝတ်ရည်က ဒီမုန့်ကို တော်တော်ကြိုက်တယ်နဲ့ တူ
တယ်နော်"

ဝတ်ရည်သည် မကြိုက်ဘူး ကြိုက်တယ်တွေ အ
အထူး မပြောဆိုပဲ သူ့ကို ပြုံးကြည့်ကာ ...

"ကျွန်မကို မမြဝတ်ရည်လို့ ခေါ်နေရတာ မမောဘူး
ဟင်။ ကျွန်မက ကိုနရီမင်းထက် ငယ်မှာပါ၊ ရုပါ
ဝတ်ရည်လို့ပဲ ပေါ့ပေါ့ပါးပါးခေါ်ပါ"

"ဝတ်ရည် ...။ အိုကေ ... ဒါဆို အဲဒီလိုပဲ ခေါ်မယ်"

ဝတ်ရည်က အပြုံးနှင့် ခေါင်းတစ်ချက် ညိတ်ပြ
ပြီးနောက် သူ ချပေးထားသော ကော်ဖီကို ယူသောက်လိုက်သည်
သူသည် မုန့်အုပ်ကလေးကြော်များကို အခုထိ မစားရသေး
မစားရဲသေးသလိုလို၊ ဘယ်လိုစားရမှန်းမသိ ဖြစ်နေပုံအား ဝတ်ရည်
က သဘောတကျဖြင့် စိုက်ကြည့်နေမိသည်။ ကွယ် ... ရန်ကုန်
မြို့မှာ ဒီလိုယောကျ်ားသားမျိုးရော ရှိသေးတယ်ပေါ့။ နှင်းဆီ
မြင်လျှင် ဘယ်လိုမှတ်ချက်ပေးမယ်မှန်း မသိရသေးချေ။

"ကြည့်ရတာ ဒါမျိုး တစ်ခါမှ မစားဖူးဘူးနဲ့ တူတယ်"

"အင်း ... ငယ်ငယ်တုန်းကတော့ စားဖူးတယ် ထင်တာပဲ
စားဖူးမှာပါ။ ဒီလိုမျိုး တခုတ်တရကြီးတော့ ဝယ်မစားဖူး
ဘူး။ စိတ်ထဲမှာ စားရကောင်းမှန်းကို မသိတာ"

"ကစားစရာမုန့်လို့ ထင်နေလို့လားဟင်"



ဝတ်ရည်ရဲ့ နားမလည်သလို အမေးကို သူက
ဟက်ဟက်နှင့် ရယ်မောပါသည်။ ဝတ်ရည်က သူရယ်တာကို
မျက်ရည်လက်ရှည် ပြုံးကြည့်နေလိုက်သည်။

"ဝတ်ရည်က တကယ်ပွင့်လင်းတယ်နော်။ တစ်ခါ တစ်ခါ
ကျ ပြောလိုက်တဲ့စကားတွေက ရယ်ရတယ်။ ဟို ... တစ်
မျိုးတော့ မထင်နဲ့နော်၊ ဝတ်ရည်က ရန်ကုန်ကပဲလား"

"မဟုတ်ဘူး။ နယ်ကပဲ ... မှန်းကြည့်ပါလား"

သူက ဝတ်ရည်ရဲ့ အပြောကို သဘောကျသလိုပြုံး
ခဏစဉ်းစားသည်။ ပြီးတော့ ခပ်ဆဆဖြင့် ...

"ရှမ်းပြည်ဘက်ကလို့ ထင်တယ်"

"ရိုက်ထိ ... ဝတ်ရည် တောင်ကြီးက"

"ဩော် ... ထင်တော့ ထင်သားပဲ"

"ဘာဖြစ်လို့လဲဟင်။ အဲဒါ ဘာကိုထင်တာလဲ။ ဝတ်ရည်
ရန်ကုန်ကို ရောက်ပြီ ဆိုကတည်းက အဲဒီလိုပဲ အမြဲအမေး
ခံရတယ်။ ဝတ်ရည်ကို ကြည့်လိုက်တာနဲ့ နယ်ကဆိုတာ
ချက်ချင်းသိပုံရတယ်။ ဝတ်ရည် ပုံစံက ပုံတုံးကြီး ဖြစ်နေ
လို့လား၊ ဒါမှမဟုတ် အေ,ကြီးပုံစံ ပေါက်နေလို့လား"

ဝတ်ရည်ရဲ့ တရစပ်အမေးအမြန်းကို သူက သွားဖြူ
ဖြူန်းလေးများပေါ်အောင် ရယ်၍နေလေသည်။ ဝတ်ရည်သည်
ရယ်တာကို မျက်စောင်းကဲကြည့်ပြီးနောက် ကော်ဖီကို
သောက်မော့လိုက်လျှင် သူက အရယ်မသိမ်းသေးသော မျက်နှာ
စကားစသည်။

www.burmeseclassic.com



"မဟုတ်ပါဘူး ဝတ်ရည်ရယ်။ ဝတ်ရည်ပုံစံက ပုံတုံး[...] လည်း မပေါက်၊ အကြီးပုံစံလည်း မထင်ရပါ[...] ဒီလောက် စတိုင်လ်ကျပြီး ဖြူးတီးဖူးလ် ... အင်း [...] more beautiful ဖြစ်နေတဲ့ သူတစ်ယောက်က ပုံတုံး[...] ထင်စရာလား ...

အရမ်းကြည့်ကောင်းပါတယ်။ good looking [...]

မိန်းကလေးတွေ လူတွေ ဘာတွေကို ဓာတ်ပုံရို[...] စိတ်မဝင်စားတဲ့ ကျွန်တော်တောင်မှ ဝတ်ရည်ကို ဓာ[...] ရိုက်ပေးချင်စိတ် ပေါက်လာတယ် ... ဟုကယ်"

တရည်တလျား ရှင်းပြနေသော သူ့ကို ဝတ်ရည်[...] မျက်ထောင့်ကပ်ကြည့်မိကာ ...

"နို့ ... ဒါဖြင့် ဘာလို့ ရယ်နေတာလဲ"

"သြော် ... ဝတ်ရည် မေးတာကို သဘောကျလို့ပါ။ အ[...] ပဲလေ ဝတ်ရည်ရဲ့။ ဝတ်ရည်က အရမ်းပွင့်လင်းတ[...] နောက် ဝတ်ရည်ပုံစံက အဖြူထည်ဆန်တယ်။ န[...] နယ်သားတွေက များသောအားဖြင့် ရိုးသားပွင့်လင်းကြ[...] များတယ်လေ။ ရန်ကုန်ကလူတွေက မရိုးသားဘူးလို့[...] မပြောပါဘူး ...

ဒါပေမဲ့ နယ်ကလူတွေရဲ့ Life style က[...] ရိုးရှင်းတယ်လေ။ တစ်ယောက်နဲ့ တစ်ယောက် အဆင်[...] အထာတွေ သိပ်မရှိကြဘူး ...

ပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေ ရှိကြ[...] ဝတ်ရည်က နယ်ကမှန်း ပိုသိသာစေတာက စကား[...]



ပါ။ အရမ်းကြီး ဝဲနေတာမျိုး မဟုတ်ဘဲ နားထဲမှာ တော်တော်အဆင်ပြေတဲ့ အသံမျိုးပေါ့။ ဝတ်ရည်က ရှမ်းလား"

"အင်း ... အမေက ရှမ်း၊ အဖေက ဗမာပေါ့"

"သြော် ... ဝတ်ရည်က ဒီမှာ အလုပ်လာလုပ်တာပေါ့"

"အင်း ... ဒီလိုပဲပေါ့။ လာစွန့်စားရတဲ့ သဘောပေါ့လေ၊ ဘဝသမားတွေ ဆိုတော့"

ဝတ်ရည်ရဲ့ အပြောကို သူက ခေါင်းတညိတ်ညိတ် [...] ပြုံးနေလေသည်။

ဝတ်ရည်သည် မုန့်ကိုလက်စသတ်စားကာ ကော်ဖီကို [...]ကော်မော့လိုက်လျှင် သူက ဝတ်ရည် လစ်တော့မည် ဆိုတာ [...]ချင်းသဘောပေါက်သည်။

"သွားတော့မလို့လား ဝတ်ရည်"

"ဟုတ် ... သုံးနာရီ ထိုးပြီလေ။ ဝတ်ရည်က ဘော့စ်ရဲ့ စက္ကရီတေရီ ဆိုတော့ သိပ်လစ်လို့ မရဘူး။ ရှာမတွေ့ရင် ဆူမှာ၊ သွားတော့မယ်လေ၊ ဆီးယူ ကိုနရီ"

ဝတ်ရည်ကို သူက သံယောဇဉ်မကုန်သေးသော [...]ဝန်းများဖြင့် ငေးကြည့်ကာ ...

"ဝတ်ရည် ကျွန်တော့်ကို ဝတ်ရည်ကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်လေး တစ်ခုလောက် ပေးပါလားဟင်"

ဝတ်ရည် ခေါင်းစားသွားသည်။ ရန်ကုန်မြို့မှာ [...]ကာလက်ထဲ၌ မိုလိုပေါက်အောင် ကိုင်နေကြသည့် ဟန်းဖုန်း [...]မျိုးလည်း ဝတ်ရည်မှာ မရှိချေ။ နှင်းဆီမှာတော့ ရှိသည်။ [...]ဆီက လိုအပ်လျှင် သူ့ဖုန်းနံပါတ်ကို ပေးနိုင်ကြောင်း ပြော

www.burmeseclassic.com



သော်လည်း ဝတ်ရည်က အရွှင်အရေး မယူချင်ပါ။ အဆောင်... ကျတော့ရော ပေးလို့သင့်တော်ပါ့မလား။

ဝတ်ရည်ကို ငုံ့လင့်စွာ ကြည့်နေသည့် သူ့မျက်... များကို သနားစွာဖြင့် ဝတ်ရည်သည် အဆောင်ဖုန်းနံပါတ်ကို ... ရွတ်ပြရင်းမှ ...

"အဲဒါ ဝတ်ရည်တို့ အဆောင်ဖုန်းပါ။ ဟို ... ခဏ ... တော့ မဆက်နဲ့ပေါ့နော် ... ဟိုဒင်း ..."

သူက ပြုံးရင်းမှ လက်တစ်ဖက်ကာပြလျက် ...

"ရတယ် ဝတ်ရည်၊ ကျွန်တော် နားလည်ပါတယ်၊ ကျေ... ပဲ"

"ဟုတ် ... ဝတ်ရည်ကို ခွင့်ပြုပါဦးနော်"

"နေဦးလေ ဝတ်ရည်ရဲ့။ ကျွန်တော်လည်း လိုက်မှာ... ကျွန်တော်လည်း ကိုးလွှာကို တက်မှာပဲလေ"

"အဟဲ ... ဟုတ်သားပဲ"

ဒီတော့မှ သူသည်လည်း ဝတ်ရည်နဲ့အတူတူ ... အုပ်ကလေး ဝယ်ဖို့ လိုက်လာတာကို ပြန်သတိရတာဖြစ်သ... ဝတ်ရည်သည် တစ်ခါ တစ်ခါကျလျှင် အဲဒီလိုပဲ လိုင်းကြောင်... လေသည်။ သူနှင့် ဝတ်ရည်သည် J'Donuts ဆိုင်ထဲမှ ပြန်... ကာ တာဝါကြီးဆီသို့ အတူတူ ပြန်လျှောက်လာခဲ့ကြသည်...

လမ်းလျှောက်ရင်းမှ သူက ...

"ကျွန်တော့် စိတ်ထဲမှာလေ ဒီတာဝါကြီးကိုလာ... ဝတ်ရည်နဲ့ တွေ့ရမယ်ချည်းပဲ စိတ်ထဲမှာ ထင်တ... ဝတ်ရည်က ဒီအချိန်တိုင်း မုန့်ထွက်စားနေကြလား..."



"အို ... မဟုတ်ပါဘူး။ ဒီနေ့က ဝတ်ရည် အဲဒီမုန့်ကို အရမ်းစားချင်နေလို့"

"ဝတ်ရည် ဘာမုန့်တွေ ကြိုက်တတ်လဲဟင်"

"အင်း ... ဝတ်ရည်လား။ ဝတ်ရည်က အကုန်ကြိုက်တယ်"

ဝတ်ရည်ရဲ့ ခပ်သွက်သွက်အဖြေကို သူက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ဟင် ... ဘယ်လိုလဲ။ ဒီလူကလည်း ဝတ်ရည်နဲ့တွေ့ရင် ရယ်ပဲ ရယ်နေတတ်သလားတော့ မပြောတတ်ချေ။ သူသည် ဝတ်ရည်ကို နူးညံ့သောမျက်ဝန်းများဖြင့် အမြဲငေးကြည့်တတ်ကာ ဝတ်ရည် ပြောသမျှ ပြုံးနေတတ်သော လူစားမျိုးဖြစ်သည်။

"ရှင်ကလည်း ဝတ်ရည် ပြောရင် ရယ်ပဲ ရယ်နေတော့တာပဲ"

ဝတ်ရည်ရဲ့ မကျေနပ်သလို ရှုပွပွအပြောကို သူက ဒီတစ်ခါလည်း ထပ်ရယ်ကာ ...

"ဝတ်ရည် ပြောတာတွေက သဘောကျစရာ ကောင်းတာကိုး"

"ဟင်း ... ဘာမှလဲ မထူးခြားဘဲနဲ့"

"ဩော် ... ဝတ်ရည်ကသာ မထူးခြားဘူး ထင်တာလေ။ ထူးခြားအောင်လုပ်ပြီး မပြောတာကိုက ထူးခြားနေတာပဲပေါ့ ဝတ်ရည်ရဲ့"

"ဟား ... ရှုပ်နေတာပဲကွာ"

ဝတ်ရည်က ခေါင်းကိုကုတ်ကာ ခြေတစ်ချက်ဆောင့်ရင်း တာဝါကြီးရဲ့အောက်ခြေလှေကားများကို စတက်လိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သူက မနေ့လေးကစွာပဲ "ချော်လဲဦးမယ် သတိထား"ဟု လှမ်းပြောသေးသည်။ ဝတ်ရည်က Lift ရဲ့ခလုတ်ကို လှမ်းနှိပ်ကာ ရောက်သည့်အရပ်မှ ခေါ်ထားတုန်းမှာပဲ သူကစကားပြန်ဆက်လေသည်။

"မရှုပ်ပါဘူး ဝတ်ရည်ရဲ့။ ဝတ်ရည်က ပြောတတ်သလို စိတ်ထဲရှိသလို ပြောတာလေ၊ အဲဒီလို ဝဲတဲတဲနဲ့ ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ စတိုင်(လ်)လေးကို ပြောရမယ်ဆိုရင် ကိုယ် တကယ်မကြုံဖူးဘူး၊ အဲဒါ ဝတ်ရည်ရဲ့အကြီးမားဆုံး Attrection ပဲ။ ဝတ်ရည်က ကိုယ့်ကိုယ်ကိုယ် သိ,မသိတော့ မသိဘူး။ ဝတ်ရည်က တကယ်ချောပါတယ်။ ဝတ်ရည်လို ချောတဲ့ လှတဲ့ မိန်းကလေးတွေလည်း အများကြီးပဲလေ။ အဲဒီမှာ ဘာကွာသွားလဲဆိုတော့ စတိုင်လ်တွေ ကွာသွားတာပေါ့ ...

ဝတ်ရည်နဲ့ စကားပြောဖူးတဲ့သူတိုင်း ပထမဆုံးအကြိမ်မှာပဲ လုံးဝစိတ်ဝင်စားသွားတယ်ဆိုတာ သေချာတယ်"

သူက မမောနိုင် မပန်းနိုင်စွာဖြင့် တရှည်တလျားရှင်းပြနေလျှင် ဒီတစ်ခါ ရယ်ရသည့်သူမှာ ဝတ်ရည်ပဲ ဖြစ်လေသည်။ Lift ရဲ့တံခါး ပွင့်လာလျှင် သူရော ဝတ်ရည်ရောတာ အထဲကို ဝင်လာခဲ့ကြသည်။ သူက အရင်ဆင်းနေခဲ့မည့် (၉)လွှာခလုတ်ကို ဝတ်ရည်က အရင်နှိပ်ပေးထားလိုက်သည်။ သူက ကျေးဇူးတင်သည့်အပြုံးဖြင့် ကြည့်လာကာ ...

"ဝတ်ရည်ကို ကိုယ် စတွေ့တုန်းက ဆံထုံးလေးနဲ့နော်။ ဆံပင်ကလည်း ဒီအရောင် မဟုတ်သလိုပဲ"



သူက မှတ်မှတ်ရရ ဆိုလေလျှင် ဝတ်ရည်သည် အပြုံးတစ်ခုဖြင့် "အင်း ... ဟုတ်တယ်"ဟု ခေါင်းညိတ်မိသည်။ သူက ဝတ်ရည်ရဲ့ ဆံပင်ပုံစံကို ဝေ့ဝဲကြည့်ရှုကာ ...

"ဆံပင်ပုံစံက လူတစ်ယောက်ကို တော်တော်ပြောင်းလဲသွားစေတယ် ဆိုတာ တကယ်မှန်တယ်နော်။ Fancy ဆံထုံးနဲ့ကျတော့လည်း တစ်မျိုးပဲ။ ဒီပုံစံကျတော့လည်း အရမ်းခေတ်မီတဲ့ပုံစံ ပေါက်သွားတယ်"

"ဟုတ်လား"

မျက်ခုံးပင့်ချီကာ နောက်သလို ပြန်မေးနေသော ဝတ်ရည်ရဲ့ပုံစံကို သူက စူးနင့်စွာ စိုက်ကြည့်ရင်း ပြုံးနေသည်မို့ ဝတ်ရည်သည် အဲဒီအကြည့်နှင့် အပြုံးကို နည်းနည်းလန့်သွားသည်။ Lift ထဲမှာက သူနဲ့ ဝတ်ရည် နှစ်ယောက်တည်းမို့ ဘာရယ်မဟုတ်ဘဲ ဝတ်ရည် ကြောက်သွားတာဖြစ်သည်။ ခုနစ်စက္ကန့်၊ ရှစ်စက္ကန့်လောက် ငြိမ်သွားတဲ့အချိန်ရဲ့ တိတ်ဆိတ်မှုကလည်း အတော်ကိုပဲ သိသာလေသည်။

သူကလည်း အခြေအနေကို နားလည်စွာဖြင့် ဝတ်ရည်ကို စကားပြောသည်။

"ဘာဖြစ်လို့ ဆံပင်စတိုင်(လ်) ပြောင်းလိုက်တာလဲဟင်"

တကယ်တော့ သူကလည်း တိတ်ဆိတ်မှုကို ဖြိုခွင်းသည့်အနေဖြင့် မေးမိမေးရာ မေးလိုက်တာ ဖြစ်နိုင်သည်။ ဝတ်ရည်သည်လည်း ရုံးကမေးတဲ့လူတွေကို ပြန်ပြောနေကျအတိုင်း အားစပ်ဘနေပြီး ယောင်၍ထွက်သွားသည်။

"အသည်းကွဲနေလို့"

www.burmeseclassic.com



သူက ဝတ်ရည်ကို အံ့ဩသလို ငေးကြည့်သည်။ ဒီတော့မှပဲ ဝတ်ရည်သည် ကိုယ်ဖြေလိုက်တာ ကြောင်သွားပြီဆိုတာကို သိလိုက်သည်။ သူက ဝတ်ရည်ကို ငဲ့ကြည့်ကာ ...

"ဘယ်လို ဝတ်ရည်"

ဟု မရှင်းသလို ပြန်မေးနေသေးလေသည်။ ဝတ်ရည်သည် ဘာပြန်ဖြေရမှန်း ရုတ်တရက် စဉ်းစားမရ။ အဲဒီအချိန်မှာပဲ ကံကောင်းချင်တော့ သူ ဆင်းရမည့် အထပ်သို့ရောက်၍ ဓာတ်လှေကားက ရပ်သွားကာ တံခါးက ဖျတ်ခနဲ ပွင့်သွားသည်။ ဒါကို သူက မသိသလိုဖြင့် ဝတ်ရည်ကို ငေးနေသေးသဖြင့် ဝတ်ရည်သည် သူ့ကို တွန်းမထုတ်ရုံတမယ် ...

"ကိုနရီ ... တခါးပွင့်နေပြီလေ"

"ဩော် ... အင်း ... အင်း။ ဟိုဒင်း ... ဝတ်ရည်"

သူက အပြင်သို့ ရောက်သွားသော်လည်း တစ်ခုခု ပြောချင်ရက်နှင့် မပြောမထွက်သည့် ပုံစံဖြင့် အ,ထစ် အ,ထစ် ဖြစ်နေသည်။ ဝတ်ရည်သည် အဲဒီပုံစံကို ရယ်ချင်စွာဖြင့် ပခုံးနှစ်ဖက်တွန့်ကာ သူ့ကို လက်ချောင်းလေးများ လှုပ်ခါပြီး နှုတ်ဆက်လိုက်လေသည်။ ဒီလိုနှင့် ဓာတ်လှေကားတံခါးက ဖြည်းဖြည်းချင်း ပြန်ပိတ်သွားသည်။ ဝတ်ရည်သည် တစ်ယောက်တည်း သဘောတွေကျကာ ဓာတ်လှေကားထဲတွင် တဟိဟိ တခွိခွိ ဖြစ်နေသည်။

ဘုရားဖောတရားတွေဟာ တကယ်မှန်သည်။ ပုထုဇဉ်တွေဟာ ယဉ်ယဉ်လေး ရူးနေကြတာတွေချည်းပဲတဲ့။ လူတွေဟာ ဘယ်သူမှမရှိသော တစ်ယောက်တည်း အချိန်အခါမျိုးများတွင် တစ်ယောက်တည်း ပြုံးလိုက် ရယ်လိုက်ဖြင့် စကားပြောလိုက်



ဖြင့် လုပ်ချင်ရာ လုပ်နေတတ်ကြသည်။ ဝတ်ရည်သည် ကိုယ့်ကိုယ်ကိုယ် သတိပြန်ကပ်ပြီးနောက် ဓာတ်လှေကားက ဝတ်ရည်တို့ဆယ့်တစ်ထပ်သို့ ရောက်လျှင် ပွင့်သွားသည်။

ဝတ်ရည်သည် ဓာတ်လှေကားထဲမှ ထွက်လိုက်တာနှင့် အထဲသို့ဝင်ဖို့ စောင့်နေသော တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသည်။

သူကား အမြဲတစေ မထိတရိ ပြုံးနေတတ်သော လင်းမြတ်ရောင်ဝါ ဆိုသည့် လူပဲ ဖြစ်တော့သည်။ ဝတ်ရည်သည် သူ့ကို နှုတ်ဆက်ရမလို နှုတ်မဆက်ရမလိုဖြင့် ဝေခွဲမရစွာဖြင့် ခေါင်းညိတ်ချင်ဟန်ဆောင်ကာ သူ့နံဘေးမှ အသာဖြတ်အလျှောက်မှာပဲ သူ့ထံက စကားသံတစ်ခွန်းက ထွက်ပေါ်လာသည်။

"ဘယ်သွားနေတာလဲ အမ်မရယ်(လ်)ဝတ်ရည်"

ဘယ်သွားသွားပေါ့ဟု ပြန်ဖြေတော့မည့် ပါးစပ်ကို မနည်းဘရိတ်အုပ်ပြီးနောက် ဝတ်ရည်သည် မကောင်းတတ်၍ "ဒီနားလေးပါ"ဟု ပြန်ဖြေလိုက်ရသည်။ ဒါကို သူက ဓာတ်လှေကားထဲသို့ဝင်ပြီးလျှင် ဝတ်ရည်ကို ဟိတ်ခနဲ လှမ်းခေါ်သည်။ သူ့ကို ကျောပေးလျက် လမ်းလျှောက်ဖို့ ပြင်နေပြီဖြစ်သော ဝတ်ရည်ဟာ အဲဒီ ဟိတ်ခေါ်သော အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူက လက်ညှိုးတစ်ချောင်းကို ယမ်းရင်းမှ ...

"လျှောက်,လျှောက် မသွားနဲ့၊ ကိုယ် မကြိုက်ဘူး"

ဝတ်ရည်သည် မျက်လုံးပြူးသွားပြီး သူ့ကို တစ်ခုခု ပြန်ပြောဖို့ ဟန်ပြင်နေတုန်းမှာပဲ ဓာတ်လှေကားတံခါးက ဖြည်းညင်းစွာ ပြန်ပိတ်သွားသည်။ ဒီကြားထဲမှာတောင်မှ သူက ဝတ်ရည်

www.burmeseclassic.com



တို့ လက်ချောင်းများ လှုပ်ခတ်ကာ လုပ်ပြသွားသေးသည်။ ချက်ချင်းကို ဝင့်လည်သော ဝတ်ရည်ပဲ ဖြစ်လေသည်။

အဲဒီတစ်ယောက်ဟာ ဘာမှန်းကို မသိရပါ။ ဝတ်ရည်ကိုတွေ့လျှင် မထိခလုတ် ထိခလုတ်ပြောကာ လူရှေ့ရောက်လျှင်တော့ သူ မဟုတ်သလိုဖြင့် ရုပ်တည်ကြီး လုပ်နေတတ်သည်။ ဘယ်လိုယောက်ျားမျိုးမှန်းလဲ မသိ။

တချို့ယောက်ျားတွေသည် မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားရဲ့သားနဲ့လည်း ဂရုမစိုက်လေဟန် ဖမ်းထားပြီးမှ စိတ်ဝင်စားမှုကို ပြန်ယူတတ်သော ဗျူဟာတစ်မျိုး သုံးတတ်ကြောင်း ကြားဖူးထားပါသည်။

"ဟင်း ... ဗျူဟာအသိုးကြီး"

ဝတ်ရည်သည် မကျေမနပ်နှင့် ပွစိစိ ရေရွတ်ရင်း ဒေါ်ပွနေလေသည်။

❤ ၁၉ ❤



"မင်းနှလုံးသားက တစ်ပြိုင်နက် နှစ်ယောက် ချစ်နိုင်ရင် မင်းက အသည်းကြီးနေလို့ပဲ ...။

အစ္စ မင်း ဘယ်သူ့ကိုမှ မချစ်သေးဘူး မဟုတ်လား။ မချစ်သေးတဲ့အတွက် နှစ်ယောက်စလုံးကို ရည်းစားတော်ထားခွင့် ရှိတယ်။ အဲဒါ တရားတယ် ဝတ်ရည်"

နှင်းဆီသူ

www.burmeseclassic.com

www.burmeseclassic.com



## ၉

ညခုနစ်နာရီခန့် အချိန်တွင် ဝတ်ရည်နှင့် နှင်း သည် TV မှာလာသော ကိုရီးယားကားကို အခန်းထဲမှာပဲ ထိုင် ကြည့်နေကြသည်။ TV နှင့် DVD မှာ နှင်းဆီ အလုပ်လုပ်သော ကုမ္ပဏီက New year ၌ ဝန်ထမ်းတွေကို မဲဖောက်ပေးသဖြ နှင်းဆီပေါက်လာခဲ့သော ဆုမဲဖြစ်သည်။ အခန်းထဲတွင် ရေ သေတ္တာပေါက်စလေးတစ်လုံးလည်း ရှိသေးသည်။ နှင်းဆီသည် အဆောင်မှာပဲ တစ်သက်လုံး အရိုးထုတ်တော့မည့်ဟန် ရှိလေသည်

နှင်းဆီသည် မရန်းပြားတွေကို တစ်ဖတ်ပြီးတစ်ဖ စားရင်းမှ "ပုံရိပ်ပမာ(ချို့ဝမ်)"ဇာတ်လမ်းတွဲထဲမှ မင်းသား အချစ်အကြောင်းကို ဝေဖန်ပြောဆိုပြီးနေသည်။ ပြောရင်းနဲ့မှ က အချစ်လက်ချာတွေ ရိုက်သေးသည်။ ဝတ်ရည်က ဂျူနီယာ နှင်းဆီက စီနီယာဖြစ်သည်။ ကြာသောအခါ ဝတ်ရည်က သူ့ နှင်းဆီလို့တောင် သိပ်မခေါ်တော့။ စီနီယာဟုသာ ခေါ်တော့သည် ဒါကို သူကလည်း ပြုံးပြုံးလေး ကျေနပ်နေလေ့ရှိသည်။



"ဝတ်ရည် ဒီကားထဲက မင်းသားလို အချစ်မျိုးက တကယ် ရှားတယ်ကွာ၊ ဒါမျိုး အပြင်မှာ တကယ်မရှိနိုင်ဘူး"

"ရှိရင်တော့လည်း ရှိမှာပေါ့ စီနီယာရဲ့"

"နိုး ... နိုး ... ရှိတောင် တစ်သောင်းမှာတစ်ယောက်၊ အင်း ... ဒါတောင် ရှားလိမ့်မယ်နဲ့ တူပါတယ်ကွာ၊ တော်တန်ရုံ ယောကျာ်းလေးလားကွာ၊ ဒီလောက် ကရိကထခံပြီး ချစ်နေမှာ။ ယောကျာ်းတွေလားကွာ၊ သူတို့ကသာ လိုချင်ကြတာ"

"နို့ နေပါဦး၊ အခု ရှင်နဲ့ ချစ်နေတဲ့လူရဲ့ အချစ်ကရော မစစ်မှန်လို့လား။ ရှင့်ကို တကယ်မချစ်ဘူးလို့ ခံစားနေရလို့လား"

"အဲဒီလိုတော့ မခံစားရပါဘူး။ ဒါပေမဲ့ အခုခေတ်ယောကျာ်းလေးတွေရဲ့အချစ်က ဘာနဲ့တူလဲဆိုတော့ စက်ရုံကထုတ်လုပ်လိုက်တဲ့ ရယ်ဒီမိတ် စားစရာတစ်ခုနဲ့တူတယ်"

"လုပ်ပြီ စီနီယာတို့ကတော့၊ ဒီနေ့အဖို့ ဒိုင်အသစ်ပေါ့ ဟုတ်လား"

"ရိုက်ထိ ... အဲဒီလို သတ်မှတ်မယ်ဆိုရင်လည်း ရပါတယ်၊ ဒီလိုကွာ ပစ္စည်းတစ်ခုကို ထုတ်လုပ်လိုက်တဲ့အခါမှာ စတင်ထုတ်လုပ်လိုက်တဲ့ ရက်စွဲနဲ့ သက်တမ်းကုန်ဆုံးသွားမယ့် ရက်စွဲတွေပါတယ်။ Expire Date ပါတယ်ကွာ ...

သူတို့အချစ်ကလည်း အဲဒီလိုမျိုးပဲ Expire Date ရှိတယ်။ တစ်ချိန်ချိန်မှာတော့ သက်တမ်းကုန်ဆုံးသွားမှာပဲ။ သိပ်ယုံလို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဖြင့်ရင် ..."

ဝတ်ရည်ရဲ့ စကားသံတောင် မဆုံးသေးချေ။ အခန်း တံခါးဝတွင် အဆောင်သူတစ်ယောက်က လာရပ်ကာ ...

"ဝတ်ရည် ဖုန်းလာနေတယ်"

"သြော် ... အင်း ... လာပြီ ... လာပြီ"

ဝတ်ရည်က နှင်းဆီကို လက်တစ်ဖက်ပြကာ ထ ထွက်လာခဲ့သည်။ ဘယ်သူ့ဆီကများပါလိမ့်။ ဒီဖုန်းနံပါတ် သိသူက များများစားစားတော့ မရှိလှပါ။ ဝတ်ရည်ရဲ့အိမ် မိသားစုတွေရယ်၊ တောင်ကြီးက သူငယ်ချင်းတချို့ရယ်နှင့် ရုံး အနီးကပ်မိတ်ဆွေတချို့လောက်ကသာ သိကြတာ ဖြစ်သည်။

ဝတ်ရည်သည် ထွေထွေထူးထူး စဉ်းစားမနေတော့ အောက်ထပ်ရှိ ဧည့်ခန်းထောင့်က တယ်လီဖုန်းအနားသို့ လျှော လာခဲ့သည်။ ဖုန်းခွက်ကို နားမှာကပ်၍ ...

"ဟယ်လို"

"ဝတ်ရည်လားဟင်"

ဝတ်ရည်ရဲ့နားထဲသို့ ချိုမြသော အသံတစ်ခု စီးဝင်လို့လာသည်။ ဝတ်ရည်သည် ဒီအသံကို ဖုန်းထဲမှာ မကြ ဖူးသော်လည်း ဘယ်သူ့အသံဆိုတာ ချက်ချင်းရိပ်မိသွားသည်။ ဒါပေမဲ့ အစဉ်အလာအရ မသိချင်ဟန်တော့ ဆောင်လိုက်ပါသည်။

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ဝတ်ရည် ... ကိုယ် နရီမင်းပါ"

ဝတ်ရည်သည် မျက်လုံးပြူးကာ လျှာကိုတစ်လ ထုတ်လိုက်ပြီးမှ ...



"သြော် ... ဟုတ်၊ ပြောလေ ကိုနရီ"

"အင်း ... အထွေအထူးတော့ မရှိပါဘူး။ ဝတ်ရည်ကို သတိရလို့ ဆက်လိုက်တာပါ၊' စားပြီးပြီလားဟင်"

"ပြီးပြီ၊ ကိုနရီရော"

"အင်း ... ပြီးပြီပေါ့။ ဝတ်ရည် ဘာလုပ်နေတာလဲ"

"ကိုရီးယားကား ကြည့်နေတာ"

"သြော် ... အနှောင့်အယှက် ဖြစ်သွားတာပေါ့နော်။ ဆောရီး ... ဒါဆိုရင် ရုပ်ရှင်ကားထိုးပြီးမှ ကိုယ်ပြန်ဆက် လိုက်မယ်လေ"

"ရပါတယ်၊ အနှောင့်အယှက် မဖြစ်ပါဘူး။ ရုပ်ရှင်ကားထိုး ပြီးမှ ဆက်ရင် ကိုနရီ ဖုန်းတိုးမှာကို မဟုတ်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"သြော် ... ဒါက အဆောင်ဖုန်းလေ ကိုနရီရယ်။ မိန်းက လေးအဆောင်ဆိုတော့ ဖုန်းတွေက ညဘက်ဆို ဝင်လာမစဲ တသဲသဲပေါ့။ ညနေ ရုံးပြန်ချိန်လောက်ကစပြီး တစ်ချိန် လုံး လာနေတာ။ ခုနစ်နာရီကို မတ်တင်းလောက်မှပဲ ခဏနားသွားတော့တာ ရုပ်ရှင်ကားထိပေါ့။ အဲဒီအချိန်မှာတော့ အဆောင်သူတွေက ဖုန်းမပြောဘူးလေ ...

ဒီလို ကိုရီးယားကား ကောင်းတဲ့နေ့ဆို ပိုတောင် မပြောသေး"

သူက ဝတ်ရည်ရဲ့စကားကို ခပ်ဟက်ဟက် ရယ် သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆို ကိုယ်က ကြက်ကန်းဆန်အိုးတိုးသွား တာပေါ့။ မှတ်သားရဦးမယ်"

"အင်း ... ကိုနရီရော အခု ဘာလုပ်နေတာလဲ"

"ဖုန်းပြောနေတယ်လေ"

"သြော် ... ဒါတော့ သိတာပေါ့။ ဖုန်းမပြောခင် ဘာ နေလဲလို့"

"အင်း... ဖုန်းမပြောခင်ကလား။ ဖုန်းမပြောခင်က ဝတ်ရ ဆီ ဖုန်းဆက်ဖို့ စဉ်းစားနေတာ။ ဒါနဲ့ ဝတ်ရည်ကို တ လောက် မေးချင်တယ်၊ ရမလား"

"မေးလေ ... ရပါတယ်"

သူ့အသံက ခေတ္တတိတ်ဆိတ်သွားသည်။ ပြီးတော ခပ်တိုးတိုး ထွက်လာပါသည်။

"ဟိုလေ ... ဟိုတစ်နေ့က Lift ထဲက မထွက် ဝတ်ရည် ပြောသွားတာ အသည်းကွဲနေလို့ ဆိုတာ အ တကယ်လား"

"အဟင်း ဟင်း ... ဟုတ်တယ်။ တကယ် ပြောနေတ

ဝတ်ရည်ဘက်က အဲဒီလို ပြန်ဖြေလိမ့်မည်ဟု သဖြင့် သူသည် ဘာပြောရမှန်းမသိဘဲ ခေတ္တအသံတိတ်သွားသ ပြီးတော့မှ "ဆောရီး"ဟု ခပ်တိုးတိုး ပြောသည်။ ဝတ်ရည် ချက်ချင်းတိမ်ဝင်သွားသော သူ့အသံကို ရယ်ချင်စွာဖြင့် နှုတ် ကို အသာကိုက်ထားမိသည်။

"ကိုယ်က ဝတ်ရည် နောက်သွားတယ် ထင်လို့ပါ"



ပြီးတော့မှ သူက ဖြေရှင်းသလိုလိုဖြင့် စကားထပ် ပြောသည်။

"မနောက်ပါဘူး၊ တကယ်ပြောတာပါ။ သြော် ... ဒါက လျှို့ဝှက်ထားရမယ့် ကိစ္စလည်း မဟုတ်ဘူး။ ဆန်းတဲ့ကိစ္စ လည်း မဟုတ်ဘူး။ ရည်းစားထားတဲ့အခါ ဒါမျိုးကိစ္စတွေ က ဖြစ်တတ်တဲ့ သဘာဝရှိတယ်လေ"

ဝတ်ရည်သည် ပြောပြီးတော့မှ ကိုယ့်စကားကိုယ် ပြန်ကြား တယ်ဟုတ်တဲ့ ငါပါလားဟု လက်မထောင်ချင်စိတ် ပေါက်သွားသည်။ အစက ဒါမျိုးတွေ ဝတ်ရည် မပြောတတ်ချေ။ ရီယာနှင်းဆီရဲ့ ဒိုင်တွေကို နားထောင်ပြီးသည့်နောက်ပိုင်းတွင် ဝတ်ရည်သည်လည်း နားရည်ဝကာ ဒါမျိုးတွေကို ပြောတတ်လာ သည်ဟု ထင်သည်။

"ဝတ်ရည်က အသည်းကွဲတာကို ဘာမှမခံစားရတဲ့ပုံပဲ နော်"

"သြော် ... မခံစားရဘဲနဲ့တော့ နေမလားရှင်။ ဒါပေမဲ့ ဝေဒနာဆိုတာ ကြာရင် သက်သာသွားတတ်တဲ့ သဘောမျိုး ရှိတယ်လေ၊ အဲဒါကြောင့်ပါ"

"ဒါပေမဲ့ ဝတ်ရည်ရဲ့ပုံစံက အသည်းကွဲနေတဲ့ပုံစံ လုံးဝ မပေါက်ဘူးနော်"

"ဟုတ်လား ...။ အင်း ... နေတတ်သွားလို့ ဖြစ်ပါလိမ့် မယ်။ ပြီးတော့ လွမ်းစရာရှိရင် နာစရာနဲ့ဖြေ ဆိုတဲ့ စကားမျိုးလည်း ရှိတယ်မဟုတ်လား"

"ဝတ်ရည်က နာစရာတွေ ရှိနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့။ ဝတ်ရည် ရည်းစားက ဝတ်ရည်ကို သစ္စာဖော
သွားတဲ့ဟာပဲကို"

"သြော် ... ဖြစ်ရတယ်၊ ဒုက္ခ"

သူက တကယ်ကိုပင် စိတ်မသက်သာဟန်
ညည်းညူလျှင် ဝတ်ရည်သည် ဒီဘက်ကနေ၍ တဟင်းဟင်
ရယ်မောမိလေသည်။

"ဒါနဲ့ပဲ ဝတ်ရည်က အသည်းကွဲဒဏ်ရာကို ကု
ရန်ကုန်မြို့ကို ရောက်လာခဲ့တယ် ဆိုပါတော့"

"ဟင့်အင်း ... အဲဒီလို မဟုတ်ဘူး ... န်ကုန်ကို ရော
တော့မှ အသည်းကွဲတာ"

"ဟား ... ပြောပြမှ ပိုရှုပ်သွားပြီ"

"သြော် ... ဒီလိုလေ။ ဝတ်ရည်က တောင်ကြီးက ဆို
သိကယ်မဟုတ်လား။ ဝတ်ရည်ရဲ့ ရည်းစားက
တောင်ကြီးကပဲလေ။ သူက ဝတ်ရည်ထက်အရင် ရန်
ကိုရောက်တာ။ ဝတ်ရည်က နောက်မှရောက်တာ။ သူ
ဆပ်ပရိုက်စ်လုပ်ချင်တာနဲ့ သူရှိတဲ့နေရာကို အသာလေး
ချောင်းတော့ နောက်တစ်ယောက်နဲ့ တွဲခုတ်နေတဲ့သူ
တွေ့ရတာပေါ့ ...

အဲဒါနဲ့ပဲ ဇာတ်လေးက ရိုးပါတယ်၊ ရိုးရိုးသာ
အသည်းကွဲဇာတ်လမ်းလေးပါပဲ"

"ဟား ... ဝတ်ရည်က တကယ်စကားတတ်တယ်
ရိုးရိုးသာမန်အသည်းကွဲဇာတ်လမ်းဆိုတော့ ရှယ်ဇာတ်
ရော ရှိသေးလို့လား။ အသစ်တွေ ပြောပြန်ပြီ"



"ရှယ်ဇာတ်လမ်းတွေလည်း ရှိရင် ရှိမှာပေါ့။ နည်းနည်း
ဘယ်လိုပြောမလဲ သည်းထိတ်ရင်ဖို ကွဲကွာရတဲ့ဟာမျိုးတို့
ဘာတို့၊ မိဘသဘောမတူလို့ ကွဲရတာမျိုးကျတော့ သာမန်
ရိုးရိုးအကြောင်းအရာပေါ့။ ဝတ်ရည်လည်း ရည်းစားက
သစ္စာဖောက်သွားတာမျိုးကျတော့ သာမန်အကြောင်းအရာ
ပေါ့ ...

အာပလာ အသည်းကွဲတာပေါ့၊ ဟား ဟား ဟား"

ဝတ်ရည်သည် နှင်းဆီရယ်သလို အဲဒီရယ်သံမျိုးကြီး
ရယ်နိုင်သော ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩသွားလေသည်။
လိုမျိုးတွေ ပြောနေနိုင်သော ဝတ်ရည်ဟာ တကယ်ပဲ အသည်း
ကွဲတော့ဘူးတဲ့လား။ ကွဲတာတော့ ကွဲပြီးပြီဖြစ်သည်။ ဒါပေမဲ့
ရင်ကလောက် မခံစားရတော့တာဟာ နှင်းဆီရဲ့ အဘိဓမ္မာတွေ
ကြောင့်လည်း ဖြစ်သည်။

"ဝတ်ရည်က အသည်းကွဲရတာကို ပျော်နေတဲ့ပုံပဲနော်"

"အင်း ... ပျော်ပါဘူး။ ပျော်စရာလား။ အရင်ကဆို လှိမ့်
နေတာ အခုမှ ဆေးတိုးသွားလို့ ... ဟဲ ဟဲ"

ဝတ်ရည်သည် ပြောရင်းနဲ့ Mood တွေ ဝင်ကာ
ပဲ ဟင်းဟင်းတွေက ထိန်းမရ ဖြစ်နေသည်။ နဂိုတည်းက
ည်း ဝတ်ရည်က ပျော်ပျော်နေတတ်ခဲ့သူ ဖြစ်သောကြောင့်
ဒါတွေကပဲ ခံသာနေစေသလားတော့ မပြောတတ်ချေ။

"ဆေးတိုးသွားတယ် ...။ ဆေးတိုးသွားတယ် ဆိုတော့
ဘယ်သူက ကုပေးလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက သိချင်စိတ်ဖြင့် ပြင်းပြနေသော အသံ မျိုးဖြစ်သည်။ သူ ဘာကို သိချင်နေသလဲ ဆိုတာ ရိပ်မိသော ဝတ်ရည်သည် ပါးနပ်စွာဖြင့် လှစ်ခနဲ ပြုံးမိလေသည်။ အင်း ... ဝတ်ရည်လည်း နှင်းဆီနဲ့ပေါင်းပြီး စာတတ်လာပြီ ဆိုပါတော့ စာတတ်သဖြင့် ချက်ချင်းမဖြေသေးဘဲ ကလိလိုက်သေးသည်။

"သိချင်လို့လား"

သူက ခေတ္တတိတ်ဆိတ်သွားပြီးမှ "အင်း ... သိချင် တာပေါ့"ဟု ခပ်တိုးတိုးဖြေသည်။ ဝတ်ရည်သည် စိတ်ဝင်စား ဒီဂရီကို ထပ်မြှင့်ပေးလိုက်သည်။

"ပြောရမှာလား"

သူက ဝတ်ရည် နောက်နေမှန်းသိသွား၍ တအင်း အင်းနှင့် မပီသ မသဲကွဲသံမျိုးဖြင့် ရယ်ကာ "ပြောပါကွာ" ဟု ခပ်တိုးတိုး ပြောသည်။ အဲဒီပြောသံမျိုးဟာ စာနဲ့ရေးပြ၍ မရသ တခြားသူ တစ်ယောက်ကိုလည်း ပါးစပ်ကနေ၍ ထုတ်ပြောပြ၍ မရ။

သမီးရည်းစားတွေနဲ့ ရည်းစားမဖြစ်ကြသေးသော ရည်းစားမကျတကျတွေ စသဖြင့် တစ်စုံတစ်ရာသော သမုဒ် တွေနှင့် ဆက်နွှယ်နေသောသူတွေ အချင်းချင်း ပြောတတ်ကြသော Tone မျိုးဖြစ်သည်။

အဲဒီလေသံသည် တခြားဘယ်သူ့ကို ပြောတာ မဟုတ်။ ကိုယ်ချင်း ကိုယ်ချင်းသာ နားလည်သော နွယ်ငင်နေသော လေသံမျိုးပဲ ဖြစ်တော့သည်။



(အဲဒီလေသံမျိုးကို သမီးရည်းစားတိုင်းတောင် သိပ် သုံးတတ်သည် မဟုတ်ပါ။ တချို့မှာ သမီးရည်းစား မဟုတ်ပါဘဲ နဲ့လည်း ပြောတတ်ကြပါသည်။)

"အဟင်း ... ဝတ်ရည်ရဲ့ room mate ပါ။ သူက အဲဒီလို မျိုး ကုပေးတတ်တယ်။ ကိုနရီလည်း အကူအညီလိုတယ် အားကိုးတယ်ဆိုရင် သတိရလိုက်နော်"

"အာ ... နေပါ ဝတ်ရည်ရယ်။ အဲဒီလိုတော့ မဖြစ်ချင်ပါ ဘူးဗျာ"

သူ့ရဲ့ကြောက်လန့်တကြား ငြင်းဆိုပုံကို ဝတ်ရည်က ဟင်းဟင်းနှင့် ရယ်နေမိသည်။

"ဝတ်ရည် ဒီတစ်ပတ် အင်္ဂါနေ့မှာ ကိုယ် အဲဒီတာဝါကို လာဖို့ရှိတယ် ဝတ်ရည်၊ ဟိုတစ်နေ့ကလို မုန့်ဆင်းဝယ်စား ဦးမှာလားဟင်"

"အယ် ... မပြောတတ်သေးပါဘူး၊ ကိုနရီက အဲဒီမုန့်ကို ကြိုက်သွားလို့လား၊ အဲဒီမုန့်သည် ပြောသလို စွဲသွားပြီနဲ့ တူတယ်"

"အင်း ... စွဲသွားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီ မုန့်လေးက စားလို့ကောင်းပါတယ်။ ကော်ဖီနဲ့ တွဲစားတော့ ပိုကောင်းသေးတယ်။ ဝတ်ရည်က အဲဒီလို ထူးထူးဆန်းဆန်း တွေ တွဲစားတတ်တယ်နော်၊ နောက်ထပ် ဘာအထူးအဆန်း တွေများ ရှိသေးလဲ၊ ပြောပါဦး၊ လိုက်စားချင်လို့"

သူ့စကားကို ဝတ်ရည်က ဟက်ခနဲ တစ်ချက်ရယ် လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါက ကြို့ပြောပြလို့ မရဘူး။ ဝတ်ရည်က စိတ်ကူးထဲပေါ်လာတဲ့ဟာကို ကောက်စားတာ။ များသော အားဖြင့်တော့ ကော်ဖီနဲ့ မြန်မာမုန့်တွေကို တွဲစားတတ် တယ်။ လမ်းသူ့ရဲမုန့်နဲ့ ကော်ဖီနဲ့ တွဲစားတာလည်း ကောင်းတာပဲ ...

ဘိန်းမုန့်နဲ့ ကော်ဖီဆို အလိုက်ဖက်ဆုံးပဲ။ ထောပတ် ဘိန်းမုန့်နဲ့ နက်(စ်)ခါးခါးနဲ့များ တွဲလိုက်ရင် ရေလည် ဝွတ်ဒ်သွားပြီ။ တကယ်တော့ ဘိန်းမုန့်က အင်တာနေ့ရှ နယ်လ်အဆင့် မီတယ်"

"ဟုတ်ပါပြီ၊ ဒါဆို ဒီတစ်ခါ အဲဒါစားမယ်နော်"

"အင်း ... ကြိုရင်ပေါ့၊ ကိုနရီ ဘာပြောစရာ ရှိသေး ဟင်၊ ဟိုဟာလေ ... အဆောင်ကဖုန်း ဆိုတော့ သိပ်အကြ ကြီးပြောလို့ မကောင်းလို့ပါ"

"ဩော် ... ဟုတ်တယ်။ ဆောရီး ဝတ်ရည်။ အိုကေ အိုကေ။ ဒါဆို နောက်မှတွေ့မယ်နော်၊ ကိုယ် ဝတ်ရည် Tea time အချိန်မှာ ရောက်လာခဲ့မယ် ...

ဘိုင့်ဘိုင်နော် ဝတ်ရည်"

ဝတ်ရည်တောင် ဘာမှမပြောရသေးချေ။ သူကပြော ချင်ရာပြောကာ ဖုန်းချသွားပါလေပြီ။ ဝတ်ရည်သည် ပခုံးတစ်ဖ ကို အသာတွန့်ရင်းမှ ဖုန်းခွက်ကို ပြန်တင်ရင်း အသာလှည့်ထွ လာခဲ့သည်။ လှေကားထစ်သို့ တက်နေဆဲမှာပင် ဖုန်းသံက ပြ မြည်လာကာ တစ်စုံတစ်ယောက်က ထပ်ပြီး ကောက်ကိုင်လို သောကြောင့် ငြိမ်သွားသည်။



ခဏကြာလျှင် လှေကားသို့ ပြေးတက်လာသော ခြေသံကို ကြားရပြီးနောက် အသံက ဝတ်ရည် နောက်ကျောကို လာရိုက်ခတ်သည်။

"ဟေး ... ဝတ်ရည်၊ ဒုန့်စတော့ပ် ... ဒုန့်စတော့ပ် (Don't Stop) အဲလေ ... မှားလို့၊ စတော့ပ် ... စတော့ပ် ... ရပ် လိုက်ဦး"

နောက်ကနေ ပြောင်စပ်စပ် လိုက်အော်နေသူမှာ ဝတ်ရည်တို့အဆောင်ရဲ့ လောင်စိန် သီရိ ဖြစ်သည်။ လှေကား ထိပ်ရောက်နေသော ဝတ်ရည်က လှေကားထိပ်မှာရပ်ကာ ရယ် ကျဲကျဲဖြင့် ဘာလဲဟု မေးဆတ်ပြလျှင် ...

"အစ်မတော်ရဲ့ ဖုန်း။ အမယ်လေး ... လာလိုက်တဲ့ဖုန်း တွေ။ သူများတွေများ ပေါများလိုက်တာ၊ ပိုရင်လည်း ချွေးပါဦး။ အပြီးမတောင်းပါဘူးဟယ်၊ ခဏပဲ ငှားပါ။ လူရှိန်အောင်ပါ"

"အထင်ကြီးမနေပါနဲ့ သီရိရယ်။ ဘယ်သူ့ဆီကများပါ လိမ့်"

"ယောကျာ်းလေးသံပဲနော်"

ဝတ်ရည်က မျက်ခုံးတစ်ချက် ပင့်သွားပြန်သည်။ ခရိုပဲ ပြန်ဆက်တာများလား။ တခြားဆက်စရာသူကလည်း သိပ် မရှိ။ ဝတ်ရည်သည် သိပ်မစဉ်းစားနေတော့ပါ။ သီရိရဲ့ခါးကို နောက်ကနေဖက်ကာ လှေကားကနေပဲ တစ်ထစ်ချင်း အေးဆေး ဆင်းလာခဲ့သည်။ ရသခိုက်အချိန်လေးမှာကို သီရိက ကိုရိုးယား ကားအကြောင်း တစ်ခွန်းတစ်စ ပြောပြလိုက်သေးသည်။

www.burmeseclassic.com



"ချို့ဝမ်တော့ နတ်ပူးတာ ပွဲကြမ်းနေပြီဟေ့၊ ရေလည်ရယ်ရတယ်။ ဂင်မှုဘင်ကတော့ သနားပါတယ်။ ဒါလည်းချစ်တုန်းပဲ။ အင်း ... ဒီလိုချစ်သူမျိုးများ ရမယ်ဆိုရင်တော့ သုံးယောက်လောက်ဆို တော်ပါပြီ ... ဟဲ ဟဲ"

ဝတ်ရည်သည် သီရိကို ပခုံးတစ်ဖက်နှင့် ပစ်တိုက်ကာ ဘေးချထားသော ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ "ဟယ်လို"ဟု ထူးလိုက်ပြီးသည့်နောက်တွင် တစ်ဖက်မှ "အမ်မရယ် ဝတ်ရည်လား"ဟူသော ခပ်ရှရှ အသံတစ်သံက နားထဲသို့ ဖြတ်စီးပြီးလာသည်။ ဝတ်ရည်သည် အဲဒီအသံကြောင့် မျက်မှောင်တစ်ချက်ကြုတ်ကာ ဘယ်သူပါလိမ့်ဟု စဉ်းစားမိသည်။

အသံကတော့ နရီမင်း မဟုတ်တာ သေချာသည်။ နရီရဲ့အသံဟာ ဘယ်အချိန်ကြားလိုက် ကြားလိုက် ချိုမြနေလေ့ရှိသည်။ နားကြောထဲ စိမ့်ဝင်တတ်သော အသံမျိုးပင်။ ဒီအသံကတော့ ကိုယ့်ကိုယ်ကိုယ် ပိုင်နိုင်ကာ ယုံကြည်မှုရှိသော အသံမျိုး။ ရှုတတနှင့် နားထောင်လို့တော့ အကောင်းသားပဲ ဖြစ်သည်။

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"ဘယ်သူလို့ ထင်လဲ"

တစ်ဖက်က အသံကြောင့် ဝတ်ရည်သည် မျက်မှောင်ကြုတ်သွားသည်။ ခဏကြာလျှင် ဝတ်ရည်ရဲ့ ရင်ထဲ၌ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ မျက်လုံးထဲတွင် မထီတရီ အပြုံးတွေနှင့် မထိတထိ ပြောတတ်သော ခပ်ရင့်ရင့် လူတစ်ယောက်ကို ချက်ချင်းပဲ မြင်ယောင်လာသည်မှာတော့ ထူးဆန်းပါသည်။ ချက်ချင်း



ပဲ လက်ဖျားတွေ အေးစက်လာသလို ဖြစ်ကာ သူ ဘယ်သူဖြစ်နိုင်မလဲဆိုတာ ရိပ်မိသွားပေမယ့် ဝတ်ရည်ဟာ ဘယ်သူပါလို့ ဖွင့်မေးစရာလား။

ဒီလိုလူမျိုးကိုတော့ ပိုတောင် Lesson ပေးတတ်သေးသည်။

"ဘယ်သူလို့မှ မထင်ပါဘူး။ လာနှောက်နေတာဆိုရင် ကျွန်မ ဖုန်းချလိုက်တော့မယ်"

ဝတ်ရည်သည် ပြောပြောဆိုဆို ချတော့မည့်ပုံစံမျိုး ပြောလိုက်လျှင် သူက ခပ်သွက်သွက်ပင် "ဟိတ် ... နေဦးလေ"ဟု အလျင်အမြန် ပြောသည်။

"မင်း ... ကိုယ့်အသံကို မမှတ်မိဘူးလား"

"ရှင်က ဘယ်သူမို့လို့ ရှင့်အသံကို ကျွန်မက မှတ်မိရမှာလဲ"

ဝတ်ရည်ရဲ့ ခပ်ဆတ်ဆတ် အပြောကို သူက ခပ်ဘက်ဟက် ရယ်မောနေသေးသည်။ ဝတ်ရည်သည် သူ မမြင်နိုင်မှန်း သိတာတောင် လျှာထုတ်မဲ့ရွဲ့ပြမိသည်။ ဒီလူဟာ အဲဒီလိုပဲ စကားပြောလျှင် သူ့ဘက်သူယက်ကာ ဘဝင်ကို လေဟပ်လွန်းသည်။

"ဩော် ... အမ်မရယ်ဝတ်ရည်၊ အမ်မရယ်ဝတ်ရည်၊ အဲဒီလို ဆတ်ဆတ်ထိမခံ ကက်ကက်လန် ပုံစံတွေကြောင့် မင်းက စိတ်ဝင်စားဖို့ ကောင်းနေတာပေါ့ ...

ကောင်းပါတယ်၊ ကိုယ်ကလည်း အဲဒါမျိုးကို ပိုသဘောကျပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ရှင့်ကို သဘောကျလား မကျလား မေးနေတာ မဟုတ်ဘူး။ ရှင် ဘယ်သူလဲလို့ မေးနေတာနော်"

"သိပ်စိတ်ဝင်စားနေပြီပေါ့"

"ကျွတ် ... ဒီလူ ..."

ဝတ်ရည်သည် စိတ်တိုလာသဖြင့် ဖုန်းကို ဂွပ်ခနဲ မြည်အောင် ချပစ်လိုက်သည်။ လှည့်ထွက်ဖို့ ပြင်တုန်းမှာပဲ ဖုန်းက နောက်တစ်ကြိမ် ပြန်မြည်လာပြန်သည်။ ကိုင်သင့် မကိုင်သင့်၊ ဖုန်းကို စိုက်ကြည့်နေတုန်းမှာပဲ သုံးလေးချက် မြည်သဖြင့် ဖုန်းကိုင်ဖို့ ပြေးလာသော နွယ်နီက အနားမှာရပ်နေသော ဝတ်ရည်ကို မြင်သွားကာ အခြေအနေကို သဘောပေါက်ဟန်ဖြင့် လှမ်းတောင် နောက်လိုက်သေးသည်။

"ကောက်ကွေးပြီး ဖုန်းချတော် မူတယ်ပေါ့။ ပြန်ကိုင်လိုက်ပါဟယ်"

ဝတ်ရည်သည် ဟင်းခနဲ ဆောင့်ကာ ဖုန်းကိုပြန်ကိုင်လိုက်သည်။ ထင်သည့်အတိုင်းပင် ခပ်ကျောကျောလူပဲ ပြန်ဆက်တာ ဖြစ်သည်။

"ဟေး ... အမ်မရယ် ဖုန်းမချနဲ့နော်။ ဖုန်းချရင် မင်း အဆောင်ထိ ကိုယ်ရောက်လာမှာ"

"အောင်မယ် ... အောင်မယ် ... ရှင်ကဘယ်သူမို့လို့ ကျွန်မ အဆောင်ကိုပါသိနေရတာလဲ၊ ရှင်တော်တော်လွန်နေပြီနော်"

ဝတ်ရည် တကယ်ဒေါသထွက်မှန်းသိလျှင် သူက ကိုယ်ရှိန်ကိုသတ်ကာ အတည်အတံ့ဟန်ဖြင့် ပြောသည်။



"ဆောရီးကွာ၊ ကိုယ်က မင်း မကြိုက်မှန်းသိလို့ တမင်နောက်နေတာပါ။ နောက်ပြီးတော့ မင်းကို လှမ်း Check တာ။ မင်းက ထင်တာထက်, ပိုတော်တာပဲ ...

ကိုယ် လင်းမြတ်ရောင်ဝါပါ အမ်မရယ်လ်"

ဝတ်ရည်သည် တစ်ချက် ငြိမ်သွားသည်။ ပြီးတော့ အတန်တန် အားတင်းကာ ...

"ဘာကိစ္စလဲ"

"မင်းကို ဖုန်းဆက်ရတဲ့ ကိစ္စလား"

"ဟုတ်တယ်"

"ကိစ္စကတော့ မင်းကို သတိရလို့ပေါ့"

"ဘာ ... ရှင်၊ ဒါ ဘာပြောတာလဲ"

"ဟုတ်တယ်လေ၊ အမှန်အတိုင်း ပြောတာပဲဟာ။ တခြားက ဘာကိစ္စမှ မရှိဘဲ။ မင်းကို သတိရနေတယ်၊ သတိရတဲ့အတွက် မင်းအသံကို ကြားချင်လို့ ဖုန်းဆက်တယ်၊ ဒါအဖြစ်မှန်ပဲလေ"

"ကျွတ် ... ရှင် ကျွန်မ ဖုန်းနံပါတ်ကို ဘယ်ကရတာလဲ"

"အဲဒီမေးခွန်းတွေ မမေးစမ်းပါနဲ့ ဝတ်ရည်ရာ။ အဲဒါတွေက ဘာမှအရေးမပါတဲ့ ကိစ္စတွေပါ။ ဝတ်ရည် ... မင်း ဆံပင်စတိုင်လ်သစ် ပြောင်းလိုက်တယ်နော်။ မင်းနဲ့တော်တော်မိုက်တယ်။ ဒါပေမဲ့ ကိုယ့်မျက်လုံးထဲမှာ ဆံထုံးပုံ့ပုံ့လေး ထုံးထားတဲ့ပုံကို အစွဲဆုံးပဲ ...

ဆံထိုးလေး လှုပ်တုပ် လှုပ်တုပ်နဲ့ တကယ်မိုက်တယ်။ မင်းက နယ်ကလာပေမယ့် ဖက်ရှင်နေးဘဲလ်တော့

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဖြစ်တာပဲ၊ ကမ္ဘာကြီးနဲ့ မျက်ခြည်မပြတ်ဘူး
တူတယ် ... ဟုတ်လား”

“အဲဒါ ရှင်နဲ့ မဆိုင်ပါဘူး။ ကဲ ... ရှင် ပြောစရာမရှိတော့ဘူးဆိုရင် ကျွန်မ ဖုန်းချတော့မယ်”

“ဟာ ... နေဦးလေကွာ။ ဘာမှဖြစ်လို့တောင် မပြောရသေးဘူး။ အယ်မရယ်လ် ... မင်းကို ကိုယ် တစ်နေရာရာ တစ်ခုခု ကျွေးချင်တယ်။ မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ အဲဒါ မင်း လက်ခံပေးနိုင်မလား”

ဒီလိုကျတော့လည်း သူက တည်တည်တံ့တံ့ ကောင်းကောင်းမွန်မွန် ပြောသဖြင့် ဝတ်ရည်က နည်းနည်းငြိ သွားပြန်သည်။

သူရဲ့ ချမ်းသာကြွယ်ဝမှုတွေ၊ ဂုဏ်ဒြပ်တွေ စိတ်မဝင်စား မမှုသော်လည်း သူဟာ ဝတ်ရည်ရဲ့ အလုပ်ရှင် အန်ကယ်ကိုယ်တိုင်က တလေးတစား ဆက်ဆံနေရတဲ့သူမို့ ကို... ကလည်း မရိုင်းပျမိစေရန်တော့ သတိထားရမည် ဆိုတာကို ... လည်သည်။ ခက်တာက ဒီလူက မထိလေ့တ် ထိလေ့တ် ... လုပ်တတ်ခြင်းပဲ ဖြစ်သည်။

“ကျွန်မ ဘာမှ မစားချင်ဘူး”

“ဘာဖြစ်လို့လဲ၊ ကိုယ့်ကို မယုံလို့လား။ စိတ်ချပါ အ... ရယ်လ်။ ကိုယ် မိကောင်းဖခင် သားသမီးပါ။ မင်း သိ... ကျအောင် လုပ်မယ့်သူမျိုး မဟုတ်ပါဘူး”

“ကျွန်မ သိပါတယ်။ ဒါပေမဲ့ ခုလောလောဆယ် ကျွ... စားချင်စိတ် မရှိသေးလို့ပါ။ ကျေးဇူးတင်ပါတယ်”



ဝတ်ရည်က ပြေပြေပြစ်ပြစ်နှင့် ကောင်းကောင်းမွန်မွန် ပြောလိုက်လျှင် သူက သဘောပေါက်သွားဟန်ဖြင့် “အိုကေ” ဟု ရေရွတ်သည်။

“ရပါတယ်၊ မင်း စိတ်ဆန္ဒရှိတဲ့ တစ်နေ့ကို စောင့်ရမှာပေါ့။ အမ်မရယ်လ် ... မင်းက ကိုယ့်အတွက်တော့ အရမ်း ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပဲ သိလား။ မင်းနဲ့ ကိုယ် စကားတွေ အများကြီး ပြောချင်တယ် ...

မင်းမှာ ပိုက်ဆံရှိတယ် မဟုတ်လား။ ဟန်းဒ်ဖုန်း တစ်လုံးလောက် ဝယ်ကိုင်ကွာ။ ကိုယ် သတိရတဲ့အခါ မင်းနဲ့ စကားပြောချင်တယ်။ မင်း ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ သိချင်တယ်။ လိုအပ်တယ်”

ဝတ်ရည်သည် စိတ်ထဲမှ အချဉ်ပေါက်စွာဖြင့် သူ့ကို ခပ်တိုးတိုး ကျိန်ဆဲမိသည်။ ဒီလူဟာ ဝတ်ရည်မို့ပဲ တမင် ပြောနေတာလား။ ဒီလိုအကျင့်ပဲ ရှိနေသလားတော့ မပြောတတ်...။ သူ့ကို ဘာမှပြန်ပြောချင်စိတ် မရှိတော့သဖြင့် “ကျွန်မဖုန်း ချလိုက်ပြီ”ဟု ပြောကာ ဖုန်းချပစ်လိုက်သည်။

သူက ထပ်တော့မခေါ်တော့ပါ။ ဝတ်ရည်သည် ...ကားထစ်များကို ခပ်သွက်သွက် ပြေးတက်လာရင်းမှ အခန်း ...ထဲသို့ရောက်လျှင် ကိုရီးယားကားက ပြီးဆုံးသွားပြီဖြစ်သည်။ ...ဆီက ကြိမ်ခုံဝိုင်းကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်နေရာမှ ဝတ်ရည် ...ကို ငဲ့ကြည့်ကာ ...

“ဘယ်လိုလဲ အစ်မ။ ကြာလှချည်လား၊ ဘော်တက်တွေ ဆက်တယ်နဲ့တူတယ်”

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘာတွေပွားနေကြတာလဲ"

"ဆက်တာက နှစ်ယောက်တောင် စီနီယာ။ နရီမင်း ရောင်ဝါ။ နရီမင်းဆီက ဖုန်းလည်းချရော ရောင်ဝါဆီ... ချက်ချင်းဝင်လာတာပဲ"

နှင်းဆီက တယ်ဟုတ်ပါလား ဟူသော အကြည့်မျိုး ဖြင့် ဝတ်ရည်ကို ပြုံးထေ့ထေ့ လှမ်းကြည့်သည်။ ပြီးလျှင် ထို... ရာမှထကာ ကော်ဖီဖျော်ဖို့ လျှောက်သွားရင်း စကားပြောသွား... သည်။

"ဓာတ်လမ်းတွေကတော့ စ,ပြီပေါ့။ နေဦး ... အဲ... ရောင်ဝါ ဆိုတဲ့လူကို ကျုပ် သိတယ်။ သူလည်း ခပ်ဖြော... ဖြောင့်ပဲလေ၊ ဟုတ်တယ် မှလား"

"အင်း ... ဟုတ်တော့ ဟုတ်တယ်။ ဘယ်လိုလုပ် သိ... လဲ"

"ဒီလိုပါပဲ။ သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီး ... တာပါ။ အဲဒီတစ်ယောက်ကို မိန်းမတွေက အရမ်းကြိုက်... ကြတာ။ ကြိုက်တယ်ဆိုတဲ့ နေရာမှာ သူ့ရုပ်ရည်အပြ... Back ground ကလည်း အဓိက,နေရာကနေ ပါတာပေါ့... မိန်းမကိစ္စနဲ့ ပတ်သက်ပြီး နာမည်ပျက်မရှိဘူး။ အလုပ်... တော်တယ်။ ပြီးတော့ ဆရာဝန်ဘွဲ့ရထားတယ် စသည်... ဂုဏ်ပုဒ်တွေက တန်းစီနေတော့ ပုံပြင်ထဲက ရွှေမင်းသား... လေးပေါ့ကွာ။ ဒါပေမဲ့ မင်းသားက သိပ်နုပုံတော့ မရ... ခပ်ကြမ်းကြမ်းပဲ ...



ဘယ်မိန်းမကိုမှလဲ စိတ်မဝင်စားဘူးလို့ ကြားတယ်။ ဝတ်ရည် ... မင်းတော့ ဖုတ်သွင်းရထားဆိုက်ပြီနဲ့တူတယ်။ နရီမင်းကရော ဘာထူးသေးလဲ' ...

ရောင်ဝါ့လောက် ဟိုက်ဘော့စ်ကြီး မဟုတ်ပေမယ့် သူ့ဟာနဲ့သူ တော်တော်ပြည့်စုံတာပဲ။ သူ့ဓာတ်ပုံဆိုင်တွေက လှည်းတန်းမှာတစ်ခု၊ (၃၇)လမ်းမှာတစ်ခု၊ သုံးဆိုင်တောင်ပိုင်တယ်။ သူကိုယ်၌ကလည်း ဓာတ်ပုံပညာမှာ အရမ်းတော်တယ်တဲ့။ နိုင်ငံခြားဓာတ်ပုံပြိုင်ပွဲတွေမှာ ဆုတွေ ခဏ ခဏ ရတယ်လို့ ပြောတယ်"

"စီနီယာက ဒါတွေ ဘယ်ကသိလာတာလဲ"

"ဩော် ... ဒါက သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး။ တို့ ဝတ်ရည် အတွက် စုံစမ်းပေးရတာပဲလေ။ ပြီးတော့ အဲဒီ လူတွေကလည်း စုံစမ်းရခက်တဲ့ လူတွေမှ မဟုတ်တာ၊ အဆင်သင့်ချင်တော့ သူတို့ကို သိတဲ့လူတွေနဲ့ချည်း တို့က သိနေတယ် ...

နှစ်ယောက်စလုံးကတော့ အမိုက်စားတွေချည်းပဲ ဝတ်ရည်"

"ဘာလဲ ... ရှင်က ကျုပ်ကို ရည်းစားထားခိုင်းနေတာလား နှင်းဆီ"

"အင်းပေါ့ ... ရည်းစားဆိုတာ ထားရမှာပေါ့ ဝတ်ရည်"

နှင်းဆီက ဘာမှမဖြစ်သလို ပြောရင်း ဝတ်ရည့်ရဲ့ ကော်ဖီတစ်ခွက် ချပေးသည်။ နှင်းဆီ အကျင့်လုပ်သဖြင့် ...ည်သည် ညစဉ် ညတိုင်း ကော်ဖီတစ်ခွက်သောက်လို့ရမှ

www.burmeseclassic.com

www.burmeseclassic.com



နေသာသော အလေ့အကျင့်ကို ရနေလေသည်။ ကော်ဖီသော ရင်း နှင်းဆီရဲ့ဒိုင်တွေက ကဖင်းခါတ်တွေလိုပင် ကြ စွဲလေဖြစ်၏။

“အဲဒါက လုပ်ကိုလုပ်ရမယ့် ဝတ္တရားတစ်ခုလား”

“အားလုံးကို မဆိုလိုဘူး။ ဒါပေမဲ့ ရည်းစားထားတတ် ကောင်းတယ်။ ရည်စားထားရင် မဟုတ်ဘူးနော်။ ရည် ထားတတ်ရင်လို့ ပြောတာ ...

တကယ်တမ်းကျတော့ ရည်းစားဆိုတာမျိုး အဖော်ပေါ့ကွာ။ အစစအရာရာ နားလည်မှုရှိတဲ့သူမျိုး ဒါကြောင့် နိုင်ငံခြားမှာ boyfriend တို့ girlfriend သုံးကြတာပေါ့။ lover နဲ့ မတူဘူးလေ ...

တချို့က ရည်းစားထားတာ ချစ်မှုပဲထားရတယ် နေကြတာ။ တယ်တော့ ရည်းစားထားတာ ချစ်ဖို့မလို

“ဟင်း ... စပြီ”

“ဟုတ်တယ် ... ချစ်လို့ ရည်းစားထားတာ၊ တို့တစ် မလည်မဝယ် ဆယ်ကျော်သက်ဘဝတုန်းက ခပ်တုံး တွေကြောင့်။ အခု အဲဒီလို မဖြစ်ရတော့ဘူးလေ၊ စ ရတော့မယ် ...

ချစ်မှ ရည်းစားထားရတော့မှာမျိုး မဟုတ် ကိုယ့်ကို ပျော်ရွှင်မှုပေးနိုင်တဲ့သူ၊ နားလည်နိုင်မယ့် ကို ရည်းစားထားရတော့မှာ။ အဲဒီအခါမှာ ရည်း တစ်ကြိမ်တည်းနဲ့ နှစ်ယောက် ဖြစ်ချင်လည်းဖြစ် သုံးယောက် ဖြစ်ချင်လည်း ဖြစ်မယ်”



ဝတ်ရည်သည် မော့လက်စ ကော်ဖီ သီးမတတ်ပင် ဆီကို အလန့်တကြား ပြူးကြည့်မိသည်။ နှင်းဆီက မျက်ခုံး ဖက်ကို ပင့်ပြရင်းမှ ...

“ဟုတ်တယ် ဝတ်ရည်။ ချစ်သူဆိုတာသာ တစ်ကြိမ်တည်းမှာ တစ်ယောက်တည်းရှိမှာ၊ ဒါတောင် ချစ်သူရှိရဲ့သားနဲ့ ရည်းစားရှိတဲ့သူတွေလည်း အများကြီးပဲ ...

ထားလိုက်ပါ။ ရည်းစားထားတာပဲ ပြောကြရအောင်။ ရည်းစားတစ်ထောင် လင်ကောင်းတစ်ယောက် ဆိုတဲ့ တို့ မြန်မာစကားပုံကို ကြားဖူးတယ် မဟုတ်လား။ ရည်းစားတစ်ထောင် ထားခဲ့ပစေဦး ယောက်ျားကတော့ တစ်ယောက်တည်းပဲ ယူရမယ်လို့ ဆိုလိုထားတာ။ ဒါပေမဲ့ အဲဒီလို တစ်ယောက်တည်း ရိုးမြေကျဖို့အတွက် တစ်ထောင်ထဲက စိစစ်ပြီး ရွေးရမှာပဲ ...

တစ်ခါတစ်ရံမှာ အခြေအနေက ရွေးရခက်အောင် ဖန်တီးပေးတယ်တယ် ဝတ်ရည်။ အခု မင်း ကြုံနေရတဲ့ အရာမျိုးပေါ့။ နရီရော၊ ရောင်ဝါရောဟာ ရည်းစားတော်စပ်ကြည့်ဖို့ အသင့်တော်ဆုံး လူတွေပဲ ...

အဲဒီတော့ မင်း နှစ်ယောက်စလုံးကိုသာ ချိတ်ထားပေတော့”

“အာ ... အဲဒီလိုတော့ မလုပ်နဲ့လေ။ တစ်ယောက်ယောက်ကိုတော့ ရွေးရမှာပဲ မဟုတ်ဘူးလား”

“ဟုတ်တယ်လေ။ မင်း အိမ်ထောင်ပြုမယ်ဆိုရင် တစ်ယောက်ကိုတော့ ရွေးချယ်ရမှာ။ မင်း ချစ်သူထားမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း တစ်ယောက်တည်းကိုပဲ ရွေးရမှာ။ မင်း
သားက တစ်ပြိုင်နက် နှစ်ယောက်ချစ်နိုင်ရင် မင်
အသည်းကြီးနေလို့ပဲ ...

အခုက မင်း ဘယ်သူ့ကိုမှ မချစ်သေးဘူး မ
လား။ မချစ်သေးတဲ့အတွက် နှစ်ယောက်စလုံးကို ရည်
တော့်ထားခွင့် ရှိတယ်။ အဲဒါ တရားတယ် ဝတ်ရ

အဆုံးသတ်ပြောလိုက်သော နှင်းဆီရဲ့စကား
တွင် ဝတ်ရည်ရဲ့ခေါင်းထဲ၌ လက်ခနဲ ဖြစ်သွားသည်။ အ
မှာ ဝတ်ရည် ဘာကိုမှ နက်နက်နဲနဲ မစဉ်း ချင်တော့။ ရ
စွာလည်း မချစ်တတ်ချင်တော့။ ကိုယ်က အချစ်ခံချင်
စိတ်နှင့်အတူ မချစ်သေးသည့် နှလုံးသားနှင့် ပြော ထား
ဖျူပြာကိုသာ စိတ်ဝင်စားတော့သည်။

❤ ❤



သူက တန်ဖိုးမထားဘဲ စွန့်ပစ်သွားသည့်
မိန်းကလေးတစ်ယောက်ကို သူ့ထက် အဆ
ပေါင်းများစွာသာသည့် ယောက်ျားတစ်ယောက်
က အရေးသယ် ငြိတွယ်နေခြင်းကို သူ မြင်
ရခြင်းသည် ဝတ်ရည် အတွက်တော့ အကောင်း
ဆုံး ပြေသိမ့်စရာ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

Tea time အချိန် ရောက်ပြီမို့ ဝတ်ရည်သည် လက်စ အလုပ်တချို့ကို လက်စသတ်ကာ ဒိုင်းနင်းရွမ်းထဲ ထွက်လာခဲ့သည်။ အဲဒီအချိန်မှာပဲ ရုံးရဲ့အထွေထွေလုပ်သား က ဝတ်ရည်ကို ရှာဖွေနေဟန်ဖြင့် တွေ့သွားလျှင် ပြုံးပြုံးရွှင်ရွှင် ပြေးလာကာ ...

"မဝတ်ရည် ... မဝတ်ရည် အတွက် ဒီမှာ ပါဆယ်လ် ပေးသွားတယ်"

"ဟင် ... ဘယ်သူက ပေးတာလဲ"

"မသိဘူး။ အစ်ကိုကြီး ချောချောတစ်ယောက်ပဲ။ မဝတ်ရည် ရဲ့ ဟိုဒင်းလား"

"ဟဲ့ ... ဘာဟိုဒင်းလဲ။ ဘာဟိုဒင်းမှ မရှိဘူး။ ပေး ပေး၊ ဘာတွေပါလိမ့်"

ဝတ်ရည်က သူ့လက်ထဲမှ ကြွပ်ကြွပ်အိတ်ကို ဆွဲယူ လိုက်သည်။ ကောင်လေးက လှည့်ထွက်သွားရင်းမှ ဝတ်ရည် စကားပြောသွားသေးလေသည်။



"နေ့တိုင်းလာပေးရင် ကောင်းမှာဗျ၊ ကျွန်တော့်ကို မုန့်ဖိုး တစ်ထောင်တောင် ပေးသွားတယ်"

ဝတ်ရည်သည် ဘာပါလိမ့်ဟူသော စူးစမ်းစိတ်ဖြင့် ဒိုင်းနင်းရွမ်းသို့ လျှောက်လာရင်းမှ ကြွပ်ကြွပ်အိတ်ကို ဖွင့်ကြည့် သည်။

အထဲမှာ ရေမွှေးပန်းခြောက်လေးတစ်ခု၊ ကတ်တစ် ကတ်နှင့်အတူ ဖော့ဘူးကြီးတစ်ဘူးတို့ ပါဝင်သည်။

"ဘာတွေလဲဟေ့"

"သိပါဘူး မခိုင်ရယ်"

ဝတ်ရည်က အထုပ်ကို စားပွဲပေါ်မှာတင်လျက် ကော်ဖီစက်မှာ ကော်ဖီတစ်ခွက် သွားငှဲ့ပြီးမှ ခုံမှာထိုင်ကာ အထုပ်ကို ဖွင့်ကြည့်သည်။ ကတ်ကို ဖွင့်လိုက်လျှင် ဝိုင်းစက်ညီ ညာလှပသော လက်ရေးများကို တွေ့မြင်လိုက်ရသည်။

"ဝတ်ရည် ...

မြန်မာမုန့်လေးတွေကို နှစ်သက်တယ်ဆိုတဲ့အတွက် Tea time အချိန်မှာ ကော်ဖီနဲ့ တွဲဖက်စားဖို့ ငှက်ပျော ဆနွင်းမကင်း ပို့ပေးလိုက်ပါတယ်။ ပျော်ရွှင်တဲ့ နေ့လယ် ခင်းလေး ဖြစ်ပါစေ ...

ဆန္ဒဖြင့် ...

နရီမင်း"

ဝတ်ရည်သည် စာဖတ်ပြီးလျှင် မျက်ခုံးပင့်မိသွား သည်။ ကပျာကယာပင် ဖော့ဘူးကို ဖွင့်လိုက်လျှင် စားချင်စဖွယ် မွှေးပျံ့လှပနေသော ငှက်ပျောဆနွင်းမကင်းများကို စီရရီတွေ့ရ.

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဆန္ဒင်းမကင်းတုံးများကို စိုက်ကြည့်ရင်းမှ ပြုံးနေသော ဝတ်ရည်ကို မခိုင်က မျက်လုံးပြူးကြည့်ကာ ...

"ဟဲ့ ... ဆန္ဒင်းမကင်းကသိုက်ရှုနေတာလား။ အံမယ်_ ဆန္ဒင်းမကင်းကလည်း အလကြီး၊ ကတ်တွေ ရေမွှေးပန်း ခြောက်တွေနဲ့ပါလား ...

ဘယ်ချစ်ချစ်က ပို့လိုက်တာလဲ ... ပြောစမ်း"

ဝတ်ရည်သည် ကတ်နှင့် ပန်းခြောက်လေးကို အိတ် ထဲပြန်ထည့်ရင်းမှ ...

"ချစ်ချစ် မဟုတ်ပါဘူး မခိုင်ရယ်။ ဖရန့်(Friend)ပါ"

"တို့ တောင်ကြီးသူမကတော့ စွံတယ်ဟေ့။ ရန်ကုန်သ တွေတောင် နောက်ကောက်ကျနေပြီ။ တို့ဖြင့် ဒီရုံးမှ တစ်သက်လုံး လုပ်လာတာ ယောင်မှားလို့တောင် ကတ်ရေ ဘာတွေ မရခဲ့ဖူးပါဘူး ...

သနားသောအားဖြင့် ဆန္ဒင်းမကင်းလေးများ မကျွေ ချင်ဘူးလားဟယ်၊ ကြည့်ပါဦး စားချင်စရာ"

ဝတ်ရည်သည် ဆန္ဒင်းမကင်းတွေကို စိုက်ကြည့် လျက် လျှာသပ်ပြနေသော မခိုင်ရဲ့ပုံစံကို ရယ်ချင်စွာဖြင့် ဘူးကို တွန်းပေးလိုက်ကာ ...

"စားပါ ... စားပါ။ ဒီကလည်း ကျွေးမလို့ပါ။ ဝေဝေ သဉ္ဇာတို့ရော စားလေ အများကြီးပဲဟာ။ ဝတ်ရည် တစ် ယောက်တည်း မကုန်ပါဘူး။ စားကြပါနော်"

အားလုံးကလည်း အားပေးကြသည်။ သူ ပို့ပေးသော ဆန္ဒင်းမကင်းကလည်း တကယ်ပင် အရသာရှိလေသည်။ ဝတ်ရည်



သည် ကော်ဖီခါးဆိမ့်ဆိမ့်လေးကို ငုံလိုက်၊ အရသာရှိလှသော ဆန္ဒင်းမကင်းလေးကို မြုံလိုက်ရင်းမှ မျက်လုံးထဲတွင် နူးညံ့စွာ ပြုံးကြည့်တတ်သော နရီရဲ့ပုံစံကို မြင်ယောင်လို့လာသည်။ နရီဟာ သိပ်ကြင်နာ အလိုက်သိတတ်တာပဲ။ လူကို ဆပ်ပရိုက်ဖြစ်အောင်လည်း လုပ်တတ်သည်။

သူလို လူမျိုးအတွက်က မိန်းမချောတွေကတောင် သည်းသည်းလှုပ်နေရဦးမည် ဖြစ်လေရာ ဒီလိုလူတစ်ယောက်က ဝတ်ရည်ကိုလည်း သည်းသည်းဂရုစိုက်နေခြင်းအပေါ် ဝတ်ရည်ကလည်း ပုထုဇဉ်ပီပီ သာယာလေသည်။ ဝတ်ရည်သည် သူ့အကြောင်းကို တွေးနေတုန်းမှာပဲ အော်ပရေတာမှ ကောင်လေးက ဝတ်ရည်ကို ဖုန်းလာနေကြောင်း သတင်းလာပေးသည်။

ဆန္ဒင်းမကင်းကို သံယောဇဉ် မဖြတ်လေသော ဝတ်ရည်သည် လက်ကကိုင်ရင်း တန်းလန်းနှင့် ဖုန်းခွက်ကို နားထောင်လိုက်သည်။

"ဟယ်လို"

"ဝတ်ရည်လား ... ကိုယ် နရီပါ"

"ဪ ... နရီ။ ဟုတ် ... ပြောလေ"

"ကိုယ် ပို့လိုက်တဲ့မုန့် ရလားလို့ပါ"

"အဟင်း ... ရလို့ ဗိုက်ထဲတောင် ရောက်နေပြီ"

"ဪ ... ဟုတ်လား။ ကြိုက်ရဲ့လား ဝတ်ရည်"

"ကြိုက်တာပေါ့။ ကောင်းလိုက်တာ ကော်ဖီပူပူလေးနဲ့ သိပ်လိုက်တာပဲ။ ဘယ်ကဝယ်တာလဲဟင်"

"ပြောမပြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ပြောပြပါ။ ရုံးကအစ်မတွေကလည်း ကောင်းလို့တဲ့။ မေးနေကြတယ်၊ ဘယ်ကဝယ်တာလဲဟင်၊ တကယ်မေးတာပါ"

"အင်း ... နောက်တော့ ပြောပြမယ်လေ။ အခုတော့ ဝတ်ရည် စားချင်တယ်ဆိုရင် အမြဲပို့ပေးပါ့မယ်။ တခြားကောင်းတဲ့မုန့်တွေလည်း ရှိသေးတယ်၊ ဝတ်ရည့်ရဲ့ ... တစ်နေ့တစ်မျိုးပေါ့"

"ဟင် ... မလုပ်ပါနဲ့။ အားနာစရာကြီး"

"အားမနာပါနဲ့။ ဝတ်ရည် ကြိုက်တယ်ဆိုရင် ကျေနပ်တယ် ...

အင်း ... ဝတ်ရည် ကော်ဖီသောက်နေတာ မဟုတ်လား။ ခဏနားတုန်း ကိုယ့်ကြောင့် အချိန်တွေ ပွန်းကုန်ဦးမယ်။ နောက်မှ တွေ့ကြမယ်နော် ... ဘိုင့်ဘိုင်"

"ဟုတ် ... ဟုတ်ကဲ့။ ကျေးဇူးပဲနော်"

ဝတ်ရည်သည် ဖုန်းကိုချကာ ပခုံးလေးတွန့်ရင်း ဆန္ဒင်းမကင်းကို တစ်ကိုက်ထပ်ကိုက်ချလိုက်သည်။ ဖုန်းနားမှ ချာခနဲ လှည့်ထွက်တုန်း ဖုန်းမြည်သံက ထွက်ပေါ်လို့လာကာ အော်ပရေတာက လှမ်းခေါ်ပြန်သည်။

"မဝတ်ရည်ရေ ... ဖုန်းတဲ့ဗျာ"

"ဟာ ... လာလိုက်တဲ့ဖုန်း"

ဒီတစ်ခါတော့ ဝတ်ရည်က သိပ်မကြည်တော့ချေ။ စားရသောက်ရတာဟာ ဇိမ်ပျက်လွန်း၍ဖြစ်သည်။ စည်းကမ်းကြီးသော ဝတ်ရည်တို့ရုံးမှာက ဒီလိုအချိန်လေးမှာပဲ ခင်ရာ မင်ရာ



အုပ်စုဖွဲ့ကာ စကားလေး ဘာလေးပြော၊ ဟာသလုပ်ကြရခြင်း ဖြစ်လေရာ ဒီလိုအချိန်လေးကို အားလုံးမက်မောကြလေသည်။

"ဟုတ်ကဲ့ ... အမ်မရယ်လ်ဝတ်ရည်ပါရှင်"

"အင်း ... ဒီလိုကျတော့လည်း နူးညံ့သားပဲ"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ဝတ်ရည် ကြောင်သွားသည်။ သို့သော် ချက်ချင်းပင် ဒါဘယ်သူလဲဆိုတာ ရိပ်မိလိုက်လေသည်။ သူကလည်း ပါးသည်။ ခေတ္တငြိမ်သွားသော တစ်ဖက်မှ ဝတ်ရည်ရဲ့အခြေအနေကို အကဲခတ်ကာ မေးခွန်းထုတ်လေသည်။

"အမ်မရယ်လ် ... ကိုယ် ဘယ်သူလဲဆိုတာ သိတယ်မှုလား"

"မသိပါဘူး၊ ဘာဆိုင်လို့ သိရမှာလဲ"

ဝတ်ရည်ရဲ့ ဘုဆတ်ဆတ် အပြောကို သူက တဟားဟားနှင့် အော်ရယ်လေသည်။

"ဟား ဟား ... အဲဒါကိုက မင်း ကိုယ်မှန်းသိလို့ပေါ့ ဝတ်ရည်ရယ်။ လိမ်တာ မကောင်းပါဘူးကွာ။ အသံကိုသိရင် သိတယ်၊ မှတ်မိနေရင် မှတ်မိနေတယ်ပေါ့"

ဝတ်ရည်သည် ဒီလူကို မနှစ်မြို့တာ အဲဒါတွေပဲ ဖြစ်သည်။

သူက သူ့ကိုယ်သူ သိပ်အထင်ကြီးတတ်လေသည်။ စကားပြောလိုက်လျှင် သူ့ဘက်မှာက တစ်ဝက်ကျော်ကျော်လောက် ပါသည်။ သူ့ကိုယ်သူ သိပ်ပိုင်နိုင်နေသော ပုံစံမျိုး၊ သူ့ကိုဆိုလျှင် ဘယ်မိန်းမကမှ မတင်းမာနိုင်ဘူး၊ စိတ်ဝင်စားလိုက်ကြလေသည်ဟူသော အချိုးမျိုးကို သူက ချိုးနေတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ရှင့်ဘာသာ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားဘူး။ ရှင် ပြောစရာမရှိဘူးဆိုရင် ကျွန်မ ဖုန်းချတော့မယ်"

"ဟိတ် ... နေဦးကွာ။ မင်း တော်တော်စွာတဲ့ မိန်းကလေးပဲ အမ်မရယ်လ်"

"ကျွန်မက စွာတာ မဟုတ်ဘူး။ ရှင်သာ ဘဝင်လေဟပ်ဖနောင့်ကို သံစူးနေတာ"

"ဘာ ... ဘာ ... ဘာ ... ဘာဖနောင့်သံစူးတာလဲ"

"မသိဘူး။ ရှင့်ကိုယ်ရှင် အသိဆုံးနေမှာပဲ။ ကဲ ... ဒါပဲ မဟုတ်လား"

"ဟိတ် ... နေဦးကွာ၊ မင်းက တကယ်ဆိုးတယ်ကွာ။ ကိုယ့်ကို သိရဲ့သားနဲ့။ မင်း သိလို့ပဲ ဒီလိုစကားတွေ ထွက်နေတာပေါ့။ ကဲ ... ထားပါ။ မင်းကို ပြိုင်မငြင်းတော့ပါဘူး၊ ငြင်းလည်းပဲ မင်းက ဝန်ခံမှာမှ မဟုတ်တာ ...

ကိုယ် ရောင်ဝါပါ အမ်မယ်ရယ်လ်"

သူ အဲဒီလို ဝန်ခံလိုက်တော့လည်း ဝတ်ရည်သည် နှုတ်ဆိတ်သွားသည်။ ခဏနေတော့မှ ...

"ဘာကိစ္စရှိလို့လဲ"

"ကိစ္စကလား ... ကိစ္စက မင်းနဲ့အတူတူ ကော်ဖီသောက်ချင်လို့ပါ ...

အခု မင်းတို့ရုံးက Tea time မဟုတ်လား။ မင်းနဲ့ ကိုယ်နဲ့ Aroma မှာ ကော်ဖီသွားသောက်ရအောင်၊ ဘယ်လိုလဲ အမ်မရယ်လ်"



"ဟင့်အင်း ... ကျွန်မ မသောက်ချင်ဘူး။ အခုလည်းသောက်ပြီးနေပြီ"

"ဒါဆို ဘယ်နေ့သောက်နိုင်မှာလဲ အမ်မရယ်လ်"

သူ့အသံက အတန်ငယ် ချိုသာပျော့ပြောင်းလာသဖြင့် ဝတ်ရည်သည် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဝတ်ရည် ငြိမ်သွားတာကို အခွင့်ကောင်းယူ၍ သူက ထပ်ပြီး တောင်းဆိုလာသည်။

"အမ်မရယ်လ် ... မင်း ကိုယ့်ကို အဲဒီလောက်လေးတောင် မလိုက်လျောပေးနိုင်ဘူးလား။ ကိုယ် မင်းကို respect နဲ့ တောင်းဆိုနေတာပါ ...

ဒီလောက်တော့ မင်း နားလည်ပေးသင့်ပါတယ်ကွာ"

"ဆောရီး ... နောက်များကျမှပေါ့ ကိုရောင်ဝါ"

"အဲဒီနောက်များကျမှဟာက ဘယ်နောက်များကျမှလဲ။ ကိုယ်က တိကျမှ ကြိုက်တဲ့ကောင်နော်။ တစ်ခုခုဆို comfirm ဖြစ်မှ ကြိုက်တယ်။ မင်း သေချာ Date ပြော။ ဘယ်နေ့မှာ ကိုယ်နဲ့အတူတူ ကော်ဖီသောက်မှာလဲ"

"အင်း ... လာမယ့်သောကြာနေ့ Tea time ပေါ့"

ဝတ်ရည်ရဲ့နှုတ်ဖျားမှ အဲဒီစကားဟာ ဘာကြောင့် ထွက်သွားသလဲတော့ မပြောတတ်ချေ။ ပြောတာကတော့ ပြောမိသွားပြီးပြီ။ သူကတော့ တက်ကြွသွားသော လေသံဖြင့် နဲ့ ရေရွတ်ကာ ...

"အိုကေ ... သင့်ခ်ယူ အမ်မရယ်လ်၊ ဘိုင့်ဘိုင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်ဆက်လျက် ဖုန်းချသွားသည်။ ဝတ်ရည်သည် ဖုန်းခွက်ကို အသာပြန်ချကာ လှည့်ထွက်လာခဲ့သည်၊ ဆောင့်နေလေသော ဝတ်ရည်၏ လုပ်ဖော်ကိုင်ဖက်များက ဝတ်ရည် ပြန်ရောက်လာတာကို မြင်လျှင် ...

"ဝတ်ရည်ရေ ... ရှင့် ဆန္ဒွင်းမကင်းတွေတော့ ပြောင်ပြီ နော်"

"ပြောင်လည်း ရပါတယ်"

ဝတ်ရည်က စားပွဲမှာ ပြန်ဝင်ထိုင်ရင်း ကော်ဖီကို ကောက်မော့လိုက်သည်။ မခိုင်က ဝတ်ရည်ကို ကျေနပ်အားရသော မျက်နှာကြီးဖြင့် ပြုံးကြည့်ကာ ...

"ဝတ်ရည်တို့များ အားကျတယ်ကွာ။ နောက်ကားတွေတော့ ကျော်တက်ပြီနဲ့ တူပါတယ်။ ဒါက ဘယ်သူပို့တာလဲ Prince က ပို့တာလား"

"ဟင် ... သူလား ပို့မှာ"

ဝတ်ရည်ရဲ့ ပါးစပ်ကနေ၍ လွှတ်ခနဲ ထွက်သွား သည်။ မခိုင်က မျက်လုံးကိုပြူးကာ ...

"ဟယ် ... ဒါဆို ဒါက တစ်ယောက်ပေါ့။ အား စွံတယ်ကွာ။ ဒီမှာ ဝတ်ရည်။ နိုင်လုံတဲ့ သတင်းရပ်ကွက် ကနေ ကြားထားတဲ့ဟာ ရှိတယ်နော်။ ရှင့်ကို Prince ကြွေနေတယ်တဲ့။ သူက တော်ရုံတန်ရုံ ဘယ်မိန်းမ ဂရုစိုက်တာ မဟုတ်ဘူး။ သူ့ကို ဝိုင်းဝိုင်းလည်နေ တောင် လှည့်ကြည့်တာ မဟုတ်ဘူး။ သူ ရှုပ်ချင်ရင်ရှုပ် အခွင့်အရေး အပြည့်ရှိတာတောင် ရှုပ်တာမဟုတ်ဘူးနော်



ဒီတော့ သုံးသပ်ရသလောက်က ရှင့်ကို အမှန်အကန် ငြိနေတယ်ဆိုတာ အရမ်းသိသာနေတယ်"

"ဟုတ်တယ်နော် ဝတ်ရည်။ ဝေဝေတို့လည်း ကြားထားတယ်။ စိတ်ကူးတော့ သွားမလွဲနဲ့။ သူကသာ အမှန်အကန်ဆိုရင် ကိုယ်ကလည်း အမှန်အကန်လုပ်လိုက်"

"အင်း ... တို့တော့ အားပေးတယ်။ သူကသာ ဝတ်ရည် ကို တကယ်စိတ်ဝင်စားတယ်ဆိုရင် ဝတ်ရည် အရမ်းကံ ကောင်းတယ်။ အေးဆေးပဲ။ တချို့ဆို ဒါမျိုးလိုချင်လွန်း လို့ လိုက်တောင်ကပ်နေရတာ။ ကိုယ်က ကိုယ့်ဟာကိုယ် နေတာကို သူက လာကြိုက်တာတော့ ကိုယ့်ကံပဲ ...

အေးဆေးသာ နှပ်နေလိုက်တော့ ဝတ်ရည်"

အားလုံးရဲ့ မျက်လုံးတွေသည် ဝတ်ရည်အပေါ်တွင် အားကျစိတ်ဖြင့် လိုက်လဲ့တောက်ပနေကြလျှင် ဝတ်ရည်သည် ကိုယ်ကိုယ် ဘဝင်တောင် မြင့်မိတော့မလို ဖြစ်သွားလေသည်။ ယ်ကိုပဲ ဒီပတ်ဝန်းကျင်၌ သူဟာ မင်းသား ဆိုတာကို ရည်လည်း သိပြီးဖြစ်သည်။ ပြောရမယ်ဆိုလျှင် ဝတ်ရည်တို့ တွေမှာ တောင်ကြီးမြို့၌ ပိုက်ဆံရှိသော စာရင်းထဲမှာပါဝင် လည်း ကျိုကျိုတက် ချမ်းသာကြွယ်ဝသောသူတွေတော့ ကြ။ ရောင်ဝါ ဆိုသော လူတစ်ယောက်ရဲ့ နောက်ခံအသိုင်း း ပိုင်ဆိုင်မှုနှင့် ယှဉ်လျှင်တော့ ဘာမှမဆိုင်အောင် ကွာခြား သည်သာဖြစ်၏။

ဒီထက် အံ့ဩစရာကောင်းသွားတာ တစ်ခုကတော့ နေ့မှာ ဝတ်ရည်ရယ်၊ ဝတ်ရည်ရဲ့ဘော့စ် အန်ကယ်ရယ်ဟာ

www.burmeseclassic.com



ရောင်ဝါတို့ ရှယ်ယာအများဆုံး ပိုင်ဆိုင်သော စက်ရုံတစ်ရုံ သွားရောက်ရဖို့ အကြောင်းဖန်လာသည်။ အဲဒီမှာ ဘယ်သူ့ တွေ့သည်မှာ ထင်ပါသနည်း။ ဝတ်ရည်ကို သစ္စာဖောက်သွား သော ဝတ်ရည်ရဲ့ရည်းစားကို တွေ့ရသည်။ သူက ပထမ ဝတ်ရည်ကို မှတ်တောင် မမှတ်မိချေ။ အန်ကယ့်နောက်က စမတ်ကျကျ ခပ်မတ်မတ်ဖြင့် ခွာသံတခေါက်ခေါက်ပေး၍ လျှော လာသော ဝတ်ရည်ကိုပါ အန်ကယ်တို့ ရောင်ဝါတို့နှင့်အတူ ရောယောင်လန့်လျက် ရဲရဲတောင်မကြည့်သဖြင့် ဝတ်ရည်ကိုမ သေးချေ။

ဝတ်ရည်ကသာ ဒီလူကို ငါ မြင်ဖူးပါတယ် ဟု ကြည့်၍သာ သစ္စာဖောက်မှန်း မှတ်မိသွားခြင်းဖြစ်သည်။

ရောင်ဝါနှင့် အန်ကယ်ကို ခေါင်းတညွှတ်ညွှတ် ရှင်းပြနေသော သူသည် အန်ကယ်က ဝတ်ရည်ကို စကားပြော လိုက်မှသာမြင်ပြီး သေချာကြည့်ကာ မှတ်မိသွားခြင်းဖြစ်သ ဝတ်ရည်သည် မကျေနပ်သူတွေကို ကြည့်လေ့ရှိသည့် ထုံးစံအတို မျက်နှာကို မော်ချီကာ မေးကိုပင့်၍ အထက်စီးကနေပြီး ခပ်တ တည် လှမ်းကြည့်လိုက်သည်။ သူက အံ့သြနေသော မျက်နှာ ဖြင့် ခဏငေးနေပြီးမှ ရောင်ဝါက တစ်ခုခု လှမ်းမေးသ အလျင်အမြန် ကုန်းဖြေရသည်။ ဝတ်ရည်သည် သူ့ကိုစေ့စေ့ ကြည့်ကာ နှလုံးသားထဲတွင် တစ်ဖျစ်ဖျစ်ရမည်၍လာသည်။ ဆန်းသည်မှာ လွမ်းမောဖွယ်ရာ အလွမ်းနှင့် အချစ်လက်ကျန်မ ကို မခံစားရဘဲ အမြင်ကတ်၊ ကြည့်မရ၊ နာကြည်းချဉ်စုပ်သ ဒဏ်များကိုပဲ ခံစားနေရခြင်းဖြစ်သည်။



ဒီကြားထဲမှာမှ ရောင်ဝါက ဝတ်ရည်ကို စကား ပြည်လှမ်းပြောကာ တစ်ခုခုမေးလျှင် ဝတ်ရသည် ခါတိုင်းနဲ့မတူ သူ့ကို ကောင်းကောင်းမွန်မွန် ရယ်ရယ်မောမော တုံ့ပြန်ပြော လိုက်သည်။

သူကလည်း သူ့ကို ဒီလိုဆက်ဆံသဖြင့် သဘော ကျတွေဖြစ်ကာ ဝတ်ရည်ကိုတောင် ပြန်၍ နောက်ပြောင်၍တောင် လိုက်သေးလေသည်။ သူ ကြည့်သော အကြည့်တွေနှင့် အပြော ဆိုတို့မှာ အေးလူတစ်ယောက်က ကြည့်လျှင်တောင် သိသာစေ သည့် နူးညံ့ခြင်းဖျော့ဝင်နေသည့် ငြိတွယ်အပြုအမူများဖြစ်သည်။ စ်တွေကို သစ္စာဖောက်က ကြည်လည်းကြည့်ချင်၊ ရောင်ဝါ သွားမှာကိုလည်းစိုး စသဖြင့် ဗျာများနေတာကို ဝတ်ရည်က ကျေနပ်၍ နေလေသည်။

သူက တန်ဖိုးမထား စွန့်ပစ်သွားသော မိန်းကလေး စ်ယောက်ကို သူ့ထက် အဆပေါင်းများစွာသာသည့် ယောကျ်ား စ်ယောက်က အရေးသယ်ငြိတွယ်နေခြင်းကို သူ မြင်ရခြင်း သည် ဝတ်ရည် အတွက်တော့ အကောင်းဆုံးဖြေသိမ့်စရာပဲ ဖြစ် သည်။ အဲဒီစက်ရုံက အပြန်မှာတော့ ဝတ်ရည်အတွက် နောက် ထပ် ကံကောင်းမှုတစ်ခုက ထပ်ရ၍ လာခဲ့သည်။ အန်ကယ်က တ်ရည်ရဲ့လက်ထဲသို့ ငွေမင်ရောင်ခေါက်ဖုန်းလေးတစ်ခုကို ထိုး ည့်ပေးကာ ...

"ရော့ ... ဝတ်ရည်။ ညည်း သုံးဖို့အတွက် ရုံးကချပေး တာ၊ ညည်းပဲ အမြဲကိုင်ထားရမှာပဲ။ ဖုန်းဘေလ်ကိုလည်း ရုံးကပဲ ဆောင်တယ်။ ဒါပေမဲ့ အဲဒါ သတ်မှတ်ချက်တော့

www.burmeseclassic.com



ရှိဘယ်။ သတ်မှတ်ထားတဲ့ ငွေပမာဏထက် ပိုရင်တော
ညည်း အိတ်ထဲက စိုက်ရမှာပဲ ...

ဒါပေမဲ့ ညည်းတို့ မိန်းကလေးတွေဖုန်းက အဝင်သာ
များပြီး အထွက်က အဲဒီလောက် မဟုတ်ပါဘူး”

ဝတ်ရည်သည် အန်ကယ်ကမ်းပေးသော ဟန်းဒ်ဖုန်
လေးကို ကျေနပ်ဝမ်းသာစိတ်ဖြင့် လှမ်းယူကာ လှည့်ပတ်ကြည့်
မိသည်။ ဒီခေတ်ကြီးထဲမှာ တော်တန်ရုံလူလောက်ကတော့ ဟန်း
ဖုန်းကိုင်နိုင်တာ မဆန်းတော့ချေ။ ကိုယ်သာ ဝယ်မကိုင်နိုင်သေ
တာဖြစ်သည်၊ ဘာပဲပြောပြော ဒီလိုဖုန်းလေးတစ်လုံး ရှိခြင်း
တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ရာမှာ အင်မတန်တော
လွယ်ကူအဆင်ပြေသည်။ ဖုန်းပြောဖို့အဆင်မပြေလျှင် Messa
အပြန်အလှန်ပို့ စသဖြင့် ကောင်းတာလေးတွေ တော်တော်မျာ
များရှိသဖြင့် လူငယ်တွေက ဟန်းဒ်ဖုန်းမှ ဟန်းဒ်ဖုန်း ဖြစ်နေ
ခြင်း နေမှာပင်။

ဝတ်ရည်သည် အန်ကယ့်ကို ကျေးဇူးတင်ကြော
ဦးညွှတ်ပြီး အထပ်ထပ် ပြောဆိုမိလျှင် အန်ကယ်က ဝတ်ရည်
အဓိပ္ပာယ်တစ်မျိုးပါသော အကြည့်ဖြင့် စိုက်ကြည့်ကာ ...

“အင်း ... ငါ့ကို ကျေးဇူးတင်လည်း တင်ပေါ့။ ဒါကလည်
အချိန်တိုအတွင်းမှာ ညည်းရဲ့ကြိုးစားမှုကို အသိအမှတ်ပြု
သဘောပါ။ ဒါပေမဲ့ ညည်းမှာ ဒီလိုဖုန်းလေးတစ်
လောက်တော့လည်း ရှိဖို့လိုအပ်တယ်လို့ ပြောတဲ့သူ
လည်း ပြောလို့။ ကိုယ့်ရုံးက လိုရာသုံးနေရတဲ့ စတ
တေရီတစ်ယောက်ကို ဖုန်းလေးမှ ပေးမထားနိုင်ရင်လ



ကုမ္ပဏီသိက္ခာကျတော့မယ်။ ကဲ ... ကဲ ... ခုတည်းက
ကြိုမှာထားမယ်နော်။ ဖုန်းကို ညဥ့်နက်သန်းခေါင် အလင်း
ပေါက်ပြောပြီး မနက်ကျ ရုံးလည်းနောက်ကျမနေနဲ့ဦး။
မျက်တွင်းဟောက်ပက်နဲ့ အလုပ်လည်း ပျက်နေဦးမယ်”

“ဟုတ်ကဲ့ပါ အန်ကယ်”

ဝတ်ရည်သည် အန်ကယ့်ကို ပြုံးပြုံးကြီး ကတိပေး
ိုက်သော်လည်း မျက်လုံးထဲမှာတော့ လက်ရော ပါးစပ်ပါ
နားရသည့် နှင်းဆီကို ပြေးမြင်ယောင်ကာ ကိုယ်လည်း သူ့ခါတ
ူးတော့မည်ဆိုတာ သဘောပေါက်ရလေသည်။ လက်မနားရသည်
ိုသည်မှာ တစ်ခါတလေ နှင်းဆီမှာ ဖုန်းမပြောဘဲ ဖုန်းမက်
ဆေ့ချ်တွေ တတီတီနှင့် ရိုက်နှိပ်နေတာကိုလည်း လက်မအား
ဖြမအား တွေ့ရသလို၊ ညဆယ့်နှစ်နာရီလောက်ကနေ မနက်
လေးနာရီလောက်အထိလည်း တအိအိနှင့် ဘာတွေပြောနေမှန်း
သိ ပြောနေတာကိုလည်း ကြားရလေသည်။

ဘာပဲဖြစ်ဖြစ် ဝတ်ရည်သည် ကိုယ့်အတွက် အဆင်
ပြေမည်ဟု ယူဆရသော လက်ကိုင်ဖုန်းလေးကို လှည့်ပတ်ကြည့်
ကာ ကျေနပ်နှစ်သိမ့်စွာနှင့် ပြုံးမိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ဝတ်ရည်။ လောကမှာ နှစ်အရိုး တစ်တွေရှိနေတာ သိပ်တော့အပြ်ဲ ပေ ဟုတ်ဘူး။ နှစ်ယောက်စလုံးကိုချစ်တယ်။ နှစ်ယောက်စလုံး ကလည်း ချစ်တယ် ဆိုတာတွေဟာ ယာကယ်ရှိကြတယ် ...။

အသည်းနှလုံး တစ်ခုဟာ တစ်ယောက်တည်းကိုပဲ ချစ်လို့ရတယ် ဆိုပေမယ့် အသည်းကြီးနေသူတွေအဖို့ နှစ်ယောက်ကတော့ ချစ်ကို ချစ်နိုင်တယ်။ ကလေးတွေ အမြွှာမွေးသလိုပေါ့ကွာ။ များသောအားဖြင့် တစ်ယောက်တည်း မွေးကြတယ်။ တစ်ခါတလေမှာ နှစ်ယောက်မွေးတယ်။ ဘာမှတော့ သိပ်မဆန်းဘူး။ ဒီသဘောပဲ"



၁၁

လက်ထဲသို့ ဖုန်းရောက်ပြီးသည့်အချိန်မှစ၍ ဝတ်ရည်နှင့်ဖုန်းသည် ရုံးချိန်အတွင်းမှာ အလာစဲပေမယ့် Tea time အချိန်မှာ၊ ရုံးကပြန်သောအချိန်မှာ၊ နောက် ညပိုင်းကာလတွေမှာ မြည်သံမစဲတော့ပါ။ နရီမင်းရော၊ ရောင်ဝါရောကို တန်းတူထား ဆက်ဆံပတ်သက်မိသည့်အတွက် သူတို့နှစ်ယောက်၏ ဖုန်းများမှာတော့ အဆိုးဆုံးဖြစ်သည်။ ဝတ်ရည်သည် အခုဆိုလျှင် နှစ်ယောက်စလုံးနှင့် ဖုန်းပြော၊ မုန့်စား စသဖြင့် မကြာခဏ တွေ့နေတတ်ပြီ ဖြစ်လေရာ အဲဒီနှစ်ယောက်ကြားမှာ ဗျာများစပြုလာပြီဖြစ်သည်။

အဲဒီအတွက်တော့ သိပ်ပူစရာတော့ မလိုပေ။ စီနီယာနင်းဆီသည် ဝတ်ရည်ကို ဆောင်ရန် ရှောင်ရန်တွေ အားလုံးကို ပြောပြသည်။ ဝတ်ရည်သည် သူ ရိုက်သမျှ လက်ချာတွေကို ချက်လုံးအဝိုင်းသားဖြင့် နားထောင်ရသည်။

"အဓိက,ကတော့ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် မသိကြဖို့ပဲ ဝတ်ရည်။ မင်း အခု နရီနဲ့ အီ

www.burmeseclassic.com



နေတယ်ဟုတ် အဲဒါကို ရောင်ဝါ လုံးဝမသိဖို့လိုတ
သူ့စိတ်ထဲမှာ မင်းဟာ သူနဲ့ပဲ အဆင်ပြေနေတယ်၊ မ
မှာ သူတစ်ယောက်တည်းပဲ ရှိတယ်ဆိုတဲ့ အသိမျိုး လုံ
ဝင်နေရမယ် ...

ဒီလိုပဲ ရောင်ဝါကလည်း မင်းနဲ့ နရီ အိမ်နေတာ
လုံးဝမသိဖို့ လိုတယ်။ မင်းကို ယုံကြည်နေဖို့ လိုတ
အခုလည်း မင်းကို သူတို့ လုံးဝယုံကြည်နေတယ်မဟု
လား။ အဲဒါကို မင်းက ဆက်ထိန်းယားရမှာ”

ဒါတော့ ဟုတ်သည်။ နရီရော ရောင်ဝါရော
ဝတ်ရည်ကို ရိုးသားပွင့်လင်းသော သူတစ်ယောက်အဖြစ် အပြ
အစကို ယုံကြည်ထားကြသည်။ နရီက ဝတ်ရည်ကို ရိုးသား
လင်းကာ ဟန်မဆောင်တတ်သူအဖြစ် အကြွင်နာပိုသည်။ ရောင်
ကတော့ သူလိုယောကျ်ားတစ်ယောက်ကိုတောင် ဂရုမစိုက်တ
သူအဖြစ် အမှတ်တွေ ကျိတ်ပေးကာ သဘောကျသည်။ သူ့ကို
လျှင် ခပ်ရူးရူး ပြန်ကြည့်တတ်ကာ သူ တစ်ခွန်းဆို ကိုယ်တစ်
ပြောတတ်သော ဝတ်ရည်ကို သူကလည်း တစ်နေ့ တစ်
စကားမပြောရလျှင် မနေနိုင်ပေ။

“တို့ မေးစမ်းပါရစေဦး၊ မင်းကရော ဘယ်သူ့ကို အ
သာနေလဲ”

“ဘယ်သူ့ကိုမှ အလေးမသာဘူး။ နှစ်ယောက်စလုံး အ
တူပဲ”

“ကောင်းတယ်။ ဒါမှ မှုတတယ်။ ဒါမှ နှစ်အချိုး
အစစ်ပေါ့ကွာ။ ဘယ်သူ့ကိုမှ လက်လွှတ်မခံနိုင်ဘူး မဟု



လား။ နရီမင်းက နူးညံ့တယ်၊ ချိုသာတယ်။ အရိပ်တကြည့်ကြည့် ရှိတယ်။ မင်းကို အလိုက်တသိ ဖြည့်ဆည်းတတ်တယ် ...

ရောင်ဝါကတော့ Back ground က မက်လောက်စရာ ကောင်းတာမို့ ဒီလိုလူတစ်ယောက် မင်းကို ခတ်ကျတဲ့အပေါ် မိန်းကလေးတစ်ယောက်ပီပီ မင်းလည်းသာယာမှာပဲ။ သူနဲ့ စကားပြော ဘုဘောက်ကျရတာကို မင်းလည်း သာယာနေတာပဲ မဟုတ်လား။ ဟိုသီချင်းထဲကလိုပေါ့ကွာ၊ ငါ ဘယ်သူ့မှ အခုထိ လက်မလွှတ်နိုင်ပါပေါ့၊ ဟုတ်လား”

ဝတ်ရည်က ခေါင်းကို တဆတ်ဆတ်နှင့် ညိတ်ကာ...
“အင်း ... အဲဒါတော့ ဟုတ်တယ်။ သူတို့နှစ်ယောက်က တစ်ယောက်တစ်မျိုးစီ အရမ်းစိတ်ဝင်စားဖို့ ကောင်းနေတယ်”

ဝတ်ရည်ရဲ့စကားကို နှင်းဆီက လက်ဖျောက်တစ်ချက်တီးကာ ...

“အဲဒါပဲ ဝတ်ရည်၊ လောကမှာ နှစ်အချိုးတစ်တွေ ရှိနေတာ အပြစ်တော့ သိပ်မဟုတ်ဘူး။ နှစ်ယောက်စလုံးကို ချစ်တယ်၊ နှစ်ယောက်စလုံးကလည်း ချစ်တယ်ဆိုတာတွေဟာ တကယ်ရှိကြတယ် ...

အသည်းနှလုံးတစ်ခုဟာ တစ်ယောက်တည်းကိုပဲ ချစ်လို့ရတယ် ဆိုပေမယ့် အသည်းကြီးနေသူတွေအဖို့ နှစ်ယောက်ကတော့ ချစ်ကို ချစ်နိုင်တယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ အမြွှာမွေးသလိုပေါ့ကွာ။ များသောအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မွေးကြတယ်။ တစ်ခါတလေမှာ နှစ်ယောက်မွေးတယ်။ ဘာမှတော့ အဆန်းမဟုတ်ဘူး။ ဒီသဘောပဲ"

ဝတ်ရည် တစ်ခုခု ပြန်ပြောဖို့ ပြင်နေစဉ်မှာပင် ဝတ်ရည်ရဲ့ဖုန်းက ရုတ်တရက် ထမြည်လာသည်။ မြိုင်ဆိုင်သော တီးလုံးသံလေးနှင့် ကိုရီးယားသီချင်းကို Ring tone ထည့်ထားသော ဖုန်းကောလ်မှာ နရီမင်းထံမှလာသော ဖုန်းဖြစ်သည်။ ဝတ်ရည်သည် နှင်းဆီကို မျက်စိတစ်ဖက် မှိတ်ပြရင်းမှ ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"အင်း ... ဝတ်ရည်။ ဘာလုပ်နေတာလဲ"

"သြော် ... room mate နဲ့ စကားပြောနေတာပါ"

"အင်း ... ဘာအကြောင်းတွေ ပြောနေတာလဲ"

ဘာကြောင်းတွေ ပြောရမှာလဲ။ ရှင်တို့အကြောင်းတွေ ပြောနေတာပေါ့။ ဝတ်ရည်သည် စိတ်ထဲကနေ၍ စွာထည့်လိုက်သော်လည်း ပါးစပ်ကတော့ ခပ်ချိုချိုလေးပင် ...

"အင်း ... ဒီလိုပါပဲ။ အိမ်အကြောင်းပေါ့၊ ဟိုအကြောင်း ဒီအကြောင်းပေါ့"

"ဟိုအကြောင်း ဒီအကြောင်း ဆိုတာက ဘာတွေလဲ"

"သြော် ... သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်း ပေါ့ရှင်"

ဝတ်ရည်ရဲ့အပြောကို သူက ခပ်ဟက်ဟက် ရယ်မောသည်။ တစ်ခုခုကို စိတ်မရှည်တော့လျှင် အငေါ်ပြန်တူးတတ်



သော ဝတ်ရည်ရဲ့စကားတွေကိုဆိုလျှင် သူက သိပ်သဘောကျသည်။

"ဝတ်ရည်က အဲဒီလို ပြောမယ့်သူမျိုးမို့လို့လား။ မထင်ရဘူးနော်"

"အမယ် ... ဒါက အမှန်တရားကို ဝန်ခံတာပါနော်။ ဘယ်သူမဆို သူများအကြောင်းကတော့ ပြောကြတာချည်းပဲ၊ နည်းနည်းပြောတာနဲ့ များများပြောတာပဲ ကွာတယ်"

"ဟုတ်ပါတယ်၊ ဝတ်ရည်ကရော နည်းနည်းပြောတာလား များများပြောတာလား"

"အင်း ... နည်းနည်း"

ဝတ်ရည်ရဲ့စကားကို သူက တဟင်းဟင်းနှင့် ရယ်နေသည်။ သူက ဝတ်ရည် ပြောသမျှစကားတွေကို အမြဲတမ်း ရယ်မောသဘောကျနေတတ်သူ ဖြစ်သည်။

"နရီကလေ ဝတ်ရည် ပြောရင် ဘာမှမဟုတ်ဘဲနဲ့ အမြဲရယ်နေတာပဲနော်၊ တော်တော် သဘောကျနေတယ်နဲ့တူတယ်၊ အူမြူးနေတယ်ပေါ့၊ ဟုတ်လား။ ဘာတွေ အူမြူးနေစရာ တွေ့လဲ၊ ပြောပြ"

"သြော် ... အူမြူးစရာ မရှိပါဘူး ဝတ်ရည်ရယ်"

"ဟင်း ... မရှိဘူးလို့သာ ပြောတာ၊ ဖုန်းပြောရင်တော့ အသံက တက်ကြွနေတာပဲ၊ တက်ကြွနေတာလား၊ ကြွတက်နေတာလား၊ မပြောတတ်တော့ပါဘူး"

"ဟား ဟား ... ဝတ်ရည်ရယ်။ ကိုယ် ရယ်မောပျော်ရွှင်နေတာဟာ ဝတ်ရည်ကြောင့်ပါကွာ။ ဝတ်ရည်ရဲ့အသံလေး

www.burmeseclassic.com



ကို ကြားလိုက်ရရင် လူက စိတ်ချမ်းသာပြီး အလိုလို မြှ
လာရော။ တကယ် ... တကယ်"

"ဩော် ... ဝတ်ရည်က ပျော်တော်ဆက်ကြီးပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ။ ပျော်တော်ဆက်တော့
မဟုတ်ဘူး။ ကိုယ့်ကို ပျော်ရွှင်စေနိုင်တဲ့သူပေါ့။ ဩော် ...
ဝတ်ရည် ကြိုက်တယ်ဆိုတဲ့ ကိုရီးယားကားလေ၊ အဲဒါ
စာတန်းထိုးနဲ့ ရလာတယ် သိလား။ နောက်ထပ် အင်္ဂလိ
ကားတစ်ခွေရော၊ အဲဒါက ဟာသကား၊ အရမ်းရယ်
တယ် ...

ဘယ်လိုယူမလဲ၊ ဝတ်ရည်ရဲ့ အဆောင်ကို ကိုယ်
လာပေးရမလား"

ဟင့်အင်း ... လာပေးလို့မဖြစ်။ အဲဒီအရာတွေ
ရှော့ရှိသည်ဟု ဆရာမကြီး နှင်းဆီက အမှာတော် ပါးထား
သည်။

ဝတ်ရည်သည် စကားလုံးတွေကို အလျှင်အမြ
တွက်ချက်စဉ်းစားကာ ...

"ဟင့်အင်း ... လာမပေးနဲ့ နရီ။ အဆောင်ပိုင်ရှင်က
ဝတ်ရည်အန်တီနဲ့ သူငယ်ချင်းဆိုတော့ အိမ်က ဝတ်ရည်
အမြဲလှမ်းချက်ခ်နေတာ၊ ပြီးတော့ အဆောင်ဆိုတော့ သူ
ကိုယ်ကိုယ် ကြည့်နေကြတာ။ ရုံးချိန် Tea time မှာပဲ
မယ်လေ ...

ဝတ်ရည် J'Donuts ထဲကို ဆင်းခဲ့မယ်။ နရီ စောင့်
နေပေါ့"



"အိုကေ ... အိုကေ ...။ ကိုယ် စောင့်နေမယ်၊ ရောက်နေ
ရင် ဝတ်ရည်ဆီကို မက်ဆေ့ချ်ပို့လိုက်မယ်"

ဒီလိုနှင့် ဝတ်ရည်သည် သူနဲ့အတူတူ ထွေရာလေး
ပါး စကားတွေ ဆက်ပြောကြသည်။ ဒီလိုအခြေအနေမျိုးမှာ
ပြောစရာစကားက သိပ်မရှားပါချေ။ ခေါင်းစဉ်တစ်ခု ရသွားလျှင်
အဲဒီခေါင်းစဉ်နောက်သို့ ကောက်ကောက်ပါသွားတော့သည်။ ပြော
ရင်းနဲ့မှ ကြာလာပြီဟုထင်လျှင် ဝတ်ရည်က စကားစဖြတ်လိုက်
သည်။ အသီးသီး ဂွတ်ဒ်နိုက်လုပ်ပြီး ဖုန်းချလိုက်လျှင် နှင်းဆီက
ဘယ်လိုလဲဟူသော သဘောဖြင့် မျက်စပစ်ပြသည်။

"အခုတော့ အီစီကလီဖုန်းပြောရတဲ့ အရသာကို တွေ့သွား
ပြီပေါ့လေ။ အရင်တုန်းကတော့ တို့ကို တောင်စဉ်ရေမရ
စကားတွေ ပြောလည်း ပြောနိုင်တယ်လို့ မင်း ပြောခဲ့တာ
မေ့နေပြီလား"

"အင်း ... မေ့ပါဘူး၊ ပြောတော့လည်း ပြောလို့ကောင်း
သားပဲနော်"

နှင်းဆီက ဝတ်ရည်ရဲ့စကားကို ဟက်ဟက်ပက်ပက်
ကြီး ရယ်မောလေသည်။

"အဲဒါပဲ ဝတ်ရည်ရဲ့။ လောကမှာ ပျော်သလို နေရတာ
အကောင်းဆုံးပဲ၊ တို့တစ်တွေ နှလုံးသားတစ်ခုလုံး ပုံပေး
ပြီးပြီ။ ဘာပြန်ရလဲ၊ ဘာမှပြန်မရဘူး။ စုတ်ပြတ် ဖရိုဖရဲ
ဖြစ်သွားတဲ့ စိတ်ဓာတ်တွေပဲ ကျန်ခဲ့တယ်။ ဒီတော့ တို့
တွေ အရင်းအနှီးကြီးတဲ့ နှလုံးသားကို ဘာဖြစ်လို့ ထပ်ရင်း
တော့မလဲ၊ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်မှာ ဟုတ်ပါတယ်ဟူ၍ ပြန်ပြောချိန်မရ။ အကြောင်းမှုကား ဝိသမတ်ထောင့်တော့ မဟုတ်ပါ။ တစ်မိနစ်လောက်ပဲ နားရသေးသော ဝတ်ရည်ရဲ့ဖုန်းလေးသည် နာမည်ကြီး ကုလားသီချင်း Doom Doom ဟူသော တီးလုံးအလိုက်နှင့် မြူးကြွစွာ ထွက်ပေါ်မြည်တမ်းလို့လာသည်။

"လာပြီ ... လာပြီ၊ ကုလားမင်းသား လာပြီ"

နှင်းဆီက ဖုန်းလာလျှင် အဲဒီလိုပဲ အမြဲအော်တတ်သူ ဖြစ်သည်။ နရီ့ဖုန်းကို ကိုရီးယားသီချင်း ထည့်ထားသဖြင့် နရီ့ထံက ဖုန်းလာလျှင် ကိုရီးယားမင်းသားလာပြီဟု အော်တတ်သဖြင့် ဝတ်ရည်သည် သူ့စကားကို အမြဲရယ်မောရသူ ဖြစ်သည်။ ရှောင်ဝါမှာ တကယ်တော့ ကုလားမင်းသားနဲ့တော့ မတူပါ။ အသားကတော့ နရီလောက် မဖြူပေမယ့် ခပ်ဝင်းဝင်းတော့ရှိသည်။ နရီကတော့ ဝတ်ပုံစားပုံကအစ တကယ်ကို ကိုရီးယားမင်းသားလေး။

"ဟယ်လို"

ဝတ်ရည်သည် ကိုရီးယား မင်းသားလေး နရီ့ အကြောင်းတွေးကာ ကုလားမင်းသားကို ဖုန်းထူးလိုက်သည်။ တစ်ဖက်မှ အသံက ခပ်ဆတ်ဆတ် ထွက်ပေါ်လာသည်။

"အမ်မရယ်လ် ... ဖုန်းက busy ဖြစ်နေတာ အကြာကြီးပဲ ကွာ။ ဘယ်သူနဲ့ ပွားနေတာလဲ"

ဝတ်ရည်သည် မျက်လုံးပြူးကာ ပခုံးကို တစ်ချက် တွန့်လိုက်သည်။ စပြီ ... သူကတော့၊ သူ့စိတ်နဲ့မတွေ့လျှင် အား



မနာတတ်ဘဲ စိတ်ထဲရှိတာ မေးပစ်တတ်သူဖြစ်သည်။ ဒါကြောင့် ဝတ်ရည်နှင့် ဖုန်းပြောလျှင် အမြဲတမ်း စကားများရလေ့ရှိသည်။ ဒါပေမဲ့ အဲဒီလိုစကားများရင်းကပဲ ရင်းနှီးမှုတွေ ပိုလာတာကိုသည်း ဘယ်လိုမှ မငြင်းနိုင်ချေ။

"အမ်ရမယ်လ် မေးနေတာ ပြောလေ၊ ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

ဝတ်ရည်သည် ဘယ်လိုဖြေရမယ်ဆိုတာကို ချက်ချင်း မစဉ်းစားမိ။

သို့သော် စီနီယာနှင်းဆီ သင်ကြားပို့ချထားသော သက်ချာများကို ဖျတ်ခနဲ သတိရသွားသည်။

[ကိုယ့်မှာ သူ့အပြင် သူနဲ့ထပ်တူ နှစ်အချိုးတစ်ရှိတယ်ဆိုတာကို သူ လုံးဝမသိပါစေနဲ့။ အဲဒါ အရုပ်ဆိုးတဲ့ ရှော့ပဲ၊ နောက်ဆုံး မတတ်သာတဲ့အဆုံး အသိပေးရတော့မယ် ဆိုရင်သည်း အများကြီးရှိတယ်လို့ပဲ သိပေးလိုက်။ ဒါဆို အများထဲက ဖြစ်တဲ့အတွက် ခံသာသွားမယ်။

အတတ်နိုင်ဆုံးကတော့ မိရိုးပါစေ၊ မှင်သေပါစေ။ သူတို့စိတ်ထဲ အတွေးထဲမှာ ကိုယ်ဟာ သူ့တစ်ယောက်အတွက်ပဲဆိုတဲ့ ယုံကြည်မှုကို ခိုင်ခိုင်မြဲနေပါစေ။]

ဝတ်ရည်သည် တစ်ခုခုကို မဖြေတတ်လျှင် လုပ်နေကြပုံစံအတိုင်း တဟဲဟဲ တဟင်းဟင်း အရယ်တွေကို ရှေ့တော်ပြေး ပို့ထားလျက် ...

"အင်း ... သူငယ်ချင်းတစ်ယောက်နဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ တစ်ကမ္ဘာလုံး သုံးစွဲနေသည့် ဘယ်တော့မှ မရိုးနိုင်သည့် ဆင်ခြေပဲ ဖြစ်သည်။ တခြားအရာတွေ ပြောင်းလဲသွားပေမယ့် သူငယ်ချင်းလေးပါတဲ့ ဟူသော ဒီဆင်ခြေကတော့ ဘယ်တော့မှ ရိုးမသွား၊ ပြောင်းလဲမသွားနိုင်သည့် ဆင်ခြေပဲဖြစ်သည်။

"ဘယ်က သူငယ်ချင်းလဲ၊ သူငယ်ချင်းက ဒီလောက်အကြာကြီး ပြောရလား"

"ဩော် ... ဘယ်မှာကြာလို့လဲ၊ မကြာပါဘူး။ ဒီလောက်တော့ ရှိမှာပေါ့"

"ဘာရှိရမှာလဲ။ ကိုယ်ခေါ်နေတာ နာရီဝက်လောက်ရှိတယ်။ ဒါတောင် ရှေ့မှာ ဘယ်လောက်ကြာအောင် ပြောခဲ့သလဲ မသိပါဘူး။ ဟား ... မင်းတော့ ဖုန်းရတာ နောက်ကျနေတယ်နဲ့ တူတယ်နော် အမ်မရယ်လ်။ ဒီလိုမှန်းသိ အန်ကယ်ကို မင်းကို ဖုန်းပေးဖို့ မတိုက်တွန်းလိုက်ပါဘူး ...

အခုတော့ မင်းက ပွဲစည်နေလိုက်တာ ကိုယ်တောင် ဝင်တိုးလို့ မရတော့ဘူး"

"ဘာဆိုင်လဲ၊ ဘာပွဲစည်တာလဲ၊ ပြဿနာလာမရှာနဲ့နော်"

"ဟုတ်တယ်လေ၊ ကိုယ်ဆက်တုန်း မင်းဖုန်းက အားနေမအားတာ။ ဒီက မင်းနဲ့ အရမ်းစကားပြောချင်နေပြီ။ ဖုန်းက ငါးမိနစ် ဆယ်မိနစ် စောင့်ရတာ မဟုတ်ဘူး။ သိပ်စိတ်တိုဖို့ ကောင်းတယ်။ ကိုယ့်ဘဝမှာ ဖုန်းပြောဖို့ ဒီလိုစောင့်နေရတာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး"



ဝတ်ရည်က နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။ သူက ဆက်ပြောသည်။

"ဘယ်သူနဲ့ ပွားနေတာလဲ အမ်မရယ်လ်၊ ဖုန်းနံပါတ်တွေကို လျှောက်လျှောက်မပေးနဲ့ကွာ။ ဒီဖုန်းက ပရိုက်ဗိတ်အနေနဲ့ ကိုင်ဖို့ပေးထားတာ"

"အင်းလေ ... ဘယ်သူကရော ရုံးကိစ္စ ပြောနေလို့လဲ"

"ဟော ... တွေ့လား။ ပေါ်ပြီကွာ။ ရုံးကိစ္စမပြောတော့ ဘာကိစ္စတွေ ပြောလဲ အမ်မရယ်လ်။ မင်းမှာ ဘာရှုပ်တွေ ရှိနေလဲကွာ။ အေးဆေးနေစမ်းပါ။ ဒီမှာ အမ်မရယ်လ် ... မင်းကို ကိုယ် တကယ် deep ဖြစ်တယ်နော်။ အဲဒါကို မင်း သိထား။ မင်းကို အလေးအနက် ရည်ရွယ်ထားတာ"

"အဲဒါ ဘာဖြစ်လဲ"

ဝတ်ရည်က ခပ်ဆတ်ဆတ် ဆိုမိသည်။ သူ့ကိုတစ်ခါတစ်ရံမှာ သဘောမတွေ့တာတွေက အဲဒါမျိုးတွေဖြစ်သည်။ သူက အဲဒီလိုလေး သဘောထားတာနှင့် ကိုယ်က ကဲကဲဆတ် ဝမ်းသာရတော့မည့်ပုံမျိုး သူက ပြောခြင်းဖြစ်သည်။ သူလို လူတစ်ယောက်က စိတ်ဝင်စားခြင်း ခံရတာကိုပဲ ဘုရင်တစ်ပါးက ကောက်ခြင်းခံရတော့မည့် ကျေးတောသူမလို ဆွေ့ဆွေ့ခုန် ဝမ်းသာနေပြ၊ သူ့ကိုပဲ အရေးသယ်နေရတော့မည့်ပုံမျိုး သူကဖြစ်စေချင်တာဖြစ်သည်။

"ဟာ ... ဘာဖြစ်ရမှာလဲ။ ဒီတော့ မင်းကလည်း ကိုယ့်ကို တူညီတဲ့ တုံ့ပြန်မှုမျိုး ပေးရမှာပေါ့။ နယူတန်ရဲ့ဘောကို မင်း သင်ဖူးတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မသင်ဖူးဘူး။ အဲဒီနေ့က ကျွန်မ ကျောင်းမတက်ဘူး"

သူက ရုတ်တရက် ကြောင်သွားဟန်ဖြင့် ငြိမ်သွားသည်။ ပြီးတော့မှ လေသံဆတ်ဆတ်ဖြင့် ...

"အမ်မရယ်လ် မံနောက်နဲ့ကွာ။ တကယ်ပြောနေတဲ့ကိစ္စ အဲဒီလို တိမ်မပစ်နဲ့။ ဒီတစ်ပတ် ဆက်တဒေး မင်း အား တယ်မဟုတ်လား"

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမှာလဲ၊ မနက်ခုနစ်နာရီလောက် မင်းကို ကိုယ် လာခေါ်မယ်၊ ဒင်းဆမ်းသွားစားမယ်။ အေးအေးစကား ပြောမယ်"

"အင်း ... ဘယ်မှာစားမှာလဲ။ ဝတ်ရည် လာခဲ့ပါ့မယ်"

"ဘာဆိုင်လို့ လာမှာလဲ။ ကိုယ်က မင်းကို ဝင်ခေါ်ရတာ ဘာများအပန်းကြီးသွားမှာမို့လို့လဲ။ မရဘူး ကိုယ်လာခေါ် မယ်ကွာ။ မင်းမှာ ဘာရှော့တွေ ရှိနေမှန်းမှ မသိတာ"

"အိုး ... ဘာရှော့ရှိရမှာလဲ။ ဘာရှော့မှ မရှိဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ အဆောင်ပိုင်ရှင်နဲ့ အိမ်နဲ့ သိတယ်။ အိမ်က ဝတ်ရည်ကို ဒီမှာအပ်ထားတာ။ ဒီလိုမျိုးအသံတွေ ကြားရင် ဝတ်ရည် တောင်ကြီးကို ပြန်ရလိမ့်မယ်"

အဲဒီလို ပြောလိုက်လျှင် သူ နည်းနည်းတော့ ငြိမ် သွားသည်။ သို့သော် အလွယ်တကူ အလျှော့မပေးတတ်သော ထုံးစံအတိုင်း ...

"ဘာဆိုင်လဲကွာ။ အဲဒီလောက်တောင် လွတ်လွှပ်ခွင့်မရှိဘူး တဲ့လား"



"လွတ်လပ်ခွင့်က ရှိပါတယ်။ ဒါပေမဲ့ ဝတ်ရည်က ဆင်ခြင်တာပါ။ လာမကြိုပါနဲ့။ အဆောင်ပိုင်ရှင်က နည်းနည်း မျက်စိဒေါက်ထောက် ကြည့်တတ်တော့ အပြောအဆို သိပ်မခံချင်လို့ပါ ... နော်"

ဝတ်ရည်က နည်းနည်း နူးနူးညံ့ညံ့လေး ပြောလိုက်တော့ သူက ငြိမ်သွားသည်။ သိပ်တော့ ကျေနပ်ပုံမပေါ်။ သို့သော် တော့ အတွန့်ထပ်မတက်တော့ချေ။

"အင်း ... ပြီးရောကွာ။ အဲဒါဆို ကန်တော်ကြီးထဲက Royal Garden မှာ ဒင်းဆမ်းစားကြမယ်၊ မနက် ခုနစ်နာရီလောက်တည်းက ကိုယ်ရောက်နေမယ်၊ မင်း ရောက်လာခဲ့။ လာဖို့ရော အဆင်ပြေပါ့မလား"

"ပြေပါတယ်၊ ဝတ်ရည် ရောက်လာခဲ့မယ်၊ ကဲ ... ဒါဆို ဂွတ်နိုက်ချ်"

"အင်း ... ဂွတ်ဒ်နိုက်ချ် ... ဘိုင့် ဘိုင်"

သူက ဖုန်းချသွားလျှင် ဝတ်ရည်သည် ပခုံးကိုတွန့် နှင်းဆီကို ပြုံးပြလိုက်သည်။ နှင်းဆီက ကြိမ်ဆက်တီပေါ် ထက်ပိုက်ရင်း ဝတ်ရည်ကို သဘောကျသော အပြုံးတွေဖြင့် ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ငြိတ့်အဆင်တွေက စလာပြီ မဟုတ်လား။ အခုတည်းက လမ်းကြောင်းကို တစ်လမ်းစီထားပြီးသွား ဝတ်ရည်။ ဖုန်းကို အချိန်တစ်ခု သတ်မှတ်ပေးထား။ ဒါမှ မင်း ရှော့တွေ မရှိမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သတ်မှတ်ပေးရမှာလဲ၊ ဒီအချိန်ကျမှ ဆ
ဆိုပြီး ပြောထားရမှာလား"

"အမ်းပေါ့။ ဒါပေမဲ့ ပေါ်တင်ကြီးတော့ သွားမပြော
ကွာ။ နရီက မင်းက တီဗီက စီးရီးစ်တွေ ကြည့်မ
တော့ နောက်ပိုင်းကျမှ ဆက်တဲ့ မဟုတ်လား။
ရှိပစေ။ ရောင်ဝါကိုတော့ အစောပိုင်း ဆက်ပ
စောစောအိပ်တတ်တယ်၊ ဒါကြောင့် စောစောဆက်
ပြီး ဆယ်နာရီမထိုးခင် အချိန်ကို ပေးထားလိုက်

နရီ့ကိုတော့ ရှေ့ပိုင်းမှာ အခွေကြည့်တယ်၊
တယ်၊ အလုပ်လေးတွေ ဘာတွေ နည်းနည်းပါးပါး
လုပ်နေတယ်ပေါ့ကွာ၊ ယုတ္တိရှိရှိနဲ့ လမ်းရှင်းထားတ
တယ်။ ဒါမှ ဖယားငြိမ်မှာ"

ဝတ်ရည်သည် နှင်းဆီရဲ့စကားကို ပြုံးပြုံးကြီး
ညိတ်လိုက်သည်။ မျက်လုံးထဲတွင် နူးညံ့သော အပြုံး
နူးညံ့သော စကားတို့ကို ဆိုတတ်သူ နရီမင်းကို တစ်
လူကို ရှုးရှူးရှရှ စိုက်ကြည့်တတ်ကာ မထီတရီ ပြုံးပြတတ်
ရောင်ဝါ့ကိုတစ်လှည့် မြင်ယောင်လာသည်။ နှစ်ယောက်စလုံး
ဝတ်ရည်ကို အတိတ်က ဒဏ်ရာတွေအား ကုစားပေးနိုင်သူ
ဖြစ်ပါသည်။

နှင်းဆီက သီချင်းထဖွင့်လိုက်လျှင် စိုင်းစိုင်း
ထဲမှ ငယ်ငယ် အသံက လွှင့်ပျံ့လို့လာသည်။

"အသည်းနင့်အောင် ချစ်ခဲ့တာ ... မင်း ငါ့ကို အ
တာ ... သိလျက်နဲ့ ဖွတ်မိုက်ထား"



ဟုတ်လား။ သူတို့နှစ်ယောက်က ဝတ်ရည်ကို
သည်းနင့်အောင် ချစ်လောက်ပါ့မလား။ သိပ်တော့ မဖြစ်နိုင်
ဟု ထင်ပါသည်။ ဒါဆို ဝတ်ရည်ကရော သူတို့ကို အရူးလုပ်
တာလား။ အရူးလုပ်နေတာတော့ မဟုတ်တာ သေချာသည်။
ရှိသူတွေအတွက် အရူးလုပ်တာ မဟုတ်ဘဲ အသည်းကြီးနေ
ရှိုးတွေလည်း ရှိတတ်လေသည်။

❤ ❤

www.burmeseclassic.com



**နှလုံးသားမှာ နာကျင်မှုကို ခံစားရတဲ့အခါ အသည်းက ယောင်သွားတယ်။ အဲဒီတော့ အသည်းကြီးသွားတယ်။ အသည်းကြီးသွားတဲ့အတွက် နှလုံးသားမှာ တစ်ယောက်ထက်ပိုပြီး နေရာဆံ့သွားတယ်။**



## ၁၂

"ဟဲ့ ... ဝတ်ရည်၊ ထ ... ထ။ ကျွတ် ... ကြည့်စမ်း၊ ခြောက်နာရီခွဲနေပြီ၊ နှင် ရောင်ဝါနဲ့ ခုနစ်နာရီတွေ့ဖို့ချိန်းထားတာ မဟုတ်လား။ အာ ... ဒီမိန်းမတော့ သေတော့မှာပဲ"

ဝတ်ရည်သည် တစ်ကိုယ်လုံးကို တွန်းထိုးလှုပ်နှိုး၍ ါးစပ်ကလည်း တရစပ်အအော်ခံရတော့မှ မျက်လုံးကိုပွတ်ကာ ခင်း ... အဲ ... အော်ရင်း လူးလွန့်နိုးလာသည်။ မျက်လုံးက းပွဲတင်နာရီကို လှမ်းကြည့်မိလျှင် ဟိုက်ခနဲ ဖြစ်သွားသည်။ ာရီလက်တံတွေက ခြောက်နာရီခွဲတိတိကို ညွှန်ပြနေသည်။ ဝတ်ရည်သည် စောင်ကိုဆွဲဖယ်ရင်း ခုတင်ပေါ်မှ အလန့်တကြား န်ချလိုက်သည်။ ပြီးတော့ မှန်တင်ခုံပေါ်မှ ခေါင်းစည်းကြိုးတစ်ခု ကို ဆွဲယူကာ ဆံပင်တွေကို စုစည်းသိမ်းနှောင်ရင်း ရေချိုးခန်းထဲ သို့ အမြန်ပြေးဝင်ရသည်။

နှင်းဆီက အပြင်ကနေ၍ ဒါးထောက်ရင်း ခေါင်း အယမ်းယမ်းဖြင့် အော်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ မကယ်ရင်တော့ သေဖွယ်ရှိတော့မှာပဲ။ စိတ်ကုန်တယ်၊ ဘယ်လိုလုပ် အပြတ်ရှိုင်းချိန် ရတော့မှာလဲ"

ဝတ်ရည်သည် မျက်နှာသစ်နေရသဖြင့် သူ့ကို စကားပြန်မပြောအားသေးချေ။ ရေတောင်ချိုးဖို့ အချိန်မရတော့ သွားကို ကပျာကယာဖြင့် တစ်ချက် နှစ်ချက် ပွတ်တိုက်ကာ ရေချိုးခန်းထဲမှ ခုန်ပေါက်ပြီး ပြန်ပြေးထွက်လာရသည်။ မျက်နှာကို တဘက်နှင့် အမြန်ရေသုတ်ပြီးနောက် မှန်တင်ခုံရှေ့မှာ ဝင်ထိုင်ရသည်။ Cotton Pad ပေါ်မှာ Toner အရည်တွေကိုချရင်း နှင်းဆီကို စကားလှမ်းပြောရသည်။

"စီနီယာရေ လုပ်စမ်းပါဦး။ ဒင်းဆမ်း သွားစားမယ့် အဝတ်အစားလေး ရွေးပေးစမ်းပါဦး။ ညတည်းကလည်း မပြင်ဆင်ထားမိဘူးကွယ်"

"ဘယ်ပြင်ဆင်ထားမလဲ၊ ဖုန်းပြောရင်းနဲ့ အိပ်ပျော်သွားတာ မဟုတ်လား။ ကျုပ် တစ်ရေးနိုးလာတော့ ရှင် ဖုန်းပြောတုန်း၊ မနက် ငါးနာရီထိ ပြောနေတုန်း"

"အင်း ... အင်း ... ဟုတ်တယ်။ နရီလေ ဖွတ်ချခိုင်းတယ်"

နှင်းဆီက ဝတ်ရည်ရဲ့ အဝတ်သေတ္တာကို ဖွင့်ရင်း ရွေးရင်းမှ မျက်စောင်းတစ်ချက် လှည့်ထိုးသည်။

"ဘာကိစ္စ ချခိုင်းနေရသေးတုန်း။ ငါးနာရီထိတောင် ပြောနေပြီးမှများ ခြောက်နာရီလောက်ထိ ဆက်ပြောလိုက်ပြီးရော။ သွားအိပ်နေသေးတယ်။ ခုတော့ ချိန်းထားတာ နောက်ကျပြီ"



"နောက်မကျပါဘူး"

"အေး ... ဒါပေမဲ့ ရှင် သေပြေးရင်ပြေး ပြေးရတော့မယ်လေ။ အလှလည်း စိမ်ပြေနပြေပြင်လို့ မရတော့ဘူး။ တော်သေးတာပေါ့၊ အသားအရမ်းဖြူတဲ့မိန်းမ ဖြစ်နေလို့၊ ကဲ ... ဒီ နို့နှစ်ရောင် ကိုယ်ကျပ်လေးနဲ့ ပန်းရောင်စကတ်လေးပဲ ဝတ်သွားလိုက်၊ ဖိနပ်အဖြူရောင် စီးသွား ...

နှုတ်ခမ်းကို Lip Gloss ပန်းရောင်ရွှဲရွှဲလေးဆိုးလိုက်၊ မျက်နှာကို တူးဝေးရိုက်တာ အိုင်းရဲဒိုးတင်တာတွေက ကားပေါ်ကျမှ လုပ်ပေတော့"

"ရက်စ် ... ရက်စ် ... ပြီးပြီ၊ သုံးမိနစ်ပဲစောင့်"

တကယ်ကိုပဲ ဝတ်ရည် အလှပြင်တာ ဘာမှမကြာ ပါ။ အသားဖြူကာ မျက်နှာမှာ ဘာအစက်အပြောက်မှ မရှိသော အသားအရေ လှပသူတို့၏ ကုသိုလ်ထူးအတိုင်း Toner သုံးပြီး ရည်ပွတ်လိမ်းလိုက်ရုံဖြင့် လင်းလက်ဖြူဖွေးသွားသော မျက်နှာကို ပိုင်ဆိုင်သွားပြီဖြစ်သည်။ ဝတ်ရည်သည် နှုတ်ခမ်းနီ မဆိုးသေးပဲ အင်္ကျီကို အရင်ကောက်စွပ်လိုက်သည်။ နှင်းဆီ ရွေးချယ်ပေးထားသော ဝတ်စုံလေးမှာ သွားမည့်နေရာနှင့် တကယ်ပဲ ပနံရတာ သဘာဝဆန်လေသည်။ မျက်နှာကို သိပ်အလေးပေး မပြင်ဆင်နိုင်တော့သော ဝတ်ရည်အတွက် လိုက်ဖက်အဆင်ပြေသင့်တော်သွားသည်။

စပို့ရှပ်သား နို့နှစ်ရောင် အင်္ကျီအကျပ်လေးကို ပန်းရောင်အကြေသား စကတ်အတိုလေးဖြင့် တွဲဖက်ဝတ်ဆင်လိုက်သောအခါ ဝတ်ရည်သည် နနယ်ချစ်စဖွယ်ကောင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားဝတ်ပြီးသွားလျှင် နှုတ်ခမ်းနီကို ကပျာကယာဆိုးကာ အိတ်ကို ကောက်လွယ်လျက် ဖိနပ်ကိုယူကာ အဆောင်အပေါ်ထပ်မှ ကပျာကယာ ပြေးဆင်းလာရလေသည်။ နာရီကိုကြည့်လိုက်လျှင် ခုနစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည်။ Taxi က ချက်ချင်းငှားလို့ ရ၍သာ တော်တော့သည်။

ဝတ်ရည်သည် နှင်းဆီ ပြောသလိုပင် ကားပေါ်ရောက်မှ မျက်နှာကို Two way ရိုက်ကာ eye shadwo တင်ရလေသည်။ မှန်အဝိုင်းလေးထဲမှာ ပေါ်နေသော မျက်နှာလေးသည် အခုမှပဲ ခပ်ပြေပြေ အလှအပတို့ ပြည့်စုံလင်းချင်းလို့ သွားလေသည်။ ခေါင်းကိုလည်း ကားပေါ်ရောက်မှပဲဖြီးကာ အိပ်ဆောင်ရေမွှေးလေးကိုပါ ထုတ်ဆွတ်လိုက်ရသေးသည်။ အင်း … ဒါဆိုရင် တော်တော်တော့ လှသွားပြီ။ ဝတ်ရည်သည် မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာ တစ်ချက်ပြုံးကြည့်လိုက်ပြီးနောက် နာရီကိုင်ကြည့်လိုက်လျှင် ခုနစ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့လေသည်။

ဒီအချိန်ထဲက ဆိုင်ထဲမှာ ရောက်နေမည်ဖြစ်သော ကိုတိကျက ဖုန်းလှမ်းဆက်မှာ စိုးသဖြင့် သူ မဆက်ခင် ကိုယ်က ဦးအောင် မက်ဆေ့ချ်ပို့ထားလိုက်ရသည်။ "လာနေပြီ လမ်းမှာ" ဟူသော မက်ဆေ့ချ်ကို သူက "ငါ ရောက်နေပြီ"ဟု ခပ်ပြတ်ပြတ်ပဲ ပြန်ပို့လေသည်။ အဲဒီအချိန်မှာပဲ နရီ့ထံက ဖုန်းဝင်လာသည်။ ဝတ်ရည်သည် ဖုန်းကိုဖွင့်ကာ နားထောင်ရပြန်သည်။

"အင်း … ဝတ်ရည် အိပ်နေလား"

သူ့အသံကလည်း နည်းနည်း အိပ်ချင်မူးတူးအသံပင်။ သူ့အကြောင်းကို ဝတ်ရည် သိသည်။ အိပ်မနေဘူးဆိုလျှင်



တစ်ခုခု သွားစားရအောင်ဟု ခေါ်ဦးမှာဖြစ်သဖြင့် ချက်ချင်းပဲ အာလေးလျှာလေးဖြင့် အိပ်ချင်မူးတူးအသံ ဖမ်းထားလိုက်ရသည်။

"အင်း … အိပ်နေတာ၊ ဝါး …"

ပေါင်တင်ကြီး လိမ်နေသော ဝတ်ရည်ကို ကားသမားက နောက်ကြည့်မှန်ထဲမှနေ၍ မျက်လုံးကြီးပြူးကာ လှမ်းကြည့်သော်လည်း မသိချင်ဟန် ဆောင်လိုက်ရလေသည်။

"အင်း … ကိုယ်လည်း ခဏတော့ အိပ်ပျော်သွားသေးတယ်။ အခု ပြန်နိုးလာတာ၊ ဗိုက်ဆာတာနဲ့ အပြင်မှာ မုန့်သွားစားမလားလို့၊ အဲဒါ ဝတ်ရည်ကို လှမ်းမေးတာ"

"အင်း … စားတော့ပါဘူး နရီရယ်။ အရမ်း အိပ်ချင်နေလို့ပါ"

"ဪ … အင်းပေါ့ … ဆောရီး။ ကိုယ်က ဝတ်ရည်များ ဆာမနေမလားလို့ပါ။ ဘာစားချင်လဲ၊ ကိုယ် လာပို့ပေးမယ်လေ။ အင်းလေးဖက်ထုပ်ကြော်နဲ့ ရှမ်းခေါက်ဆွဲ စားမလား"

"နေပါ … နေပါ … ရပါတယ်။ နောက်မှ စားပါ့မယ်။ အခု အရမ်းပဲ အိပ်ချင်နေလို့ပါ။ ဖုန်းထပ်မဆက်နဲ့တော့နော်။ ဝတ်ရည် ဖုန်းပိတ်ပြီး အိပ်တော့မှာမို့လို့ … ဘိုင့်ဘိုင်"

"အိုကေ … ဘိုင့်ဘိုင်"

သူက ဖုန်းချသွားတော့မှပင် ဝတ်ရည်မှာ သက်ပြင်းကို ဟင်းခနဲမြည်အောင် ချရလေသည်။ အဲဒီလိုနှင့် ဝတ်ရည်သည် ချိန်းဆိုထားသော Royal Garden သို့ ဆယ့်ငါးမိနစ်တိတိ နောက်ကျပြီးမှ ရောက်တော်မူလေသည်။ သူကတော့ ကန်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကို မျက်နှာမူထားသည့် စားပွဲဝိုင်းတစ်ခုမှာ ထိုင်လျက် ဝတ်ရည်ကို စိမ်ပြေနပြေ စိုက်ကြည့်ရင်း စောင့်၍နေလေသည်။ ဝတ်ရည်သည် ဘာမှမဖြစ်သလို မျက်နှာထားဖြင့် သူ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်ရင်းမှ ...

"ဆောရီး ... ကျွန်မ နည်းနည်းနောက်ကျသွားတယ်"

"ဘာနည်းနည်းနောက်ကျတာလဲ။ မင်း မိနစ်နှစ်ဆယ်တိတိ နောက်ကျတယ်"

ဝတ်ရည်က သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ရေတစ်ခွက်ကို ငုံ့သောက်လိုက်သည်။ ကသောကမြော ပြေးလာရ၍ ဘာမှတောင် စားမလာခဲ့ရ။ ပြီးတော့ လူက တစ်ညလုံးမအိပ်ရသေးဘဲ တစ်နာရီလောက်သာ ကောင်းကောင်းအိပ်ထားရတာမို့ အိပ်ရေးမဝဘဲ မျက်လုံးတွေ ကျိန်းစပ်ပြီးနေသည်။ မျက်လုံးတွေက ဘယ်လိုမှ တောက်ပမှာ မဟုတ်။ ဟင်း ... အကျိုးတော့နည်းပါပြီ။

သမ်းဝေချင်စိတ်ကိုလည်း အထူးတလည် ထိန်းသိမ်းထားရသေးသည်။ ရေချိုးမလာခဲ့ရ၍ လူက သိပ်လည်းလန်းဆန်းမနေချေ။ ဒီအချိန်မှာ အလုပ်ချင်ဆုံး အလုပ်တစ်ခုကတော့ ခုတင်ပေါ်ကို ဒိုင်ဗင်ပစ်ထိုးပြီး အားရပါးရ အိပ်ပစ်ချင်တာပဲဖြစ်တော့သည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ"

သူက မကျေနပ်ဟန်ဖြင့် ထပ်မေးသည်။ ဝတ်ရည်သည် ဖန်ခွက်ကို စားပွဲပေါ်သို့ ခပ်ဆတ်ဆတ်ချပစ်လိုက်ရင်း သူ့ကို စိန်ခေါ်သလို ကြည့်လိုက်သည်။ ဒီလူကို မကြိုက်တာ



အဲဒါတွေပဲဖြစ်သည်။ တစ်ခုခုဆို သိပ်ရစ်တတ်သည်။ အတွန့်တက်နေတာက မပြီးနိုင် မစီးနိုင်တော့။ ဒီနေရာမှာ နရီသာဆိုလျှင် ဘာမှပြောမှာမဟုတ်။ လူကို ပြုံးပြုံးလေးနှင့် နူးနူးညံ့ညံ့ပဲ စိုက်ကြည့်ကာ "လာရတာ အဆင်ပြေရဲ့လား၊ ထိုင် ... ထိုင် ... အေးအေးဆေးဆေးပေါ့"ဟုသာ ပြောလိမ့်မည်။

"ရှင့်လို ကိုယ်ပိုင်ကားရှိတာ မဟုတ်ဘူးရှင့်"

"ကိုယ်ပိုင်ကား မရှိရင် ဝီရိယပိုထည့်ထားလေ။ ခုနစ်နာရီချိန်းထားရင် ခြောက်နာရီခွဲလောက်က အဆောင်ကထွက်ထားရမှာပေါ့။ ကိုယ်သွားမယ့်နေရာနဲ့ လမ်းမှာ ကြာမယ့်အချိန်နဲ့ ညှိထွက်မှ Right time ဖြစ်မှာပေါ့ အမ်မ်ရယ်လ်ရဲ့"

"ဒီမှာ Rihgt time (အချိန်မှန်)ဖြစ်ရအောင် ရှင်နဲ့ကျွန်မ အလုပ်ကိစ္စစကားပြောဖို့ ချိန်းထားတာ မဟုတ်ဘူး။ ဒီလောက်လေးတောင် ရှင် နားမလည်နိုင်ဘူးလား"

"နားလည်ပေးလို့ မင်းကို မိနစ်နှစ်ဆယ်တိတိ ငုတ်တုတ်ထိုင်ပြီး စောင့်နေတာပေါ့။ မင်းမို့ ဒီလောက် သည်းခံနေတာပေါ့ အမ်မရယ်လ်။ ကိုယ့်ဘဝမှာ မင်းလောက် ဘယ်မိန်းမကိုမှ သည်းမခံဖူးဘူး။ အဲဒါကိုတော့ မင်း ယုံထားပေး"

"ကဲ ... ရှင့်ရဲ့ ကိုယ်ရည်သွေးဇိုကာကို နားထောင်ရမှာလား၊ အစားစားရမှာလား၊ ကျွန်မ ဗိုက်ဆာနေပြီရှင့်"

ဝတ်ရည်ရဲ့ ခပ်ဆတ်ဆတ် အပြောကို သူက ရယ်ချင်သွားသော မျက်ဝန်းများဖြင့် အတန်ကြာ စိုက်ကြည့်နေသည်။

---

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ဟက်ခနဲ တစ်ချက်ရယ်ကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေလေသည်။ ဝတ်ရည်က သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ဝိတ်တာကို ခေါင်းညိတ်ခေါ်လျက် ကိုယ်စားချင်တာတွေကို ကိုယ့်ဘာသာ ရွေးမှာလေသည်။

"အင်း ... ဝက်နိုင်လွန်ဖက်ထုပ်၊ နိုင်လွန်ပုစွန်၊ အဲဒါက သုံးပွဲချပေး။ ငါးကျောက်စိမ်းရောနော်၊ ပြီးတော့ ဝက်နိုင်လွန်လိပ်ပြာ၊ ပုစွန်ဖက်ထုပ်ကြော်၊ ကြက်ခရု၊ ခရမ်းပေါက်စီကတစ်ပွဲ၊ ကော်ဖီ တစ်အိုး ...

ရှင်ရော ဘာမှာမှာလဲ"

သူက ဝတ်ရည်ကို စေ့စေ့ကြည့်ရင်းမှ ခေါင်းကို ယမ်းပြသည်။ ဝတ်ရည်သည် ထွက်သွားသော ဝိတ်တာလေးရဲ့ ကျောပြင်ကိုကြည့်ကာ ကော်ဖီကို အရင်လာချဟု လှမ်းအော်လိုက်သေးသည်။ သူက ပြုံးစစဖြင့် ခေါင်းကိုညိတ်ကာ ...

"အမ်မရယ်လ် ... မင်းက တကယ့်ကို Uptown girl လေးပဲ။ အရမ်းချစ်ဖို့ကောင်းတယ်။ တစ်ခါတလေကျတော့လည်း မုန်းဖို့ကောင်းတယ်"

"ဟုတ်သလား"

ဝတ်ရည်ရဲ့ အရေးမစိုက်လေဟန် ခပ်ပေါ့ပေါ့အမေးကို သူက စူးစူးရှရှပဲ စိုက်ကြည့်နေသည်။

"မင်းကို ကိုယ် စိတ်ဝင်စားတာ အဲဒီပုံစံတွေကြောင့်ပဲ အမ်မရယ်လ်၊ မင်းပုံစံက အရမ်း Attrection ရှိတယ်၊ Attrection လုပ်မထားပါဘဲနဲ့ကို Attrection ရှိနေတာ။ အဲဒါကို ကိုယ် အရမ်းစွဲလမ်းနေပြီ ...



မင်း ဘယ်လိုဖြေရှင်းပေးမှာလဲ"

"ဖြေရှင်းပေးနိုင်ပါတယ်"

ဝတ်ရည်ရဲ့အပြောကြောင့် သူ့မျက်လုံးတွေ လက်ခနဲ ဖြစ်သွားသည်။ မျှော်လင့်ခြင်းတစ်ဝက်ဖြင့် ကြည့်လာသော မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ဝတ်ရည်က တစ်လုံးချင်း ပြန်ပြောလိုက်သည်။

"ရှင် ကျွန်မကို မတွေ့ဖြစ်အောင်နေလေ၊ ဒါဆို အဲဒီလို ဖြစ်စရာအကြောင်း မရှိတော့ဘူး"

သူ့မျက်နှာ တစ်ချက်တည်သွားသည်။ သို့သော် အဲဒီလို ဖရိုဖရဲ ဖြစ်သွားချိန်မှာ ခဏလေးပဲ ဖြစ်သည်။ ချက်ချင်းပဲ နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်ခု ခိုသီးလာပြီးနောက် မျက်ဝန်းတွေ မှေးစင်းသွားကာ ဝတ်ရည်ကို ကြည့်လာသည်။

"အဲဒီအပြောတွေကပဲ ပိုပြီး Attrection ဖြစ်နေစေတာ အမ်မရယ်လ်။ ဒါ ကိုယ့်စိတ်ထဲကို စိုက်သွားအောင် တမင်ပစ်နေတဲ့ မြားတွေလား။ ဒါမှမဟုတ် တကယ့်စိတ်ရင်းနဲ့ ပြောတဲ့စကားလား"

"ရှင် ထင်ချင်သလိုသာထင်"

ဝတ်ရည်သည် သူ့ကို တကယ်ပဲ ဂရုမစိုက်နိုင်အား။ သူက အိပ်ရေးပျက်ထားပြီး ဗိုက်ကလည်း တဂွီဂွီဖြင့် ဆာလှပြီဖြစ်သည်။ အရင်လာချပေးထားသော ကော်ဖီနှပ်အိုးကိုယူကာ ကိုယ့်ဟာကိုယ် ပြင်ဆင်ဖျော်သောက်နေတာကို သူက ရှုံ့ရုံ့မဲ့မဲ့ဖြင့် စိုက်ကြည့်လို့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်းကို အစားစားဖို့ ခေါ်တယ်များ ထင်နေလား အမ်မရယ်လ်”

ဝတ်ရည်က ကော်ဖီခွက်ကို ဇွန်းနှင့် အသာမွှေခေါက်နေရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်ကာ ...

“အစားစားဖို့ မခေါ်လို့ ရှင်က ဘာလုပ်ဖို့ ခေါ်တာလဲ”

“မင်းကို ရည်းစားစကားပြောဖို့ ခေါ်တာ”

“ဘာရှင့်”

မွှေလက်စဇွန်းကိုထုတ်ကာ အောက်ခံကြွေပန်းကန်ပြားပေါ်သို့ ပစ်ချလိုက်သံသည် ချွမ်ခနဲပင် မြည်သွားလေသည်။ သူက မျက်ခုံးကိုကြုတ်ကြည့်ကာ ညစ်ကျယ်ကျယ် ပြုံးပြရင်း ...

“ဒီလို ပါးပျဉ်းထောင်မှ ပိုလှတာ Lady Cobra (မြွေဟောက်ပျိုမလေး)ရဲ့၊ ဒါကြောင့် မင်းကို တမင်စ,နေတာ”

“အေးပေါ့၊ ကျွန်မက Lady Cobra ဆိုရင် ရှင်က အဆ ကိုစား အသားကိုမျိုမယ့် တောကြီးမြွေဟောက်ကြီး ... ဟင်း ...”

“ဟား ဟား ... ကြိုက်လိုက်တာ အမ်မရယ်လ်ရယ်။ မင်းက တခြားမိန်းမတွေနဲ့ မတူတဲ့အချက်က အဲဒါတွေပဲ ကိုယ့်ကိုဆို အမြဲဖွဲ့ဖို့ ဝန်မလေးဘူး။ မင်းကို တစ်နေ့တခြား အရမ်းပဲ စွဲလမ်းလွန်းနေပြီ။ ဒီမှာ အမ်မရယ်လ် မင်းကို ကိုယ် လေးလေးနက်နက် ပြောမယ် ...

မင်းကို ကိုယ် ချစ်တယ်”

ဝတ်ရည်သည် တစ်နေ့မှာ ဒီလိုစကားမျိုး ကြား လိမ့်မည်ဟု မျှော်လင့်ထားပြီး ဖြစ်သော်လည်း တကယ်တမ်းကြား



ရသောအခါ မိန်းမလေးပီပီ နည်းနည်းတော့ အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။ အစက အားရပါးရ စားလိုက်မည်ဟု မှာထားသော ဒင်းဆမ်းတွေကိုတောင် ဟုတ်တိပတ်တိ မစားနိုင်တော့ဘဲ ကိုတိတို့တိ ဖြစ်နေသည်။ ဒါကို သူကလည်း ရိပ်မိဟန်ဖြင့် ...

“ချစ်တယ်ပြောလို့ စားမဝင် အိပ်မပျော်တော့ ဖြစ်မသွားပါနဲ့ အမ်မရယ်လ်။ ကိုယ်က မင်းရဲ့ အရင်ပုံစံလေးကိုပဲ အသည်းစွဲနေလို့ပါ။ လွတ်လွတ်လပ်လပ်သာ စားပါ။ မင်းကြည့်ရတာ တော်တော်ဆာနေပုံပဲ။ ဘာလဲ မနေ့ညက ညစာမစားဘဲ ဗိုင်းယက်လုပ်ထားတာလား၊ ဟုတ်လား”

ဝတ်ရည်သည် သူ့ကို မျက်စောင်းတစ်ချက်ထိုးရင်း နိုင်လွန်ပုစွန်တစ်ဖတ်ကို တူဖြင့်ညှပ်ကာ ပါးစပ်ထဲ သွင်းလိုက်သည်။ အားပါး ... အရသာ ရှိလိုက်တာ။

“အမ်မရယ်လ် စားတာလည်းစား။ ကိုယ့်စကားကိုလည်း အလေးအနက် နားထောင်ပေးပါ။ အဲဒီ ဒင်းဆမ်းတွေနဲ့အတူ ကိုယ့်စကားတွေကိုလည်း မင်း ရင်ထဲ မျိုချပေးလိုက်ပါ”

ဝတ်ရည်က ဘာမှပြန်မပြောချေ။ ကောင်းနိုးရာရာ ွေကိုသာ ရွေးချယ်သုံးဆောင်နေတော်မူသည်။ သူကတော့ သူ ပြောချင်ရာကို ဆက်ပြောသည်။

“ကိုယ့်ကို မင်း ဘယ်လိုမြင်သလဲ ဝတ်ရည်”

ဝတ်ရည်သည် ပထမတော့ သူ့ကိုမြင်တာတွေ တန်းပြီး ပြောမလို့သာပင်။ သို့သော် ဗိုက်ဆာနေတာရော ကားရှည်ရှည်ဝေးဝေး မပြောချင်တာကြောင့်ရော၊ သူ့ကိုသာ မေး န်းပြန်ထုတ်လိုက်သည်။

www.burmeseclassic.com



"ရှင်ကရော့ ကျွန်မကို ဘယ်လိုမြင်လဲ"

"ရိုက်ထ်။ ဒီမေးခွန်းကို လိုချင်လို့ အဲဒီမေးခွန်းကို မေးခဲ့တာ မင်းကိုလား ... မင်းကို ဘယ်လိုမြင်လဲဆိုတော့ မင်းက ကိုယ်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ စိတ်ဝင်စားစ အကောင်းဆုံးပဲ အမ်မရယ်လ် ...

မင်းမှာ ဟန်ဆောင်မှု မရှိဘူး။ ရိုးသားတယ်၊ ပွင့်လင်းတယ်။ ဖြူစင်တယ် ဆိုတာမျိုးထက် ဘာအရောင်အဆင်းမှ မရှိတဲ့ မင်းရဲ့ပုံစံကို ကိုယ်က ရင်ခုန်တာ။ ဒီမှာ ကြည့်စမ်း အမ်မရယ်လ်၊ ဒါ ဘာလေးလဲ"

ဝတ်ရည်သည် သူ ထုတ်ပြသော အရာလေးကို မြင်လိုက်ရလျှင် ရင်ထဲမှာ အေးခနဲ ဖြစ်လို့သွားလေသည်။ သူပြသော အရာလေးမှာ သူနှင့် ဝတ်ရည် စတင်တွေ့ဆုံခဲ့သည့် နေ့တုန်းက သူ့လက်နှင့် တိုက်မိ၍ ပြုတ်ကျသွားခဲ့သော ဝတ်ရည်ရဲ့ခေါင်းမှ ဆံထိုးလေး ဖြစ်သည်။ သူက ဆံထိုးလေးကို လှုပ်ယမ်းပြရင်းမှ ပြုံးကြည့်ကာ ...

"မှတ်မိလား"

"မှတ်မိတာပေါ့။ ရှင် တိုက်ချသွားခဲ့တဲ့ ကျွန်မရဲ့ ဆံထိုးလေးပဲ"

"ဟုတ်တယ်၊ အဲဒီအချိန်တည်းက မင်းကို စိတ်ဝင်စားသွားခဲ့တာ အမ်မရယ်လ်။ ဘာဆံထိုးမှန်း နာမည်မခေါ်တတ်ပေမယ့် အဲဒီဆံထိုးလေးနဲ့ မင်းနဲ့ အရမ်းလိုက်တယ် မင်းကို Class တစ်ခု ဖြစ်သွားစေတယ် ...



ရုံးနဲ့အသားမကျသေးတဲ့ ကပိုကရို မင်းပုံစံလေးကို အဲဒီတည်းက စွဲလမ်းသွားခဲ့တာ။ မင်းနဲ့ စကားပြောကြည့်လေ၊ မင်းက ပိုစိတ်ဝင်စားဖို့ ကောင်းလေ ဆိုတာကိုလည်း သိခဲ့ရတယ်၊ မင်းကို ကိုယ် တကယ်ချစ်မြတ်နိုးတယ် အမ်မရယ်လ်"

"အင်း ..."

ဒီအချိန်မှာတော့ ဝမ်းမီးလည်း အတော်အသင့်ငြိမ်းသွားပြီမို့ ဝတ်ရည်က အသံနည်းနည်း ထွက်လာနိုင်သည်။ သူက ဝတ်ရည်ကို တရှိုက်မက်မက် ငေးကြည့်လျက် ...

"အမ်မရယ်လ် ... မင်း ကိုယ့်ကို အဖြေတစ်ခုတော့ ပေးပါ"

"ဟမ် ... ဘာအဖြေပေးရမှာလဲ"

"အဖြေလေ၊ ချစ်တယ်ဆိုတဲ့ အဖြေပေါ့"

"အိုး ... ဘာကိစ္စ ပေးရမှာလဲ။ ရှင် ကျွေးတာစားတိုင်း ရှင့်ကို အဖြေပေးရမှာလား"

"မဆိုင်ပါဘူးကွာ။ ကိုယ့်မှာ အဲဒီလို စိတ်ဓာတ်မရှိမှန်း သိရက်နဲ့ အဲဒီလိုစကားတွေ မင်း မပြောစမ်းပါနဲ့၊ ကိုယ့်အချစ်ကို မင်း မယုံဘူးလား အမ်မရယ်လ်"

ဒီလိုကျတော့လည်း ဝတ်ရည် မဖြေနိုင်ချေ။ သူ့မျက်လုံးတွေက ခိုင်မာတိကျမှုဖြင့် ရဲရင့်ပြတ်သားနေလေရာ၊ ဒါဟာ သူ့ရဲ့ခံစားချက် အစစ်အမှန်တွေဆိုတာ ဝတ်ရည် ယုံကြည်မိရသည်။ သို့သော် ယုံပါတယ် ဟူ၍လည်း ပြန်မပြောချင်လေရာ ဝတ်ရည်မှာ အကျပ်ရိုက်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ အမ်မရယ်လ်။ ယုံလား ယုံတယ်မဟုတ်လား မင်းလည်း ကိုယ့်အကြောင်းကို သိမှာပါ။ ကိုယ် ဘယ်မိန်း ကိုမှ ဒီလောက် မပတ်သက်ဖူးဘူး အမ်မရယ်လ်"

"........"

"ဒီတော့ မင်း ကိုယ့်ကို အသိအမှတ် ပြုရလိမ့်မယ်။ ကိုယ့် အချစ်ကို လက်ခံပေးပါ အမ်မရယ်လ်။ ကိုယ့်ကို ယုံတယ် မဟုတ်လား"

"ရှင့်အချစ်ကိုတော့ ယုံသင့်သလောက် ယုံကြည်ပါတယ်။ ဒါပေမဲ့ အခြေအနေတွေကိုတော့ မယုံဘူး။ ကံကြမ္မာကို တော့ မယုံဘူး"

"ကိုယ့်ကို ယုံကြည်လိုက်ပါ အမ်မရယ်လ်။ ဒါဆို အားလုံး ကို မင်း စိတ်ချလို့ရသွားပါပြီ။ ကိုယ် မင်းကို လက်ထပ် ဖို့အထိပါ ဆုံးဖြတ်ထားတယ်၊ ဒီတော့ မင်း ကိုယ့်ကိုလေး လေးနက်နက် စဉ်းစားပေးပါ"

ဝတ်ရည်သည် ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက်နေ မိသည်။ မစဉ်းစားပေးနိုင်ပါဘူးဟူ၍လည်း ပြောမထွက်ပေ။ ဒီ လူတစ်ယောက်ရဲ့ ချစ်ခြင်းကို ခံရခြင်းသည်လည်း ဝတ်ရည်အတွက် မက်မောစရာ ဆုတစ်ဆုလို ဖြစ်နေသည်။ ဒီလူနှင့် ဘုဘောက်ထု ရတာ၊ စကားနိုင်လုပြီး ဖုန်းပြောရတာဟာလည်း ဝတ်ရည်ရဲ့စိတ် ကို တစ်မျိုးဆွဲဆောင်သေးသည်။ ဝတ်ရည်ရဲ့မျက်လုံးထဲတွင် ချိုမြသော အပြုံးပိုင်ရှင် နရီကို ဖျတ်ခနဲ မြင်ယောင်လာမိပြန်သည်။

"အမ်မရယ်လ်"



သူ့ခေါ်သံကြောင့် ဆတ်ခနဲ ဖြစ်သွားလျှင် စိတ်ကူး ထဲမှ နရီသည် အဝေးသို့ လွင့်စဉ်ပျောက်ထွက်သွားသည်။ သူ့ မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်လိုက်လျှင် သူက ဝတ်ရည် ကို မွတ်သိပ်စွာ ငေးနေသည်။

"ကိုယ့်ကို ပြန်ချစ်ပါ"

ဝတ်ရည်သည် သူ့ကို ရှူးရှူးနှမ်းနှမ်းဖြင့် ပြုံးပြလိုက် သည်။ ဒါကို သူက အဓိပ္ပာယ်တစ်မျိုးပေါက်လျက် မျှော့ခုံးတစ် ကော်ပင့်ကာ ...

"ပြန်ချစ်မယ် မဟုတ်လား အမ်မရယ်လ်"

"ကျွန်မ စဉ်းစားပါရစေဦး"

သူက မျက်ခုံးတစ်ဖက်ကိုပင့်ကာ ...

"စဉ်းစားမယ် ! ။ ဘယ်အချိန်ထိ စဉ်းစားမှာလဲ။ ဒီမှာ အမ်မရယ်လ် ... သုံးနှစ်သုံးမိုး စနစ်တွေ အေဒီ(၁၁)ရာစု မှာ ကျန်ခဲ့ပြီနော်။ အဲဒီလိုမျိုးတော့ မလုပ်နဲ့။ ပြီးတော့ လူတစ်ယောက်ကို ချစ်ဖို့စဉ်းစားတယ်ဆိုတာ သိပ်တော့ အလုပ်မဟုတ်ဘူး။ နှလုံးသားမှာ စဉ်းစားတယ်ဆိုတာ မရှိဘူး ...

စဉ်းစားတယ်ဆိုတာ ဦးနှောက်ရဲ့အလုပ်။ ကိုယ် မင်းကို ချစ်ခဲ့တာ ဘာစဉ်းစားတွက်ချက်မှုမှ မပါဘူး။ ချစ်လို့ကို ချစ်တာ၊ အဲဒါပဲ"

"အံမယ် ... ရှင်က ယောက်ျားလေး၊ ဘာစဉ်းစားစရာမှ ရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ရှိတာပေါ့။ မင်းတို့ မိန်းကလေးတွေ အဲဒါခ
တာပဲ။ ယောကျ်ားတွေကိုများ ချဉ်ချဉ်တူးတူး မှုးရင်ပြ
ရော၊ တွေ့သမျှမိန်းမ လိုက်ကြိုက်နေတယ်များ ထင်ေ
လား …

ယောကျ်ားလေးတွေလည်း စဉ်းစားရတာပဲ။ ကိုယ
ချစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရာဇဝင်ကို စုံစမ်းကြ
တာပဲ။ လူလူချင်း အတူတူပဲ။ မိန်းကလေးတွေ တွေးသ
ယောကျ်ားလေးတွေလည်း တွေးတာပဲ၊ အဲဒီလို တွေး
အကောင်တွေ အများကြီးပဲ"

"ရှင်လည်း တွေးတာပဲပေါ့"

"ကိုယ် မတွေးပါဘူး။ မတွေးဘဲနဲ့ကို မင်းကို ချစ်တာ
မင်းအကြောင်း ကိုယ် ဘယ်လောက်သိမှာလဲ အမ်မရယ်
မင်းက တောင်ကြီးကလာတယ်၊ ဒီမှာ အဆောင်နေတယ
ကိုယ့်ပါတနာ အန်ကယ်ရဲ့စက္ကရီတေရီ။ ရုပ်ချောတယ
စတိုင်လ်ရှိတယ်။ အပြင်ပန်းကြည့်ရင်တော့ ပွင့်လင်းရိုးသ
တယ်၊ ဟန်ဆောင်ပန်ဆောင် မရှိဘူးလို့ ထင်ရတယ"

"အံမယ် … အံမယ် … ဘာအပြင်ပန်း ကြည့်ရင်
ကျွန်မတို့တောင်ပေါ်သူတွေက ဟန်မဆောင်တတ်ဘူးရှ"

"အေးပါ … သိပါတယ်၊ ဒီကလည်း သဘောကို ပြော
တာပါ၊ ကိုယ် သိတာက အဲဒီလောက်ပဲလေ အမ်မရယ်
မင်းရဲ့သွင်ပြင်မူရာတွေက ရိုးသားဖြူစင်တယ် ဆိုပေမ
ဟန်ဆောင်ချင်တဲ့သူအဖို့ ဟန်ဆောင်ထားလို့လည်း ရ
ပဲ …



ဒါက အပေါ်ယံကိစ္စတွေပါ၊ တကယ့်အတွင်းသဘော
ကို ဘယ်သူမှ အကဲဖြတ်လို့ မရဘူး။ အဲဒါတွေကို ကိုယ်
က ဘာမှမစဉ်းစားထားဘူး။ မင်း နောက်ကြောင်းဘာ၊
မင်း ရည်းစားများလား၊ မများဘူးလား ဆိုတာလည်း
ကိုယ် မသိဘူး …

မင်းကို ဒီအတိုင်းပဲ ချစ်ခဲ့တာ"

ဒီလိုကျတော့လည်း သူ့အပြောက ဝတ်ရည်ကို
ကြည်နူးနှစ်သိမ့်စေလေသည်။ အချစ်ရည်တွေ တဖျပ်ဖျပ်ရွှန်းလဲ့
နေသော သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာဖြင့် ခေါင်းကိုငုံ့ထား
ခဲ့သည်။ အင်း … ဒီလူဟာ ဘယ်ဘက်ကမှ ပြောစရာမရှိတဲ့လူ
တစ်ယောက်ဖြစ်သည်။ သူ့အနားမှာ ဝတ်ရည်ထက် အဆပေါင်း
များစွာသာသည့် မိန်းမတွေလည်း ဝိုင်းဝိုင်းလည်အောင် ရှိနေပါ
လျက်နှင့် ဝတ်ရည်ကိုမှ စွတ်ကျသွားခြင်းဟာ ဝတ်ရည် ကံကောင်း
လေသည်ဟု တစ်ရုံးလုံးက ဝိုင်း၍ပြောကြသည်။ သူနဲ့သာလက်
ထပ်လိုက်ပြီဆိုလျှင် ဘဝမှာ ဘာမှမလိုတော့လောက်အောင် ပြီး
ပြည့်စုံမှုတစ်ခုကို ရသွားပြီဟု အားလုံးက ထင်ကြေးပေးကြသည်။
တကယ်လည်း ဝတ်ရည်ရဲ့ဘဝဟာ တစ်သက်လုံး မတောင့်မတ
ကြောင့်မကြဘဝကို ပိုင်ဆိုင်ရတော့မှာ ဖြစ်သည်။

ဒါဖြင့် နရီဆိုရင်ရော။ နရီသည်လည်း ဘာမှပူစရာ
လို။ ရောင်ဝါလောက်ကြီး ဟိုက်ချ်ဘော့စ် ဖြစ်မနေသော်လည်း
သူ့ဟာနဲ့သူတော့ မြင့်မားသည့် အနေအထားမှာ ရှိသည်။ သူနဲ့
ဘက်တွဲလို့လည်း ဝတ်ရည် ဘဝဟာ နိမ့်ကျစုတ်ပြတ်သွားစရာ

www.burmeseclassic.com



မရှိ၊ ရောင်ဝါသည် စည်းစိမ်ဥစ္စာအားဖြင့် တရားလွန်သာနေတာ ကလွဲ၍ နရီနဲ့ တခြားကြီးကြီးမားမား ကွာခြားတာ မရှိချေ။ သို့သော် အဲဒီစည်းစိမ်ဥစ္စာ ဆိုတာတွေကိုလည်း ဝတ်ရည်က အဲဒီလောက် ခေါင်းထဲထည့်သူ မဟုတ်ပါ။ မထည့်ဆို စဉ်းကို မစဉ်းစား။ အာရုံထဲမှာကို မရှိချေ။ ပိုက်ဆံတွေအရမ်းချမ်းသာတော့ ရော ထမင်းသုံးနပ်ထက် ပိုစား၍မရ။ ကိုယ်တိုင်လည်း မသုံးနိုင် မစွဲနိုင် ဆင်းရဲမွဲတေနေတာ မဟုတ်။ ထို့ကြောင့် ဝတ်ရည်သည် အဲဒီကဏ္ဍတွေကို ထည့်မစဉ်းစားတာ ဖြစ်သည်။ ဝတ်ရည်က အဲဒါတွေကို မစဉ်းစားလေ ရောင်ဝါကလည်း ပို၍သည်းလေဟု ပြန်ကြားထားခဲ့ရလေသည်။

"အမ်မရယ်လ် ကိုယ့်ကို မချစ်ဘူးလား"

"ကျွန်မ ဘယ်လိုဖြေရမှာလဲ"

ဝတ်ရည်က မျက်လုံးတစ်ချက်လှန်ပြီး မေးလိုက်လျှင် သူက နှစ်မျောစွာ ငေးကြည့်နေတာနှင့် ကြုံသည်။ အဲဒီ အကြည့်တွေသည် ကိုယ့်ထံမှာ အရည်ပျော် ကျဆုံးနေသော အကြည့်များ ဖြစ်တာကြောင့် ဝတ်ရည်ရဲ့ ရင်ထဲတွင် လှုပ်ခတ်သွားသည်။ ဒီလို ခံစားမှုမျိုးဟာ နရီရဲ့ ချိုမြရီဝေသော အကြည့်တွေနဲ့ ဆုံလေတိုင်းလည်း ဖြစ်တတ်သည်။ အဲဒါ ဘာဖြစ်တာလဲ။ တကယ်တမ်း ရင်ခုန်စိတ်လှုပ်ရှားဆိုတာ တစ်ယောက်တည်းနဲ့ ဖြစ်သင့်တာ မဟုတ်လား။

ဒီဖိလင်ကို ညကျမှပဲ စီနီယာနင်းဆီနဲ့ စစ်ဆေးကြည့်ရမည်။



"ကိုယ့်ကို တစ်ခုခုတော့ ပြောပါ အမ်မရယ်လ်။ ချစ်တယ်လို့ မပြောနိုင်သေးရင်တောင် ကိုယ့်ရင်ထဲမှာ တွေးလိုက်တိုင်း ကျေနပ်ကြည်နူးနေရမယ့် စကားလေးတစ်ခွန်းလောက် ဖြစ်ဖြစ်ပေါ့ ... ဟင်"

ဝတ်ရည် ဘာပြောရပါမည်လဲ။ သူ့ကို ကြည့်လိုက်တော့လည်း သူ့မျက်ဝန်းတွေက မျှော်လင့်ချက်တို့ဖြင့် တောက်ပနေကြသည်။

"ကိုယ်က မင်းအတွက် ထူးခြားတဲ့ လူတစ်ယောက်တော့ ဖြစ်စေချင်တယ် အမ်မရယ်လ်၊ ဘယ်သူနဲ့မှ မတူတဲ့ ထူးခြားတဲ့ လူတစ်ယောက်ပေါ့"

"အင်း ... ရှင်က ထူးခြားပါတယ်"

"အိုကေ ! ထပ်တူမရှိတဲ့ ထူးခြားသူနော်"

အဲဒီမေးခွန်းကိုတော့ ဝတ်ရည်သည် ရှုချင်ယောင်ဆောင်ပြီး ပြန်မဖြေချေ။

အသာလေးပဲ ပြုံးနေသဖြင့် သူက ဆိတ်ဆိတ်ငြိမ်ခံသည်ဟူသော သဘောဖြင့် အဲဒီအတိုင်း မှတ်ယူလို့သွားလေသည်။

"အမ်မရယ်လ် တစ်ခုတော့ ယုံကြည်ထားပေးပါ။ မင်းကို ကိုယ် တကယ်ချစ်တယ်။ အလေးအနက် ရည်ရွယ်ထားတယ် ဆိုတာပဲ။ ဒါကြောင့် ကိုယ့်အချစ်တွေကို ခပ်ပေါ့ပေါ့တော့ မစဉ်းစားလိုက်ပါနဲ့ ...

မင်းကို တစ်ခုလောက် မေးချင်တယ် ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ မေးပါ"

"အရင်တုန်းက မင်းမှာ ချစ်သူရှိခဲ့ဖူးလား"

"ရှိခဲ့တာပေါ့"

ဝတ်ရည်ရဲ့ ခပ်သွက်သွက် အဖြေကို သူက မျက်ခုံးတစ်ချက်ပင့်ကာ ...

"ဟုတ်လား ... တောင်ကြီးမှာလား"

"အင်းပေါ့"

"ဘာဖြစ်လို့ ပြတ်သွားကြတာလဲ"

"သူက ကျွန်မကွယ်ရာမှာ နောက်တစ်ယောက် ထပ်ထားတာလေ။ သစ္စာဖောက်တာပေါ့ရှင်။ ဒါကြောင့် ပြတ်သွားကြတာ"

"မင်းက ဖြတ်လိုက်တာလား"

မေးရင်းနဲ့မှ သူ့မျက်ဝန်းတွေသည် စိတ်လှုပ်ရှားရိပ်တွေဖြင့် လှုပ်ရှားလို့ လာတာကို တွေ့ရသည်။

"ဖြတ်တာတော့ ကျွန်မကပဲ ဖြတ်လိုက်တာ။ အသည်းကွဲတော့လည်း ကျွန်မပဲ ကွဲတာပဲ"

"မင်းက အသည်းကွဲဖူးတယ်ပေါ့"

"ကွဲဖူးတာပေါ့"

ဝတ်ရည်ရဲ့ ခပ်ပြုံးပြုံးအပြောကို သူက မျက်ခုံးပင့်ကြည့်လာသည်။

"ဟုတ်လား ... မင်းလို မိန်းကလေးတစ်ယောက်ကို အသည်းကွဲအောင် လုပ်နိုင်တဲ့သူမျိုးကို မြင်ဖူးချင်လိုက်တာ"



"မြင်ဖူးချင်ရင် ရှင့်စက်ရုံက မန်နေဂျာကိုကြည့်" ဟူသော စကားကို ပြောလိုက်ချင်သည်မှာ ပါးစပ်ကို တင်းတင်းစေ့ပိတ်ထားရလေသည်။ ဝတ်ရည်က ခပ်ပြုံးပြုံး လုပ်နေသဖြင့် သူက အဲဒီပုံစံကို ပိုစိတ်ဝင်စားဟန်ဖြင့် မေးခွန်းထပ်ထုတ်လာသည်။

"အသည်းကွဲခဲ့တယ်ဆိုတော့ တော်တော်ခံစားခဲ့ရမှာပဲနော်။ ကိုယ် အဲဒီစကားလုံးကို ခဏ ခဏ ကြားဖူးတယ်။ ကိုယ်တိုင်တော့ မကြုံဖူးဘူး။ အခု ကိုယ်ချစ်တဲ့ မိန်းကလေးက အသည်းကွဲဖူးတယ်ဆိုတော့ အံ့သြစရာပဲ ...

အသည်းကွဲတယ် ဆိုတာ ဘယ်လို အရာမျိုးလဲ အမ်မရယ်လ်"

ဘယ်လိုခံစားရတာလဲ။ ပလိစ် ... ပြောပြပေးနိုင်မလား"

ဝတ်ရည်သည် ရေရေရာရာပင် မမှတ်မိတော့သော ဝေဒနာကို မျက်ခုံးကြုတ် စဉ်းစားကာ ...

"အင်း ... နေလို့ ထိုင်လို့ မကောင်းတာတော့ အမှန်ပဲ။ လောကကြီးက ကိုယ့်အတွက် အကျည်းတန်နေတယ်။ ဘာလုပ်လုပ် အဆင်မပြေဘူး။ ဒါပေမဲ့ အသည်းချည်းပဲ ထိုင်ကွဲနေတော့လည်း ပျင်းစရာကောင်းလာတယ်။ အသည်းကွဲနေလို့ ဂျူတီရိပို့တ်တောင် မတင်နိုင်ဘူး ...

နောက်တော့ ရိပို့တ်တင်လိုက်ရတယ်။ အလုပ်တစ်ဖက်နဲ့ အသည်းကွဲတော့မှပဲ နည်းနည်းခံစားလို့ ကောင်းသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ဝတ်ရည်ကို ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြန်ကြည့်သည်။

"အမ်မရယ်လ် ,,, မင်း အသည်းကွဲရတာကို စိတ်မကောင်းပေမယ့် မင်း ရည်းစားကိုတော့ ကျေးဇူးတင်ပါတယ်။ ဒီကောင် မျက်စိနည်းနည်းမွဲနေလို့ ဖြစ်ပါလိမ့်မယ်"

"အင်း ... ဒါပေါ့။ လူဆိုတာ ကိုယ်နဲ့ တန်ရာ တန်ရာ ရတာပဲလေ"

ဝတ်ရည်ရဲ့ အခဲမကြေသလို အပြောကို သူက ကော်ဖီမော့ရင်းမှ လက်ဖျောက်တစ်ချက်တီးကာ ...

"ဟုတ်တာပေါ့။ မင်းက ကိုယ်လိုလူမျိုးနဲ့ပဲ ထိုက်တန်တာမို့ ကိုယ်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်းရတာပေါ့ အမ်မရယ်လ်။ ဒီဆံထိုးလေးကို ကိုယ် သိမ်းထားမယ် အမ်မရယ်လ်။ တစ်နေ့မှာ မင်းကို ကိုယ်တိုင် ပန်ပေးချင်လို့"

"သဘောပဲ၊ ပြန်ကြရအောင်လေ"

"အိုကေ ... မင်းကို ကိုယ် လိုက်ပို့မှာနော်။ ဒါကိုတော့ မငြင်းနဲ့"

"အင်းပါ၊ မငြင်းတော့ပါဘူး"

သူက ကျေနပ်သွားဟန်ဖြင့် အသာပြုံးကာ ဝိတ်တာကိုခေါ်လျက် ဘေလ်ရှင်းသည်။ အဲဒီနောက် သူ့ကားနဲ့ပဲ ဝတ်ရည်ကို အဆောင်ထိ ပြန်လိုက်ပို့ပေးပါသည်။ သူ့ကြည့်ရတာ အတော်ကြီးကို ကျေနပ်နှစ်သိမ့်နေဟန်ရှိသည်။ ဝတ်ရည်ကို နှုတ်ဆက်သည့်



အကြည့်တို့မှာ ရွှန်းလက်က တောက်ပနေကြသည်။ သူက ဝတ်ရည်ကို လက်ချောင်းလေးများ လှုပ်ခတ်ပြီး တာ့တာပြနှုတ်ဆက်သည်။

ဝတ်ရည်ကလည်း ကားထဲသို့ငုံ့ကာ သူ့ကိုပြန်၍ နှုတ်ဆက်လေသည်။

"ဘိုင့်ဘိုင် ... အမ်မရယ်လ်"

"အင်း ... ဘိုင့်ဘိုင်၊ Drive Safety"

"အိုကေ ... ဆီးယူ"

သူ ထွက်သွားတော့မှ ဝတ်ရည်သည် စိတ်နှလုံးဆပါပါးစွာဖြင့် အဆောင်ထဲသို့ ပြေးဝင်လာခဲ့သည်။ ဝတ်ရည် ပြန်ရောက်လာချိန်မှာ ကိုးနာရီခွဲဖြစ်သဖြင့် တချို့အဆောင်သူတွေမှာ အိပ်ရာကတောင် မနိုးထကြသေး။ နှင်းဆီကတော့ ခုတင်ပေါ်မှာ ဝတ္ထုတစ်အုပ်နှင့် အေးဆေးနှပ်နေသည်။ ဝတ်ရည် ဝင်လာတာကို စာအုပ်ပေါ်မှ ကျော်ကြည့်ကာ ...

"အဆင်ပြေခဲ့လား"

"အင်း ... ပြေပါတယ်။ စိနီယာရေ... သူကတော့ ဝတ်ရည်ကို ဖွင့်ပြောလိုက်ပြီ"

"အင်း ... ထင်တော့ ထင်သား။ စောစောစီးစီး ဒင်းဆမ်းကျွေးပြီး မင်္ဂလာအချိန် ရောက်တာနဲ့ ဖွင့်ပြောတော့မယ်ဆိုတာကို။ ဒီတော့ ရှင်က ဘာပြန်ပြောခဲ့လဲ။ ရက်တွေဘာတွေ သတ်မှတ်ပေးခဲ့လား"

"ဟင့်အင်း ... အဲလိုတော့ မပြောခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်က ခုတင်ပေါ်မှာထိုင်ရင်း အေးအေးသက်သာ ပြောလိုက်လျှင် နှင်းဆီက စိတ်ဝင်စားဟန်ဖြင့် စာအုပ်ကို ချကာ ခုတင်ပေါ်မှာ ထထိုင်သည်။

"ဒါဖြင့် ဘယ်လိုပြောခဲ့လဲ"

"ဘယ်လိုမှ မပြောခဲ့ဘူး။ သူကလည်း အတင်းမပြောပါဘူး။ ရှင့်ကို တစ်ခုပြောပြမယ် နှင်းဆီ။ ကျုပ်လေ နရီနဲ့ တွေ့နေချိန်တွေမှာဆို ရောင်ဝါ့ကို သတိရတယ်၊ ရောင်ဝါနဲ့ တွေ့တော့ နရီ့ကို သွားသတိရပြန်ရော။ အဲဒါဘာဖြစ်လို့လဲ မသိဘူး"

ဝတ်ရည်ရဲ့ ညည်းညည်းညူညူ အပြောကို နှင်းဆီက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"အဲဒါ အသည်းကြီးနေလို့ပေါ့ ဝတ်ရည်"

"အသည်းကြီးတယ် ! ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလို အသည်းကြီးတာမျိုးက ဖြစ်တတ်ပါတယ်။ များသောအားဖြင့် အသည်းကွဲတဲ့လူတွေမှာ ပိုပြီး ဖြစ်တတ်တယ်။ အသည်းနှလုံးက အထုအထောင်းခံထားရတဲ့အခါ ပုံသဏ္ဍာန်ပျက်ပြီး ကြီးလာတာမျိုးလို ပေါ့ကွာ ...

နှလုံးသားမှာ နာကျင်မှုကို ခံစားရတဲ့အခါ အသည်းက ယောင်သွားတယ်၊ အဲဒီတော့ အသည်းကြီးသွားတယ်။ အသည်းကြီးသွားတဲ့အတွက် နှလုံးသားမှာ တစ်ယောက်ထက်ပိုပြီး နေရာဆံ့သွားတယ်။ အဲဒီသဘောပါပဲ"



ဝတ်ရည်သည် နှင်းဆီ ရှင်းပြတာကိုငေးပြီးကြည့်နေမိသည်။ တကယ်လည်း ဝတ်ရည်ရဲ့သဘောမှာ အဲဒီအတိုင်းပဲဖြစ်သည်။ နရီရဲ့အပြုံးချိုချိုလေးတွေနှင့် နူးညံ့သော စကားသံတွေကို ရင်ခုန်တတ်သလို၊ ရောင်ဝါရဲ့ မထီတရီအပြုံးနှင့် ဂျစ်ကန်ကန် ခပ်ပြတ်ပြတ် အပြောအဆိုတွေကိုလည်း မသိစိတ်မှာ နှစ်ခြိုက်သည်။ သူတို့နှစ်ယောက်စလုံးနှင့် တွေ့ရသောအချိန်များသည် ဝတ်ရည်အတွက်တော့ sweet movement များပဲ ဖြစ်တော့သည်။

အစက ဒီကိစ္စကို ပေါ့ပေါ့လေး သဘောထားခဲ့သော ဝတ်ရည်သည် ထင်သလောက် မလွယ်တော့ဘူးဆိုတာ သိလာရလျှင် နည်းနည်းတုန်လှုပ်လာသည်။ နှစ်ယောက်စလုံးနှင့် သမုဒယတစ်ခု တည်ဆောက်ထားသော ဝတ်ရည်ကို သူတို့ကလည်း အခြေအနေတစ်ခု မှန်းထားကြမှာ မလွဲ။ ယောကျ်ားလေးတွေဟာ ကိုယ့်အတွက် ၈၀ % သေချာသော မိန်းကလေးတွေကိုသာ ရွေးချယ် propose လုပ်ကြသည်ဟု ကြားဖူးထားသော ဝတ်ရည်အတွက် ဒါဟာ စီနီယာကို တင်ပြရမည့် အပိုင်းလည်းဖြစ်သည်။

"တို့ ဘယ်သူ့ကို ချစ်ရမလဲဟင်"

"ချစ်ချင်တဲ့လူကို ချစ်ပေါ့"

"နှစ်ယောက်စလုံးကို ချစ်ချင်နေတာက ခက်တယ်"

ဝတ်ရည်ရဲ့စကားကို နှင်းဆီက ဟက်ဟက်ပက်ပက်ရယ်မောလေသည်။

"ဒါဖြင့်လည်း နှစ်ယောက်စလုံးကို ချစ်လိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ"

"အဲဒီလို မလုပ်ချင်ရင် ဒီအခြေအနေအတိုင်းပဲ ဆက်သွား လိုက်"

"ဘယ်လို ဒီအခြေအနေလဲ"

"ဟုတ်တယ်လေ၊ ဒီပုံစံအတိုင်းဆို နရီကလည်း ရှင့်ကို အနေးနဲ့အမြန် propose လုပ်တော့မှာပဲ။ အဲဒီကျ ပြတ်ပြတ် သားသား မဆုံးဖြတ်နိုင်ရင် ဒီလို ဇာတ်မျောနဲ့ သွားနေ မှာပဲ ဝတ်ရည်။ နှစ်ယောက်စလုံးကို အငြိမ်ချည်ထားပြီး ဒီလိုပဲ သွားနေတော့ပေါ့"

ဝတ်ရည်သည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေမိသည်။ နှင်းဆီက ဝတ်ရည်ရဲ့ပုံစံကို ရိပ်မိဟန်ဖြင့် ...

"ကဲ ... စောစောစီးစီး ဦးနှောက်ခြောက်စရာတွေ တွေး မနေနဲ့။ ပျော်ချင်လို့ ဒီဇာတ်လမ်းတွေ ဖြစ်တည်လာတာ မဟုတ်လား ...

စိတ်ကို ပေါ့ပေါ့ပါးပါးပဲထား ဝတ်ရည်။ Day by Day ပဲ သွား။ တစ်ခါတလေမှာ ကိုယ်က မဆုံးဖြတ်ပေး နိုင်ရင် အချိန်က ဆုံးဖြတ်ပေးသွားတဲ့ အကန့်တွေလည်း ရှိတယ်"

ဝတ်ရည်သည် အဲဒီစကားကို ထောက်ခံဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ တကယ်လည်း အချိန်ကာလ တစ်ခုကို ဝတ်ရည် ယုံသည်။ အချိန်ကာလတစ်ခုမှာ ဝတ်ရည်



ချစ်ခဲ့ဖူးသည်။ အချိန်တစ်ခုအတွင်းမှာပဲ အသည်းကွဲခဲ့ဖူးသည်။ ပြီးတော့ အချိန်တစ်ခုအတွင်းမှာပဲ နှလုံးသားကို ကုစားပေးသော လူနှစ်ယောက်ကို တစ်ပြိုင်နက်လိုလို ဆုံတွေ့ခဲ့ရသည်။

အဲဒီတော့ အချိန်ကာလတစ်ခုမှာပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



“မှတ်ထား ဝတ်ရည်။ ယောကျ်ား တစ်ယောက်ဟာ ကိုယ်နဲ့ ခင်မင်ပြီးနောက် အချိန်အတိုင်းအတာ တစ်ခုအတွင်းမှာ ကိုယ့်ကိုဖွင့်ပြောတယ်ဆိုတာ သူ့အတွက် ရှစ်ဆယ်ရာခိုင်နှုန်း သေချာနေလို့ပဲ။ အဲဒီလို သေချာအောင်လို့လည်း ကိုယ်ကပဲ အိပ်မက်တွေ ပေးခဲ့တာလေ။

ယယ်ယယ်တုန်းလို ကြိုက်ရင် လိုက်ပြောတဲ့ အခြေအနေမျိုး မဟုတ်တော့ဘဲ ဖုန်းလေးနဲ့ နှုးပြီး တစ်ဖက်နဲ့ တစ်ဖက် အခြေအနေကို အကဲခတ်တဲ့ခေတ်။ ဒါမျိုးက အသက်အစိတ်ဝန်းကျင် ယောကျ်ားတွေ ပိုလုပ်တယ်။ စာတတ်လာတဲ့ သဘောပေါ့ကွာ”

နှင်းဆီသူ



## ၁၄

နှင်းဆီ ဟောချက်ထုတ်ထားတာ မမှားခဲ့ချေ။ ရောင်ဝါက ဝတ်ရည်ကို စနေနေ့မှာ မနက်စောစော Dimsam ကိုက်ကျွေးပြီး ချစ်ခွင့်ပန်ခဲ့သလို၊ နရီကလည်း တနင်္ဂနွေနေ့ နေ့ ယ်ခင်းတစ်ခု၌ ဆိတ်ငြိမ်အေးချမ်းသော ဂျပန်ဆိုင်လေးတစ် ဆိုင်မှာ နေ့လယ်စာကျွေးရင်းမှ သူ့မေတ္တာကို ရိုးရိုးရှင်းရှင်းပဲ ဖွင့်ဟပြခဲ့လေသည်။ သူကတော့ အစတည်းက ဝတ်ရည်ကို ကြွလှမတတ် အရည်ပျော် မျက်ဝန်းတွေနဲ့ကြည့်ကာ သူ့ချစ်ခြင်း တွကို မျက်ဝန်းတွေကတစ်ဆင့် ထုတ်ဖော်ပြသခဲ့သူမို့ အထူး သည် နိဒါန်းပျိုးမနေချေ။

ဂျပန်ဆိုင်လေးသို့ ဝတ်ရည်က ကိုယ့်ဘာသာပဲ ရောက်လာခဲ့သည် ဖြစ်လေရာ အရင်ကြိုရောက်နှင့်သော သူက တ်ရည်ရဲ့ အလှအပကို ချီးကျူးသည်။ သူကတော့ ရောင်ဝါ့လို ဟုတ်ဘဲ ဝတ်ရည်ရဲ့ အဝတ်အစား စတိုင်လ်တွေကအစ အကြ း ချီးကျူးတတ်သူ ဖြစ်ပါသည်။

“ဝတ်ရည် ... အရမ်းလှနေတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... သင့်ခ်ယူ"

ဝတ်ရည်က ပြုံးပြုံးလေးပြောရင်း သူ့ရှေ့မှာ ကျ
ကျုံ့လေး ဝင်ထိုင်လိုက်သည်။ ဝတ်ရည်သည် အင်မတန်လ
သော ကချင်ဝတ်စုံ ဝမ်းဆက်ကို ရင်ဆက် လက်ပြတ်အကျီ
အောက်က ရေသူမစကတ်အရှည်ပုံစံတို့ဖြင့် ခေတ်မီမီ အထ
တန်းကျကျ ဝတ်ဆင်ထားခြင်းဖြစ်သည်။ ဝတ်ရည်ရဲ့ဆံပင်
ကို နှင်းဆီက အပူချောင်းဖြင့် ဆက်တင်လုပ်ပေးလိုက်သ
အခွေအလိပ်တို့ဖြင့် အသစ်ဖြစ်ကာ လှပနေသည်။ သူက ဝတ်
ကို နွေးထွေးစွာ ပြုံးစိုက်ကြည့်ရင်းမှ ...

"ဝတ်ရည် ဘာစားမလဲ"

"ဟင့်အင်း ... ဝတ်ရည် မမှာတတ်ပါဘူး။ ကောင်း
ထင်တာသာ လုပ်ပါ"

"အင်း ... ဒါဆို စားကောင်းတာ ကိုယ် မှာပေးမယ်
နော်"

သူက ကောင်းနိုးရာရာတွေ ရွေးချယ်မှာပေးသ
သူ့ကြည့်ရတာ ဒီလိုအစားအစာမျိုးတွေကို အမြဲလာစားနေ
ဖြစ်ဟန်တူပါသည်။ ဟိုဟာကို ဒီလိုလုပ်၊ ဒီဟာကို ဟိုလို
ဖြင့် စားကောင်းအောင် ပြင်ဆင်ပြီး မှာပေးသည်။ အစားအ
တွေ ရောက်လာလျှင် စားရင်းသောက်ရင်းနဲ့မှ သူက စကား
သည်။

"ဝတ်ရည်ကို ကိုယ် စကားတစ်ခွန်းလောက် ပြောချင်တ"

အဲဒီစကားကြားလျှင် ဝတ်ရည်သည် ရင်
ဒိန်းခနဲ ဖြစ်သွားသည်။ အစားတွေကို တူဖြင့်ဟန်မပျက် ယူ



သော်လည်း လက်တွေက နည်းနည်းတုန်ချင်လာသည်။ ဒီစကား
ဲ တစ်နေ့ ကြားရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း
ကယ်တမ်း နားထောင်ရသောအခါမှာ ရင်ခုန်သံတွေ နည်းနည်း
မြန်နေပြီဆိုတာ ကိုယ့်ဟာကိုယ် သိလေသည်။

"ပြောလေ နရီ"

"ကိုယ် ဝတ်ရည်ကို ချစ်တယ်"

သူ့အသံက ခပ်တိုးတိုးလေး ထွက်လာသည်။
တ်ရည်သည် စားလက်စတို့ ရုတ်တရက် ရပ်တန့်သွားရင်း ပန်း
ကန်ပြားထဲသို့ မျက်လုံးစိုက်နေသည်။ သူကလည်း အားကုန်ထုတ်
းလိုက်ရသူလို မောသွားဟန်ဖြင့် ဆက်မပြောချေ။ ငြိမ်သက်မှု
ကို မနှစ်သက်တတ်သော ဝတ်ရည်သည် ခေါင်းကို နည်းနည်း
း မော့ကာ သူ့ကို ကြည့်မိသည်။ သူက ဝတ်ရည်ကို နစ်မျော
းမောနေသော မျက်ဝန်းများဖြင့် စိုက်ကြည့်လို့နေသည်။ သူ့
ကြည့်တွေကို ကြည့်ရုံမျှဖြင့် သူ့အချစ်ကို ခံစား၍ရပါသည်။

"ကိုယ့်ကို တစ်ခုခု ပြန်ပြောပါဦး ဝတ်ရည်"

"စားလေ"

သူက ဝတ်ရည်ရဲ့စကားကို ဟက်ခနဲ ရယ်သည်။
တ်ရည်ကလည်း သူ ရယ်သောကြောင့် လိုက်ပြုံးမိလျှင် အခြေ
နေက နည်းနည်းပေါ့ပါးသွားသည်။ ဒီတော့မှ သူကလည်း
ားထပ်ဆက်ပါသည်။

"ကိုယ် ဝတ်ရည်ကို တကယ်ချစ်မြတ်နိုးတာပါ။ ချစ်တယ်
လို့ အခုမှ ပါးစပ်က တရားဝင်ဖွင့်ပြောပေမယ့် ကိုယ့်
မျက်လုံးတွေ၊ အပြုအမူတွေက ဝတ်ရည်ကို ချစ်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောနေခဲ့တာ ကြာပါပြီ။ ဝတ်ရည် နားလည်နိုင်မယ် ဆိုရင်ပေါ့။ ဟင် … ဝတ်ရည်၊ ကိုယ့်ချစ်ခြင်းတွေကို မြင် ရတယ် မဟုတ်လားဟင်”

“အာ … မသိဘူးလေ”

“အဲလို မလုပ်ပါနဲ့ ဝတ်ရည်ရယ်။ ကိုယ်တို့နှစ်ယောက် ကြားမှာ ဟန်ဆောင်မှုတွေ မလိုအပ်ပါဘူး။ ကိုယ်တို့ ပြောခဲ့ဖူးကြတဲ့ စကားတွေထဲမှာ နားလည်မှုနဲ့ တည်ဆောက် ထားတဲ့ စကားတွေ အများကြီး ◌ါတယ်လေ”

သူ ပြောတာ ဟုတ်သည်။ ညညည ညဥ့်နက်သန်း ခေါင် (သို့) မိုးအလင်းထိပြောသော သူနဲ့ ဝတ်ရည်တို့ရဲ့စကား တွေထဲတွင် နှစ်ယောက်တည်းသိသော စကား◌ဆန်းဆန်းလေး တွေ ပါဝင်သည်။ ဒါဟာ ဘယ်ကိုရည်ရွယ်ဦးတည်နေသလဲ ဆို တာကိုလည်း နှစ်ယောက်စလုံးက သိကြသည်။ သို့သော် ခက်ခဲ တာက အဲဒီအဖြစ်အပျက်မျိုးနှင့် ထပ်တူ တစ်ဖက်မှာလည်း ရောင်ဝါ ရှိနေခြင်းပင် ဖြစ်သည်။

“ဝတ်ရည် ကိုယ့်အချစ်တွေကို အသိအမှတ် ပြုမပေးနိုင်ဘူး လားဟင်”

“… … …”

“ဟင် … ဝတ်ရည်။ ကိုယ့်ကို တစ်ခုခု ပြန်ပြောပါဦး”

ဝတ်ရည်သည် ဘာပြန်ပြောရမှန်းမသိ။ သူ့ကိုမော့ လှမ်းပင့်၍ ကြည့်လိုက်လျှင် ငံ့လင့်နေသော သူ့မျက်ဝန်းများ သနားစဖွယ် တွေ့မြင်လိုက်ရလေသည်။ အဲဒီမျက်ဝန်းများသည် ဝတ်ရည်ရဲ့နှလုံးသားထဲတိုင် ဖြတ်စီးဆင်းသွားသည်။ သူ့



တစ်ခုခု ပြန်ပြောချင်သော စကားလုံးများသည် ဝတ်ရည်ရဲ့ နှုတ် ခမ်းဖျားတို့တွင် ပြွတ်သိပ်ခိုသီးလို့ နေကြသည်။

“ဝတ်ရည် ! … ဝတ်ရည်ရဲ့ရင်ထဲမှာ ကိုယ့်ကို နေရာမပေး နိုင်ဘူးလားဟင်”

“အင်း … ဘယ်လိုပြောရမလဲ”

“မြန်မာလိုပဲ ပြောပါ ဝတ်ရည်”

ဝတ်ရည်က သူ့ကိုပြုံးကာ မျက်စောင်းထိုးမိသည်။ သူက ဝတ်ရည်ကိုနူးညံ့စွာ ပြုံးစိုက်ကြည့်နေသည်။ အဲဒီအကြည့် တွေသည် ဝတ်ရည်ရဲ့ နှလုံးသားကို ငြိမ့်ညောင်းသွားစေပါသည်။ ဝတ်ရည်သည် အဲဒီအကြည့်တွေကြောင့် ရင်တွေခုန်လာသည်။

“ဝတ်ရည် ကိုယ် စောင့်နေမယ်နော်”

ဝတ်ရည်သည် ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက်နေမိ သည်။ သူက အားမလို အားမရ အသံဖြင့် “ဟင် … ဝတ်ရည်” ဟု ထပ်မေးသည်။ ဝတ်ရည်က သူ့ကို မော့ကြည့်လိုက်လျှင် သူက မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်လို့နေသည်။

“ကိုယ့်ကို တစ်ခုခုပြောပါ ဝတ်ရည်ရယ်။ ဘာလဲ … ကိုယ့်ကို စိတ်ဆိုးသွားတာလား”

“အို … မဆိုးပါဘူး”

“မဆိုးရင် တစ်ခုခုတော့ ပြောလေ ဝတ်ရည်ရယ်။ ဒီလို ကြီးတော့ ညှဉ်းဆဲမထားပါနဲ့။ ကိုယ့်ကို စိတ်ချမ်းသာစေ မယ့်စကားလေး တစ်ခွန်းလောက်တော့ပြောပေးပါ။ အခု ချက်ချင်း အဖြေမပေးနိုင်ရင်တောင်မှ ကိုယ့်အတွက် မျှော်လင့် မှုရစေမယ့်စကားလေးဖြစ်ဖြစ်တော့ ကြားချင်တယ်ကွာ”

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဝတ်ရည့်ရဲ့စိတ်ထဲမှာ နရီ ရှိပါတယ်"

"တကယ်လား ဝတ်ရည်။ စိတ်ထဲမှာတင်ပဲလား၊ ရင်ထဲမှာရော မရှိဘူးလား"

"နရီရယ် ... ဒီလောက်ဆို ကျေနပ်ထားတော့လေ"

ဝတ်ရည်ရဲ့ ခပ်ချော့ချော့ အပြောကို သူက နားလည်ဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"အိုကေလေ ... ရပါတယ်။ ဝတ်ရည်ရဲ့ ရင်ထဲမှာရှိတဲ့အတိုင်းပဲ ကိုယ် လက်ခံပါမယ်။ ဘာပဲပြောပြော ကိုယ့်ကို စိတ်ထဲမှာ ထည့်ထားပေးတယ် ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝတ်ရည်ရဲ့စိတ်ထဲမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိပါရစေနော်"

သူ့အပြောကို ဝတ်ရည်သည် ဘာမှပြန်မပြောနိုင်ဘဲ ရှုးချင်ယောင်ဆောင်၍ ခပ်ပြုံးပြုံးလေးသာ လုပ်ထားလိုက်ရသည်။ ဒါကို သူကလည်း ဆိတ်ဆိတ်ငြိမ် ဝန်ခံသည့်သဘော မှတ်ယူကာ အတည်ပြု၍ သွားလေသည်။ ဟင်း ... ခက်တော့ ခက်ကုန်ပါပြီ။ ဟိုတစ်ယောက်ကလည်း ဒီလိုပဲ မှတ်ယူသွားတာဖြစ်သည်။

ဒီလိုနှင့် နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ ဝတ်ရည်သည် သူတို့ရဲ့ မူပိုင်မီးနပ်စ် ဖြစ်လို့သွားလေသည်။

"ကိုယ် မနေ့ညက ဝတ်ရည်ကို အိပ်မက် မက်တယ်။ ညတိုင်းလိုလိုကို မက်တယ် ဝတ်ရည်။ ပျော်စရာကောင်းတဲ့ အိပ်မက်တွေပေါ့ ...

အဲဒီ အိပ်မက်တွေကို လက်တွေ့ ပိုင်ဆိုင်ချင်တယ် ဝတ်ရည်ရယ်"



"အိပ်မက်ကို လက်တွေ့ပိုင်ဆိုင်နိုင်လို့လား"

"ပိုင်ဆိုင်နိုင်ခွင့် ရှိအောင်တော့ ကြိုးစားရမှာပေါ့"

"အင်း ... ကြိုးစား ... ကြိုးစား"

ဝတ်ရည်ရဲ့ အပြောကြောင့် သူက ပြုံးသွားသည်။ တမြတ်တနိုးပဲ စိုက်ကြည့်ကာ ...

"ကိုယ်လေ ဝတ်ရည်ကို စတွေ့တည်းက အရမ်းစိတ်ဝင်စားသွားခဲ့တာ။ စတွေ့တုန်းက အဖြစ်အပျက်တွေကို ဝတ်ရည် နားထောင်မလား"

"အင်း ... နားထောင်မယ်"

"ဝတ်ရည်ကို ကိုယ်က အရင်လှမ်းမြင်ထားတာ။ ဆံထုံးလေးနဲ့လေ၊ ဒါပေမဲ့ လူကြီးမဆန်ဘဲ အရမ်းချစ်ဖို့ကောင်းတယ်။ ပုံစံလေးက ပွင့်လင်းရိုးသားမှု အပြည့်ရှိတယ်။ ကိုယ်က ဒီမိန်းကလေး တော်တော် sweet ဖြစ်တာပဲလို့ တွေးနေတုန်းမှာပဲ ဝတ်ရည်က လဲတော့မလို ဖြစ်သွားတာ။ ချော်ကျသွားတာပေါ့ ...

အဲဒါ လှမ်းဖမ်းပေးထားလိုက်ရတာ။ စကားပြောကြည့်တော့မှပဲ ဝတ်ရည် စကားပြောတဲ့ပုံလေးက ဝဲတဲတဲနဲ့ ပိုချစ်ဖို့ကောင်းတယ်။ ဒါကြောင့် ဝတ်ရည် အနားကကို မခွာနိုင် ဖြစ်နေတာ။ ဝတ်ရည် ကားနဲ့ထွက်သွားတော့လည်း ကားနောက်မြီး ပျောက်သွားတဲ့အထိ ငေးပြီးကျန်ခဲ့တာ၊ စိတ်ထဲမှာလည်း အရမ်းကို ပြန်ဆုံချင်တယ်။ ဒီတာဝါကြီးမှာ အလုပ်လုပ်နေတဲ့သူ ဖြစ်ပါစေ ဆိုပြီးတော့တောင် ဆုတောင်းခဲ့သေးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေလည်း သတိရ,ရနေတတ်တယ်။ အဲဒီမှာ ကိုယ့်ခေတ်ပုံဆိုင်ကို ရောက်လာတာမြင်တော့ အရမ်းကို ပျော်သွားတာ။ တကယ်တော့ ကိုယ်က အဲဒီဆိုင်ကို သိပ်သွားတာ မဟုတ်ဘူး။ တိုက်တိုက်ဆိုင်ဆိုင်ကို သွားဆုံတာ။ အရမ်း ထူးဆန်းတာပဲ ...

ဝတ်ရည်နဲ့ဆုံဖို့ ကံဇာတာကို ပါလာလို့ပေါ့နော်။ အဲဒီနောက်မှာတော့ ဝတ်ရည်ကို ချစ်မိနေပြီဆိုတာ တဖြည်းဖြည်းနဲ့ သေချာလာတော့တာပါပဲ ...

ဝတ်ရည်ရော ကိုယ်နဲ့ပတ်သက်ပြီး ဘယ်လိုဖီလင်တွေ ရှိလဲဟင်"

"အင်း ... စတွေ့တုန်းကတော့ ဖီလင်ရယ်လို့တော့ မရှိပါဘူး"

"ဒါဆို အမြင်တော့ ရှိတာပဲ၊ ဘယ်လိုမြင်မိလဲ"

"အမြင်ကလား ... အဟင်း (ဝတ်ရည်သည် ရှက်ရယ်ရယ်လျက်) ဒီလူ တော်တော်ချောတာပဲလို့"

"ဟား ... ဝတ်ရည်ကလည်းကွာ"

သူက တကယ်ရှက်သွားဟန်ဖြင့် မျက်နှာကို တစ်ချက်လွှဲကာရယ်သည်။ အဲဒီတော့မှပဲ ဝတ်ရည်ဟာ သူ ရှက်သွားသောပုံစံလေးကို စိမ်ပြေနပြေ ငေးရသည်။ သူ ချစ်ခွင့်ပန်ထားသော မိန်းကလေးတစ်ယောက်က ချောတယ်လို့ အပြောခံရတာကို ကြည်လည်း ကြည်နူး၊ ရှက်သလိုလည်း ဖြစ်နေသော သူ့ပုံစံဟာ ဝတ်ရည် အတွက်တော့ ပြုံးငေးနေချင်စရာပဲ ဖြစ်သည်။



သူ ပြုံးလိုက်လျှင် ပါးမို့လေးနှစ်ဖက်က မြင့်တက်သွားကာ နီရဲနုထွေးသော နှုတ်ခမ်းတွေက ထောင့်စွန်းလေးတွေ ကွေးသွားလျက် အလွန်ချစ်ဖို့ကောင်းသည်ဟု ဝတ်ရည်၍ ထင်ပါသည်။

"ဝတ်ရည် နောက်နေတာ မဟုတ်ဘူး၊ လျှောက်ပြောနေတာလည်း မဟုတ်ဘူး၊ နရီက တကယ်ချောတယ်"

"ဟား ... တော်ပါပြီ ဝတ်ရည်ရာ"

သူက မနေတတ်တော့သလိုနှင့် ရှက်ရယ်,ရယ်မောကာ နေသည်။ ဒါကိုပဲ ဝတ်ရည်သည် မြူးလာကာ နောက်ချင်စိတ်ဖြင့် ...

"တကယ်ပြောနေတာ၊ နရီက အရမ်းကြည့်ကောင်းတယ်၊ good looking Handsome ပေါ့။ ဒါပေမဲ့ နရီက ချောတဲ့ယောကျ်ားချင်း အတူတူမှာကို အားသာတာ တစ်ခုရှိတယ်"

"ဟင် ... ဝတ်ရည်ကတော့ ထွင်ပြန်ပြီကွာ။ တခြားသူတွေကြားလို့ကတော့ အမြင်ကတ်တော့မှာပဲ၊ ကိုယ့်ကိုလေ"

"မကတ်ပါဘူး။ ကဲပါ အဲဒီ အားသာချက်ကို နားမထောင်ချင်ဘူးလား"

သူက အသာရယ်မောနေသည်။ ကိုယ့်ရဲ့ကောင်းကွက် အားသာချက်ကို ဘယ်လိုလူက နားမထောင်ချင်ပဲ ရှိပါမလဲ။ ဒါကို မပြောဘဲ အသည်းယားအောင် လုပ်နေသော ဝတ်ရည်ကို သူက ပြုံးရွှန်းရွှန်းဖြင့် စိုက်ကြည့်ကာနေသည်။ ဝတ်ရည်က ဘယ်လိုလဲဟူသော သဘောဖြင့် မေးဆတ်ပြလျှင် သူက နှာခေါင်းတစ်ချက် ရှုံ့ပြသည်။ ဝတ်ရည်ကို ညစ်တယ် ဆိုသော သဘောပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



“ဝတ်ရည်က ညှဉ်းဆဲတယ်ကွာ၊ ပြောမှာဖြင့် မပြောဘူး”

“ဟင် ... သူများက နားထောင်ချင်မှန်းမသိ၊ နားထောင်ချင်မှန်းသိ။ ကိုယ်က တကယ့်ကို Appreciate (ချီးကျူးဂုဏ်ပြု)လုပ်ပြီး ပြောမှာ။ ဒါကို မြှောက်ပြောတယ်၊ အချွန်နဲ့ မ,တယ်လို့တော့ အထင်မခံနိုင်ပါဘူး”

“အေးပါကွာ၊ တကယ်နားထောင်ချင်နေပါတယ်၊ ပြောပြပါတော့”

ဝတ်ရည်သည် သူ့အပြောကို ခေါင်းမော့ကာ အားပါးတရ ရယ်မိသည်။ ဒီလိုမျိုးလေးတွေ ကျပြန်တော့လည်း ဒါတွေဟာ စိတ်ချမ်းသာစရာပဲဟု မြင်မိပါသည်။ အချစ်ကို ပူလောင်စရာဟု မမြင်မိတော့။ အများပြောသော အသက်ရှည်ဆေးတွေဆိုတာ ဖြစ်ကောင်းဖြစ်နိုင်မည်။

“သြော် ... ယောကျ်ားလေးတွေ ချောကြတဲ့ အထဲမှာမှ တချို့ယောကျ်ားတွေ ချောပုံက စိတ်ချချင်စရာ မကောင်းဘူး။ မြင်လိုက်တာနဲ့ မြာပွေမယ့်ရုပ်ဆိုတာ သိသာစေတယ်၊ ဥပမာ ... လီယိုနာဒိုလို ရုပ်မျိုးပေါ့ ...

နရီရဲ့ရုပ်ကကျတော့ ချောပေမယ့် innocent ဘက်ကိုပါတယ်။ ချောပေမယ့် ယုံကြည်စိတ်ချထားချင်စရာကောင်းတဲ့ ပုံစံမျိုးပေါ့။ နရီ့မျက်နှာမှာ ဖြူစင်ခြင်းက ထင်ဟပ်နေတယ်။ အဲဒါက အားသာတယ်။ အဲဒါကိုပြောတာရှင့်”

“သြော် ... အင်း ...”



သူက ကျေနပ်သလိုဖြင့် ခပ်ပြုံးပြုံးလုပ်၍ နေလေသည်။ စားပြီးသောက်ပြီးသွားကြသောအခါ ဝတ်ရည်ကို သူ့ကားနှင့် ပြန်လိုက်ပို့ဖို့ တောင်းဆိုသည်။ ဝတ်ရည်ကလည်း မငြင်းတော့ချေ။ သူနှင့် ဝတ်ရည်သည် ဆိုင်ထဲမှ ထွက်လာစဉ်မှာပဲ အမြဲလန်းနေသော ဝတ်ရည်ရဲ့ မျက်လုံးတွေဟာ ခြံဝင်းထဲသို့ ကွေ့ဝင်လာသော ကားတစ်စီးကို သွား၍မြင်သည်။ အဲဒီအခိုက်မှာပဲ လက်ရှိရောက်နေသော ကြည်နူးပီတိဖြစ်မှုတွေဟာ ဘယ်ဆီကို လွင့်ပျောက်သွားမှန်းတောင် မသိချေ။

ဂျပန်စားသောက်ဆိုင်ဝင်းလေးထဲသို့ ကွေ့ဝင်လာတာက ဘယ်လိုမှ မမှားနိုင်သော ရောင်ဝါရဲ့ ကားမည်းမည်းလုံးလုံးကြီးဖြစ်သည်။ ကားနံပါတ်တောင် တစ်စွန်းတစ်စလှမ်းမြင်လိုက်ရလေရာ လုံးဝကွက်တိ သေချာလို့နေသည်။ ဝတ်ရည်သည် ချက်ချင်းပဲ ချွေးပြန်သွားသည်။ အခုချိန်မှာ နရီနှင့်အတူတူ ကားပေါ်တက်ရင်တော့ သူဟာ ဝတ်ရည်ကို လုံးဝသေချာပေါက် မြင်တွေ့တော့မှာဖြစ်သည်။

ဝတ်ရည်ရဲ့ ဦးနှောက်သည် ချက်ချင်း အလုပ်များသွားသည်။ ဦးနှောက်ထဲမှ ဝါယာကြိုး အနီ အပြာများသည် မီးတွေပွင့်လျက် ချက်ချင်းရှုပ်ကုန်သည်။ ဝတ်ရည် ဘာလုပ်ရမည်လဲ၊ ဘာလုပ်ရမည်လဲ။ မိခင်ဌာနကို အလျင်အမြန် သတင်းပို့လျှင် မမြင်အောင်ပုန်း ဆိုသော အကြံပေးချက် ထွက်ပေါ်လာသည်။ မမြင်အောင်ပုန်း လုံအောင်ပုန်းတာတော့ ဟုတ်ပါပြီ။ နရီရဲ့ရှေ့မှာ ကုန်းကုန်းကွကွ သွားလုပ်နေတော့ နရီက ဘယ်လိုထင်မလဲ။ သူက တစ်ဖန် သံသယပြန်ဝင်ပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ကိုရီးယားကားတွေထဲမှာ ပါနေကျအတိုင်းသါ့။ မတတ်နိုင်တော့။

"နရီရေ ... ဟို ... ဟိုလေ ... ဝတ်ရည် လက် ... လက်ထရိန်အရမ်း ..."

ဝတ်ရည့်ရဲ့စကား မဆုံးသေးခင် သူက နားလည်သောပုံစံဖြင့် လက်တစ်ဖက်ကာပြကာ ခေါင်းကို သွက်သွက်ညိတ်ပြသည်။ ဝတ်ရည်သည် တကယ်ကိုပဲ လှစ်ခနဲပင် ဆိုင်ထဲသို့ပြန်ပြေးဝင်လာခဲ့ရသည်။ ဂျပန်မတစ်ယောက်ကို အလျင်အမြန်မေးလိုက်လျှင် သူမက သွားရမည့်လမ်းကို ညွှန်ပြသည်။ ဝတ်ရည်သည် တကယ်ကိုပဲ အဲဒီဘက်သို့ ပြေးဝင်ခဲ့သည်။ စိတ်ချရအောင် သန့်စင်ခန်းထဲအထိ ဝင်လိုက်သေးသည်။ ရေအိမ်ထဲတော့ ထပ်မဝင်တော့ဘဲ အပြင်ဘက်မှာသာ ကိုယ့်ပုံကိုယ် မှန်ကြည့်နေလိုက်သည်။

ခဏကြာလျှင်တော့ ရလောက်ပါပြီဟူသော အတွေးနှင့် ထွက်လာခဲ့သော ဝတ်ရည်သည် ဘယ်လိုနတ်က နှိုးဆော်သလဲတော့ မပြောတတ်ချေ။ ထောင့်ချိုးကို ကွေ့ထွက်ရမည့်အရေးမှာ ကွေ့မထွက်နိုင်သေးပဲ ချောင်းကြည့်လိုက်သေးသည်။ အဲဒီအချိန်မှာပဲ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ကပ်ထဲထည့်ကာ ဟန်ပါပါ စတိုင်လ်ပါပါ လျှောက်လာသော ရောင်ဝါကိုတွေ့လိုက်ရလျှင် ဆံပင်မွေးတွေတောင် ထောင်သွားသမား ထင်ရလေသည်။ ဖြုန်းဆို ချက်ချင်းပင် နောက်သို့လှည့်ကာ ပြန်ပြေးရသည်။ သန့်စင်ခန်းထဲသို့ အမြန်ပြန်ဝင်ရသည်။ ကျေးဇူးရှင် ရောင်ဝါကတော့ လေလေးတချွန်ချွန်ဖြင့် မလှုပ်တလှုပ် လျှောက်လာကာ မျက်နှာချင်းဆိုင်က ယောကျ်ားအဆောင်ဘက်သို့ ဝင်သွားသည်။



ဝတ်ရည်မှာ အထဲကနေ၍ အသက်တောင်မရှူရဲ။ တစ်ဖက်က တံခါးအဖွင့်အပိတ်သံများကို နားစွင့်ကာ နေရပြီးမှ သူ ထွက်သွားတော့မှပဲ ထွက်ရလေသည်။ ကျီးလန့်စာစားပုံစံဖြင့် ပြန်ရောက်လာသော ဝတ်ရည်ကို နရီက စောင်းငဲ့ကြည့်ကာ ...

"ဝတ်ရည် အဆင်ပြေခဲ့ရဲ့လား၊ တစ်ခုခု ဖြစ်နေသလိုပဲနော်"

ဟု ဆိုကာ အချစ်ကြီး ချစ်သူတို့၏ ထုံးစံအတိုင်း ဂရုတစိုက် မေးမြန်းလေသည်။

"အင်း ... ပြေပါတယ်၊ ဗိုက်ထဲက နည်းနည်းရစ်နေလို့ပါ သွားရအောင်လေ"

ဝတ်ရည်သည် ဒီနယ်မြေဟာ စိတ်မချရသော ရန်သူ့နယ်မြေဖြစ်သဖြင့် အမြန်ဆုတ်ခွာလိုလှပြီဖြစ်သည်။ သူက ကားကို စက်နှိုးရင်းမှ မော်င်းထွက်ကာ ...

"ဂျပန်စာတွေနဲ့ မတည့်လို့များလား၊ အစတည်းက ဗိုက်မကောင်းဖြစ်နေတာလားဟင်၊ ပြောရောပေါ့ ဝတ်ရည်ရယ်"

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"ဘာမှ မဖြစ်ပါဘူးသာ ပြောတာ။ ဝတ်ရည် ကြည့်ရတာ မောနေသလိုပဲ၊ ရေခါတ် ဆုံးရှုံးနေတယ် ထင်တယ်။ အဆောင်ရောက်ရင် ဟိုက်ဒရိုက်သောက်လိုက်ဦး။ ရှိလား မရှိရင် လမ်းမှာတစ်ခါတည်း ဝင်ဝယ်လိုက်မယ်"

"ရပါတယ်၊ ရှိတယ် ... ရှိတယ်၊ ရေဆူဆေးပြားတွေ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … သောက်လိုက်။ မပေါ့နဲ့နော် ဝတ်ရည်၊ မသက်သာရင် ဆေးခန်းသွား။ ကိုယ့်ကို လိုရင်လည်း ဖုန်းလှမ်းဆက်လိုက်"

"အင်းပါ … ကျေးဇူးပဲ"

သူက ဝတ်ရည် နေမကောင်းဘူးထင်၍ အပြန်လမ်းမှာ စကားတောင် သိပ်မပြောတော့ချေ။ ဝတ်ရည်သည် စိတ်ထဲကနေ၍ နှင်းဆီကို လှမ်း၍တ,နေသည်။ ဒီနေရာမှာ နှင်းဆီသာဆိုရင်ရော ဘာလုပ်မလဲ။ ဒီလိုပဲ အရှောင်အတိမ်း ဂျက်စီဂိုန်းလုပ်နေရမှာပဲဟု ထင်သည်။ ဒီလိုအဖြစ်အပျက်တွေသာ များလာရင်တော့ ဝတ်ရည် နှလုံးခုန်မြန်ရတာနဲ့တင် နှလုံးရောဂါရပြီး သေလောက်သည်ဟု ထင်ပါသည်။

အဆောင်ရှေ့ရောက်တော့မှပင် ဝတ်ရည်က ဟင်းချနိုင်တော့သည်။ သူက ဂရုစိုက်ဖို့ အထပ်ထပ် မှာကြားပြီးတော့မှပင် ကားကို မောင်းထွက်သွားတော့သည်။ သူ ထွက်သွား၍ အဆောင်တံခါးကိုမှ တွန်းဖွင့်ရုံရှိသေး "ဒူမတ်ဒါလေး ဒူမတ်ဒါလေး … ဒွန်း … ဒွန်း" ဟူသော ဘောလီးဝုဒ်သီချင်းသံကြီးက ထွက်ပေါ်လာလျှင် ဝတ်ရည်သည် ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ဖုန်းကိုထုတ်ကာ ဖွင့်ထူးလိုက်ရသည်။

"အင်း … အမ်မရယ်လ်၊ ဘယ်မှာလဲ"

"အဆောင်မှာ"

ဝတ်ရည်သည် လက်မတင်လေး ညာခွင့်ရလိုက်သည့်အတွက် ဝမ်းသာသွားသည်။ ဖုန်းပြောရင်းမှနေ၍ အဆောင်ထဲသို့ လျှောက်ဝင်လာခဲ့လေသည်။



"အဆောင်မှာ ! … မပျင်းဘူးလားကွာ၊ ဒီနေ့ Super Sunday လေ။ အပြင်လေး ဘာလေးထွက်၊ ရှော့ပင်းလုပ်၊ မုန့်စားကြရအောင်"

"နေပါ … လုပ်စရာတွေ အများကြီးရှိတယ်။ ဒါနဲ့ ရှင်က ဘယ်မှာလဲ"

"ကိုယ်က ဂျပန်စားသောက်ဆိုင်လေး တစ်ခုမှာ ရောက်နေတာ၊ သူငယ်ချင်းတစ်ယောက်နဲ့လေ၊ မဆိုးဘူး ဒီဆိုင်လေးက တော်တော် အေးအေးဆေးဆေး ရှိတယ်။ မင်းကို သတိရသွားတာနဲ့ ဖုန်းလှမ်းဆက်လိုက်တာ …

နောက်နေ့တွေကျ မင်းနဲ့အတူ သွားစားမယ်လို့ စိတ်ကူးလို့"

အမယ်လေး … ဘုရား။ ဝတ်ရည်က စိတ်ထဲမှာ ရား တရား သံဃာ မိဘတွေပါမကျန် တ,မိသွားသည်။ နရီ ည်လည်း ဝတ်ရည်ကို propose လုပ်ခဲ့သော အမှတ်တရဆိုင် းအဖြစ် မကြာ မကြာ လာမည်ဟု ပြောသေးသည်။ အခု သူ လည်း ဒီဆိုင်ကို တော်တော် သဘောတွေ့သွားသည့်ပုံ။ ဖုန်း ာင် လှမ်းဆက်သည်ဆိုတော့ အခြေအနေက မသေးလှ။ ရည်သည် ထွေငေါ်တတ်သည့် အကျင့်က မဖျောက်နိုင်စွာ ပါးစပ်က လွတ်ခနဲ ထွက်သွားသေးသည်။

"အဲဒီ ဂျပန်ဆိုင်က အိမ့်သာတွေကရော ဂျပန်စတိုင်လ်ပဲလား"

"ဘာ … ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက အနည်းငယ် ဆောင့်ထွက်လာသည်။ ဝတ်ရည်သည် အသံမထွက်ဘဲ ကျိတ်ရယ်မိသည်။ မျက်လုံးထဲ တွင် လေတချွန်ချွန်ဖြင့် ဘောင်းဘီထဲ လက်နှိုက်ကာ အိမ်သာထဲ တောင် Cat walk လျှောက်သလို လျှောက်လာနေသည့် သူ့ပုံ ကို မြင်ယောင်မိလာသည်။

"ဩော် ... ရေချိုးတာတောင် ဂျပန်ချိုးနည်းဆိုပြီး ရှိတော့ အိမ်သာလည်း ဂျပန်စတိုင်လ်အိမ်သာဆိုပြီး ရှိလားလို့ ... သွားမတက်ကြည့်ခဲ့ဘူးလား"

"ဟော့ ... အမ်မရယ်လ်၊ တော့် ... တော် ... ဘာတွေလျှောက် ပြောနေတာလဲ၊ မင်းက အဲဒီလို ပေါက်ကရလျှောက်ပြော ဖို့ဆို တကယ်ဖြစ်တယ်"

"ရော် ... ခက်ပြီ။ အကောင်းပြောနေတာ၊ ဒါမျိုးက ... လာသင့်တယ်"

"ဟင်း ... တော်ပြီကွာ။ ဘယ်လိုမိန်းကလေးမျိုးလဲ၊ ကဲ ... ကဲ ... ဒါပဲ၊ ဘိုင့်ဘိုင်"

"ဟား ဟား ... ဟုတ်ပါပြီ၊ ကျွန်မ ပြောတာ မေ့မနေနဲ့"

ဝတ်ရည်က ဖုန်းချခါနီးမှာတောင် နောက်ဖြစ်အောင် နောက်လိုက်သေးသည်။ သူကတော့ တော်တော် တိုက်ဆိုင်တာ ... ဟု တွေးကောင်း တွေးနေလိမ့်မည်။ ဝတ်ရည်သည်လည်း ဒီ ... ရယ်နိုင်ဖို့အတွက် အခုနက ဇောချွေးပြန်ခဲ့ရပါသည်။ အခန်း ... သို့ ရောက်၍ နှင်းဆီနှင့် နှုတ်ဆက်ကာ ကြွလာခဲ့သမျှကို စီ ... ပတ်ကုံး ပြောမည့်ဟန်ပြင်တုန်း နရီ့ထံက ဖုန်းက လာပြန်သည် ...



... ဝတ်ရည် တော်တော်စိတ်ပျက်စွာဖြင့် ဖုန်းကိုဖွင့်လိုက်ရသည်။ ... ကတော့ ဝတ်ရည်ကို သက်သာလား၊ ဟိုက်ဒရိုက်သောက်ပြီး ... လားဟု မေးတာဖြစ်သည်။ ထုံးစံအတိုင်း စကားမြန်မြန်ပြတ် ... အောင် လိမ်လိုက်ရသည်။ ဖုန်းချပြီးသွားလျှင် ဝတ်ရည်သည် ... ခေါင်းအုံးဘေးသို့ ဖုန်းကို ပစ်တင်လိုက်ရင်းမှ ခုတင်ပေါ်သို့ ... ခနဲ လှဲချလိုက်သည်။ ပြီးတော့ တစ်လက်စတည်း ညည်းညူ ... လိုက်လေသည်။

"ဒီဟန်းဒ်ဖုန်းတွေလည်း မကိုင်ချင်တော့ပါဘူးဟာ။ အစက တော့ သူများတွေကိုင်ရင် အားကျပြီး ကိုင်ချင်တယ်။ စတိုင်လ်လေးနဲ့ ဖုန်းပြောရတာကို သဘောကျတယ်။ ခုတော့ လွတ်လွတ်လပ်လပ်ကို မနေရဘူး ...

ချုပ်ထားတာ ကျနေတာပဲ၊ တန်းလန်း တန်းလန်း ပါနေတယ်"

"ချိုမြိန်ဒုက္ခပေါ့လေ။ ဒါက လိုင်းပူးတဲ့သူတွေ ကြုံတတ် တဲ့ ပြဿနာမျိုးပါ"

"အင်း ... အခုကို ကြုံနေရပြီ ဒေါ်နှင်းဆီရေ၊ ဒီမှာ ... ... သိရဲ့လား"

ဒီမှာ အစချီကာ တရှည်တလျား ပြောပြသော ... ဝတ်ရည်ရဲ့စကားတွေသည် သိရဲ့လားဟူသော နေရာမှာ အဆုံး ... သွားသည်။ နှင်းဆီကတော့ သိပ်မထူးခြားဟန်ဖြင့် ခပ်ပြုံး ... ပြုံး နားထောင်နေလေသည်။ ပြီးလျှင် ခေါင်းတဆတ်ဆတ်ညိတ် ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စပြီပေါ့။ ဒီဇာတ်လမ်းတွေ ဒီကရေ့လျှော
မင်း ပညာသားပါပါ ကိုင်တွယ်ရှောင်တိမ်းတတ်ဖို့ လို
ဝတ်ရည်"

"အာရုံနောက်ပါတယ်ဟာ၊ စိနိယာနှင်းဆီ နရီက
ကျုပ်ကို မျှော်လင့်ထားလား မသိဘူးနော်။ ရောင်ဝါ
တော့ ခံ့သချာတဲ့ ဒီဇိုင်းကြီးနဲ့၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှ မလုပ်နဲ့လေ။ နှလုံးသားက နှစ်ယောက်
ကို ချစ်နိုင်တယ် မဟုတ်လား"

"ချစ်နိုင်တော့ရော နှစ်ယောက်စလုံးနဲ့ ဖြစ်နေလို့ ရမလ
တစ်ယောက်ယောက်ကိုတော့ ရွေးချယ်ရမှာပဲ မဟု
လား"

"အေးလေ ... ရွေးချယ်လေ"

နှင်းဆီက ဝတ်ရည်ကို ပြုံးတေ့တေ့ကြည့်ရင်း
သည်။ သူမ အကြည့်ကို ဝတ်ရည် သိသည်။ မင်း မရွေးနိုင်
ဘူး ဟူသော ပြုံးတေ့တေ့ အကြည့်မျိုးဖြစ်သည်။ အဲဒီအကြည့်
ဝတ်ရည် မကြိုက်သော်လည်း အောင့်သက်သက် ခံနေရလေသ
ဝတ်ရည်သည် အဲဒီအကြည့်တွေကို ဥပေက္ခာပြုကာ သူမကိုအ
အတိုင်းပဲ ရင်ဖွင့်ဖြစ်သည်။

"ငါ ရောင်ဝါ့ရဲ့ Back ground ကိုလည်း အံ့မစား
နရီရဲ့ပြည့်စုံမှု စတာတွေကိုလည်း ထည့်တွက်တာ မ
ပါဘူး။ နရီနဲ့ ရောင်ဝါ ဆိုတဲ့ လူပုဂ္ဂိုလ်သက်သက်
တွယ်တာသွားတာပါ။ နရီက နူးညံ့ချိုသာတယ်။ ရော
ကျတော့လည်း ဂျစ်ကန်ကန် ပေစောင်းစောင်း အ



တွေနဲ့ ဘယ်မိန်းမမှ လူမထင်ဘဲ ငါ့ကိုမှ တွယ်တာသွား
တဲ့ အဖြစ်ကိုလည်း ကျေနပ်တယ် ...

နရီလည်း ဒီလိုပဲ။ ချောမောကျက်သရေရှိတဲ့ သူ့
ရုပ်ရည်ကို မိန်းကလေးတွေ သည်းသည်းလှုပ် ကဲနေပေမယ့်
လည်း သူက လုံးဝလှည့်ကြည့်တာ မဟုတ်ဘဲ ငါမှငါ ဂရု
စိုက်ကြင်နာနေတာကို ငါ ကျေနပ်တယ်။ နှစ်ယောက်စလုံး
က ငါ့အပေါ်ကို ကောင်းကြပါတယ်။ ဒါကြောင့်"

"နှစ်ယောက်စလုံးကိုလည်း ချစ်တယ်။ နှစ်ယောက်စလုံး
ကလည်း ချစ်တယ်ပေါ့"

ဝတ်ရည်သည် စကားကို ဖြတ်ပြောသော နှင်းဆီ
မျက်စောင်းထိုးမိလေသည်။ နှင်းဆီက ဆက်ပြောသေးသည်။

"မင်း No အဖွဲ့ဆိုထားတဲ့ သီချင်းတစ်ပုဒ် ကြားဖူးတယ်
မဟုတ်လား။ ငါ ရိုးရိုးအေးအေးကြီး မင်း တစ်ယောက်ကို
ပဲ ရူးရူးမူးမူးကြီး ချစ်ခဲ့ဖူးတယ်။ စတဲ့ သီချင်းလေ။ ငါ
ဘယ်သူ့မှ ခုထိ လက်မလွှတ်နိုင်ပါ ဆိုတာ သိတယ်မ
ဟုတ်လား ...

ဒီလို အဖြစ်အပျက်မျိုးတွေက မဆန်းပါဘူး အမ်မ
ရယ်လ် ရယ်"

"နရီကလည်း အရမ်းငြိနေတယ်၊ အရမ်းမျှော်လင့်ထား
လား မသိပါဘူး"

"မှတ်ထား ဝတ်ရည်။ ယောကျ်ားလေးတစ်ယောက်က
ကိုယ်နဲ့ ခင်ခင်မင်မင် စကားတွေပြောပြီး အချိန်အတိုင်း
အတာတစ်ခုမှာ ဖွင့်ပြောတယ်ဆိုတာ သူ့အတွက် ရှင်သယ်

www.burmeseclassic.com



ရာခိုင်နှုန်း သေချာနေလို့ပဲ။ အဲဒီလို သေချာအောင်လ
ကိုယ်ကပဲ အိပ်မက်တွေ ပေးထားခဲ့တာလေ။ အဲဒီအ
မှာ ငြင်းခဲ့ရင်တောင် ကိုယ်ကပဲ ဖောင်းလ်ဖြစ်သွားတ
"ဟင် ... အဲဒါကြီးကတော့ သူတို့က အပိုင်တွက်
ပါတယ်"

"အပိုင်မဟုတ်ဘူးလေ ရှစ်ဆယ်ရာခိုင်နှုန်းပေါ့။ ဒ
ဒီအသက်အရွယ်တွေက တက္ကသိုလ်ကျောင်းမှာလို ပြ
ရင် ချက်ချင်းလိုက်ပြော၊ စာလိုက်ပေးရဘဲခေတ်မျိုး မ
တော့ဘူးလေ ...

ဖုန်းလေးနဲ့နှူးပြီး တစ်ဖက်နဲ့တစ်ဖက် အခြေအ
ကို အကဲခတ်တဲ့အဆင့်၊ ဖုန်းပြောချိန်တွေ သစ်မစ်တ
ပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေးတွေ
ပြီဆိုတော့မှ ဖွင့်ပြောဖို့ ဆုံးဖြတ်ကြတာကလား။ အ
အနေ မဟန်ဘူးထင်ရင်တော့လည်း သူငယ်ချင်းလို့ပဲ
ၡခေါ်မည်ခိုင်တွေ ဘာတွေပေါ့ ...

ဆုတ်သာ တက်သာ အချိန်လေးမှာပဲ အ
ဆုံးဖြတ်ရတာပေါ့။ ဒါမျိုးက နှုရီတို့ ရောင်ဝါ
ယောကျ်ားတွေမှာ ပိုလုပ်တယ်၊ အသက်အစိတ်ဝန်
ယောကျ်ားတွေ လုပ်ကြတယ်၊ နှလုံးသားနဲ့ ဦးနှေ
မျှတွက်ချက်တဲ့ သဘောပေါ့။ စာတတ်လာတဲ့ သ
ပေါ့ကွာ"

ဝတ်ရည်သည် သိနိုင်လွန်းသော နှင်းဆီကို ေ
နေမိသည်။ ဒီလောက်သိအောင် သူမလည်း အတွေ့အ



ဘယ်လောက်တောင်များ ရှာခဲ့ရပါလိမ့်။ နှင်းဆီ ယူမယ့်ယောကျ်ား
ဟာ ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ သိချင်ပါသည်။

"အခုဆို ဖုန်းတွေကလည်း ငြီးချင်နေပြီ။ ရောင်ဝါဆက်ရင်
နှုရီကြောင့် လိုင်းမအား၊ နှုရီဆက်ရင် ရောင်ဝါ့ကြောင့်
လိုင်းမအား"

"ဟဲ့ ... အစတည်းက အချိန်ခွဲ ကန့်သတ်ပေးထားပါလို့
ကျုပ် ပြောခဲ့တယ်လေ"

"ကန့်သတ်ထားတာပဲ။ ဒါပေမဲ့ တစ်ချိမှာ ရောင်ဝါက
ဘာစိတ်ကူးပေါက်ပြီး ခေါ်လိုက်တာလဲ မသိဘူး။ လိုင်းက
မအားဘူး ဖြစ်နေတော့ သူက သံသယဝင်သွားတာ။ လူ့
စိတ်ဆိုတာ ခေါ်လို့မရရင် ပိုခေါ်ချင်တယ်။ သူက မရမချင်း
နှာရီမှတ်ပြီး ခေါ်နေတာတဲ့။ နှစ်နာရီလောက် အင်ဂေ့ချ်
ဖြစ်နေတော့ ရှော့ရှိတယ်ဆိုပြီး ရစ်ရော ...

အဲဒါ နောက်ညတွေလည်း ဆက်ကြည့်မယ်ဆိုပြီး
ရှော့ဖြစ်နေတယ် နှင်းဆီ။ အဲဒီကိစ္စကရော မင်း ဘယ်လို
ရှင်းပေးမှာလဲ"

ဒါလေးများ လွယ်လွယ်လေးပါ ဟူသော သဘော
ဖြင့် နှင်းဆီက မျက်စိတစ်ဖက်မှိတ်ပြသည်။

"လောကကြီးမှာ နည်းလမ်းမရှိတဲ့ ပြဿနာဆိုတာ မရှိပါ
ဘူး ဝတ်ရည်။ နည်းလမ်းမတွေ့သေးရင်သာ ပြဿနာပါ။
နှစ်ယောက်စလုံးနဲ့ ဖုန်းမပြောရတဲ့နည်း ရှိတယ်။ ဆက်
သွယ်မှုဧရိယာပြင်ပ လုပ်ထားလိုက်ပေါ့"

"ဟင် ... အဲဒီတော့ ဘယ်သွားနေရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝေးတယ် တောင်ကြီးသူမရာ။ ဒီအတိုင်းတောင် ဖုန်းလိုင်းတွေက ဟိုမမိ ဒီမမိ ဖြစ်နေတာ လိုင်းမမိအောင် လုပ်ဖို့က လွယ်လွယ်လေး ...

ကဲ ... ဖုန်းပေး။ ကိုယ်ဆို မပြောချင်တဲ့နေ့ အဲဒီလို လုပ်တာပဲ။ ဒါဆိုရင် သူတို့ ကိုယ့်ကို ပြဿနာရှာလို့ မရတော့ဘူး။ ဖုန်းလိုင်းမမိတာ ကိုယ့်အပြစ် မဟုတ်တော့ဘူးလေ"

ဝတ်ရည်သည် နှင်းဆီကို ဘာများလုပ်မှာပါလိမ့်ဟူသော အတွေးဖြင့် ကိုယ့်ဖုန်းလေးကို ယောင်နနဖြင့် ကမ်းပေးလိုက်သည်။ နှင်းဆီသည် ဖုန်းကို မွေးပွလက်ကိုင်ပဝါဖြင့်ပတ်ကာ နို့ဆီဘူးခွံ အလွတ်ထဲသို့ ထောင်ထည့်လိုက်သည်။ ပြီးတော့ အဲဒီနို့ဆီဘူးကို မီသားစုမုန့်ပုံး(သံပုံး)ထဲသို့ ထည့်ကာ အဖုံးပိတ်လိုက်ပြန်သည်။ ပြီးတဲ့နောက်မှာတော့ အခန်းထောင့်ရှိ အဝတ်လျှော်စက်ကို သွားဖွင့်ကာ ထိုသံဖြူပုံးကို အဝတ်လျှော်စက်ထဲသို့ထည့်ကာ အဖုံးကို ပြန်ပိတ်သည်။

"အဝတ်လျှော်စက် မရှိရင်တော့ လုံတဲ့သေတ္တာထဲပဲဖြစ်ဖြစ်၊ ဗီရိုထဲပဲဖြစ်ဖြစ် ထည့်လို့ရတယ်။ အဝတ်လျှော်စက်ကတော့ ပိုစိတ်ချရတာပေါ့ကွာ ...

ကဲ ... ရော့။ ကိုယ့်ဖုန်းနဲ့ စမ်းခေါ်ကြည့် ဝတ်ရည်။ လိုင်းမိလားလို့"

ဝတ်ရည်သည် နှင်းဆီရဲ့ဖုန်းကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်ယူကာ ကိုယ့်ဖုန်းနံပါတ်တွေကို ခေါ်ဆိုကြည့်သည်။



ပထမတော့ ဘာသံမှမကြား။ နောက်တစ်ခါ ထပ်ခေါ်တော့ အံ့သြဖွယ်ကောင်းသော အဖြေကို ကြားရလေသည်။

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ ဆက်သွယ်မှု ရေိယာပြင်ပသို့ ရောက်ရှိနေသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင် ... sorry ... "

ဝတ်ရည်သည် အဲဒီအသံကို နားထောင်ပြီး မျက်လုံးတွေ လက်ခနဲ ဖြစ်သွားသည်။ နှင်းဆီကို အလန့်တကြား လှည့်ကြည့်လိုက်လျှင် သူမက လက်ပိုက်ကာ မေးဆတ် ပြုံးပြနေသည်။

"ဟယ် ... အဟုတ်ပဲရော။ နှင်းဆီရေ ကျုပ်ဖုန်းက ဆက်သွယ်မှုပြင်ပတဲ့"

"အေး ... အဲဒါပဲ။ တစ်ခုထပ်ပြောပြဦးမယ်။ တချို့ဖုန်းတွေဟာ GSM တာဝါကြီးနဲ့ အရမ်းနီးနေရင် အဲဒီလိုလုပ်လို့ သိပ်မရတတ်တာ ရှိတယ်။ လိုင်းဆွဲအားတွေ အရမ်းကောင်းနေတာပေါ့ကွာ။ အဲဒါဆိုရင်လည်း ဆက်သွယ်မှုပြင်ပ လုပ်လို့ရတဲ့ နောက်ထပ် နည်းအသစ်တစ်ခုရှိသေးတယ်"

"ဟား ... မိုက်လှချည်လား။ အဲဒါကရော ဘာလဲ"

"နိုး ... နိုး ... လောဘမကြီးနဲ့လေ။ လိုအပ်ရင် ထပ်ပြောပြမှာပေါ့။ နောက်နည်းက လူတွေသိပ်မသိကြသေးတော့ လျှို့ထားဦးမယ်၊ ကဲ ... အဆင်ပြေပြီလား"

"အင်း ... ပြီးတာပဲ။ ဒီနေ့တော့ အိပ်ရေးဝဝ အိပ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်သည် အဲဒီညက တာကယ့်ကိုပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လေသည်။ သို့သော် နောက်တစ်နေ့ မနက်စောစောမှာတော့ အရစ်ဖုန်းများကို လက်ခံ၍ရသည်မှာ ပွက်ပွက်ညံပြီးနေသည်။ ဝတ်ရည်ကတော့ မှင်သေသေနှင့်ပင် ...

"သိဘူးလေ။ ဖုန်းက ဒီအတိုင်း ထားတာပဲ။ မနေ့ညက လေတွေတော့ တိုက်နေတာပဲ"

ဟု ပြန်ပြောရင်း ကျိတ်ရယ်မိသည်။ တစ်ဖက်လူနှစ်ယောက်ကတော့ ဘာမှမပြောသာချေ။ ဖုန်းချင်းတိုက်သော ပြဿနာကို ဝတ်ရည်က အဲဒီလိုပဲ ဖြေရှင်းခဲ့ပါသည်။ ဒီနည်းနဲ့ အဆင်ပြေနေသဖြင့် နောက်ထပ်နည်းအသစ်ကိုတော့ နှင်းဆီက သင်မပေးသေးချေ။ မေးတော့လည်း မဖြေပေးခဲ့ပါ။

(မှတ်ချက်။ ။ နောက်ထပ် နည်းအသစ်မှာလည်း တီကျုအသုံးဝင်သဖြင့် သိသူတော်တော်များများက လက်ဆင့်ကမ်းဖြန့်ဖြူးခြင်းမရှိကြပါ။ ထိုနည်းမှာ အသည်းကြီးသူများသာ အသိများပါသည်။)

❤ ❤



အချစ်မှာ သူက ကိုယ့်ကို စိတ်ချမ်းသာမှု ပေးနိုင်သလား ဆိုတာလည်း ထည့်စဉ်းစားရမယ့် အချက်ပဲ။ နောက်တစ်ခုက ကိုယ့်ကို နားလည်ပေးနိုင်တဲ့သူမျိုးလည်း ဖြစ်ရမယ်။ ရေရှည်မှာ အဲဒါတွေနဲ့ပဲ သွားရမှာ။

အချစ် ဆိုတာ ခဏပဲ။ သိပ္ပံနည်းကျ လေ့လာထားတဲ့ အချစ်မှာ ဦးနှောက်က ထွက်တဲ့ အချစ်ဟိုမုန်းဓာတ် တစ်မျိုးဟာ သုံးနှစ်ပဲ ခံတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

နှစ်ယောက်စလုံးရဲ့ မျှော်လင့်ချက်တွေသည် ဒီရေအလား တက်လာနေခဲ့သည်မှာ ကြာလာတဲ့အခါတွင် ဝတ်ရည်အတွက် ဒေါကျပ်နံကျပ် ဖြစ်လို့လာလေသည်။ သူတို့ကတော့ ဝတ်ရည်တွင် သူတို့မှလွဲ၍ မှတစ်ပါး အခြားမရှိပြီဟု ထင်ထားလေရာ ဝတ်ရည်သည် သူတို့ကို အဖြေသာမပေးသေးတာ၊ ရည်းစားတစ်ပိုင်းကတော့ ဖြစ်နေပြီဟု သူ့စိတ်ထဲမှာ မှတ်ယူထားပုံရသည်။ ခုသာ အဖြေမရသေး၊ ရည်းစားမဖြစ်သေးတာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျ ဖြစ်မှာပဲ ဟူသော အတွေးမှာ သူတို့ရင်ထဲ၌ ရှိလေသည်။ ဒါကြောင့် ပြောပုံ ဆိုပုံတွေဟာ သမီးရည်းစားနဲ့ ဘာမှမခြား။ အီစီကလီအဆင့်လည်း မဟုတ်တော့။

အဖြေမပေးရသေးသဖြင့် တရားဝင် ရည်းစားသာ မဖြစ်ကြသေးပေမယ့် ခေတ်စကားနဲ့ ပြောရလျှင် နားလည်မှုရှိထားပြီးဖြစ်သော အတွဲဟု ပြောရမည် ဖြစ်သည်။ အဲဒီအတွက် ဝတ်ရည်သည် တစ်နေ့တခြား ခေါင်းခြောက်ပြီး လာလေသည်။ ဖုန်းလိုင်းကလည်း ညတိုင်း ဆက်သွယ်မှုဧရိယာပြင်ပ ဖြစ်နေပါ



က သက်သာမကင်း ဖြစ်ကြတော့မည်။ ဒီအတိုင်း မသက်သာတာက အကြောင်းမဟုတ်။ ည,ညဆို ဆက်သွယ်မှုဧရိယာပြင်ပ ဘယ်ရောက်နေသလဲဆိုပြီး တောင်ထင် မြောက်ထင်လည်း အထင်မခံနိုင်ချေ။

ဆရာ,မနိုင် နှစ်ဆောင်ပြိုင်၊ ဆရာမကြီး နှင်းဆီများကယ်နိုင်ဦးမလားဟုဆိုကာ သူမထံမှ နည်းနာနိသျှတောင်းကြည့်တော့လည်း သူမက အေးဆေးသာပင်။ သူ့အတွေ့အကြုံကိုပဲ ပြောပြသည်။

"ကိုယ်ကတော့ ဒီလိုပဲ တွဲထားတာပဲ ဆရာ။ တွဲရင်းနဲ့မှ ဘယ်လိုမှ မရတော့ဘူး။ တစ်ယောက်ယောက်ကိုတော့ ဖြတ်ချထားခဲ့တော့မှ ရတော့မယ်ဆိုတော့လည်း ပို Heart ထိတဲ့သူပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကိုယ့်ကို ပိုဂရုစိုက်တဲ့သူကိုပဲဖြစ်ဖြစ် နှလုံးသားက ဘက်တူနေရင် ဦးနှောက်က တပ်ကူ၊ ဒါပဲရှိတာပဲ ...

ကိုယ့်အပေါ် ပိုကောင်းတဲ့သူကို ရွေးပြီး တစ်ယောက်ကို ခေါက်လိုက်ရတော့တာပေါ့။ ကဲ ... မင်းပဲ အခုရွေးကြည့်စမ်းပါဦး။ နှလုံးသားက ဘက်တူနေပြီ ရွေးလို့မရဘူး၊ ဦးနှောက်နဲ့ တပ်ကူရတော့မယ်၊ ဦးနှောက်ကရော ဘယ်သူ့ကို ရွေးချယ်မှာလဲ"

ဝတ်ရည်သည် ဦးနှောက်ကို အလုပ်ရှုပ်ပေးလိုက်သည်။ မျက်လုံးထဲတွင် နူးညံ့ချိုသာသော အပြုံးများနှင့် နွေးထွေးစွာ ကြည့်တတ်သော နရီနှင့် မထိတရိ ရင်ဖိုအောင် ကြည့်တတ်သော ရောင်ဝါတို့က တစ်လှည့်စီ ပေါ်လာသည်။ နရီက နူးနူး

www.burmeseclassic.com

www.burmeseclassic.com



ညှံ့ညှံ့နှင့် ဂျစိုက်တတ်သလို၊ ရောင်ဝါသည်လည်း ဒီလောက် အလုပ်တွေရှုပ်သည့်ကြားမှ အချိန်ပေးကာ ဂျစိုက်တတ်သေးသည်။ နရီလောက်ကြီး ဖုန်းနှင့် တအိအိနှုးမနေနိုင်သော်လည်း ခဏ တဖြုတ်ပြောဖို့ ခဏ ခဏ ခေါ်တတ်သူ ဖြစ်သည်။

ဦးနှောက်ကလည်း ဆုံးဖြတ်ချက် တိတိကျကျ မချနိုင်ချေ။ နှင်းဆီကလည်း ထပ်ပြောပြသည်။

"Background နဲ့ ဆုံးဖြတ်မယ် ဆိုရင်တော့ ရောင်ဝါက သာတာပေါ့။ တော်ရုံမိန်းမကတော့ နရီကို လှည့်မကြည့် တော့ဘဲ ရောင်ဝါ့ကို ရွေးမှာပဲ။ ဒါပေမဲ့ နရီကလည်း သူ့ဟာသူတော့ ပြည့်စုံတာပဲလေ။ ကျုပ်သာ ဆိုရင်တော့ ရောင်ဝါ့လောက်ကြီးလည်း မချမ်းသာချင်ပါဘူး။ ချမ်းသာ ပြီး စိမ်နဲ့ထိုင်နေရတာမှ မဟုတ်တာ။ ငွေက လူကိုပြန်နိုင်း နေတာပဲလေ။ ရာထူးကြီးကြီးနဲ့ဆိုတော့ လွတ်လပ်တဲ့ အရသာကိုလည်း သိပ်မခံစားရဘူး ...

နရီရဲ့တိုင်းလ်ကို ပိုကြိုက်တယ်။ ပြည့်စုံတယ်။ အလျှံ အပယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ သူက သူကြိုက်တာ သူ လုပ်ခွင့်ရှိတယ်။ သူ့ဟာသူ ခရီးတွေထွက် ဓာတ်ပုံတွေရိုက် ပြပွဲတွေလုပ်၊ ဆုတွေရတော့ ပျော်ရွှင်လိုက်၊ သူစားချင် တာစား သွားချင်တာသွား ရုံးပိတ်ရက်လည်း မရှိဘူး။ အထက်လူကြီးလည်း မရှိဘူး။ အေးတဲ့အဆင်ပဲ"

"ဒါဆို နရီ့ကိုပဲ ရွေးရတော့မှာလား"

ဝတ်ရည်ရဲ့ စိတ်ရှုပ်သလို အမေးကို နှင်းဆီက ဟက်ခနဲ ရယ်သည်။



"ဒါက ကိုယ့်အမြင်ကို ပြောတာပါ။ ကိုယ်က ငွေကြေးတွေ ဘာတွေကို သိပ်ထည့်တွက်နေတဲ့ မိန်းမမျိုး မဟုတ်ဘူး လေ။ ကိုယ်လည်း မွဲတေနေတာမှ မဟုတ်တာ ...

စိတ်ချမ်းသာမှုတစ်ခုကိုပဲ ထည့်စဉ်းစားတာ ဝတ်ရည် ရဲ့။ နောက် နားလည်မှုပေါ့။ ရေရှည်မှာ အဲဒါတွေနဲ့ပဲ သွားရမှာ။ အချစ်ဆိုတာလည်း ခဏပဲ၊ သိပ်ပွန်းညီးကျ လေ့လာထားတဲ့ အချစ်မှာ အချစ်ဟိုမုန်းက သုံးနှစ်လောက် ပဲ ထွက်တာ။ ဒီတော့ ရေရှည်အတွက်ပါ ထည့်စဉ်းစား ရမှာ ...

နရီနဲ့ ရောင်ဝါ ယှဉ်ရင် နရီက ပိုပြီး ဖလက်ဆီ ဗယ်ဖြစ်တယ်လို့ ထင်တယ်။ ရောင်ဝါလည်း ရှင့်ကိုချစ်တဲ့ အချစ်က တော်တော်ကြီးပုံ ပေါ်ပါတယ်။ သူ့အနေအထား နဲ့ ဒီလောက်ကြီးချစ်တာဟာ ဒါ တော်တော်ချစ်နေလို့ပဲ ...

နရီနဲ့ကျတော့ ပိုပြီး close ဖြစ်နိုင်တယ်။ စားစား သွားသွားအေးဆေးပဲ။ အင်း ... ဒါကတော့ ကျုပ်ကအေး နေပြီး သုံးသပ်ပြနေတာနော်။ တကယ်တမ်း ဆုံးဖြတ်ရ မှာ ကာယကံရှင်က ရှင်ပဲ။ ဒီလိုပဲ ဆက်လေ့လာဦးပေါ့ ဟာ"

"ကျွတ် ... စိတ်ရှုပ်တယ်ကွာ။ ဟိုကြော်ငြာထဲကလိုပဲ တစ်ယောက်ကကျပြန်တော့လည်း နူးညံ့ချိုသာလို့၊ တစ် ယောက်ကျပြန်တော့လည်း ခပ်ဂျစ်ကန်ကန်၊ နှစ်ခုလုံး အဆင်ပြေတာတော့ မရှိဘူးနဲ့ တူတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ Gold Rost သောက်တော့ မဟုတ်ဘူး။ နှစ်ခုလုံး အဆင်ပြေချင်ရင် နှစ်ယောက်စလုံးကိုယူ ... ဟား ဟား ဟား"

အဆုံးသတ်တော့ ဇရွတ်ရွတ်နှောက် ပြောသောနှင်းဆီကိုသာ မျက်စောင်းထိုးမိရတော့သည်။ မျက်စောင်းထိုးကာ ပြီးပြီးပျောက်ပျောက် ထားလို့လည်း မရချေ။ ဒီလိုကိစ္စမျိုးအတွက် သီအိုရီဆိုတာ လူတိုင်းအတွက် မှန်တာလည်းမဟုတ်။ သူက ဒီလို ဒီလိုတွေ တွက်ချက်ပေးလိုက်သော်လည်း လက်တွေ့မှာ ဖြစ်လာတာက တစ်မျိုးဖြစ်သည်။ အဲဒီနေ့ကတော့ ဝတ်ရည်ဟာ ရောင်ဝါနှင့်အတူ ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာထမင်းသွားစားနေတာဖြစ်သည်။ ဒီလို အသည်းကြီးပြီးတော့မှပဲ ဆိုင်တစ်ဆိုင်မှာ ထိုင်လျှင် ဝင်ပေါက်ဘက်ကို မျက်နှာမူ ထိုင်တတ်တာဟာ ဝတ်ရည်ရဲ့အကျင့် ဖြစ်လို့နေသည်။

ဒီလိုထိုင်ကာ စားသောက်ကောင်းနေတုန်းမှာပဲ နရီရဲ့ဆလွန်းကားလေးဟာ ဆိုင်ရှေ့သို့ ထိုးရပ်လာတာကို မြင်သည်။ နရီတစ်ယောက်တည်း မဟုတ်၊ သူ့သူငယ်ချင်း ဖြစ်ဟန်တူသော နှစ်ယောက်ပါ ပါသေးသည်။ စကားတပြောပြောနှင့် ဝင်လာခြင်းမို့ သူတို့က မမြင်သေး။ ဝတ်ရည်သည်သာ မျက်လုံးတွေက ပြူးထွက်သွားလျက် ပါးစပ်ထဲက ထမင်းတွေ သီးထွက်တော့မလိုဖြစ်သွားသည်။ သွားပြီ ... ဒီတစ်ခါတော့ ပက်ပင်းမိကာ ကိုင်တွေ့ရှုပ်ကုန်တော့မှာဖြစ်သည်။ ဝတ်ရည်သည် Air con ဖွင့်ထားသော ဆိုင်ထဲမှာ ချက်ချင်းပဲ ချွေးတွေစိမ့်ထွက်လာသည်။ ဒီလို



က်ပင်းရင်ဆိုင်တိုးရသည့် အဖြစ်မျိုးကို ဝတ်ရည် အကြောက်ဆုံးဖြစ်သည်။ ဘာမှ ကြိုတင်ပြင်ဆင်ချိန် မရဘဲ ရုတ်တရက် ခိုက်မိခံရသော အဖြစ်မျိုးကို ဘယ်လိုမှ ဖြေရှင်းနိုင်မှာမဟုတ်

ဝတ်ရည် ကံကောင်းနေခြင်းမှာ နရီက ဆိုင်ထဲသို့ မ်းမကြည့်နိုင်ဘဲ ဖုန်းလာသဖြင့် ဖုန်းပြောနေသည်။ သူ့အဖော် ယောက်ကသာ ဆိုင်တံခါးကိုတွန်းဖွင့်ပြီး ဝင်လာကာ ဝတ်ရည် ရဲ့ ဘေးစားပွဲမှာ နေရာယူ ဝင်ထိုင်လိုက်ကြပြီဖြစ်သည်။ အာ တ် ... သေတော့မှာပဲ။ စားပွဲချင်းကပ်ရပ်ကြီး။ ဝတ်ရည်သည် င်းတွေခြောက်ကာ ဦးနှောက်တွေ ပျက်ချင်လာသည်။ ရောင်ဝါ လျှင် ရိပ်မိကာ ...

"အမ်မရယ်လ် ဘာဖြစ်တာလဲ။ မင်းကြည့်ရတာ တစ်ခုခု ဖြစ်ပုံပဲ"

"ဟိုဒင်း ... ဟိုဟာလေ ..."

သူက တစ်စုံတစ်ရာကို သဘောပေါက်သွားဟန်

"ဘာလဲ ... သန့်စင်ခန်း သွားချင်တာလား"

"ဩော် ... အင်း ... အင်း ... ဟုတ်တယ်။ ဟို စားသောက်နေတုန်းဆိုတော့ အားနာလို့"

"အာ ... ဒါများကွာ။ ဘာအားနာစရာလိုလဲ အမ်မရယ်လ်ကလည်း။ ခဏနော်ဆိုပြီး ထသွားလည်း ဖြစ်တဲ့ဟာကို၊ မင်းက တစ်ချက် တစ်ချက်ကျ တကယ်စားတယ်၊ ဟဲ ..."

www.burmeseclassic.com

www.burmeseclassic.com



သွား ... သွား၊ ဘယ်အချိန်တည်းက အောင့်ထားလဲ မသိ ပါဘူးကွာ”

သူကပင် စိုးရိမ်တကြီးနှင့် ပြောနေလျှင် ဝတ်ရည် သည် ထိုင်ရာမှ ခပ်သွက်သွက်ထ,ကာ နောက်ထဲသို့ ပြေးဝင်သွား ခဲ့သည်။

ကျွတ် ... ဘယ်ဘဝက ဝဋ်ကြွေးမှန်းကို မသိပါဘူး ကွာ။ စားတုန်းသောက်တုန်း တန်းလန်းမှာ အိမ်သာကိုပဲ အမြဲတမ်း ထ,ပြေးနေရတော့တာပါပဲ။ ဝတ်ရည်သည် ထုံးစံအတိုင်း သန့်စင် ခန်းထဲက ဘေစင်တွင် လက်ထောက်ကာ မှန်ထဲက ကိုယ့်ပုံကို စိတ်ပျက်စွာဖြင့် ကြည့်နေမိသည်။ ဆံထုံးလေး ထုံးခဲ့ပါကွာဟု ရောင်ဝါက request လုပ်ထားသဖြင့် မမီမကမ်း ကပိုကရို fancy ဆံထုံးလေးနှင့် အနက်ရောင် ဇာလက်ပြတ်ကို ဝတ်ဆင်ထားသော ဝတ်ရည်ရဲ့ပုံစံသည် အထက်တန်းလွှာက ဂုဏ်သရေရှိ မိန်းမပျို လေးအသွင် ပေါက်နေသည်။

ဒါကြောင့် ရောင်ဝါက တွေ့တွေ့ချင်းမှာကို ငေးငေး နှင့်နှင့် စိုက်ကြည့်ကာ ...

“မင်းအလှက ဒီလိုကျတော့လည်း အရမ်းကို Classic ဖြစ်ပြီး နန်းဆန်တယ် အမ်မရယ်လ်။ မင်းနဲ့သာ အတူတူ ပွဲတက်လို့ကတော့ ကိုယ့်ကို လူတွေက အရမ်းအထင်ကြီး ကျမှာပဲ။ မင်းက ကိုယ်နဲ့ အထိုက်တန်ဆုံး ပန်းတစ်ပွင့်ပါ အမ်မရယ်လ်၊ ကိုယ် မင်းနဲ့ ထာဝရ လက်တွဲသွားချင် တယ်”



ဟင်း ... အဲဒီလိုပဲ နရီကလည်း လက်ထပ်ဖို့အထိ ါ ရည်ရွယ်ပြီး ချစ်ခဲ့တာပါ ဆိုတဲ့အကြောင်း တစ်နေ့ကပဲ မုန့် စားရင်းနှင့် ထပ်ပြောခဲ့သေးသည်။ ဘယ်လိုများ လုပ်ကြမှာတဲ့ တုန်း။

ဝတ်ရည်သည် မျက်ခုံးရှုံ့ရှုံ့ဖြင့် မှန်ထဲသို့ စိုက်ကြည့် နေကာ နေရာမှာတင် အငွေ့ပျံ ပျောက်ဆုံးချင်လာသည်။ အဲဒီအချိန် မှာပဲ စိတ်က စီနီယာနှင်းဆီကို ဖျတ်ခနဲ သတိရသွားကာ ဖုန်းကို ထုတ်လျက် ကမန်းကတန်း ခေါ်လိုက်သည်။

“အေး ... ပြော ဝတ်ရည်”

သူမအသံကတော့ ဘယ်အချိန်ကြည့်လိုက် ကြည့် လိုက် အေးအေးဆေးဆေးပဲ ဖြစ်သည်။ သူမသာ ဒီနေရာမှာဆို လျှင်ရော ဒီလို အေးဆေးနိုင်ပါမည်တဲ့လား။

“နှင်းဆီ ... ဒီမှာ ပြဿနာတော့ တက်နေပြီ”

“ပြဿနာဆိုတာ နည်းသိရင် ပြဿနာမဟုတ်ပါဘူး ဝတ်ရည်။ ပြဿနာတက်နေပြီလို့ ဖုန်းဆက်လှမ်းပြောနိုင် တယ် ဆိုကတည်းက ပြဿနာက တက်သေးပုံတော့ မရ သေးပါဘူး”

“ကျွတ် ... အရေးထဲမှာ လေသံက အေးဆေးနိုင်သေးတယ် ကွာ။ ဒီမှာ နှင်းဆီ၊ ကျုပ် အခု (......)ဆိုင်ထဲမှာ ရောင်ဝါနဲ့ နေ့လယ်စာ စားနေတာ၊ အဲဒါ နရီ ရောက် လာနေတယ်။ ကျုပ် အခု သန့်စင်ခန်းထဲမှာ။ အပြင်ထွက် ရင် ကွက်တိတွေ့မှာပဲ။ အဲဒါ ဘယ်လိုလုပ်ရမှာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေ ပြန်ပြီး ရှူးချင်လာပြီ။ ဖြစ်နိုင်ရင် နောက်ဖေးပေါက်ကနေတောင် ပြေးထွက်သွားချင်တယ်"

နှင်းဆီသည် ဝတ်ရည်ရဲ့ တကယ့်ကို စိတ်ပျက်လက်ပျက် ငိုသံပါကြောင့် နည်းနည်းတော့ ဆိုတ်သွားသည်။

"နရီက အခြေအနေကို နားလည်နိုင်တော့မယ်မထားဦး၊ ရောင်ကတော့ ဘယ်လိုမှ ရမှာမဟုတ်ဘူး။ ချက်ချင်းသွေးဆူပြီး ပေါက်ကွဲမှာ။ သူက မသိလို့ မပေါက်ကွဲဘူး ထားဦး နှင်း အရှမ်းခံစားသွားရမှာ ငါ သိနေတယ်။ သူ့ကို အဲဒီအဖြစ်မျိုးလည်း မခံစားစေချင်ဘူး"

"ဒီလိုလုပ် ဝတ်ရည်။ ရှင် အခု ဖုန်းနဲ့ နရီ့ဆီကိုဆက်လိုက်၊ တစ်နေရာရာကို လာခဲ့ပါလို့။ အရေးကြီးတာ ပြောစရာရှိလို့လို့ အပြင်ကို ခေါ်ထုတ်လိုက်။ ချက်ချင်းလို့ ပြော။ ကျွန်မ အဲဒီမှာ ရောက်ပြီး စောင့်နေပြီ အဲဒီလိုပြောပါမှ သူ ချက်ချင်းထလာမှာ ...

အခု ထိုင်နေတဲ့ ရောင်ဝါကိုတော့ တစ်ခုခုအကြောင်းပြပြီး ပတ်ထွက်ခဲ့ပေါ့ဟာ။ ဒါပဲ ရှိတော့တာပဲ"

အဲဒီအကြံဉာဏ်စကားကြောင့် ဝတ်ရည်သည် နည်းနည်း အသက်ရှူချောင်သွားသည်။ ချက်ချင်းပဲ နရီထံ ဖုန်းဆက်လိုက်လေသည်။ ဝတ်ရည်သည် နရီထံ ဖုန်းဝင်သွားလျှင် ရင်တွေ တထိတ်ထိတ် ခုန်လာသည်။

"ဟယ်လို"

"နရီ ... နရီလားဟင်"



"အင်း ... ဟုတ်တယ်၊ ဝတ်ရည် ပြောလေ"

"ဟို ... နရီ၊ ဝတ်ရည်ဆီကို အခု ... အခုချက်ချင်းလာခဲ့ပါလားဟင်"

သူ နည်းနည်းတော့ အသံတိတ်သွားသည်။

"ဘာဖြစ်လို့လဲ ဝတ်ရည်။ ဘာအခက်အခဲ ရှိနေလို့လဲ။ အခု ဘယ်မှာလဲ"

"အခုလား ... အခုက ... အင်း ... ဒီနေရာက ဘာလဲ မသိဘူး"

"ဟောဗျာ ... ဝတ်ရည် ဘယ်တွေရောက်နေတာလဲ။ ရုံးမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ရုံးကနေ ထမင်းစားသွား ... အဲ ... ထမင်းစားချိန် အပြင်ခဏ ရောက်နေတာ။ ဟိုလေ ... ဝတ်ရည် နရီ့ကို အရေးတကြီး ပြောစရာရှိလို့ပါ"

"အရမ်းအရေးကြီးနေလို့လား ဝတ်ရည်"

"အင်း ... အရေးကြီးတယ်၊ အရမ်း အရေးကြီးတယ်။ အခုပဲ နရီနဲ့ တွေ့ချင်တယ်၊ နရီ ထမင်းစားပြီးပြီလားဟင်"

"ဟင့်အင်း ... မစားရသေးဘူး၊ ခုပဲ ထမင်းသွားစားမလို့ သူငယ်ချင်းတွေနဲ့။ ဆိုင်ထဲရောက်နေတာ"

"ဩော် ... ဒုက္ခပါပဲ"

"ရတယ်လေ၊ အခု ဝတ်ရည်က ဘယ်မှာလဲ ပြော။ လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်သည် ကိုယ့်ကို ယုံကြည်စွာနှင့် အရေးပေ
ကာ လိုက်လျောလိုက်သော နရီကို သနားသွားသည်။ သနားစိတ်
ဖြင့် ...

"ကန်တော်ကြီးထဲက စားသောက်ဆိုင်ကို လာခဲ့ပါ။ အဲ
မှာ ထမင်းစားကြရအောင်လေ။ ဝတ်ရည် ကျွေးပါ့မယ်"

"ဩော် ... မဟုတ်တာ။ ကိုယ် ကျွေးမှာပေါ့။ လာခဲ့မယ်
လာခဲ့မယ်။ အခုလာခဲ့မယ်"

သူက ပြောပြောဆိုဆိုနှင့် ဖုန်းချသွားလျှင် ဝတ်ရည်
သည် ခေတ္တစောင့်ပြီးမှ နောက်ထဲက အသာထွက်လာရသည်။
ရှေ့သို့ ချောင်းကြည့်လိုက်လျှင် နရီ မရှိတော့ချေ။ နရီ့သူငယ်
ချင်းနှစ်ယောက်သာ ကျန်တော့သဖြင့် ဝတ်ရည်သည် သက်ေ
ကာ ထွက်လာခဲ့ရသည်။

သို့သော် အကယ်ဒမီရှေ့အိုက်တင်တော့ ထည့်လာ
ခဲ့ရလေသည်။

"အင်း ... ကျွတ် ကျွတ်၊ ရောင်ဝါရေ ... ကျွန်မတော
ဗိုက်အရမ်းနာနေတာ မသက်သာဘူး၊ ပြန်မှဖြစ်မယ်"

"ဟင် ... ဟုတ်လား၊ ဘာဖြစ်တာလဲ"

"မသိဘူး။ ကျွန်မက အစာအိမ်ရှိတယ်၊ အခု အရမ်းအော
နေလို့ ရောင်ဝါ ဆက်စားနှင့်နော်၊ ကျွန်မဘာသာ Ta
နဲ့ ပြန်လိုက်ပါ့မယ်"

"ဟာ ... ဘာလို့ ဆက်စားနေရမှာလဲ၊ မင်း အဆောင်
ပြန်မှာ မဟုတ်လား၊ ကိုယ် လိုက်ပို့မယ်။ ဆေးခန်းတင်



လည်း ဝင်ပြသွားမှ ဖြစ်မှာပေါ့၊ လာ ... လာ ... ထ၊ သွား
မယ်"

သူကပင် တက်ကြွစွာနှင့် ခေါ်နေလျှင် ဝတ်ရည်သည်
ချက်လုံးပြူး မျက်ဆန်ပြူးနှင့် တားရသေးသည်။

"နေ ... နေပါစေ၊ ဒီမှာ စားလက်စကြီး မှာထားတာတွေ
လည်း အများကြီး နှမြောစရာပါ ရောင်ဝါရယ်၊ ဆက်စား
လိုက်ပါ။ ကျွန်မက အရမ်းစိုးရိမ်ရတဲ့ အခြေအနေမျိုးလည်း
မဟုတ်ပါဘူး။ ခဏလှဲပြီး ဆေးသောက်ထားရင် သက်သာ
သွားမှာပါ၊ ကျွန်မဘာသာပဲ ပြန်ပါ့မယ်။ ရောင်ဝါ ရုံးပြန်
သွားရဦးမှာ မဟုတ်လား"

"ရုံးပြန်သွားရတော့ရော ဘာအရေးလဲကွာ။ မင်းတစ်ယောက်
လုံး ဒီလိုဖြစ်နေတာကို ကိုယ်က ဒီအတိုင်းလွှတ်လိုက်ရမှာ
လား"

"ကျွတ် ... အဲဒီလိုတွေ မတွေးပါနဲ့ ရောင်ဝါရယ်။ လှည်း
တန်းကနေ ဒီကို ရှင် ပြန်လာရင် ကြာနေမှာစိုးလို့ ပြော
တာပါ။ ကျွန်မ ဒီလို စကားပြောနိုင်တယ် ဆိုကတည်းက
အခြေအနေက ကောင်းလို့ပေါ့ ...

ဗိုက်နည်းနည်းပျက်ချင်လို့သာ ရုံးမတက်ချင်တော့
တာပါ။ Taxi နဲ့ ငှားသွားလည်း အဆင်ပြေနေတာပဲလေ။
Bus နဲ့ပြန်မယ် ပြောနေတာမှ မဟုတ်တာ။ ကျွန်မ ရှင့်
စေတနာတွေကို နားလည်ပါတယ်။ ကျွန်မ ပြောတာက
လည်း နည်းလမ်းကျပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်က ချက်ကျကျ ပြောလိုက်လျှင် သူ
နည်းနည်းငြိမ်သွားသည်။

"မင်း တကယ်ဖြစ်ရဲ့လား"

"သြော် ... ဖြစ်ပါတယ်ဆို။ ရှင့်ကို ပြောနေတာနဲ့ထ
အိမ်သာက ပြန်သွားချင်လာပြီ။ ဒါကြောင့် အားနာ
သိပ်မပြောချင်တာ။ ရှီးရှီးလေးပဲ တွေးပါ ရောင်ဝါ –
ကဲ ... ကျွန်မ သွားတော့မယ်"

"အင်း ... ပြီးရော။ ဒါဖြင့်လည်း အဆောင်ရောက်
ဖုန်းဆက်လိုက်"

"အိုကေ ... ဆက်မယ်"

ဝတ်ရည်သည် သူ့ကို နှုတ်ဆက်ပြီးနောက် ဆိုင်
မှ ခပ်သွက်သွက် ထွက်လာခဲ့ရသည်။ ဆိတ်ငြိမ်ရပ်ကွက်ထဲ
ဖွင့်ထားသောဆိုင်မို့ Taxi က တော်တော်နဲ့ငှားမရ။ တစ်စီး
တာမြင်တော့မှ ကမန်းကတန်းငှားကာ ထွက်လာခဲ့ရသည်။
တောင်မဆစ်နိုင်ချေ။ ပြီးတော့လည်း မြန်နိုင်သမျှ မြန်အော
မောင်းခိုင်းရသေးသည်။ ဒီပုံစံအတိုင်းဆိုလျှင် နရီကတောင် ဟ
အရင်ရောက်နေလျက် ကြောင်တောင်တောင်ဖြစ်ကာ ဝတ်ရည်
ပင် ရှာနေလောက်ပြီဖြစ်သည်။

ထင်သည့်အတိုင်း သူ့ထံက ဖုန်းဝင်လာသည်။

"ဝတ်ရည် ... ကိုယ် အဲဒီဆိုင်ထဲမှာ ရောက်နေပြီ၊ ဘ
ရောက်နေတာလဲ၊ မတွေ့ဘူး"

"သြော် ... လာပြီ ... လာပြီ၊ အပြင်ဘက် ခဏစော
နေလို့ပါ၊ ဝင်လာပြီ"



"အင်း ... အင်း ... စောင့်နေပြီနော်"

သူ ဖုန်းပိတ်သွားသော အချိန်ကျမှ ဝတ်ရည်တို့ကားက ကန်တော်ကြီးထိပ်သို့ပဲ ရောက်သေးသည်။ ဝတ်ရည်သည် ဗျာများနေရသည်မှာ အသက်တောင် မရှူမိဘူးဟု ကိုယ့်ကိုယ်ကိုယ် ထင်မိလေသည်။ ကားရပ်ပြီးတာနှင့် ကားပေါ်မှ ကမန်းကတန်း ပြေးဆင်းကာ ဆိုင်ထဲသို့ ခပ်သွက်သွက် လှမ်းလာခဲ့ရသည်။

အခုမှ မှန်တံခါးကို တွန်းဖွင့်ကာ ပြေးဝင်လာသော ဝတ်ရည်ကို သူက လက်လှမ်းပြသည်။ အနားသို့ အားမပါသော ခြေလှမ်းများဖြင့် လျှောက်လာသော ဝတ်ရည်ကို အံ့သြသော မျက်နှာထားဖြင့် မော့ကြည့်ကာ ...

"ဝတ်ရည် ... နေရော ကောင်းရဲ့လား၊ မောနေသလိုပဲနော်၊
လာ ... လာ ထိုင်"

သူက အဲဒီလို ကြင်နာစွာဆိုလေ ဝတ်ရည်က ငိုချင်လာလေလေပဲ ဖြစ်သည်။ ကြာလေ ကြာလေ သူ့အတွက်ရော၊ ရောင်ဝါ့အတွက်ရော၊ ဝတ်ရည်အတွက်ပါ မကောင်းဘဲဖြစ်တော့သည်။ သူတို့နှစ်ယောက်ကတော့ ဘာမှမသိ။ တစ်နေ့နေ့မှာ သူတို့ဆန္ဒ ဖြစ်လာမည်ဟူသော အတွေးဖြင့် ပျော်ရွှင်ကျေနပ်ကာ စားဝင်အိပ်ပျော်စွာဖြင့် အလုပ်တွေတိုးပြီးရင်း တိုးနေကြသည်။

ဝတ်ရည်မှာသာ ဘယ်အချိန် သိသွားကြမလဲဟူသော အတွေးဖြင့် ည,ည သိပ်တောင် အိပ်မပျော်တော့။

"ဝတ်ရည် ထမင်းစားပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မစားရသေးဘူး၊ နရီလည်း မစားရသေးဘူး မဟုတ်လား။ စားမယ်လေ၊ မှာ ... မှာ ... နရီစားချင်တာ မှာ၊ ဝတ်ရည် ကျွေးချင်လို့ပါ"

"ဩော် ... ဝတ်ရည်ရယ်"

သူက ဝတ်ရည်ရဲ့စကားကို အလွန်အမင်း ကြွေဆင်းသွားဟန်ဖြင့် နူးညံ့စွာကြည့်ရင်း ပြုံးပြလာသည်။ အဲဒီအကြည့်တွေထဲတွင် ဝတ်ရည်ကို ချစ်သော အချစ်တွေကို အပြည့်အသိပ်တွေ့မြင်လိုက်ရလျှင် ဝတ်ရည် ခံစားသွားရပါသည်။

"အများကြီး မစားချင်ပါဘူး။ ပုစွန်ချိုချဉ်ကြော်ရယ်၊ ပြောင်းဖူးကြက်သားရယ်၊ ကိုယ်ကတော့ အဲဒါပဲ။ ဝတ်ရည်ရော"

"ဝတ်ရည်က ပြည်ကြီးငါးသုပ်စပ်စပ်တစ်ပွဲဆို ရပါပြီ"

"အိုကေ ... အဲဒါတွေပဲ မှာမယ်နော် ညီလေး။ ရှိုးရှိုးဟင်းရည်တော့ နှစ်ပွဲချပေးကွာ။ ပြီးတော့ ခရမ်းချဉ်သီးနဲ့ ကြက်သွန်နီကို အချဉ်လုပ်ပေးပါ"

သူက ဝိတ်တာထွက်သွားလျှင် ဝတ်ရည်ကို လက်နှစ်ဖက်ထောက်လျက် တမေ့တမောဟန်ဖြင့် ငေးကြည့်ကာ ...

"ကဲ ... ဝတ်ရည်၊ ကိုယ့်ကို အရေးပေါ် ကောက်ခါငင်ခါ ခေါ်ရတဲ့အကြောင်းကိုပြော၊ ရုတ်တရက် အဖြေပေးချင်လာလို့လား"

သူ့အပြောကြောင့် ဝတ်ရည်သည် လှစ်ခနဲ ပြုံးမိသွားကာ တစ်ခုခုပြန်ပြောဖို့ ပြင်စဉ်မှာပဲ ဖုန်းသံက ထွက်ပေါ်လို့



လာသည်။ Ring tone သံကို နားထောင်လိုက်တာနှင့် ဘယ်သူ့ဆီက ဆိုတာကိုသိလျှင် အမြန်ဖွင့်ကာ ကိုင်လိုက်ရသည်။

"ဝတ်ရည် အဆောင်ပြန်ရောက်ပြီလား"

"အင်း ... ခုပဲရောက်တယ်"

"ဩော် ... အေး။ သက်သာတယ် မဟုတ်လား"

"အင်း ... တစ်ခုခုစားပြီးမှ ဆေးသောက်မှာလေ"

"အေး ... အေး ဂရုစိုက်နော်၊ မပေါ့နဲ့။ ညနေကျမှ ကိုယ် အဆောင်ကို တစ်ခုခုဝယ်ပြီး လာပို့မယ်၊ အဲဒါကို စောင့်စားရမယ်၊ ကြားလား"

"အင်းပါ၊ ဒါပဲနော်"

ဝတ်ရည်က ဖုန်းကိုပိတ်ကာ ပခုံးတွန့်လိုက်သည်။ သူက ဝတ်ရည်ကို ငံ့လင့်သော မျက်ဝန်းများဖြင့်ကြည့်ကာ ...

"ဝတ်ရည် ... ပြော"

"အဟင်း ... တကယ်တော့လေ၊ အရေးကြီးတဲ့ကိစ္စဆိုတာ နရီနဲ့ နေ့လယ်စာ အတူတူစားချင်လို့ပါ။ တော်ကြာ နရီက သူငယ်ချင်းတွေနဲ့ဆုံရင် ထွက်မလာမှာစိုးလို့ အဲဒီလို ခေါ်လိုက်ရတာပါ"

"ကောင်မလေးတစ်ယောက် လိမ်ခေါ်တယ်ပေါ့လေ၊ ဟုတ်လား"

"အံမယ် ... လိမ်ခေါ်တာ မဟုတ်ပါဘူးနော်။ ဒါလည်း အရေးကြီးတဲ့ကိစ္စပဲဟာ၊ မဟုတ်ဘူးလား ပြော။ မကျေနပ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ပါတယ်ကွာ၊ ကျေနပ်ပါတယ်။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ နေ့လယ်စာ အတူတူစားရတာ ဘယ်မကျေမနပ် ရှိပါ့မလဲ ...

နည်းနည်းအံ့သြတာပဲ ရှိတာပါ။ ကိုယ်က သူငယ်ချင်းတွေနဲ့ အတူစားဖို့ (......)ဆိုင်ကို ရောက်နေပြီကွ။ ဘာမှတောင် မမှာရသေးဘူး။ တော်သေးတာပေါ့။ ကျေးမယ့်လူက ကိုယ် မဟုတ်လို့။ ဒါတောင် ဟိုကောင်တွေက သိပ်ကြည်တာ မဟုတ်ဘူး ...

မနည်းရှစ်နေလို့ ကိုယ့်ကောင်မလေးရဲ့ အရေးတကြီးကိစ္စပါလို့ ပြောတော့မှ လွှတ်တော့တယ်"

သူ့အပြောကို ဝတ်ရည်သည် မချိပြုံးတစ်ခုဖြင့် ဟန်လုပ်ပြုံးနေရသည်။ အရင်လို ပက်ခနဲ ပြန်မပြောနိုင်။ အားပေါ့လေ။ ရောက်တဲ့နေရာကနေ ချက်ချင်းထထွက်လာဖို့ ဗိုလ်အာဏာသုံးပြီး ခေါ်နိုင်တဲ့ အခွင့်အရေးဆိုတာ ရိုးရိုးသမီးရည်းစားတွေမှာတောင် ရှိတာမှတ်လို့။ အရင်ရည်းစားတောင် ဝတ်ရည်ကို အဲဒီလောက် ပေးဆပ်လိုက်လျော့ခဲ့တာ မဟုတ်ချေ။

ဝတ်ရည်သည် သူတို့အချစ်တွေကို တွေးမိတိုင်း အရင်လို လွှတ်လပ်ပေါ့ပါးကာ ဂုဏ်ယူချင်စိတ် မရှိတော့ဘဲ ရင်ထဲမှာ မွန်းဟိုက်အသက်ရှူမဝတတ်တော့ပါ။

"ဝတ်ရည်"

"ရှင်"

သူက ဝတ်ရည်ကို အသာငေးမောကာ ...



"ဝတ်ရည် စိတ်မဆိုးနဲ့နော်"

"အင်း ... မဆိုးပါဘူး။ ပြောလေ"

"ဝတ်ရည်ရဲ့ ရင်ထဲမှာလေ ကိုယ့်အတွက် တစ်ခုခုရှိနေသလိုပဲ။ ကိုယ် မြင်နေရတယ်။ ဒါပေမဲ့ အဲဒါကို တစ်စုံတစ်ရာက တားဆီးနေသလိုပဲ။ ဘယ်အရာလဲဆိုတာ [illegible] ကိုယ် လိုက်မမီလို့ မသိတော့ဘူး ...

တစ်ခုတော့ ရှိတယ်။ အဲဒီ တားဆီးထားတဲ့ အရာဟာ ကိုယ်နဲ့ပတ်သက်နေရင်တော့ ကိုယ် ဖြေရှင်းပေးနိုင်ပါတယ်။ ကိုယ် ပြောတာ ဝတ်ရည် သဘောပေါက်လားတော့ မသိဘူး"

"အင်း ... ပေါက်ပါတယ်"

ပေါက်ပါတယ်ဟု ပြောပြီး ငြိမ်သက်နေဝေ... က စကားတွေအတွက် ဟုတ်ပါတယ်လို့ အတည်ပြု... ရောက်သွားပြန်ရော။ အင်း ... ကြာရင်တော့ တက... ပါပြီ။

အဲဒီအချိန်မှာပဲ ဟင်းပွဲတွေ ရောက်... စားစပြတ်သွားသည်။ သူက သွက်သွက်လက်လက်ပင် ဝ...ည်ကိုပါ ဟင်းတွေထည့်ပေးရင်း မြိန်ရည်ရှက်ရည် စားနေသည်။ ဝတ်ရည်မှာတော့ နင်နေသဖြင့် အဲဒီလောက် မစားနိုင်ပေ။

"ဝတ်ရည် စားလေ။ ဟင်းတွေ မကြိုက်လို့လား"

"ကြိုက်ပါတယ်၊ နရီ စားနေတာကို ကြည့်ပြီးသဘောကျလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက ဟဲခနဲ တစ်ချက်ရယ်ရင်း ပြည်ကြီးငါးတစ်ဖတ်ကို တူနဲ့ လှမ်းညှပ်ကာ ...

"ကိုယ် အရမ်းဗိုက်ဆာနေတာကွ။ ဒါပေမဲ့ ဝတ်ရည်က ခေါ်တော့ ဝေါက်ခနဲ ထပြေးလာရတာ။ တော်သေးတာပေါ့။ ထမင်းကျွေးမယ့် အစီအစဉ် ဖြစ်နေလို့"

သူ့ရဲ့ပွင့်လင်းသော အပြောကို ဝတ်ရည်က ကြည်နူးစွာ ပြုံးမိသွားသည်။ အဲဒီနောက်မှာတော့ သူစားတာကို အားကျရင်း ကိုယ်ပါ နည်းနည်းစားသောက်ဝင်လာသည်။ သူက စားသောက်ရင်းမှနေ၍ အခုနက ပြတ်သွားသောစကားကို ပြန်ဆက်လေသည်။

"ဝတ်ရည်မှာ ရင်ထဲက တစ်စုံတစ်ရာကို ထုတ်ဖော်ဖို့ ဘာအခက်အခဲတွေများ ရှိနေလဲဟင်။ ကိုယ် ဖြေရှင်းပေးလို့ရနိုင်တဲ့ ကိစ္စမျိုးဆို ဖြေရှင်းပေးပါရစေ"

"နရီ ဖြေရှင်းဖို့ လိုတဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ ဝတ်ရည်နဲ့ပဲ ဆိုင်တာပါ"

သူ နည်းနည်းတော့ ငြိမ်သွားသည်။ ဝတ်ရည်ကို အကဲခတ်သလိုကြည့်ကာ ဘာမှတော့ ပြန်မမေးချေ။ ဝတ်ရည်သည် အဖြူဆွတ်ဆွတ် Nike စပို့ရှပ်လက်တိုကို ပြာလွင်သော ဂျင်း(န်)ရှည်တစ်ထည်နှင့် တွဲဖက်ဝင်ဆင်ထားသော သူ့ရဲ့သန့်ပြန့် ဖြူစင်သော ပုံသဏ္ဌာန်ကိုကြည့်ကာ ကိုယ့်ကိုယ်ကိုယ် ချဉ်လာသည်။

သူတို့က ဖြူစင်ပြီး ကိုယ်ကတော့ ဂေါ်လီမကြီးဖြစ်နေတာကို ဘဝင်မကျနိုင်တော့ပါ။



တကယ်ဆို ဒီလိုချစ်သူမျိုး တစ်ယောက်တည်းကိုပဲ သီးသန့်ပိုင်ဆိုင်ပြီး တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိရှိနဲ့ နွေးထွေးစွာ ပိုင်ဆိုင်ခွင့်ရနေတဲ့ ဘဝမျိုး ဖြစ်ရရင် ဘယ်လောက်တောင် ကျေနပ်ရင်ခုန်ဖို့ ကောင်းလိုက်မလဲ။ ခုတော့ ဝတ်ရည်မှာ တောင်ပြေး မြောက်ပြေးနဲ့ ရှာဆော်ကြီးခွေးလို ဖြစ်နေသည်။ နရီကိုပဲ မျက်စိစုံမှိတ် ရွေးချယ်လိုက်ရင်လည်း ဖြစ်ပျက်နာကြည်းခံစားသွားရမယ့် ရောင်ဝါ့ပုံစံကိုလည်း မကြည့်ရက်ချေ။

"နရီ ... အသည်းကြီးတယ် ဆိုတာ ကြားဖူးလားဟင်"

"အင်း ... ကြားဖူးတယ်လေ။ ဘာဖြစ်လို့လဲဟင်၊ ဝတ်ရည်မှာ အဲဒီရောဂါမျိုး ရှိနေလို့၊ အဲ ... ဖြစ်နေလို့လား၊ နေမကောင်းလို့လား"

ရော် ... ဒုက္ခ။ သူထင်တာက တကယ့်ရောဂါဟု ထင်နေသည့်ပုံ။ ဝတ်ရည်သည် စိတ်ရှုပ်သည့်ကြားမှ ပြုံးချင်သွားရသည်။

"မဖြစ်ပါဘူး၊ ဒီအတိုင်း မေးကြည့်တာပါ။ လူတစ်ယောက်ဟာ တစ်ချိန်တည်းမှာပဲ နှစ်ယောက်ကို ချစ်နိုင်လားလို့ မေးချင်တာပါ"

"ဝတ်ရည်ရဲ့ မေးခွန်းကို ကိုယ် နားမလည်ဘူး"

"လူတစ်ယောက်ကကွာ၊ တစ်ယောက်တည်းကပဲ နောက်ထပ်နှစ်ယောက်ကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာပဲ ချစ်နိုင်တယ်ဆိုတာ ဖြစ်နိုင်လားလို့။ အဲဒါ နော်မယ်ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒါမျိုး ကိုယ်တော့ မကြုံဖူးဘူး။ ဒါပေမဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်တာကိုတော့ မှတ်မိတယ်။ သူက ပထမရည်းစားနဲ့ အခြေအနေအရ ဝေးသွားပြီးမှ နောက်တစ်ယောက် ထပ်ထားဖြစ်တာ။ ဒါပေမဲ့ ပထမတစ်ယောက်နဲ့ မြန်ဆိုတော့ သနားပြီး ဖြန့်မြစ်တော့။ ဒီတော့ နှစ်ယောက်ပြိုင်ထားသလို ဖြစ်နေတာပေါ့ …

ပထမတစ်ယောက်ကလည်း အချစ်ဦး၊ နောက်တစ်ယောက်ကိုလည်း သူတကယ်ချစ်တယ်။ အဲဒါဟာ ဝတ်ရည်ပြောသလို တစ်ချိန်တည်းမှာပဲ နှစ်ယောက်ချစ်နေမိတာမျိုးပေါ့။ ဒါပေမဲ့ ကိုယ်ကတော့ အဲဒီလို မထင်ဘူး …

အဲဒီအချစ်နှစ်ခုမှာ တစ်ခုက အချစ်ယောင်ဆောင်ထားတဲ့ သံယောဇဉ်လို့ ထင်မိတယ်။ နောက် သနားတာတွေ ထောက်ထားတာတွေကလည်း အချစ်ယောင်ဆောင်တတ်တယ်"

ဝတ်ရည်သည် သူ့အပြောကြောင့် အင်မတန်စိတ်ဝင်စားကာ အားတက်သွားသည်။

"ဒါဆို နရီရဲ့ အဲဒီသူငယ်ချင်းက နောက်ဆုံး ဘာဖြစ်သွားလဲဟင်၊ ဘယ်သူ့ကို ရွေးချယ်လိုက်လဲ"

"အင်း … ဘယ်သူ့ကိုမှ မရွေးချယ်ဖြစ်ဘူး"

"ဟယ် … ဘာလို့လဲ၊ ဘာဖြစ်သွားလို့လဲဟင်"

ဝတ်ရည်ရဲ့ အလန့်တကြား စိတ်ဝင်တစားအမေးကို သူက တည်ငြိမ်စွာ ပြုံးကြည့်လာသည်။ စားသောက်လက်ဖွှန်း ခက်ရင်းကိုတောင်ချလျက် နောက်သို့ မှီထိုင်လိုက်ကာ …



"ကောင်မလေးနှစ်ယောက်စလုံးက သိသွားကြတယ်လေ။ သိသွားတော့ သူ့ကို ထားခဲ့ကြရော။ ဒီတော့ ဘယ်သူ့ကိုမှ ရွေးချယ်စရာ မလိုတော့ဘဲ တစ်ယောက်တည်း ကျန်ခဲ့တာပေါ့၊ အဲဒါပဲ"

ဝတ်ရည်သည် ပါးစပ်မှတောင် ဟင်ခနဲ မပြည်နိုင်ဘဲ ရင်ထဲမှသာ ဟင်ခနဲ အကျယ်ကြီး မြည်တမ်းသွားလေသည်။ လိုပဲ ဝတ်ရည်ရဲ့ ကမ္ဘာမှာလည်း သူတို့နှစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် သိသွားတဲ့တစ်နေ့ ဝတ်ရည်ကို ထားခဲ့ကြမည်ဆိုလျှင် ယ်လိုလုပ်မလဲ။

မသိဘူးလို့ မပြောနိုင်။ အခုတောင် ကံတရားက း‌မနေရ၍သာ ကိုယ်က လက်မတင်လေး ကပ်ကပ်သိပြီး သက်မထွက်ရုံတာမယ် ရင်မောရကာ အရှောင်အတိမ်း ဂျက်စီ း လုပ်နိုင်၍သာ ကပ်လွတ်နေခြင်း ဖြစ်သည်။ ကြာလာရင် ကွက်တွေကရိုးကာ သူတို့လည်း သံသယဝင်လာနိုင်သည်။

သူတို့ သံသယမဝင်ခင် နှစ်ယောက်စလုံးနဲ့ ကွက်တိ ပင်း မမိခင် ကိုယ်ကပဲ သိက္ခာရှိရှိနဲ့ ဖွင့်ချလိုက်ရတော့ ား။

တကယ်တော့ အစတည်းက မပြတ်မသား အမှတ် ားခဲ့တဲ့ ဝတ်ရည်ရဲ့ အပြစ်တွေသာပဲ ဖြစ်တော့သည်။ ဝတ်ရည် ည် သူ မမြင်နိုင်သော သက်ပြင်းတစ်ချက်ကို ကျိတ်ချကာ ဒွှကို သေချာစဉ်းစားဆုံးဖြတ်မှ ရတော့မည်ဆိုတာကို ရင်ထဲ ည့်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် နှစ်ဟောင်းကုန်၍ နှစ်သစ်တစ်ခုတော့ ကူးပြောင်းတော့မည်။ အစွဲအလမ်းသဘောမျိုး မဟုတ်ပေမယ့် ဝတ်ရည်သည် နှစ်သစ်ကိုတော့ စိတ်ရှုပ်စရာတွေ၊ စိတ်မောစရာ တွေ သယ်မသွားချင်တော့ပါ။ ရှင်းစရာ လင်းစရာ လုပ်စရာ တာတွေ အားလုံးကို နှစ်ဟောင်းမှာပဲ တစ်ခါတည်း ဖြေရှင်းကာ ထားပစ်ခဲ့ချင်သည်။ နှစ်သစ်ကို စိတ်သစ် လူသစ်နဲ့ ကြိုဆိုကာ ဘယ်သူကများ ကိုယ့်ရဲ့လက်တွဲဖော်အစစ် ဖြစ်လာလိမ့်မလဲဟု မျှော်လင့်ရင်ခုန်ခဲ့မိလေသည်။



သို့သော် ကံတရားသည် ရက်စက်လွန်း ကြီးစွာဖြင့် ရေစက်ကို ပြတ်မပေးသေးချေ။ ဒီလောက်ထိ တိုက်ဆိုင်လွန်းတာတော့ ဝတ်ရည် ကို နှိပ်စက်လွန်းပါသည်။

တစ်ယောက်ယောက်နဲ့ကတော့ ရေစက် ပြတ်ကိုပြတ်မှ ဖြစ်တော့မည်။ ဒီရေစက်ကို ဘယ်သူ ဖြတ်ပေးနိုင်ပါသလဲ။ ဒီကံတရားကို ဘယ်သူ ဆုံးဖြတ်ပေးနိုင်ပါသလဲ။ ဝတ်ရည် သည် အတွေးများစွာနှင့်အတူ ခေါင်းထဲတွင် လက်ခနဲ ဖြစ်လို့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅

ရေရှည်ကို စဉ်းစားကာ အကြိမ်ကြိမ် အပြန်ပြန် အလှန်လှန် သုံးသပ်ပြီးသော ဝတ်ရည်သည် နောက်ဆုံးမှာတော့ ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့နိုင်လေသည်။ အဲဒီဆုံး ဖြတ်ချက်ကို ဆရာမကြီး နှင်းဆီအား ပြောပြခဲ့သော်လည်း နှင်းဆီက ကန့်ကွက်ချက် တစ်စုံတစ်ရာ မပေးခဲ့ပါ။

"တို့ သူတို့နှစ်ယောက်လုံးကို ဖွင့်ပြောပြလိုက်တော့မယ် နှင်းဆီ။ ကြာရင် ဒီပြဿနာဟာ ဘယ်သူ့အတွက်မှ မကောင်းဘဲ ရှိတော့မယ်။ ပြီးတော့ ကိုယ့်ကို လုံးဝယုံကြည် နေတဲ့အတွက် အဲဒါကိုလည်း အပြစ်ရှိနေသလို ခံစား တယ် ...

ဖွင့်ပြောဖို့ စိတ်ကူးထားတာတောင် ရင်ထဲမှာ ... ဝက်ပေါ့သလို ခံစားသွားရသေးတယ်။ တကယ်ပြောပြီး တော့ အလုံးကြီး ကျသွားလိမ့်မယ် ထင်တယ်"

နှင်းဆီက ဝတ်ရည်ရဲ့စကားကို ခေါင်းတဆတ်ဆတ် ညိတ်ကာ ...



"ဒီလိုလောကမှာ ဒီအဖြစ်အပျက်တွေအတွက် သီအိုရီ ဆိုတာ ပုံသေမရှိဘူး။ မင်းတို့သုံးယောက်က အရမ်း deep ဖြစ်နေတယ်၊ အခန့်ကြီးတွေဆိုတော့ မင်း ဆုံးဖြတ်တာ မှန်ပါတယ် ...

ဒါမျိုးက ပေါ့ပေါ့ပါးပါးမှ ကစားလို့ကောင်းတာ။ အတည်ပေါက်တွေက လေးသွားရင် မနိုင်တော့ဘူး။ လျှော့ ချလိုက်တာ ကောင်းပါတယ် ဝတ်ရည်။ Carry on ဒါဟာ အစစ်အမှန်ကို ခွဲခြားတာလည်း ရောက်ပါတယ်"

ဝတ်ရည်သည် အသက်ကို ဝဝရှူလိုက်ကာ စာနှစ် စောင်ကို ကောက်ရေးလိုက်သည်။ အဲဒီစာနှစ်စောင်မှာ နာမည် တပ်တားတာကလွဲ၍ စာသားတွေက အားလုံးထပ်တူပဲ ဖြစ်သည်။

"နရီ !

ဒီစာကို ဖတ်ပြီးတဲ့အခါ ဝတ်ရည်ကို နားလည်ခွင့် လွှတ်ပေးပါလို့ မတောင်းဆိုပါဘူး။ အခု ဒီစာကို နရီ ဖတ်နေတဲ့ အချိန်မှာ နောက်တစ်ယောက်ကလည်း ထပ်တူ ပဲ ဖတ်နေမှာပါ။

ဝတ်ရည်ကို စိတ်ဓာတ်မတည်ငြိမ်တဲ့ ခပ်ပေ့ပေ့ မိန်းကလေးမျိုးလို့ ထင်ချင်လည်း ထင်ပါ။ ဒါပေမဲ့ ဝတ်ရည်ဟာ အချစ်ကို တန်ဖိုးထားခဲ့တဲ့ မိန်းကလေးတစ် ယောက်ပါ။ အချစ်အတွက် နာကြည်းခံစား ကြေကွဲခဲ့ရ ဖူးတယ်ဆိုတာကို နရီလည်း သိမှာပါ။ ဝတ်ရည် အချစ်ကို ကစားချင်တဲ့စိတ်မျိုး မရှိခဲ့ပေမယ့် လောင်ချင်တဲ့စိတ်မျိုး တော့ ဖြစ်ခဲ့တယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဝတ်ရည်ဟာ နရီနဲ့ ရောင်ဝါဆိုတဲ့ ယောက်ျားနှစ်ဦးကို တစ်နေ့တည်းမှာပဲ ဆုံဖြစ်ခဲ့တာပါ။ ထူးခြား တိုက်ဆိုင်စွာနဲ့ သူတို့ propose လုပ်တဲ့ရက်က လည်း တစ်ရက်ပဲ ကွာတယ်။ ဝတ်ရည် တိုတိုနဲ့လိုရင်း ပြောရရင် ဒီနှစ်ယောက်တည်းက တစ်ယောက်ကို ရွေးချယ် ဖို့ စဉ်းစားရာမှာ ဘယ်လိုမှ မရွေးချယ်နိုင်ဘူး ဖြစ်နေတယ်။ တစ်ယောက်ယောက်ကို ချန်ထားခဲ့ရမှာအတွက် အဲဒီတစ် ယောက်ကို ရက်စက်နိုင်စွမ်းအား တကယ်ပဲ မရှိပါဘူး။

ဝတ်ရည် ဘယ်သူ့ကိုမှလဲ ခံစားကြေကွဲသွားရတာ မျိုး မဖြစ်စေချင်ဘူး။ ရှင်တို့ကို အိပ်မက်တွေ ပေးခဲ့တာ လည်း မဟုတ်ပါဘူး။ ဒီတော့ ဝတ်ရည် ဘယ်သူ့ကိုမှ မရွေးချယ်ပါရစေနဲ့တော့။ ဝတ်ရည်ကို ရွေးချယ်တာပဲ စောင့်ပါတော့မယ်။ ဝတ်ရည်ကို တကယ်နားလည်ပေးနိုင် တယ်ဆိုရင် သေချာဆုံးဖြတ်ပြီး နောက်တစ်ပတ် စနေနေ့ မနက် ဆယ်နာရီ ကန်တော်ကြီးထဲကို လာခဲ့ပါ။

ဝတ်ရည် စောင့်နေပါမယ် ...

”

ဝတ်ရည်သည် စာကို အဆုံးသတ်ပြီး အောက်မှာ လက်မှတ်ထိုးပြီးသွားလျှင် စာအိတ်အရှည်များထဲသို့ ထည့်ကာ ပိတ်လိုက်သည်။ ပြီးလျှင် လိပ်စာများ အသီးသီးတပ်ကာ နောက် တစ်ရက်တွင် သူတို့ထံသို့ ပို့မှာဖြစ်သည်။ ဝတ်ရည်သည် လိပ်စာ တပ်ပြီးသား စာအိတ်ဖြူဖြူလေး နှစ်လုံးကို စိုက်ကြည့်ကာ ရင် ထဲတွင် ဆွတ်ပျံ့လာသည်။ သူတို့ ဘယ်လိုဆုံးဖြတ်ကြမှာလဲ။



ဝတ်ရည်ကတော့ မရွေးချယ်၊ မဆုံးဖြတ်တတ်တော့။ သူတို့ထဲမှ တစ်ယောက်ယောက်ကတော့ ဝတ်ရည်ကို စွန့်လွှတ် နိုင်လိမ့်မည်ဟု ထင်ပါသည်။ အဲဒီလူဟာ ဘယ်သူများ ဖြစ်နိုင် မလဲ။ ဝတ်ရည်သည် တစ်စုံတစ်ယောက်ကို မျက်လုံးထဲ မြင်ယောင် လာမိကာ သူ အဲဒီလို ဆုံးဖြတ်သွားရင်လည်း စိတ်မဆိုးပဲ ခွင့် လွှတ်နေနိုင်တာကို တကယ်ပဲ အသည်းကြီးနေသောကြောင့် ဖြစ် နိုင်ပါသည်။

❤ ❧ ❤

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်သည် နာရီကို တကြည့်ကြည့်ဖြင့် စောင့်စားလျက်ရှိကာ ရင်ခုန်နှုန်းတွေသည် စက္ကန့်တံတွေနှင့်အညီ တဒိတ်ဒိတ်တိုးကာ မြင့်သထက် မြင့်လာလေ့ရှိသည်။ ဝတ်ရည်ရဲ့ဘယ်ဘက်လက်မှာ ဝတ်ဆင်ထားသော စီကိုဖိုက်နာရီလေးသည် ဆယ်နာရီနှင့် ဆယ်မိနစ်တိတိကို ညွှန်ပြနေသည်။ အခုချိန်ထိ ဘယ်သူဘယ်သူရဲ့ အရိပ်ယောင်ကိုမှ ဝတ်ရည် မမြင်တွေ့ရသေးချေ။ ဝတ်ရည်သည် ရင်ထဲတွင် တင်းကျပ်လေးလံပြီးလာသည်။ အခြေအနေဟာ ဝတ်ရည် မျှော်လင့်ထားတာထက် ပိုပြီးဆိုးရွားသွားပြီလား။

သူတို့နှစ်ယောက်စလုံးဟာ ဝတ်ရည်ကို ဘယ်သူမှ လက်မခံနိုင်ကြတော့ဘူးဟု ထင်သည်။ သူတို့ကို လှည့်စားထားသော မိန်းမတစ်ယောက်အဖြစ် စိတ်နာစွာ စိတ်ကုန်စွာဖြင့် မေ့ဖို့ကြိုးစားမှာပဲ။ တစ်ချိန်တည်းမှာပဲ နှစ်ယောက်စလုံးကို နှလုံးသားထဲ၌ နေရာပေးနိုင်သူအဖြစ် ယုံကြည်နိုင်မှာ မဟုတ်တော့။ တစ်ယောက်ယောက်ကို ရွေးချယ်လည်း ကျန်တစ်ယောက်ကိုတော့ စိတ်ထဲကကျိတ်၍ လွမ်းနေလောက်သည်ဟု သံသယစိတ်ဖြင့် ဝတ်ရည်ကို အထင်သေးသွားနိုင်သည်။ ယုံကြည်မှာ မဟုတ်တော့



လူတစ်ယောက်နှင့် တစ်ယောက် ချစ်ကြသည့်ကိစ္စတွင် ယုံကြည်ခြင်းက အဓိကအကျဆုံးအချက် ဖြစ်လေရာ အဲဒီယုံကြည်မှု မရှိတော့လျှင် ဘယ်လိုမှ ရှေ့ဆက်မရနိုင်တော့ဆိုတာကလည်း ဝတ်ရည်ရဲ့ ကိုယ်တွေ့ပဲ ဖြစ်သည်။ ဝတ်ရည်သည် ရည်းစားဦးကို လမ်းခွဲပြတ်စဲချိန်ထိ ချစ်နေဆဲပဲ ဖြစ်သော်လည်း ယုံကြည်မှု မရှိတော့သည့်အတွက် ဘယ်လိုမှ လက်တွဲ၍မရနိုင်တော့။ လက်လည်း မခံနိုင်တော့။ အခု သူတို့လည်း ဒီလိုပဲဖြစ်မည်။

ဝတ်ရည်သည် အိတ်ထဲမှ ဖုန်းလေးကိုထုတ်ကာ အဓိပ္ပာယ်မဲ့ ပွတ်သပ်နေမိသည်။ ပြီးတော့ Name list ကို ဖွင့်ကြည့်ကာ သူတို့ဖုန်းနံပါတ်တွေကို ဖွင့်ကြည့်မိသည်။ ခေါ်တော့ မခေါ်မိပါ။ အခုချိန်ဆို သူတို့ရော ဘာလုပ်နေမှာလဲ။ ဝတ်ရည်သည် ခေါင်းတွေကိုယမ်းကာ ဖုန်းကို ပြန်ပိတ်လိုက်သည်။ ကိုယ်ကတော့ ဘယ်သူ့ဆီကိုမှဖြင့် ဖုန်းခေါ်ဖို့ စိတ်ကူးမရှိပါ။

ဝတ်ရည်သည် ထိုင်လိုက် ထလိုက်ဖြင့် ဂနာမငြိမ်ဖြစ်လာပြီး အတွေးတွေနှင့်အတူ လူကပါ လိုက်ပြေးနေသလိုဖြစ်ကာ ကိုယ်တိုင် မောပန်းသလို ခံစားရလေသည်။ ဒီအချိန်မှာ ဆယ်နာရီခွဲတိတိ ရှိသွားပြီဖြစ်သည်။ “တီ”ခနဲ မြည်သော အသံနှင့်အတူ Message ဝင်ကြောင်း ဖုန်းကအချက်ပေးလျှင် ဝတ်ရည်သည် တဆတ်ဆတ်တုန်လာသော လက်များဖြင့် ဖုန်းကိုဖွင့်ကာ ကြည့်မိသည်။ မျှော်လင့်ထားသလို တစ်ယောက်ယောက်ဆီမှ မဟုတ်ဘဲ နှင်းဆီထံက ဖြစ်နေသည်။ သူမကလည်း ဒီကိစ္စကို တော်တော် စိတ်ဝင်စားပုံရ၍ နေသည်။ “အခြေအနေ ဘယ်လိုလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟူသော နှင်းဆီရဲ့အမေးအမြန်းကို ဘယ်လိုပြန်ဖြေရမှန်းမသိချေ။ စကားလုံး တွန့်ဆုတ် တွန့်ဆုတ် ရွေးနေတုန်းမှာပဲ နောက်ထပ် Message တစ်ခုက ထပ်ဝင်ပြီးလာသည်။

"ငါ ထင်တာတော့ မထူးခြားဘူး ထင်တယ်"တဲ့။ ဝတ်ရည်သည် ဒါကိုတော့ "Yes"ဟု ခပ်သွက်သွက်ကြီး ပြန်ပို့လိုက်လေသည်။ အဲဒီတော့ နှင်းဆီက Mess: ထပ်ဝင်လာပြန်သည်။

"ဘယ်အချိန်ထိ ဆက်စောင့်နေမှာလဲ၊ ဘယ်သူ့ကို စောင့်နေတာလဲ"တဲ့။ ဒါကိုလည်း ဝတ်ရည်သည် I don't know (ငါ မသိဘူး)ဟူသော အဖြေကို ခပ်သွက်သွက် ပြန်ပို့လိုက်သည်။ အဲဒီအဖြေမှာ မေးခွန်းနှစ်ခုလုံးအတွက် အကျုံးဝင်မှန်ကန်သော အဖြေပဲ ဖြစ်သည်။ ဝတ်ရည်သည် အဲဒီနောက်မှာတော့ ခုံတန်းလေးပေါ်တွင် ထိုင်ချလိုက်လေသည်။ ဒီပုံစံအတိုင်းဆိုလျှင်တော့ သူတို့နှစ်ယောက်လုံးသည် ဝတ်ရည်ကို စိတ်နာသွားကြတာ ဖြစ်နိုင်ပါသည်။ နှစ်ယောက်စလုံးက ဝတ်ရည်ကို နားလည်မပေးနိုင်ကြ။

အင်း ... ဒါလည်း ကောင်းပါတယ်လေ။ တကယ်တော့လည်း ဒီလိုပဲ ဖြစ်သင့်တာပါ။ ဒီလိုဆိုတော့လည်း ဝတ်ရည်သည်လည်း ပိုနေမြဲ ကျားနေမြဲ အတိုင်းပေါ့။ ဝတ်ရည်သည် ဘာကိုနာကျင်သွားမှန်း မသိဘဲ နာကျင်လာကာ တစ်ကိုယ်တည်း နာနာကြည်းကြည်း ပြုံးမိလေသည်။ မျက်လုံးထဲတွင် နှစ်ယောက်စလုံးနှင့် ဆုံစည်းခဲ့ရသော အဖြစ်အပျက်များကို တန်းစီပြီး ပြန်မြင်ယောင်လာသည်။



ကံကြမ္မာကိုက ဝတ်ရည်ကို ကျီစယ်ခဲ့တာ ဖြစ်သည်။ ဝတ်ရည်လို ကံမကောင်းခဲ့သော မိန်းကလေးတစ်ယောက်ကို ကံကောင်းခြင်းတွေ စုပြုံချပေးခဲ့တော့ ဝတ်ရည်သည် အဲဒီ ချိုမြိန်မှုတွေကို အငမ်းမရ သောက်သုံးကာ မက်မောခဲ့သည်။ လောဘကြီးခဲ့သည်။ တကယ်တော့ ချစ်တတ်သူများ သတိပြုရန်မှာ လောဘသိပ်မကြီးမိဖို့လည်း လိုအပ်ပါသည်။

"အဟင်း ဟင်း ... သွား၊ တော်ပြီကွာ၊ လောဘမကြီးနဲ့"

ရုတ်တရက် ထွက်ပေါ်လာသော ရယ်သံနှင့် စကားသံကြောင့် အတွေးပင်လယ်ထဲမှာ မျောနေသော ဝတ်ရည်မှာ လှမ်းတို့ခံလိုက်ရသူလို ဆတ်ခနဲ ဖြစ်သွားသည်။ အခြေအနေမှန်ကို သုံးသပ်ကြည့်တော့မှပဲ သစ်ပင်ကွယ်က အတွဲထဲမှ အသံထွက်လာသည်ဆိုတာ သုံးသပ်မိသွားသည်။ ကိုယ်ကလည်း ကိုယ့်အာရုံနဲ့ကိုယ်၊ သူတို့ကလည်း သူတို့အာရုံနဲ့ သူတို့မို့ ရှိနေကြမှန်း ဘယ်သူကမှ မသိကြ။ ဝတ်ရည်သည် ဒီနေရာမှာ မနေသင့်တော့ဘူးဟူသော အသိစိတ်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ နာရီကိုတစ်ချက်ကြည့်မိသွားလျှင် မျက်ခုံးတောင် ပင့်မိသွားသည်။ ဆယ်တစ်နာရီထိုးဖို့ ငါးမိနစ်မျှသာ လိုတော့သည်။

ဘုရား ... ဘုရား ... ဒီနေရာမှာ ဝတ်ရည် တစ်ယောက် တစ်နာရီတိတိ စောင့်နေမိခဲ့တာပါလား။ ဒီအချိန်ကျမှတော့ နှစ်ယောက်စလုံးရဲ့ ရွေးချယ်မှုကို တိတိကျကျ သိလိုက်ရပြီဟု ထင်ပါသည်။ ဝတ်ရည်သည် ရင်ထဲမှာ ဗလာဖြစ်သွားသော ခံစားချက်နှင့် ခြေတစ်လှမ်းကို စရွေ့လိုက်သည်။ အဲဒီအချိန်မှာပဲ ဝတ်ရည်ရဲ့ ဖုန်းလေးက ထမြည်လိုက်လာသည်။ ဝတ်ရည်သည်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မသိသော ဖုန်းနံပါတ်ကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်မိကာ ဖုန်းဖွင့်ထူးလိုက်သည်။

"ဟယ်လို"

"မမြဝတ်ရည်လား"

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"မမြဝတ်ရည် ကျွန်တော် နရီမင်းရဲ့ သူငယ်ချင်းပါ။ နရီ ကားအက်ဆီးဒင့်ဖြစ်လို့ အခု ဆေးရုံမှာ ရောက်နေတယ်။ လွန်ခဲ့တဲ့ တစ်နာရီကျော်လောက်က ဖြစ်တာပါ။ ခုထိတော့ သတိမရသေးဘူး။ အဲဒါ လာနိုင်မလား မသိဘူး ...

ဆေးရုံက ဆေးရုံကြီး၊ ပြည်သူ့ဆေးရုံကြီးမှာပါ"

"ရှင် ... ဟုတ် ... ဟုတ်။ ကျွန်မ အခုပဲ လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ... ဒါဆို ကျွန်တော်တို့ စောင့်နေပါ့မယ်"

တစ်ဖက်က ဖုန်းချသွားတောင် ဝတ်ရည် မသိလိုက်ချေ။ ဝတ်ရည်သည် ထိတ်ပျာသော ခြေလှမ်းများဖြင့် ကမူးရှူးထိုး လှမ်းထွက်လာခဲ့သည်။ ဒါဆိုရင် နရီဟာ ဝတ်ရည်ထံကို လာခဲ့တာပေါ့။ လာခဲ့တဲ့လမ်းမှာ ခုလိုဖြစ်တာပေါ့။ ဝတ်ရည်သည် နရီ့အတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် ခံစားရသည့်တိုင်အောင် ကြည်နူးမှုတစ်ခုက ဖြစ်ထွန်းလို့ သွားသေးသည်။ သူ ကိုယ့်ကို နားလည်တယ်ဟူသော ခံစားမှုသည် ဝတ်ရည်ကို တကယ်ပင် ကြက်သီးမွေးညင်း ထစေပါသည်။

"ဒူ ဒူ ဒူ ... ဒင် ဒင် ဒင် ... ဒမ်း ဒီး ဒီး ဒါး"

ဝင်ပေါက် ထွက်ပေါက်ရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်နေတုန်းမှာပဲ အိတ်ထဲကဖုန်းက ရက်ဘရက် မြည်လာ



ပြန်သဖြင့် ဝတ်ရည်သည် ပထမတော့ မကိုင်တော့ဘူးရယ်လို့ စိတ်ကူးပြီးမှ ဘယ်လိုစိတ်က နှိုးဆော်သလဲတော့ မသိချေ။ ဖုန်းကိုထုတ်ကာ ဖွင့်နားထောင်လိုက်ရသည်။ ခြေလှမ်းတွေကလည်း သွက်သွက်လှမ်းနေသဖြင့် ဂိတ်ပေါက်ဝသို့ ရောက်သွားကာ လာနေသော Taxi တစ်စီးကို ချက်ချင်းဖမ်းတားလိုက်သည်။ လူက ကားပေါ်တက်ထိုင်လိုက်သော်လည်း Taxi သမားကို ဘာမှမပြောအားသေး။

ထိုလူကလည်း နားလည်ဟန်ဖြင့် မမေးသေးချေ။ ဝတ်ရည်ကသာ လက်ဟန်ခြေဟန်ဖြင့် မောင်းဖို့ အချက်ပေးလိုက်သဖြင့် မောင်းထွက်သည်။

"ဟယ်လို"

"ဟုတ်ကဲ့ ... မမြဝတ်ရည်လား ခင်ဗျာ"

"ဟုတ် ... ပြောပါ"

"မမြဝတ်ရည် ကျွန်တော် ကိုရောင်ဝါရဲ့ပီအေပါ။ လွန်ခဲ့တဲ့ တစ်နာရီလောက်က ကိုရောင်ဝါ ကားအက်ဆီးဒင့်ဖြစ်လို့ အခု ဆာကူရာဆေးရုံမှာ တင်ထားရပါတယ်။ အခြေအနေကတော့ သတိမရသေးပါဘူး။ နည်းနည်းတော့စိုးရိမ်ရပါတယ်။ အဲဒါ လှမ်းအကြောင်းကြားတာပါ ခင်ဗျာ"

"ရှင် ... တကယ် ... တကယ် ပြောနေတာလား"

"ဟုတ်ပါတယ် ခင်ဗျာ။ လွန်ခဲ့တဲ့ တစ်နာရီက ဖြစ်တာပါ။ သူ တစ်ယောက်တည်း မောင်းသွားတာပါ၊ အဲဒါ ..."

"သိပြီ ... သိပြီ၊ ကျွန်မ နားလည်ပါပြီ။ ဟုတ်ကဲ့ ... လာ ... လာခဲ့ပါ့မယ်။ ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်သည် တုန်တုန်ယင်ယင်ဖြင့် ဖုန်းချလိုက်သည်။ ဘယ်ကနေ ဘယ်လို ထွက်ကျလာမှန်းမသိသော မျက်ရည်ပူများသည် ဝတ်ရည်ရဲ့ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာကြသည်။ သူ ... သူသည်လည်း ဝတ်ရည်ထံကို ရောက်လာခဲ့တဲ့သူပဲပေါ့။ သူလို ယောကျာ်းတစ်ယောက်ကလည်း ဝတ်ရည်ကိုနားလည်ပေးနိုင်တယ်တဲ့ပေါ့။ တကယ်တမ်း ပြောရလျှင် ဝတ်ရည်သည် ရောင်ဝါကို ရောက်လာမယ်တောင် မထင်ခဲ့ပါ။ နရီထက်စာလျှင် ရောင်ဝါက ပိုပြီး တည်သည်ဟု ထင်၍ဖြစ်သည်။ အခုတော့ ...

"အစ်မ ဘယ်ကို သွားရမှာလဲ ခင်ဗျ"

Taxi သမားက ခပ်ဖြည်းဖြည်းမောင်းရင်းမှ ဝတ်ရည်ကို လှည့်မေးသည်။ ဝတ်ရည်သည် ဘာမှမဖြေနိုင်ဘဲ ကားသမားကို ငေးကြောင်ပြီး ကြည့်နေမိသည်။ ကားသမားက ဝတ်ရည်ကို "အစ်မ"ဟု ထပ်ခေါ်သည်။ ဝတ်ရည် ဘာကိုဆုံးဖြတ်ရမလဲ။ အဲဒီလို ဆုံးဖြတ်ချက်တွေ ပြတ်ပြတ်သားသား မချနိုင်ခဲ့၍ ရွေးချယ်ရမည့်သူ ဘဝကနေ အရွေးချယ်ခံဘဝသို့ ဝတ်ရည်က ပြောင်းလဲခံယူကာ ဒီနေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ကံတရားသည် ရက်စက်လွန်းကြီးစွာနှင့် နှစ်ယောက်စလုံးအတွက် ရေစက်ကို ဖြတ်မပေးသေးချေ။ တစ်ယောက်ယောက်နဲ့တော့ ရေစက်ကိုပြတ်မှ ဖြစ်တော့မည်။ ဒီရေစက်ကို ဘယ်သူ ဖြတ်ပေးနိုင်ပါသလဲ။ ဒီကံတရားကို ဘယ်သူက ဆုံးဖြတ်ပေးနိုင်ပါသလဲ။ ဝတ်ရည်သည် အတွေးများစွာဖြင့် ခေါင်းထဲတွင် လက်ခနဲ့ ဖြစ်သွားသည်။



"ဒီမှာ ... ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ဆာကူရာဆေးရုံ၊ အဲဒီဆေးရုံ နှစ်ခုထဲက ရှင် ကြိုက်တဲ့ဆေးရုံကိုမောင်း။ ရော့ ... ဒီမှာ ပိုက်ဆံပါထောင်။ ဘယ်ကိုမောင်းရမလဲ ဆိုတာ ကျွန်မကို ပြန်မမေးနဲ့။ ရှင်မောင်းချင်တဲ့ တစ်နေရာကိုပဲ မောင်း။ ဘယ်ကိုမောင်းနေတယ် ဆိုတာကိုလည်း မပြောနဲ့။ ကျွန်မ မျက်လုံးမှိတ်ထားမယ်။ ရောက်တော့မှ ပြော။ သဘောပေါက်တယ်နော် ...

ကဲ ... မောင်းတော့။ ကျွန်မကို ဘာမှထပ်မမေးနဲ့တော့"

ကားသမားက တစ်ခုခု ပြောမည့်ဟန် ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ ခေါင်းကိုကုတ်ကာ ကားမောင်းထွက်သည်။ ကားထွက်တာနှင့် ဝတ်ရည်သည် မျက်ဝန်းများကိုမှိတ်ကာ လိုက်ပါလာခဲ့သည်။ စိတ်ထဲမှာတော့ နှစ်ယောက်စလုံးအတွက် တစ်လှည့်စီ ဆုတောင်းပေးနေရသည်မှာ အရူးမကြီးလိုပဲ ဖြစ်သည်။ ဒီကြားထဲမှာမှ အလိုက်ကန်းဆိုးမသိဘဲ ဖွင့်ထားသော ကားသမားရဲ့ ကက်ဆက်ထဲမှ သီချင်းတစ်ပုဒ်က ဝတ်ရည်ကို စောင်းနေသလိုပဲ ဖြစ်သည်။

"နှစ်ယောက်စလုံးကို ချစ်တယ် ... နှစ်ယောက်စလုံးကလည်း ချစ်တယ် ... ငါကိုယ်ငါပဲ သတ်သေချင်လိုက်တယ်"

ဟုတ်တယ်။ တကယ်သေသင့်တာက ဝတ်ရည်ပဲဖြစ်သည်။ ယုံကြည်တာတစ်ခုကတော့ သူတို့နှစ်ယောက်စလုံး မသေနိုင်ဟူသော အသိပဲဖြစ်သည်။ ဒါကြောင့် ဝတ်ရည်သည်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပေးလာသော ကံတရားကိုပဲ အသုံးချလိုက်လေသည်။ ကံတရားဟာ ဘယ်သူ့ဆီကိုများ ပို့ဆောင်ပေးမလဲ။ ဝတ်ရည်ရဲ့ ရင်တွေ အခုန်မြန်လာသည်။ အဲဒီအဖြေကို ဝတ်ရည်လည်း အသက်နဲ့ရင်းပြီး သိချင်ပါသည်။

အခုတော့ သိခွင့်မရသေး။ ဝတ်ရည်ရဲ့ မျက်ဝန်းများကလည်း မှေးမှိတ်ထားဆဲ။ ဝတ်ရည်သည် အသံတစ်သံကို နားစွင့်ထားလေသည်။

ဆုမြတ်မွန်မွန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမရဲ့ဝတ္ထုတိုလေးတွေ အရမ်းကောင်းပါတယ် ... ။ ကျွန်တော်တို့မြို့မှာ အစ်မရဲ့ဝတ္ထုတွေကိုအရမ်းကြိုက်ကြပါတယ်။ ဆရာမကို အပျိုစင်မှာတွေ့နေကြ ဆုမြတ်မွန်မွန်လို့လည်းခေါ်ထင်ဘူးလေ။ ဆရာမရဲ့လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှုဆိုတဲ့ ဝတ္ထုလေးကို ကောက်ဖတ်မိမှ ဆရာမကို ဝတ္ထုတိုတွေရေးတဲ့ ဆရာမဖြစ်မှန်းသိတာပါ။ ဆရာမရဲ့ ဝတ္ထုတိုလေးတွေက ရင်ကို ထိစေသလို လုံးချင်းဝတ္ထုအနေနဲ့လည်း ဆွဲဆောင်အားကောင်းလှပါတယ်။ ဆရာမကို ကျွန်တော်ကြိုက်တဲ့ စာရေးဆရာတစ်ဦးအဖြစ် အမှတ်မှတ်လိုက်တဲ့အထိပါပဲ။

ဆရာမ ထာဝရအောင်မြင်ပျော်ရွှင်ပါစေ
သစ်သစ်
ဘောဂလမ်း၊ အောင်တော်မူ၊ ပေါက်၊
မကွေးမြို့။

စေတနာစာပေ ၏

အမှတ်တရအစီအစဉ်

မမြတ်မွန်ရေ မင်္ဂလာပါနော်

ညီမလေး ကိုယ့်ကိုယ်ကိုယ် အရင်မိတ်ဆက်ပါရစေ။ ညီမလေးနာမည်က အငယ်လေးလို့ခေါ်ပါတယ်။ အစ်မကိုလေ မချီးကျူးဘဲမနေနိုင်တော့လို့ပါ။ ဒါပေမဲ့လေ ထူးခြားစွာ ဝတ္ထုကိုစွဲလမ်းသွားတယ်။ အခုဆိုရင်အစ်မဝတ္ထုကိုဖတ်တာ(၁၀)အုပ်မြောက်သွားပြီ။ အရမ်းကို Crazy ဖြစ်မိတယ်။ မရဲ့ Idea ကိုလည်း အရမ်းနှစ်သက်တယ်။ ဓာတ်အိမ်တွေက အရမ်းကောင်းပြီး တစ်ခုနဲ့တစ်ခုလည်း လုံးဝကို မထပ်ဘူး။ ထပ်ပြီးချီးကျူးပါရစေ။ မသိပ်တော်တယ်။ မလွှတ်တမ်းအားပေးမဲ့ အခိုင်အမာပရိသတ်တစ်ယောက်ဆိုတာ ယုံမယ်မလား။

အငယ်လေး
ယုဇန (၃၅၈) မြစ်ကြီးနားမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆု

မဆုရဲ့စာအုပ်အားလုံးကို ဖတ်ပြီးပြီ။ အရမ်းအရမ်းကို ကြိုက်ပါတယ်။ မဆုရဲ့စာအုပ်တိုင်းမှာ Attraction တစ်မျိုးစီရှိတယ်။ Idea တွေလည်း မထပ်ဘူး။ ညီမက မာနပြိုင်တဲ့ဇာတ်လမ်းမျိုးကို အရမ်းကြိုက်တယ်။

မဆုရဲ့ ထာဝရပရိသတ်
မေမြတ်နိုး
ဒုတိယနှစ် (IC)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမွန်

သိမ်းမွေ့နူးညံ့သော နှလုံးအိမ်ထဲက ရသမြောက်သော ဘာလုံးသေသပ်သော ဇာတ်အိမ်၊ နက်ရှိုင်းသောအတွေးစဖွတွေကို ဖန်တီးပေးတတ်တဲ့ စာရေးဆရာမတစ်ယောက်ကို ရင်ထဲက လှိုက်လှဲစွာကြိုဆိုသော လေးစားဂုဏ်ယူမိတဲ့စိတ်တွေနဲ့အတူ မိတ်ဆက်စာရေးလိုက်ပါရစေ။ မမွန်ရဲ့ကျော်ကြားမှုဂုဏ်သတင်းတွေဟာ စာပေလောကမှာ တမွှေ့မွှေ့ပျံ့နေတဲ့ ပန်းရနံ့တစ်မျိုးလို တစ်စစနှင့်တိုးတက်လာသည့် ပရိသတ်တွေရဲ့ပါးစပ်ထဲမှာ ဆုမြတ်မွန်မွန်ဆိုတဲ့ နာမည်ရေပန်းစားနေတာကိုလည်း ... ကျွန်တော်ကြားရသည်။

ကောင်းကင်မိုး

ကောင်းကင်မိုး
ဓညဝတီကျောင်း
မြင်းဝန်မင်းကြီးတိုက်၊ ဘုရားကြီးမြောက်မုခ်၊
မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မမွန်

အမြဲထာဝရအားပေးလျှက်ပါနော် ... ။ စာအုပ်ထွက်တိုင်း စာမရေးဖြစ်ပေမယ့် စာအုပ်ကတော့ ထွက်တာနဲ့ ဖတ်ဖြစ်ပါတယ်။ မျက်နက်ဝန်းရဲ့ မေတ္တာတံချူဇာတ်သိမ်းက ဘယ်တော့မှ ထွက်မှာလဲ။ အဲဒီစာအုပ်ဖတ်ပြီးကတည်းက ကောင်လေးနဲ့ ကောင်မလေးကို ပေးညားစေချင်တာ စာအုပ်ထပ်ထွက်မယ်ဆိုတော့ ပျော်သွားတာပဲ။

မိုးသူဇာ
ပေါ်တော်မူဘုရားရှေ့၊
ကျုံဒိုး၊ ကရင်ပြည်နယ်။

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မမ်မွန်

မင်္ဂလာပါ 'မ'။ ဝသုန်က မရဲ့ မျက်နက်ဝန်းရဲ့မေတ္တာတံချူကနေ စဖတ်ဖြစ်တာပါ။ ဇာတ်သိမ်းခန်းလေးက မိုက်တဲ့အတွက်ကြိုက်ပါတယ်။ 'မ'ရဲ့ ဝတ္ထုတွေထဲမှာ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ'နှင့် 'ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတု'ကို အကြိုက်ဆုံးပါ။ အခုချိန်ထိ အဲဒီနှစ်အုပ်ကို တစ်လှည့်စီဖတ်တုန်းပါ။

ဝသုန်
မြိတ်မြို့။

ဝသုန်
(၁၃)၊ စကားဝါလမ်း၊
မြစ်ငယ်ရပ်၊ မြိတ်မြို့။

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ဆရာမ မမဆုမြတ်မွန်မွန်ထံ လေးစားမှုတွေရဲ့သင်္ကေတ အဖြစ် မမလို့ခေါ်ခွင့်ပြုပါနော်။ မောင်လေးဟာ မမရဲ့ထာဝရ ပရိသတ်ဆိုတာကတော့ အထူးပြောဖို့လိုမယ်မထင်ပါဘူး။ မမ စာအုပ်တွေကို အမြဲဖတ်ဖြစ်ပါတယ်။ မမရဲ့ အောင်ပွဲကတော့ ချီးကျူးစရာပဲ မမရယ်။ အခု ပရိသတ်တွေရဲ့နှုတ်ဖျားမှာ မမ စာအုပ်ကိုပဲ ရေပန်းစားနေတယ်။ မမပုံလေးထည့်ထားတော့ စာအုပ်လည်း ကျက်သရေရှိတယ်။ ဖတ်တဲ့သူပေါ့များပြီး ဖတ်တဲ့ သူတိုင်းလည်း အနှစ်သာရကို သဘောကျကြတယ်။ မမ ဒီ့ထက် အောင်မြင်ပါစေဗျာ။ မွန်မြတ်အေးချမ်းသာယာတဲ့ စာပေခရီးကို ထာဝရလျှောက်လှမ်းနိုင်ပါစေလို့ ...

မောင်လေး

မြတ်သောမောင်(ယော)ကုန်းရွာ၊

(ခေတ္တ)မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့မရပ်ကွက်၊

ဓမ္မစကြာ ဝိမာနကျောင်း။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမဆုမွန်

ညီမ လေးစားစွာစာရေးလိုက်ပါတယ်။ ပထမဦးဆုံး စာအုပ် မျက်နှက်ဝန်းရဲ့မေတ္တာတံချူစာအုပ်ဖတ်ပြီးကတည်းက ဝတ္ထုစာအုပ်ဖတ်ရတာ ကြိုက်ခဲ့တယ်။ မမဆုမွန်ရဲ့စာအုပ်တွေ လက်ထဲက မချချင်လောက်အောင်ကို ဆွဲဆောင်မှုအပြည့်ရှိ တယ်။ ရသမျိုးစုံလည်း ခံစားရတယ်။ မမဆုမွန်ရဲ့ဝတ္ထုတွေကို ဗွီဒီယိုကားတွေ ရိုက်စေချင်တယ်လို့ ဆန္ဒပြုရင်း ...

ထာဝရပရိသတ်

ညီမ

မြနန္ဒာ

ဘုရားလမ်း၊ ဆေးမလောက်၊ ညောင်တုန်း။

ဖင်မင်းအေး

တ-နှစ် ဓာတုဗေဒ

E-03 မအူပင်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာ့စာပေ ၏
## အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ကျွန်တော့်အမည် ရဲနိုင်လင်းပါ။ ဆရာမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့ ဝတ္ထုကိုဖတ်ပြီးရင် စိတ်ခံစားမှုတွေ နိုင်မာလာတယ်။ ယုံကြည်မှုပိုရှိလာတယ်။ အရေးအသားတွေ ကောင်းတယ်။

ခင်မင်လေးစားစွာဖြင့်
ရဲနိုင်လင်း
ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊
ကျောက်တံခါးမြို့နယ်။

စေတနာ့စာပေ ၏
အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆု

ညီမ မဆုလို့ခေါ်မယ်နော်။ ညီမက 'မဆု'စာအုပ်တွေကို အားပေးနေတဲ့သူတစ်ဦးပါ။ 'မဆု'ရဲ့စာအုပ်လေးတွေဟာ ဖတ်ကောင်းလွန်းလို့ လက်ကမချချင်အောင်ဖြစ်ရတယ်။ မဆုရေးတဲ့ ကြယ်ကလေးရဲ့နှင်တံစာအုပ်ကို ညီမအကြိုက်ဆုံးပဲ။ ဇာတ်သိမ်းမှာ ကောင်လေးနှင့်ကောင်မလေး ညားသွားတဲ့ဇာတ်လမ်းမျိုးကို များများရေးပေးပါ။ မဆုအောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ်။

မဆုကိုအားပေးနေတဲ့
မလွင်မျိုးသူ
၂ကာ၈–၂၄၈
**Second Year IC**
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မမြတ် မင်္ဂလာပါ

မမြတ်ရဲ့စာအုပ်တိုင်းကို မဖတ်ဖြစ်ပေမဲ့ ဖတ်ရတဲ့စာအုပ်တွေက ဖတ်မိရင် လက်ကမချချင်လောက်အောင် အရမ်းအရမ်းကို ကောင်းနေတယ်။ 'မီ'က ရင်ခွင်ဆီသို့လှေကားထစ်များဆိုတဲ့ စာအုပ်ကို အရမ်းနှစ်သက်မိတယ်။

ထာဝရပရိသတ်
ညီမလေး
နှင်းမာဝေ

နှင်းမာဝေ
အမှတ်(၁၀၉)၊ နဝရတ်လမ်း၊
မြို့သစ်(၄)၊ တနင်္သာရီတိုင်း၊
မြိတ်မြို့။

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်ရင်းနှီးစွာဖြင့် မဆုလို့ ခေါ်မယ်နော်။ ညီမလေးက 'နှလုံးသားတစ်ခု အရင်းပြု၍' စာအုပ်ဖတ်ပြီးကတည်းက မဆုရဲ့စာအုပ်ကို အရမ်းကြိုက်သွားတာ။ မဆု Idea တော်တော်ကောင်းတယ်နော်။ မဆုရဲ့စာအုပ်တွေက တစ်အုပ်ဆို ဆိုသလောက်ဖတ်ရတာ အရမ်းအရသာရှိတာပဲ။ စာသားတွေကလည်း ဖွဲ့ဆောင်မှုအပြည့်ရှိတယ်။ စာပေလောကမှာ အမြဲတမ်းအောင်မြင်ကျော်ကြားသူတစ်ယောက်ဖြစ်ပါစေလို့ ညီမလေးဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်နော်။

မဆုကို အမြဲထာဝရအားပေးနေမဲ့
မဆုရဲ့ထာဝရပရိသတ်
ဝင်းသက်ခွန်(ခ)မဖြိုး၊
မြန်မာစာ (ဒုတိယနှစ်)
မကွေးတိုင်း၊ တောင်တွင်းကြီး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ညီမလေး ဆုမြတ်

အစ်မနာမည် မချိုပါ ...

ညီမရဲ့စာအရေးအသားတွေက အရမ်းကောင်းတယ်။ အထူးသဖြင့် လှုင်ယ်တွေကို ပိုပြီးစွမ်းဆောင်မှုရှိစေတယ်။ အစ်မဆိုင်မှာတော့ ညီမရဲ့စာအုပ်တွေဆို လက်မလည်အောင် အရမ်းငှားအားကောင်းတာပဲ။ ဂုဏ်ယူပါတယ်။ အားလည်းပေးပါတယ်။ ညီမ ဒီထက်လည်း ပိုလို့အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ အစ်မတို့လို စာအုပ်ဆိုင်ပေွကလည်း ညီမတို့လို စာရေးဆရာကောင်လေးတွေကို မျှော်လင့်ကြိုဆိုနေပါတယ်ကွယ်။

ညီမရဲ့ အနုပညာလမ်းမှာ ဒုက္ခဆိုတာ အရောင်မသန်းဘဲ ဖြူစင်အေးချမ်းစွာ တက်လှမ်းနိုင်ပါစေကွယ် ...

မချို
အတွင်းရှမ်းကန်လမ်းထိပ်၊
ရွှေတောင်မြို့။
"ငွေလဝန်းစာပေ"

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမမြတ်

ဂုဏ်ယူစွာနဲ့ အရင်ဆုံးမိတ်ဆက်ပါရစေ ... ညီမနာမည် နှင်းအိဖြူပါ။ ရွှေတောင်ကပါပဲ။

မရဲ့ဝတ္ထုတွေကို အကုန်ဖတ်ပြီးပါပြီမမ။ အကုန်လုံးလေးနက်မှုရှိပါတယ်။ အကြိုက်ဆုံးကတော့ 'ရင်ခွင်ဆီသို့ လှေကားထစ်များ' စာအုပ်ပါ။

စွမ်းဆောင်မှုအပြည့်ရှိပါတယ်။ ပြီးတော့ စိတ်ကိုလည်းထက်မြက်အောင် တက်ကြွစေပါတယ်။ မမရေးတဲ့စာအုပ်တိုင်းမှာ ဇာတ်လိုက်တွေက မိန်းကလေးတွေကို ပိုပြီးဦးစားပေးရေးတဲ့အတွက် ဖတ်ရတာ ကျေနပ်အားရတယ်။ မကိုလည်းတကယ်ပဲ အားကျမိတယ်။ ဘာဖြစ်လို့လဲဆိုရင် ညီမကလည်း စာရေးဖတ်ဝါသနာရှင် တစ်ယောက်မို့ပါ။

ဒါပဲနော်
မမမြတ်

အိဖြူ
ခင်းတဲ
ရွှေတောင်မြို့၊ ပုလဲဖြူစာပေ။

www.burmeseclassic.com

## စာေပ

## စာေပ

## ၏

## အမှတ်တရအစီအစဉ်

မဆုလို့ပဲ ခေါ်မယ်နော်။ သမီးက မဆုရဲ့ပရိသတ်ပါ။ ပထမဆုံးရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပေးပါမမ။ မမရဲ့ စာအုပ်တွေက အရမ်းဖတ်လို့ကောင်းပါတယ်။ သမီးက အပျော်တမ်းဖတ်တာမဟုတ်ဘူးနော်။ ရင်ဘတ်နဲ့ခံစားပြီးတော့ ဖတ်တာပါ။ နှလုံးသားတစ်ခုအရင်းပြု၍ကို အရမ်းကြိုက်တယ်။ အဲဒီစာအုပ်လေးကိုဝယ်သိမ်းထားတယ်။ မမ ဒီထက်မကအောင်မြင်မှုတွေ အများကြီးရရှိပိုင်ဆိုင်နိုင်သော နိုင်ငံကျော်စာရေးဆရာမအဖြစ် အောင်မြင်မှုသရဖူဆောင်နိုင်ပါစေလို့ ...

မဇာဇာထွန်း
ဝါဝါဝင်းအထည်ဆိုင်
မြို့မဈေးအတွင်း
ကျုံပျော်မြို့၊ ဧရာဝတီတိုင်း။

## စာေပ

## ၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

မမဆုမြတ်ရဲ့ လိုအင်ဆန္ဒတွေပြည့်စုံနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ညီမလေးက မမဆုမြတ်ရဲ့ထာဝရပရိသတ်တစ်ယောက်ပါ။ မမဆုမြတ် ဝတ္ထုတွေကို အရမ်းကြိုက်တယ်။ မဖတ်ဘဲမနေနိုင်ဘူး။ မမဆုမြတ်ကို အမြဲအားပေးနေပါတယ်။ နောက်လည်း ဒီ့ထက်ကောင်းတဲ့ ဝတ္ထုတွေကို ဆက်ရေးနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ မမဆုမြတ် ထာဝရအောင်မြင်နိုင်ပါစေလို့ ဆုတောင်းလျက် ...

ညီမလေး

မိုင်နီလာမြင့်
ဒုံးကျေးရွာ၊ တောင်ကုတ်မြို့၊
ရခိုင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်

"ညီမက အစ်မရဲ့ပရိသတ်တစ်ဦးပါ။ အစ်မရဲ့ မျက်နက်ဝန်းရဲ့ မေတ္တာတံချူစာအုပ်ကနေစပြီး အားပေးခဲ့တာ အခုနောက်ဆုံး 'မန္တလေးသား'အထိပါပဲ။ အစ်မရဲ့စာအုပ်တွေ အရမ်းဖတ်လို့ကောင်းတယ်။ လက်ထဲကနေကို မချချင်ဘူး။ တစ်လတစ်လ အစ်မရဲ့စာအုပ်ကို စာအုပ်ဆိုင်မှာငှားဖတ်နေရတာ အလုအယက်ပဲ။ မဆုမြတ်အရမ်းချောတာပဲနော်။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း အားပေးဖို့စောင့်မျှော်နေပါတယ်။ အစ်မတစ်ယောက် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ဆန္ဒပြုရင်း ...

အစဉ်ထာဝရအားပေးလျှက်

ဟေမာ

ဟေမာလွင်
အမှတ်(၁၃၀၃)၊ (၁၁)လမ်း၊
မြိုင်သာယာ၊ မော်လမြိုင်မြို့။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမဆုမြတ်

မမရဲ့ဝတ္ထုတွေ ရုပ်ရှင်ရိုက်နေတာ သိရလို့ ဝမ်းသာပါတယ်။ အမြဲတမ်းအားပေးလျှက်ပါ။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ဒုတိယအကြိမ်ပြန်ထွက်မယ်ဆိုတာ မထွက်သေးဘူးနော်။ စောင့်နေပါတယ် မမရယ်။ မမရဲ့အနုပညာကို လေးစားလျှက်ပါ။ မမရဲ့စာတွေ အရမ်းကြိုက်တယ်။ 'မန္တလေးသား'ဆိုတဲ့ စာအုပ်ကို ဖတ်ရတာ အရမ်းပဲဂုဏ်ယူမိပါတယ်။

ညီမလေး

ခင်သူဇာအောင်
အမှတ်(၂၄၆)၊ (၇၅)လမ်း၊ ၃၆ × ၃၇ကြား။
ကြာနှယ်စဉ်ရပ်ကွက်၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ထားက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ပထမဆုံး အကြိမ်ရေးတာမို့လို့ အမှားပါရင် ခွင့်လွှတ်ပေးပါနော်။ မမရဲ့ အရေးအသားတွေက အရမ်းမိုက်တာပဲ။ နောင်ထွက်သမျှစာအုပ်တွေကိုလည်း အားပေးနေပါတယ်။ မမရဲ့ထာဝရပရိသတ်တစ်ဦးပါ။ မမရဲ့အောင်မြင်ကျော်ကြားမှုအခွန့်ရှည်ပါစေ ...

အမြဲပရိသတ်
ထားထားအေး(ခ)လဝန်းငယ်
အမှတ်(၃)၊ သူဌေးကုန်းရပ်၊
မြတ်ဘုန်းရှင်ဘုရားအရှေ့ဘက်၊
သဲတောမြို့။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါမဆု

သမီး မဆုရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုက စာရေးကောင်းသလို ရုပ်ရည်ချောကယ်နော်။ မဆုရေးတဲ့စာအုပ်ထွက်တိုင်း အားပေးနေမှာပါ။

ခြူးထက်ထက်
အမှတ်(၃၃၅)၊ ရေပုန်ရပ်၊
ကလွှင်လမ်း၊ မြိတ်မြို့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

သက်က မရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မရဲ့စာအုပ်တွေ ထွက်တိုင်းလည်း အမြဲအားပေးနေသူပါ။ မရဲ့စာအုပ်တွေအရမ်း ကောင်းတယ်နော်။ စာအုပ်တွေ တစ်မျိုးလေးနဲ့ဖတ်လို့ကောင်း တယ်။ ကြိုက်လည်းကြိုက်တယ်။ ဘာတစ်ခုမှ ဝေဖန်စရာမလို အောင် ရေးနိုင်တာ အရမ်းလေးစားတယ်သိလား။ မ ဒီထက် အောင်မြင်ပြီး စာပေကောင်းကင်မှာ လင်းလက်တဲ့ကြယ်ပွင့် လေးတစ်ပွင့်အဖြစ် အစဉ်ထာဝရတည်တံ့နိုင်ပါစေလို့ သက် ဆု တောင်းပေးလိုက်ပါတယ်။ မရဲ့နောက်ထွက်မဲ့စာအုပ်တွေကို စောင့်မျှော်လျက် ...

T.N.A
**Final Year (Psychology)**
အမှတ်(၈)၊ ရွှေဝါထွန်းလမ်း၊
အောင်မေတ္တာရပ်ကွက်၊
ရေးမြို့။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

တစ်ခါမှ မဖတ်ဘူးသေးတဲ့ လူတစ်ယောက်အတွက်တော့ တော်တော့ကို ဆွဲဆောင်မှုရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်မှန်း သိလိုက် ရတယ်။ ကျွန်တော် ဖတ်လိုက်တဲ့စာအုပ်ကတော့ ချစ်သူတို့၏ အခမ်းနားဆုံးအရာပါ။ အဲဒီစာအုပ်ရဲ့ ကျွန်တော်ကြိုက်နှစ်သက် တာကတော့ စာအုပ်ရဲ့အဖွင့်ကဗျာလေးတွေပါပဲ။ နောက်ထွက်မဲ့ စာအုပ်တွေမှာလည်း ဒီလိုအဖွင့်ကဗျာလေးတွေ များများရေးနိုင် ပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ မဆုမြတ်ရဲ့ စာအုပ်တွေကို စောင့်မျှော်နေပါတယ်။ စာပေလောက၌ ထာဝရလျှောက်လှမ်း နိုင်ပါစေ ...

ရွှေခိုင်လင်း
ပြည်တော်သာရပ်ကွက်၊
ဖိုးသားရွာ၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမ

မမရေးတဲ့စာအုပ်တွေ အရမ်းကောင်းတယ်။ မမရေးတဲ့စာအုပ်တွေထဲက မိန်းကလေးဇာတ်ကောင်တွေရဲ့ စရိုက်တွေဟာ တကယ်အားကျစရာကြီး။ မမရဲ့ idea တွေကိုလည်း အရမ်းကြိုက်တယ်။ စာသားတွေက မိတ်တို့လို စာဖတ်ပရိသတ်တွေရဲ့ ရင်ထဲကို ထိထိမိမိနဲ့ ဝင်ရောက်စိုးမိုးစေတယ်။ ဖတ်ပြီးတော့လည်း ရင်ထဲမှာ တစ်ခုခုကျန်ခဲ့သလိုပဲ။ မမကမ္ဘာကျော်စာရေးဆရာမကြီးဖြစ်ပါစေ။ မမရဲ့နောက်ထွက်ရှိမဲ့စာအုပ်တွေကို မျှော်လင့်အားပေးပြီး ....

မမကို သိပ်ချစ်တဲ့ ထာဝရပရိသတ်
ခင်နီလင်း(ခ)မိတ့
မာန်အောင်ကျွန်း၊ မာန်အောင်မြို့၊
ကွက်သစ်ရပ်ကွက်၊ ရဲစက်ကျော်ခေါင်လမ်း။

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ရဲ့ စာအုပ်တွေက အရမ်းကောင်းတယ်နော်။ ဖတ်ရတာ အရသာရှိသလိုပဲ။ မဆုမြတ်ပုံက ဝတ္ထုထဲမှာပါနေတဲ့ပုံလား။ မဆုမြတ်ရဲ့ နောက်ထွက်မဲ့ဝတ္ထုတွေကို ဆက်လက်စောင့်မျှော်ဖတ်ရှုသွားမယ်နော်။ ပထမဆုံးမို့ စာရေးထားတာမှားရင်ခွင့်လွှတ်နော်။

ရှုရှု(ခ)မဆုစန္ဒာဝင်း
နိဗ္ဗာန်လမ်း၊ ချောင်းငယ်၊
တနင်္သာရီမြို့၊ တနင်္သာရီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏

# အမှတ်တရအစီအစဉ်

ဆရာမ

ဆုမြတ်မွန်မွန်

မမွန်လို့ပဲခေါ်မယ်နော်။ မမွန်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမွန်ရဲ့စာအုပ်ကို 'အညိုးမြစ်'ကနေစပြီး ဖတ်ရာကနေ အခုဆို မမွန်ရဲ့စာအုပ်အားလုံးနီးပါးပဲ။ အရမ်းကောင်းတယ်။ ကြိုက်လည်းကြိုက်တယ်။ အခု မမွန်ရဲ့စာအုပ်ကို ဖတ်မိလိုက်တာ အရမ်းစွဲလမ်းသွားပြီ။ မမွန်ကြိုးစားပါနော်။ အားပေးမယ်သိလား။ မမွန်ရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။

မလှိုင်

အမှတ်(၅)၊ ညောင်တုန်းလမ်း၊

ပထမထပ်၊ စမ်းချောင်း၊ ရန်ကုန်။

## စေတနာစာပေ
## ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ထာဝရအပြုံးပိုင်ရှင်လို့ပဲ သတ်မှတ်ပါရစေ။ မဆုရဲ့မျက်နှာလေးဟာ အေးမြခြင်းတွေပြည့်နှက်နေတယ်လို့ပြောပါရစေ။ မဆုရဲ့စာအုပ်ကို မလွတ်တမ်းငှားရမ်းဖတ်ခဲ့ဖူးပါတယ်။ အားလုံးကိုပဲ ကြိုက်တယ်။ ကျွန်တော်တို့ မရေးနိုင်မလုပ်နိုင်တဲ့အရာတစ်ခုကို မဆု ပြုလုပ်နိုင်တဲ့အတွက် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချီးကျူးမိပါတယ်။

ရှင်သန်နေခွင့်ရတဲ့အချိန်မှာ ဘဝတစ်လျှောက်လုံး အောင်မြင်မှုတွေနဲ့ ဆက်လျှောက်နိုင်ပါစေ ...

ဆုတောင်းပေးလျက်
နေမင်းထွန်း

နေမင်းထွန်း
နံပါတ်(၆)၊ မြစ်နွှာလမ်း၊ ဒုံကနီရပ်၊
မုဒုံမြို့၊ မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မမွန်

ကျွန်တော်က မမမွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ မမမွန်ရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ကောင်းပါတယ်။ မမမွန်ရဲ့ဝတ္ထုထဲမှာ အချစ်ကဗျာလေးတွေ များများထည့်ပေးပါ။ 'လသုံးစင်းနှင့် ကခုန်ခြင်း'ကို ကျွန်တော်က အကြိုက်ဆုံးပါပဲ။ နောက်တော့ မရဲ့ စာအုပ်တွေကို မလွတ်တမ်းငှားဖတ်ဖြစ်ခဲ့ပါတယ်။ မမမွန်ရဲ့ ဝတ္ထုစာကြောင်းလေးတွေဟာ ဖတ်ရှုသူတို့ရဲ့ ရင်ထဲနှလုံးသားထဲကို နိုးထလာခဲ့တယ်ဆိုတာ အမှန်ပါ။ ကျွန်တော်က မမမွန်ရဲ့ အရင်ထွက်ပြီးသားစာအုပ်တွေနဲ့ ယခုနောက်ထွက်မည့်စာအုပ်တွေကိုပါ ဆက်လက်ဖတ်ရှုစောင့်မျှော်နေပါတယ်။

ခါလေး(ခ)သူရဇော်

သရက်၊ ကံမမြို့၊ အမှတ်(၄)စံပြရပ်ကွက်၊

မကွေးတိုင်း။

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမလေးက အဝေးတစ်နေရာက မမရဲ့ပရိသတ်တစ်ဦးပါ မမ။ မမရဲ့စာတွေဆိုရင် ညီမအရမ်းကြိုက်တယ်။ မမရဲ့ဝတ္ထုတော်တော်များများဖတ်တယ်။ မမရဲ့စာအရေးအသားက အရမ်းကောင်းတာပဲ။ ဖွဲ့ဆောင်မှုအပြည့်ရှိတယ်။ English စာသားလေးတွေထည့်တာက အကြိုက်ဆုံးပါပဲ။ နောင်အခါများတွင်လည်း ဒီထက်မက အောင်မြင်ကျော်ကြားသော စာရေးဆရာမလေး တစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးလျက် ...

ချယ်ရီနှင်း

ကွန်ပျူတာတက္ကသိုလ်

ကလေး

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် ဆရာမကို အရမ်းအားကျတယ်၊ ငယ်ငယ်လေးနဲ့ စာရေးဆရာမဖြစ်နေတာကို ကျွန်တော် ဆရာမကိုအရမ်းချစ်တယ်။ ကျွန်တော် ဆရာမရဲ့စာအုပ်ကို ပထမဆုံးဖတ်ရတဲ့ 'လသုံးစင်းနှင့်ကခုန်ခြင်း'ကနေစပြီး ဖတ်ရတယ်။ ဆရာမတစ်ယောက် နိုင်ငံကျော်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းလျှက် ...

ဆရာမကိုခင်တဲ့
အင်ကြင်းနိုင်

အင်ကြင်းခိုင်
C/O ဦးသိန်းအောင်+ဒေါ်ငင်းဝင်း
အမှတ်(၆၀)၊ ကံပေါက်ဒေသ၊
ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း။

BURMESE CLASSIC .com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

ချစ်ခင်လေးစားရပါသော မမ

ပထမဦးဆုံး စဖတ်ဖြစ်တာက 'လသုံးစင်းနှင့်ကခုန်ခြင်း'ပါ။ အရမ်းကြိုက်မိပါတယ်။ အကြိုက်ဆုံးကတော့ 'အညိုးမြစ်'နဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'ပါ။ တကယ့်ပါ အရမ်းအရမ်းကိုကြိုက်တယ်။ (Attraction) ရှိလွန်းတယ်။ မမရဲ့စာတွေကိုဖတ်ပြီးတိုင်း ရင်ထဲမှာ တစ်ခုခုဖြစ်ကျန်ခဲ့တာအမြဲတမ်းပါ။ ဒါကြောင့်အရမ်းလေးစားမိတယ်။ အရမ်းလည်းချီးကျူးပါတယ်။ နောက်ထွက်သမျှစာအုပ်တွေကိုလည်း စောင့်မျှော်ပြီး အားပေးနေဦးမှာပါ။ မမတစ်ယောက် အောင်မြင်မှုသရဖူကိုဆောင်ပြီး ပျော်ရွှင်သောဘဝနဲ့ ထာဝရတန်ဖိုးမဖြတ်နိုင်တဲ့ ကမ္ဘာကျော်စာရေးဆရာမကြီးဖြစ်ပါစေလို့ ဆုတောင်းပေးရင်း ထာဝရမျှော်လင့်အားပေးနေဦးမည်။

ရှမ်းတောင်တန်းမှညီမလေး
ညီမလေး (M.R.S.M)
No. ၈/၃၇၁၊
စည်ပင်မှူးအနောက်ဘက်၊ သစ်တောဝန်း၊
ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊
ကွတ်ခိုင်မြို့။

www.burmeseclassic.com